# သစ္စာလေးချက်ဓမ္မစက်

ခေါ်

# ဝိပဿနာ

## ကိုယ်တွေ့အလုပ်တရား

(ဦးဘချစ်တင်)

ဓမ္မစာပေ ဖြန့်ချိရေးဌာန၊ အမှတ် ၁၅-ဖိုမြေလမ်း
ကန်တော်ကလေး ရန်ကုန်မြို့။
မှတ်ပုံတင်အမှတ် (၀၁၁၈၉)

(၁၃၂၄-ခု၊ ဝါခေါင်လ)

# သစ္စာလေးချက်ဓမ္မစကို

## ခေါ်

# ဝိပဿနာ

## ကိုယ်တွေ့အလုပ်တရား


**( ဦးဘချစ်တင် )**



ဓမ္မစာပေ ဖြန့်ချီရေးဌာန၊ အမှတ် ၁၅-ဖို့မြေလမ်း

ကန်တော်ကလေး ရန်ကုန်မြို့။

မှတ်ပုံတင်အမှတ် (၀၁၁၈၉)

(၁၃၂၄-ခု၊ ဝါခေါင်လ)

၂၅၀၂၈
၄/၁၂

ဂုဏ်ရည် "သစ္စာလေးချက်ဓမ္မစက်" ခေါ် စာအုပ်ငယ်ကို ရန်ကုန်မြို့ကမ္ဘာအေး သီရိမင်္ဂလာကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်၌ သီတင်းသုံးတော်မူသော ဆဋ္ဌသံဂါယနာ ပါဠိပဋိပုစ္ဆာ၀ိသော ဓကပါဠိမြန်မာအဘိဓါန်ဌာန သာသနာ့ဓဇ သိရီပဝရဓမ္မာစရိယ ဦးကောသလ္လအရှင်သူမြတ် တည်းဖြတ်ပြင်ဆင်တော်မူသည်။

ဤစာအုပ်ငယ်ကို အထမြောက် အောင်မြင်ရေးအတွက် နှုတ်၏စောင်မခြင်း လက်၏စောင်မခြင်းတို့ဖြင့် နှိုးဆော်တိုက်တွန်း အားပေးကူညီ၍ သာသနာပြုကြကုန်သော ရဟန်းပုဂ္ဂိုလ်–လူပုဂ္ဂိုလ်တို့နှင့်တကွ သံသရာရေး အပါယ်ဘေးကို မျှော်တွေးကြောက်ခြောင်း ဝိပဿနာ ယောဂီသူတော်စင်အပေါင်းတို့အား အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

(ဦးဘချစ်တင်)

# မာတိကာ


| အကြောင်းအရာ | မျက်နှာ |
|---|---|
| နိဒါန်း | ၁ |
| သတိပေးနှိုးဆော်ချက်နှင့်အမှာစာတမ်း | ၃–မှ·၈ |
| ဝိပဿနာ၏ အကျိုးကျေးဇူး | ၉ |
| ဗုဒ္ဓ-ငါးမျိုးနှင့် သာဝကလေးမျိုး | ၁၅ |
| အရိယာလေးမျိုးနှင့်မုနိငါးမျိုး | ၁၆ |
| တထစ်ချမယူအပ်သောဆယ်ချက် | ၂၁ |
| ခေတ်-ငါးမျိုး | ၃၇ |
| ကောင်းခြင်းငါးဝဒုလ္လဘ | ၃၉ |
| ရုပ်ဖြစ်ချှစ်ပါး | ၄၅ |
| ဒုက္ခသစ္စာအခဏ်း | ၅၃ |
| ညာတပရိညာစခဏ်း | ။ ။ |
| ပရမတ်အကြည်-၆-ပါးတည်ပုံ | ၅၇ |
| ခန္ဓာငါးပါးရုပ်နာမ်တရားတို့ဖြစ်ပေါ်ပုံ | ၅၉ |
| ခန္ဓာငါးပါးရုပ်နာမ်တရား၏ဇယားပုံစံ | ၆၂ |
| မြင်မှုခန္ဓာငါးပါး၌အမေးအဖြေ | ၆၅ |
| တီရဏပရိညာစခဏ်း | ၆၉ |
| ဘာဝနာ ၄၀ ပွားပုံ | ၇၇ |
| သံသရဝဋ္ဋဒုက္ခ | ၈၀ |
| လောကသုံးပါး | ၈၂ |
| ပဟာနပရိညာစခဏ်း | ၈၅ |
| ဂါး | ၉၁ |

# မာတိကာ

| အကြောင်းအရာ | မျက်နှာ |
|---|---|
| ပဋိစ္စသမုပ္ပါဒ်ဇယားပုံစံ | ၉၇ |
| သညာ ၄ ပါးနှင့်ဝိပ္ပလ္လာသ ၁၂ ပါးဖြစ်ပုံ | ၁၀၃ |
| သက္ကာယဒိဋ္ဌိစွဲပုံ | ၁၀၄ |
| ပပဥ္စတရား-၃-ပါးဖြစ်ပုံ | ၁၀၆ |
| အဆင်းအာရုံပေါ်၌ပညတ်စွဲပုံ | ။ ။ |
| မဂ္ဂသစ္စာအခဏ်း | ၁၁၁ |
| ကမ္မဋ္ဌာန်းအားထုတ်ပုံ | ၁၁၈ |
| အဝိဇ္ဇာနှင့်ဝိဇ္ဇာခြားနားမှု | ၁၂၅ |
| ဒိဋ္ဌိဖြုတ်ပုံနှင့်ဒိဋ္ဌိအယူသည်းပုံ | ၁၂၈ |
| ဝိသုဒ္ဓိ-၇-ပါးဖြစ်ပုံ | ၁၃၃ |
| ရှုမှတ်ခိုက်တွင်မဂ္ဂင်ရှစ်ပါးဖြစ်ပုံ | ၁၃၅ |
| နိရောဓသစ္စာအခဏ်း | ၁၄၀ |
| ပဋိစ္စသမုပ္ပါဒ်ရပ်ပုံ | ၁၄၂ |
| သစ္စာလေးချက်တပြိုင်နက်ဖြစ်ပုံ | ၁၅၂ |
| သံသရာမဂ်နှင့်သာသနာမဂ်ခွဲပြခဏ်း | ၁၆၁ |
| ဗောဓိပက္ခိယ-၃၇-ပါးဖြစ်ပုံ | ၁၆၉ |
| အကွဲကြီး-၄-ကွဲ | ၁၇၉ |
| ဉာဏ်စဉ်-၁၆-ပါး | ၁၈၀ |
| သောတာပန်အင်္ဂါစစ်တမ်း | ၁၈၃ |

(မာတိကာပြီး၏။)

# နိဒါန်း

## ဤစာအုပ်ငယ်ကို
## ရေးသားထုတ်ဝေရခြင်းအကြောင်း

ယခု ခေတ်-ယခု အခါသည်၊ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီး ထွန်းလင်း တောက်ပ သည်နှင့် လျော်ညီစွာ၊ နိဗ္ဗာန် ရောက် ကြောင်း လမ်း ကောင်း ကောံ ဖြစ် သော ဝိပဿနာ မဂ်တရားကြီးကို၊ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့တွင်၊ အတော်ခပ်များများအားထုတ်ပြုလုပ်ကြသည်ကို တွေ့မြင်ရသဖြင့်၊ စာရေးသူ၏အဘို့၌ အလွန်ပင် ဝမ်းမြောက်ဝမ်းသာ နှစ်ထောင်းအားရ ရှိလှသည်ဖြစ်၍၊ သာဓုအနုမောဒနာခေါ်မိပါ၏၊ အဘယ်ကြောင့်ဆိုသော်-၎င်းဝိပဿနာ မဂ်တရားကြီးကို အားထုတ်ခြင်းဖြင့် တမဂ်တဖိုလ်ကိုမျှ မရသည့်တိုင်အောင် အထုံပါရမီ ဖြစ်သည်က တကြောင်း၊ မြတ်စွာဘုရား၏သားတော်–သ္မီးတော်စာရင်းတွင် အပါအဝင်. ဖြစ်သောကြောင့်ပင်ဖြစ်၏၊ ဘယ်ကဲ့သို့ သားတော်-သ္မီးတော်စာရင်းတွင်ပါဝင်ပါသနည်းဟူမူကား ဘုရား၏ သားတော်- သ္မီးတော် ဆိုသည်မှာ မဂ် ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်ပုဂ္ဂိုလ်လေးယောက် ဖလသစ္ဆိကရိယာ ပုဂ္ဂိုလ်လေးယောက်ဟူ၍ ပေါင်းတကျိပ် နှစ်ပါး ရှိ၏၊ ထို တကျိပ် နှစ်ပါး တို့တွင် ဖလသစ္ဆိကရိယာ ပုဂ္ဂိုလ် လေး ယောက် တို့သည်ကား-ဖိုလ်ကို မရသေးသော် ငြားလည်

# နိဒါန်း

ဖိုလ်ဇောကို မျက်မှောက်ပြု၍ နေခြင်းကြောင့်၊ ဘုရား၏ သားတော်-သ္မီးတော် စာရင်းဝင် ဖြစ်ပေ၏။ သို့သော်-ဝိပဿနာယောဂီပုဂ္ဂိုလ်သည်၊ ယခုဘဝမှာပင် ယုတ်စွ အဆုံး တမဂ်-တဖိုလ်ကို တွေ့ဖြင့် ရအောင် အားထုတ်ကြရမည်ပင်ဖြစ်၏၊ တမဂ်တဖိုလ်မှ မရကဲ့လျှင် အပါယ်တံခါး ဟင်းလင်းပွင့်လျက်ရှိ၏၊ အပါယ်တံခါး မပိတ်သမျှကာလပတ်လုံး နိဗ္ဗာန်တံခါး မဖွင့်နိုင်ချေ၊ သို့အတွက်ပဌမရှေးဦးစွာ အပါယ်တံခါးပိတ်ဘို့ရာ အရေးကြီးပေ၏၊ အပါယဒုက္ခတည်းဟူသောအပါယ်ဆင်းရဲကိုခံစားရခြင်း၏ အကြောင်းကား-မိမိသဏ္ဍာန်၌ရှိသော မျက်စိ၊နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် တည်းဟူးသော ဒွါရငါးပေါက်၌ အယူမှားအသိမှား အမှတ်မှားတို့၏ အစွမ်းဖြင့် လမ်းမှားတွေကိုသာလိုက်ပြီး ငါးပေါက်မှားတဲ့ ငါးပါး မှောက် ခြင်း ကြောင့် ဖြစ်၏၊ ထိုကဲ့သို့လမ်းမှားတွေကို ပြုလုပ်မိခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ဟောဘော်ညွှန်ပြ ဆုံးမတော်မူအပ်သော သစ္စာ တည်းဟူသော အမှန်တရား လေးပါးကို မသိမမြင်သောကြောင့်ပင် ဖြစ်၏၊ ထိုကြောင့်အမှန်တရားလေးပါးကို မသိမမြင်သေးသော ပုဂ္ဂိုလ်အပေါင်းတို့အလွယ်ဘကူဖြင့်သိမြင်နိုင်စေရန် စေတနာရှေ့ရှု၍ အကျဉ်းဆုံးအားဖြင့် အတိုးချုံး၍ ဤ အလယ် အလပ် လင်းဖြစ်သော သစ္စာ လေးချက် ဓမ္မစက် စာအုပ်ငယ်ကို ထုတ်ဝေလိုက်ရပါသတည်း။

# သတိပေးနှိုးဆော်ချက်။

မဂ်ဖိုလ် နိဗ္ဗာန်အလို့ငှာ တရားအားထုတ်ရာ၌ အထက်မဂ်က(ဘာဝေတဗ္ဗဘုမ္မိ)အကျင့်တရား သောတာပတ္တိဆိုတဲ့ အောက်မဂ်က(ဒဿနဘုမ္မိ)အသိတရား၊လို့ဆိုတဲ့အတိုင်းအမှတ်အသားပြုပြီး အချို့ချို့ပုဂ္ဂိုလ်တို့ဟာ တရားမှာသိရင်ပြီးတာဘဲ၊ ဘုရားလက်ထက်မှာတရားတပွဲထဲနာရုံနဲ့ သောတာပန်၊ သကဒါဂါမ်တွေ ဖြစ်ကုန်ကြတာဘဲ၊ ကမ္မဋ္ဌာန်းရှုမှတ်မှုအလုပ်ကိုလုပ်နေဘို့မလိုပါဘူးလို့ယူဆ တတ်ကြတယ်ဤနေရာ၌ စာရေးသူ၏၊ အမြင်ကိုဖေါ်ပြရလျှင် ဘုရားလက်ထက်မှာ တရားတွေ့သွားကြတဲ့ ပုဂ္ဂိုလ်များက ဂါထာတပုဒ်ကို အကျဉ်း သခ်ေပ လောက် ဟောရုံနဲ့ ဂါထာ တထောင်ကို လှမ်းမြင်နိုင်တဲ့ ဥဂ္ဃါတိတညူ ပုဂ္ဂိုလ်၊ ဂါထာတပုဒ်ကို အကျယ် ဝိတ္ထာရခွဲပြီး ဟောလိုက်ရုံနဲ့ တရားပေါက်သွားတဲ့ ဝိပဉ္စိတညူပုဂ္ဂိုလ်၊ ယခုလိုနာတဲ့ပုဂ္ဂိုလ်ကလဲ ပါရမီရှင် အရင့်အမာတွေ ဟောတာကလဲ သမ္မာသမ္ဗုဒ္ဓ ဘုရားကိုယ်တော်တိုင် ဟောတာကြောင့်၊ ဟိုအချိန်အခါနဲ့ ဟိုပရိသတ်ဖြစ်ပါဘယ်၊ ယခုခေတ်မှာ ထိုပုဂ္ဂိုလ်မျိုးမရှိဘူးလို့ မဆိုနိုင်ပြားသော်လည်း ခေတ်ကနေယျခေတ်ဆိုတော့ ပုဂ္ဂိုလ်ကလဲ နေယျပုဂ္ဂိုလ်တွေများတယ်၊ နေယျဆိုတာအလုပ်သမားလို့ အဓိပ္ပါယ်ရထယ်၊ ဒီအလုပ်သမားဟာ တရားရဘို့ရာ အလုပ်ကိုလဲ ကိုယ်တိုင် ကိုယ်ကျလုပ်၊ အချိန်

ရတိုင်းလဲ ကြားနာ မှတ်သား ဆွေးနွေး ဝေဘန်၊ ကြံစည် စိတ်ကူးဘတ်ရှုခြင်းတို့ကိုလဲ ပြုရမယ်၊ ယခုလိုထုနိုင်ထောင်း နိုင်ကြိတ်နိုင် နယ်နိုင်မှတော်သင့်ရုံဘဲရှိပါတယ်၊ ထိုကြောင့် စာရေးသူအတို့၌ တရားမှာ သိရင်ပြီးရော-ဆိုတဲ့ စကားကို တော့၊ လက်ခံပါ၏၊ သို့သော် ကမ္မဋ္ဌာန်းအလုပ်ကို မိမိရရ ကိုယ်တိုင်ကိုယ်ကျ လုံးဝ မလုပ်ရဘူးသေးဘဲနှင့် စာဘတ် ခြင်း၊ ကြားနာခြင်း အား၊ ဖြင့် သိတဲ့အသိက (သုတသိ) ကမ္မဋ္ဌာန်းအလုပ်ကို ကိုယ်တိုင်ကိုယ်ကျလုပ်၍၊ ရုပ်နာမ်ခန္ဓာ ရဲ့ ဖြစ်မှု ပျက်မှု သဘာဝ လက္ခဏာကို သိတဲ့ အသိက (စိန္တာသိ)။ ၎င်းသဘာဝ လက္ခဏာကို ရှုခြင်းအားဖြင့်၊ သဘာဝ လက္ခဏာရဲ့ မမြဲဆင်းရဲ အစိုးမရမှု တည်းဟူ သော သာမညလက္ခဏာ (ဝါ) ဒုက္ခသစ္စာကိုသိတဲ့အသိက (ဘာဝနာသိ) သုတသိကပရိယတ္တိသာသနာမှာတည်တယ်၊ စိန္တာသိက ပဋိပတ္တိသာသနာမှာတည်တယ်၊ဘာဝနာသိက ပဋိဝေဓသာသနာမှာတည်တယ်၊ ၎င်းသုံးမျိုးမှာဘယ်အသိ ဖြင့် သိရမလဲဆိုတော့၊ ဘာဝနာသိကို သိမှသာလျှင် ဘ, ဘုရားရဲ့ အလိုတော်ကျဖြစ်သော "အရိယသစ္စာနုဒဿနံ" အရိယာတို့မှ သိအပ်တဲ့ အမှန်တရားလို့ ဆိုပါတယ်၊ ထို ကြောင့်-အရိယာသိ ဖြစ်သော ဘာဝနာသိကို သိဘို့ရန် ကမ္မဋ္ဌာန်းအလုပ်ကိုကိုယ်တိုင် ကိုယ်ကျမပြုလုပ်ပါက၊ စိန္တာ သိကိုမျှမသိနိုင်၊စိန္တာသိကို မသိလျှင် ဘာဝနာသိကို ဘယ် နည်းနှင့်မျှ မဆိုက်ရောက်နိုင်ဘူး၊ သို့ ဖြစ် ခြင်း ကြောင့်၊ ဘာဝနာ သိကို ဆိုက်ရောက်ဘို့ရန်၊ နိဗ္ဗာန် မဂ် ဖိုလ်ကို

တောင်းတ ကြကုန်သော သူတော်စင်တို့သည်။ ဝိပဿနာကမ္မဋ္ဌာန်းအလုပ်ကို ကိုယ်တိုင်ကိုယ်ကျ ကြိုးစားအားထုတ်ပေးကြရမည်။

ယခုလို ကမ္မဋ္ဌာန်း အလုပ်ကို အားထုတ်ကြ ရာ၌လည်း အချို့အချို့သော ဝိပဿနာယောဂီတို့သည် ကမ္မဋ္ဌာန်း အလုပ်ကို အလွန်တရာ ကြိုးကြိုးစားစား အားထုတ်ကြပါ၏။ သို့ရာတွင်မိမိအားထုတ်သောတရား၌ဉာဏ်အမြင် တည်းဟူသော ပညာ စခန်းလုံးဝမပါရှိချေ၊ အဘယ်ကြောင့် ဆိုသော်-ကမ္မဋ္ဌာန်းခွင်၌ မိမိတွေ့မြင်ခဲ့သော ရုပ်နာမ်ခန္ဓာ၏ ဖြစ်ပျက်မှုတရားကို မိမိကိုယ်ပိုင် ဉာဏ်ဖြင့် ပြန်လှန်၍ကြံစီ သုံးသပ် စီစစ်မှုမရှိသောကြောင့်ပင်ဖြစ်၏၊ ဤကား တရား၌၊ အသိဉာဏ်အမြင်ကို နှောက်နှေးစေသော မှားခြင်းကြီး တရပ်ပေတည်း။ ထိုကဲ့သို့ မဝေဘန် မကြံစည် မသုံးသပ် မစီစစ်ခဲ့သော် မဂ္ဂင်ရှစ်ပါးမှ (သမ္မာသင်္ကပ္ပ)တည်းဟူသော ပညာမဂ္ဂင် မဖြစ်သည်ကတကြောင်း၊ ဗောဇ္ဈင် ၇-ပါးမှာလည်း၊ ထိုသို့ မဆင်ခြင် မစီစစ်သည့် အတွက် (ဓမ္မဝိစယ သမ္ဗောဇ္ဈင်)လည်း မဖြစ်ဘဲ ပညာစခန်းသို့ မတက်နိုင်ရှိပေမည်၊ တရားကိုအားထုတ်ပြီးလျှင် ပြီးရောဆိုတဲ့ သဘောနှင့် အမှတ်မထင် နေမိသည်ရှိသော် သိသင့် သိထိုက်သော တရားတို့ကို တိုးတက်ပွင့်လင်းခြင်းမရှိဘဲ၊ငုံးတိတိသာဖြစ်၍ နေတတ်၏၊ ဝိပဿနာ ယောဂီသည် ရှုမှတ်မှု ကမ္မဋ္ဌာန်းကို အားထုတ်နေစဉ် ခန္ဓာနာမ်ရုပ်တရားပေါ်မှာရှုမှတ်မှုမှလွဲ၍

ဘယ်အရာကိုမျှ မဝေဘန် မတွေးတောရသည် မှန်သော်လည်း၊ ရှုမှတ်မှု ကမ္မဋ္ဌာန်းအလုပ်နှင့် ကင်းကွာ နေချိန်တွင် ဘတ်ကြား ဆွေးနွေး ဝေဘန် သုံးသပ်စီစစ်နိုင်မှသာလျှင် အသိဉာဏ်တိုးတက်လာနိုင်ဘွယ်ရာရှိ၏။ ထိုသို့မပြုလုပ်ပါမူ ကမ္မဋ္ဌာန်းခွင်၌သီလနှင့်သမာဓိတရား နှစ်ပါးသာပြီးစီးခဲ့၍ ပညာတည်းဟူသော သိက္ခာတရား လုံးဝမပါဘဲရှိတတ်၏။ ထို့ကြောင့်ဝိပဿနာရောဂီသည် ကမ္မဋ္ဌာန်းခွင်မှ ကင်းကွာ နေချိန်တို့တွင်၊ မိမိတရားကိုပြန်လှန် ဆင်ခြင်စီစစ်ကြစေရန် ကောင်းမြတ်သော စေတနာဖြင့် တိုက်တွန်း နှိုးဆော်လိုက်ရပါသတည်း။

# (အမှာစာတမ်း)

တရားရှာတဲ့ ယောဂီဟာ-တရားသဘောကိုသာအာရုံ စွဲရမယ်၊ ပုဂ္ဂိုလ်ကို အာရုံမစွဲရဘူး၊ ပုဂ္ဂိုလ်ကို အာရုံစွဲရင် သာဂရနဲ့မှုတ်တာလိုဖြစ်တတ်တယ်၊ ရှေးတုံးကရွာတရွာမှာ သာဂရဆိုတဲ့ ရေထမ်းသမားတယောက်ရှိတယ်။ ဒီရေထမ်း သမားဟာ-နဲ့မှုတ် ဝါသနာပါတဲ့အတိုင်းညဥ့်တညဥ့်မှာရွာ ပြင်ထွက်ပြီး နဲ့မှုတ်လေ့ကျင့်တယ်၊ ဒီအခါမှာ ရွာထဲက သူကြီးကနဲ့သံကိုကြားတော့ အလိုနဲ့သံကလေးက သာယာ လိုက်တာ၊ တယ်လဲကြည်နူးစရာကောင်းပါကလား၊ ဒို့ရွာ ထဲက ဘယ်သူများအလှူအတမ်းလုပ်နေပါလိမ့်မလဲလို့ ပြော လိုက်တော့ အနားမှာရှိတဲ့ဆယ်အိမ်ခေါင်းက ယခုနဲ့မှုတ်နေ တာ ရွာထဲမှာ ရေထမ်းနေတဲ့ သာဂရပေါ့လို့ ပြောလိုက် တယ်၊ဒီလိုပြောလိုက်တော့မှ သူကြီးကဘယ်လိုပြန်ပြောသ လဲဆိုတော့(အေး)တော့ကြောင့်ထင်ပါရဲ့တချက်တချက်နား ထဲမှာ ကြောင်တောင်တောင်ဖြစ်သွားတယ်တဲ့၊ အဲဒါ ဘာ ကြောင့်လဲဆိုတော့ ပုဂ္ဂိုလ်စွဲလို့ဘဲ၊ နာမည် မပြောခင်က အလွန်သာယာနေတဲ့ နဲ့သံဟာ နာမည်လဲ ထုတ်ပြောလိုက် ရော၊ အသံကြောင်သွားတော့တာဘဲ၊ ဒါကြောင့်တရားယူ တဲ့အခါ ပုဂ္ဂိုလ်မစွဲရဘူး၊ ပုဂ္ဂိုလ်စွဲတာ အတ္တကိလမထဘဲ၊ တရားဆိုတာ သူ့တရား ကိုယ့်တရား၊ သူ့ဂိုဏ်းကိုယ့်ဂိုဏ်းရယ် လို့မရှိ၊ ဘုရားဟောတဲ့ ဧကောဓမ္မောသာရှိတယ်၊ ခုတယ်,

ကြမ်းတယ်လို့လဲမရှိဘူး၊ တရားမှာ နုတယ် ကြမ်းတယ်ဆို တာ–တရားကိုယ် သဘောကိုက ကာမဂုဏ် ထူပြောတဲ့သူ အဘို့မှာကြမ်းတယ်၊ ကာမဂုဏ်ပါးတဲ့သူအဘို့မှာ နုတာဘဲ။ သို့သော်–ဘာရှိသလဲ ဆိုတော့ မှားတာနဲ့ မှန်တာဘဲရှိတယ်၊ မှားတဲ့တရားက (မိစ္ဆာဓမ္မ) မှန်တဲ့တရားက (သစ္စာဓမ္မ) မှား တာယူတော့ (မိစ္ဆာဒိဋ္ဌိ) မှန်တာယူတော့ (သမ္မာဒိဋ္ဌိ) မှား တာသိတော့ (အဝိဇ္ဇာ) မှန်တာသိတော့ (ဝိဇ္ဇာ) မှားတာကို စွဲမှတ်တာက (သညာ) မှန်တာကို ပိုင်းခြားတာက (ပညာ) သို့ဖြစ်ခြင်းကြောင့် အမှားအမှန် ထိုနှစ်တန်ကို ဝေဘန် ပိုင်းခြား ကိုယ်ပိုင်ဉာဏ်ပွား၍ တရားရှာကြပါကုန်။

→ ၀ ←

# သစ္စာလေးချက် ဓမ္မစက်

ခေါ်

# ဝိပဿနာ ကိုယ်တွေ့အလုပ်တရား

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## (ဝိပဿနာ၏ အကျိုးကျေးဇူး)

လူ့လောကကြီးမှာ ဗုဒ္ဓနွယ်ဝင် သူတော်စင်အပေါင်းတို့ဟာ၊ ဘုရားအစရှိတဲ့ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ကြတဲ့ ဗုဒ္ဓဘာသာ လူမျိုးတွေဖြစ်တယ်၊ (ဗုဒ္ဓဘာသာ)ဆိုတဲ့ အဓိပ္ပါယ်က(ဗုဒ္ဓ)ဘုရား၊ (ဘာသာ)ကိုးကွယ်တဲ့အယူ၊ ဘာကြောင့် ဘုရားကိုးကွယ် ရသလဲဆိုရင် အဖြေကတော့၊ အပါယဒုက္ခဝဋ္ဋဒုက္ခတို့မှ လွတ်ငြိမ်းအောင်ကိုးကွယ်ကြတာဘဲ၊ (ကိုးကွယ်) ဆိုတဲ့ စကား အဓိပ္ပါယ်ကတော့၊ ကွယ်ပအောင် အားကိုးတာကို ဆိုတယ်၊ ဘာတွေ ကွယ်ပအောင် အားကိုးသလဲဆိုတော့ မိမိတို့အလိုမရှိ, မတောင့်တအပ်တဲ့ ငရဲ၊တိရိစ္ဆာန်၊ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်ဆင်းရဲ (အပါယဒုက္ခ)။ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဆိုတဲ့၊ ဝဋ်ဆင်းရဲ (ဝဋ္ဋဒုက္ခ)။အဲဒီလို အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲ အပေါင်းတို့ ကွယ်ပအောင် အားကိုး အားထား ပြုတာကို ကိုးကွယ် တယ်လို့ခေါ်ပါတယ်၊ ဒါဖြင့်ဒီလို ပသာဒသဒ္ဓါ

ဆိုတဲ့ မိရိုးဖလာယုံကြည်မှုဖြင့် ကိုးကွယ်ရုံနဲ့ အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲတို့ကလွတ်ရောလားလို့မေးစရာရှိတယ်၊ ကိုးကွယ်ရုံနဲ့တော့ အပါယ်ကမလွတ်နိုင်ပါဘူး၊ ဆည်းကပ်ရပါမယ်၊ (ဆည်းကပ်) တယ်ဆိုတဲ့ သဘောက ဒိဒုက္ခအပေါင်းတို့က လွတ်ငြိမ်းစေတဲ့ ရှင်တော်ဘုရားပေးထားခဲ့တဲ့နည်းလမ်းကို၊ ကပ်ရပ်ဆည်းပူးတာကို(ဆည်းကပ်)တယ်လို့ဆိုပါတယ် ဘုရားပေးခဲ့တဲ့ နည်းလမ်းက ဘာလဲလို့ဆိုတော့၊ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါးနဲ့ ပြည့်စုံတဲ့ သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါး တရားဘဲဖြစ်ပါတယ်၊ ဒီမဂ္ဂင်ရှစ်ပါး တရားကို အားထုတ်မှသာ အမှန်တရားကိုမသိမှု(အဝိဇ္ဇာ) ပပျောက်ပြီး(ဝိဇ္ဇာဉာဏ်)နဲ့ သစ္စာလေးပါးဆိုတဲ့ အမှန်တရားလေးခုကို သိမြင်နိုင်ပါတယ်၊ ဒီသစ္စာလေးပါး အမှန်တရားကို သိမြင်မှသာ အပါယ်လေးပါးတံခါးပိတ်နိုင်မယ်၊ အမှန်တရား လေးပါးဆိုတာ တခြားမဟုတ်ပါဘူး—

၁။ ဆင်းရဲခြင်းအမှန် (ဒုက္ခသစ္စာ)လို့ခေါ်ပါတယ်။

၂။ ဆင်းရဲခြင်းဖြစ်ကြောင်းအမှန် (သမုဒယသစ္စာ) လို့ခေါ်ပါတယ်။

၃။ ဆင်းရဲ ချုပ်ငြိမ်းခြင်း အမှန် (နိရောဓသစ္စာ)လို့ ခေါ်ပါတယ်။

၄။ ဆင်းရဲ ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်း၊ ဖြစ်တဲ့ လမ်းအမှန် (မဂ္ဂသစ္စာ)လို့ ခေါ်ပါတယ်။

ဒါဖြင့် အပါယ်ဝဋ်ဆင်းရဲကလွတ်မြောက်လိုတဲ့သူတော်စင်တွေဟာ ဒီသစ္စာလေးပါး အမှန်တရားကို ကိုယ်တိုင်

ကိုယ်ကျင့်တိုင်းမှန်ရာသိဘို့ မလိုပေဘူးလား-အမျှားကြီး လိုတာပေါ့-ဘာကြောင့်လဲလို့ဆိုတော့ ဘုရားရှင်ထံမှောက် မှာကျွတ်တမ်းဝင်ကြတဲ့ ဘုရားသားတော်သမီးတော်မှန်သမျှ ဒီသစ္စာ လေးပါးနဲ့ချည့် ကျွတ်တမ်း ဝင်ကြရတာဘဲ၊ ဒါ ကြောင့်လဲ ဒီသစ္စာလေးပါး အဓိကဖြစ်တဲ့ ဓမ္မစကြာဒေသ နာတော်ကို တရားဦးရယ်လို့ ဦးစားပေးပြီး ဟောတော်မူ ပါတယ်၊ နောင်ပွင့်မဲ့ အရိမေတ္တေယျ မြတ်စွာဘုရားလဲ ဒီ သစ္စာလေးပါးကိုဘဲ တရားဦးဟောမှာဘဲ ဘယ်ဘုရားဘဲပွင့် ပွင့် ဒီတရားကိုဘဲ အဓိကထားပြီး ဟောကြမှာပါဘဲ၊ ဒီလို ဘုရားအဆူဆူက အရေးတကြီး ဦးစားပေးပြီး နိဗ္ဗာန် ဆိုတဲ့ နိဿရဏဓါတ်ကြီးကို ကျွတ်ကျွတ်လွတ်လွတ်ကူးခမြောက်နိုင် အောင် ကယ်တင်တဲ့တရားကြီးကို ဒိဋ္ဌလက်ငင်း ရင်ဆိုင်တွေ့ နေပါလျက်နဲ့ အားမထုတ်လိုက်ရဘဲ ဘဝ ကူးပြောင်းသွား ခဲ့ရလို့ရှိရင် လူဖြစ်ရှုံးရုံမျှ မကဘဲ ဒီဘဝထက် ဆိုးဝါးတဲ့ ဘဝမရှိဘူးလို့ ဆိုရပါမယ်။

ဒါကြောင့် ဒီဘဝမှာ ယခုလို ဗုဒ္ဓဘာသာလို့ အမည် ခံနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓဘာသာဆိုတဲ့ အမည်နဲ့ ကိုက် ညီတဲ့ အင်္ဂါနဲ့ ပြည့်စုံဘို့ လိုပါတယ်၊ (ဗုဒ္ဓ)ဆိုတာက သစ္စာလေးပါး တရားကြီးကို ဘယ်သူ့ထံမှာမှ နည်းနာ နိဿယကို မခံယူရဘဲ ဆရာမကူ သယမ္ဘူ ဉာဏ်စွမ်းဖြင့် အကြွင်းမရှိ သိမြင်တော်မူတဲ့ ဘုရားလို့ဆိုပါတယ်။

(ဘာသာ)ဆိုတာက အယူဝါဒကို ဆိုပါတယ်၊ အဓိပ္ပါယ် ပေါင်းလိုက်တော့ ဘုရားရဲ့ အယူဝါဒအတိုင်း လိုက်နာတဲ့

သူ-လို့ သဘော သက်ရောက်တယ် ဘုရားရဲ့ အယူဝါဒဟာ ဘာဝါဒလဲလို့ ဆိုတော့- ရုပ်နာမ်ဓမ္မ သင်္ခါရတို့ရဲ့ ဖြစ်မှု ပျက်မှု သဘာဝကို ဟုတ်တိုင်းမှန်ရာ သိအောင် လေ့လာ ကျင့်ကြံ ရှာဖွေ စုံစမ်းတဲ့ အယူဝါဒ ဖြစ်တယ် ဒီဝါဒကို (ဝိဘဇ္ဇဝါဒ)လို့ ခေါ်ပါတယ်၊ အဲဒီတော့ ဘုရားရဲ့ အယူဝါဒကိုယူပြီး မဂ်ဖိုလ်နိဗ္ဗာန် ရပါလို၏-လို့ ဆုတောင်းကြတဲ့ သူတော်စင်တွေဟာ မိမိတို့ တောင်းခံတဲ့ ဗောဓိမဂ်ဉာဏ်နဲ့ ပြည့်စုံအောင် ဘုရားပေးတဲ့ မဂ်တရားကြီးကို ကပ်ရပ်ဆည်းပူး ပြီးဘုရားရဲ့ ဝါဒအတိုင်း လိုက်နာကျင့်သုံး လေ့လာအားထုတ်ကြမှသာသနာတွင်းသားဖြစ်နိုင်မယ်မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်တဲ့ နည်းလမ်းဟာတလမ်းထဲရှိတယ်ဆိုတဲ့ အချက်ကိုဘုရားရှင်ကသံယုတ်ပါဠိတော်မှာဟောထားပုံက

ကတမော စ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ၊ ဝိပဿနာ။

အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ။

ဘိက္ခဝေရဟန်းတို့၊အသင်္ခတဂါမိမဂ္ဂေါ၊အသင်္ခတနိဗ္ဗာန်သို့ သွားရာလမ်းဟူသည်၊ ကတမောစ၊ အဘယ်နည်းဟူမူကား၊ အယံဝိပဿနာ-ဤဝိပဿနာအမှတ်တရားသာလျှင် အသင်္ခတဂါမိမဂ္ဂေါ- အသင်္ခတနိဗ္ဗာန်သို့သွားရာ တကြောင်းတည်းသော လမ်းဟူ၍ ဝုစ္စတိ-ဆိုအပ်၏ တဲ့၊ဒါကြောင့် မဂ်ဖိုလ် နိဗ္ဗာန်ကို မျှော်မှန်းတဲ့ သူတော်စင်မှန်သမျှဟာ ဝိပဿနာ မဂ်တရားကြီးကို လက်မလွှတ်တမ်း အားထုတ်ကြရမယ်။

(ဝိပဿနာ)ဆိုတာက "ပညတ္တိံ ဌပေတွာ ဝိသေသေန ပဿတီတိ ဝိပဿနာ။"ပညတ္တိံ အပေါ်ယံ အခွံ အကာ

အမျိုးအလှသာတို့ကို- ဥပေတွာ ချဉ်းကပ်၍ ဝိသေသေန အထူးအားဖြင့် ပဿတိ ရှုမြင်တတ်၏၊ ဣတိတသ္မာ ထိုကြောင့် ဝိပဿနာ – ဝိပဿနာမည်၏-တဲ့၊ ပညတ်အာရုံတွေကို ဖယ်ရှားပြီး ပရမတ်သဘောကိုရှုတာ ဝိပဿနာလို့ဆိုတယ်၊ဒီဝိပဿနာကမ္မဋ္ဌာန်း အလုပ်ကို အားထုတ်တဲ့ လုပ်ထုံးလုပ်နည်းကတော့ တခြားမဟုတ်ပါဘူး၊မိမိ တကိုယ်လုံးမှာရှိတဲ့မြင်ရာ ကြားရာ နံရာ စားရာ ထိရာ သိရာ သွားရာရပ်ရာ ထိုင်ရာ လျောင်းရာတို့မှာ ခဏမစဲဖြစ်ပျက်နေတဲ့ ရုပ်တရား နာမ်တရား တွေကို ဖြစ်တိုး ဖြစ်ခိုက်ပေါ်တိုး-ပေါ်ခိုက်၊ ပစ္စုပ္ပန်တည့်တည့် ကျအောင် သတိတလုံးကို မလွတ်တမ်းကပ်ထားပြီး သိမှတ်- သိမှတ်နေရုံပါဘဲ၊ ဒါကို ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်တယ်လို့ ခေါ်တာပါဘဲ၊ အကျယ်ကို ရှေ့ကျရင် တွေ့ရပါလိမ့်မယ်။

ဒီဝိပဿနာ မဂ်တရားကြီးကို အားထုတ်တဲ့ ယောဂီဟာ ဖြစ်လေရာ ဘဝမှာ အထုံပါရမီဖြစ်ပြီး ထက်ချပ်မကွာ တပါတည်း ပါသွားပုံကို အင်္ဂုတ္တိုရ် ပါဠိတော် စတုက္ကပဏ္ဏာသမှာ ဘယ်လို ဟောထားသလဲ ဆိုတော့

"တဿ သတ္တ သုခိနော ဓမ္မပဒါနိ ပလဝန္တိ၊
ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ အထခေါ သော
သတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ ဟောတိ"

ဘိက္ခဝေ၊ ချစ်သားတို့၊ တတ္ထ။ ထိုနတ်ပြည်၌။ သုခိနော၊ ပဉ္စသန္ဓေအတွက်မပင်ပန်းရဘဲချမ်းသာစွာ ရောက်ရသော၊ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဓမ္မပဒါနိ၊ လူ့ဘဝမှ အားထုတ်

ခဲ့သော တရားတို့သည်။ ပလဝန္တိ၊ အိပ်မက်ကဲ့သို့ ထင်ရှားစွာ ဖြစ်ပေါ်လာကုန်၏။ သတုပ္ပါဒေါ (ငါသည် နတ်ပြည်သို့ ရောက်၍ လာပါတကား) ဟု သတိရမှုသည်။ ဒန္ဓော၊ နှောက်ကျ၍ နေသေး၏။ အထခေါ၊ စင်စစ် သော်ကား။ သောသတ္တော၊ ထိုဂိုလ်သည်။ ခိပ္ပမေဝ၊ နတ်ပြည်သို့ ရောက်လျှင် ရောက်ချင်း လျှင်မြန်စွာပင်။ ဝိသေသဘာဂီ၊ မဂ် ဖိုလ် တရားထူးကိုရခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ယခုလို ဘုရားကိုးကွယ်တဲ့ ဗုဒ္ဓဘာသာ ဆိုပြီး ဘုရားဆုံးမတဲ့ တရားတော်ကို မလိုက်နာ အားမထုတ်ဘဲ နေရင် ဘုရားနဲ့ ဆန့်ကျင်ဘက် ဖြစ်မနေဘူးလား—ဒါကြောင့်

ဤလောက၌ မိဘတို့အား ချစ်ကြငြားလည်း မိဘနှင့်မှု အယူကွဲပြား ဘစကားကို နားမထောင်သူ ရန်သူဖြစ်လေ အမွေမရ ပမာဏသို့ ဘုရားစကား မြတ်တရားကိုမသိလျှင် သူပုံ မယုံလျှင် ရန်သူ အတူလိုနေ မဂ်ဖိုလ်မွေကို မရလေငြား ဆင်းရဲပွားသည် အများလူတို့ သိစေဘို့။

ဘုရားရဲ့ မဂ်မွေ ဖိုလ်မွေကို ရအောင် ယူနိုင်မှ ဘုရားသားတော်-သမီးတော်တွေ ဖြစ်ကြမယ်၊ ဘုရားရဲ့ သားတော် သမီးတော်တို့ရဲ့ ဘွဲ့အမည်တွေက (၁)ဗုဒ္ဓ(၂)သာဝက(၃) အရိယာ (၄)မုနိရယ်လို့ အစားစားရှိကြတယ်။

## ( ဗုဒ္ဓ ငါးမျိုး )

(၁) သစ္စာလေးပါး တရားကို ဘတ်ကြား နာယူလို့ သိတဲ့သူ (သုတဗုဒ္ဓ)

(၂) သစ္စာ လေးပါးကို ကိုယ်တိုင် သိမြင်အောင် ကမ္မဋ္ဌာန်း အလုပ်ကို ကြိုးစား အားထုတ် နေသူ (အနုဗုဒ္ဓ)

(၃) သစ္စာလေးပါး တရားကို ကမ္မဋ္ဌာန်းအလုပ် အား ဖြင့်ကိုယ်တိုင် သိပြီးတဲ့သူ (စတုသစ္စ ဗုဒ္ဓ)

(၄) အရဟတ္တ ဖိုလ် ဆိုက် ရောက် ပြီး တဲ့ ရဟန္တာ (သာဝက ဗုဒ္ဓ)

(၅) ဘုရားငယ် ရဟန်း (ပစ္စေကဗုဒ္ဓ)

ဒီငါးဗုဒ္ဓ ငါး မျိုး ကို အစိုးရတော် မူတဲ့ ဘုရား ကြီးကို (သမ္မာသမ္ဗုဒ္ဓ)

## (သာဝက လေးမျိုး)

(၁) နှစ်သခေျ်နဲ့ ကမ္ဘာတသိန်း ပါရမီဖြည့်သူ(ပစ္စေက သာဝက)

(၂) တသခေျ်နဲ့ ကမ္ဘာတသိန်း ပါရမီ ဖြည့်သူ (အဂ္ဂ သာဝက)

(၃) ကမ္ဘာတသိန်း ပါရမီဖြည့်သူ (မဟာ သာဝက)

(၄) အကာလိကောအခါမလင့် သစ္စာလေးပါးတရား အားထုတ်သူ (ပကတိ သာဝက)

## (အရိယာ လေးမျိုး)

(၁) သစ္စာလေးပါးတရား အားထုတ်နေသူ(အာစာရ အရိယာ)
(၂) သစ္စာလေးပါးတရားကို သိပြီးတဲ့ သောတာပန် သကဒါဂါမ် (ဒဿနအရိယာ)
(၃) အနာဂါမ် ပုဂ္ဂိုလ် (လိင်္ဂအရိယာ)
(၄) အရဟတ္တဖိုလ် ဆိုက်ပြီးတဲ့ ဘုရား ပစ္စေက ဗုဒ္ဓါ သာဝက ရဟန္တာ(ပဋိဝေဓ အရိယာ)

## (မုနိ ငါးမျိုး)

(၁) အိုးအိမ်ကို မစွန့်ဘဲ သစ္စာ လေးပါး တရားကို အားထုတ်သူ (အာဂါရမုနိ)
(၂) အိုးအိမ်ကို စွန့်၍ တကိုယ်ရည် တကာယ သစ္စာ လေးပါးတရားကို အားထုတ်သူ (အနဂါရမုနိ)
(၃) တရားရှာ သို့ သော တာပန် သ က ဒါဂါမ် အနာဂါမ် ဖြစ်သူ (သေက္ခမုနိ)
(၄) အရဟတ္တဖိုလ် ဆိုက်ရောက် ပြီးသော ရဟန္တာ (အသေက္ခမုနိ)
(၅) ဘုရားငယ် ရဟန်း (ပစ္စေကမုနိ)

ငင်းမုနိ ငါးဦးကို အစိုးရတော်မူတဲ့ သမ္မာသမ္ဗုဒ္ဓ ဘုရားကြီးကို (မုနိန္ဒာ) ဘုရား လက်ထက်မှာ ဥဂ္ဂါသေန သူဌေးကြီးက ဘုရားကို ဘယ်လို လျှောက်သလဲဆိုတော့ တပည့်တော်ဟာ ကုဋေလေးဆယ် ကြွယ်ဝချမ်းသာတဲ့ သူဌေးပါ

ဘုရား၊ သို့ပေမဲ့-တပည့်တော်မှာ ရှိတဲ့ ကျွန်သင်းကျွဲနွား ရွှေငွေ ရတနာ စသည်တို့ကို တပည့်တော် ဘဝတသက်တာ သုံးစွဲရမည် ဖြစ်သောကြောင့် ၎င်းတို့ကို မလှူရက်နိုင်ပါ၊ တပည့်တော်ရဲ့ ချစ်လှစွာသော သူဌေး ကတော်ကြီးဟာ ဥပမိရုပ် အဆင်းသဏ္ဍာန် အလွန်းလှပ၍ သာယာနာပျော်ဘွယ် ပြောဆိုတတ်သဖြင့် ၎င်းသူဌေးကတော်ကြီးကိုလည်း မစွန့်လွှတ်နိုင်ပါဘူး - ဘုရား၊ ထိုအပြင် ဆင်းဆင်းရဲရဲနှင့် အပါယ်လေးပါး ကိုလည်း မကျရောက်လိုပါဘူး–ဘုရားလို့ လျှောက်တယ်၊ ဒီတော့-မြတ်စွာ ဘုရားက အိုးအိမ်ကို မစွန့်လွှတ်ရဘဲ သစ္စာလေးပါးကို သိမြင်တဲ့ ယခုလို အာဂါရမုနိလမ်းဖြစ်တဲ့ သောတာပတ္တိ မဂ်တရားကြီးကို ပေး သနားတော်မူတယ်၊ ဒါကြောင့်-

အနာဂါရ-အာဂါရနှင့်၊ပုဂ္ဂလနှစ်မျိုးကျင့်စဉ်ရိုးကျမ်းကိုးပြမည်သာ၊ထွက် လမ်းသိကနိဗ္ဗာနကျင့်ရမဟုတ်ပါ၊ ကျင့်ဘို့မခက် သိဘို့ခက် မပျက်မှတ်သိုက်ပါ၊ ရုပ်နာမ်မသိ လူ့ဒိဋ္ဌိဖြစ်မည့်ဧကံသာ၊ ရုပ်နာမ်သိကာ ဒိဋ္ဌိကွာ ကျင့်ဘို့မလိုပါ၊ လို့ စာချိုးထားတယ်။

နိဗ္ဗာန်ဆိုတဲ့ အသခ်ၤဓါတ်ကြီးကိုကူးမြောက်ဘို့ရန် သစ္စာလေးပါး တရား အားထုတ်ရာမှာ သောတာပတ္တိ မဂ် ဖိုလ် သကဒါဂါမိမဂ်ဖိုလ်-အနာဂါမိမဂ်ဖိုလ်-အရဟတ္တ မဂ်ဖိုလ် ရယ်လို့ အဆင့်ဆင့်ရှိတဲ့ အထဲက ဒီတရားကို စတင်ပြီး အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ သောတာပတ္တိ မဂ်ကို ပဌမ ဦးဆုံး အားထုတ်တာ ဖြစ်တယ်။

No. 3

(သောတာပတ္တိမဂ်)ဆိုတဲ့ အဓိပ္ပါယ်က-မဂ္ဂေါ၊ သံသရာမှ လွတ်သော လမ်းကြောင်းအဝသို့-သောတော-စီးဝင်၍။ ပတ္တိ၊ ရောက်၏၊ သံသရာက လွတ်တဲ့ လမ်းဝကို ရောက်နေတဲ့ သူလို့ ဆိုတယ်၊ ဘာကြောင့်လဲ ဆိုတော့-သံသရာရဲ့ ထွက်ပေါက်ဖြစ်တဲ့သစ္စာလေးပါးအမှန်တရားကိုသိနေလို့တဲ့၊ ဒီလို သိဘို့ရာမှာလဲ — အလုပ်နဲ့ အကျင့်ကို ခွဲခြားပြီး သိဘို့ လိုတယ်။

(အလုပ်)ဆိုတာ ရုပ်နာမ်ခန္ဓာတို့ရဲ့ မြဲ-ဆင်းရဲ အစိုးမရမှုတို့ကိုဘတ်တွေးကြံဆထိုသုတ ကလျာဏပုထုဇန် စိန္တာမယ သဘောကျ စူဠသောတာပန် ဘာဝနာမယကိုယ်တွေ့မှ မဟာသောတာပန်—လို့ ဆိုတဲ့ အတိုင်း ဘတ်တွေးကြံဆကြားနာရလို့ သုတမယဉာဏ်နဲ့ သိတဲ့ အသိဟာ (ဟုတ်မှ ဟုတ်ပါလေစ )လို့ ဆိုတဲ့ သဘောနဲ့ ကိုယ်တိုင် ကိုယ်ကျ သိရအောင် ယောနိသော မနသိကာရဖြင့် အသင့်အတင့် နှလုံးသွင်းပြီးကမ္မဋ္ဌာန်း အလုပ်ကို အချိန်အနည်းငယ်ယူပြီး အားထုတ်ပြုလုပ်တာက (အလုပ်)လို့ ခေါ်ပါတယ်။

(အကျင့်)ဆိုတာက အထက်မဂ်အထက်ဖိုလ်ကိုရအောင် တရားထူး မတွေ့မချင်း မိမိ၏ ဥတုဇရုပ်တုံးကြီးကို ပဓာန မပြုဘဲ အသား အကြော အရေ အရိုးတို့ကို မထောက်ညှာ မငဲ့ကွက်တဲ့ သမ္မပ္ပဓာန် ဝီရိယ လေးပါးနဲ့ မအိပ်မနေ မရပ်မနား ကျင့်တာက ( အကျင့် )လို့ ဆိုတယ်၊ ဒါကြောင့်— သောတာပန်တို့ရဲ့ လမ်းဟာ ယောနိသော မနသိကာရဖြင့် အသင့် အတင့် နှလုံး သွင်းပြီး ကမ္မဋ္ဌာန်း အလုပ် လုပ်တဲ့

လမ်းလို့ မြတ်စွာ ဘုရားက သုတ်ပါထေယျ ပါဠိတော်မှာ (၁၉၀)ကြည့်။

"စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ ကတမေ စတ္တာရော သပ္ပုရိသ သံသေဝေါ သဒ္ဓမ္မ သဝနံ ယောနိသောမနသိကာရောဓမ္မာနု ဓမ္မပဋိ ပတ္တိတိ"

ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရိမာနိ၊ ဤလေးပါး ကုန်သော တရားတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ သောတာပန် ဖြစ်ခြင်း၏ အင်္ဂါအကြောင်း တရားလေးပါးတို့ပေတည်း။ ကတမေ စတ္တာရော၊ အဘယ်အကြောင်း တရား လေးပါး နည်းဟူမူကား။ သပ္ပုရိသ-သံသေဝေါ၊ ရုပ်နာမ်ခန္ဓာဓါတ် သစ္စာတရားတို့ကို ကျွမ်းကျင်လိမ္မာသော သူတော်ကောင်း နှင့် ပေါင်းဖေါ်ရခြင်းလည်း တပါး၊ သဒ္ဓမ္မသဝနံ၊ ရုပ်နာမ် ခန္ဓာဓါတ် သစ္စာတရားတို့ကို ကြားနာမှတ်သား သင်ကြား ဆွေးနွေးလေ့လာရခြင်းလည်း တပါး။ ယောနိသောမနသိ ကာရော၊ ရုပ်နာမ်ခန္ဓာဓါတ် သစ္စာတရားတို့ကို ထင်အောင် မြင်အောင် အသင့်အတင့် နှလုံးသွင်းရခြင်းလည်း တပါး။ ဓမ္မာနုဓမ္မပဋိပတ္တိ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရား တို့ကို ရခြင်း၏ အကြောင်းဖြစ်သော သက္ကာယဒိဋ္ဌိကို ပယ်ဖြုတ် ရခြင်းလည်း တပါး။ ဣတိ စတ္တာရိ၊ ဤလေးပါးကုန်သော တရားတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ သောတာပန် ဖြစ် ခြင်း၏ အင်္ဂါအကြောင်းတရား ပေတည်း။

ဒီနေရာမှာ အသင့် အတင့် နှလုံးသွင်း တာဟာ ထင် အောင် မြင်အောင်တဲ့ တော်ရုံ တန်ရုံ မဟုတ် ပါဘူး၊ ကမ္မဋ္ဌာန်း မထိုင်ဘဲနဲ့ ထင်မြင်နိုင်ရင်တော့ ကောင်းသား ပေါ့၊ မထင်မြင်နိုင်ရင်တော့ ကိုယ်တိုင် ကမ္မဋ္ဌာန်း တရားကို လေးခလေးစားစား အားထုတ်မှ ဖြစ်မယ်၊ စတုတ္ထအချက်ဏ သက္ကာယ ဒိဋ္ဌိကို ပယ်ဖြုတ်ရမယ်-တဲ့၊ ရုပ်နာမ် ခန္ဓာ တို့ရဲ့ ဘာကဲ့ ဖြစ်ပျက်ပုံကို သိအောင် ကမ္မဋ္ဌာန်းတရားကိုကိုယ်တိုင် ကိုယ်ကျ အားမထုတ်ဘဲ တဏှာငါ မာနငါ ဒိဋ္ဌိငါတွေကို ဘယ်လိုဖြုတ်ဖြုတ် မပြုတ်နိုင်ဘူး၊ သက္ကာယ ဒိဋ္ဌိဖြုတ်တယ် ဆိုတာ အမှန်အတိုင်း မိမိကိုယ်မှာ ဖြစ်ပျက်မှုတွေကိုအဟုတ် တကယ် သိမှ ဖြုတ်လို့ ရပါတယ်။

ဒါကြောင့်—ဘုရားရှင် သက်တော် ထင်ရှား ရှိစဉ်က အဇိတကေသကမ္ဗလ – သဉ္စယဗေလဋ္ဌိပုတ္တ ပကုဓကစ္စာယန နိဂဏ္ဌနာဋပုတ္တ မက္ခလိဂေါသာလ ပူရဏကဿပ စတဲ့ အယူသည်းသမား မိစ္ဆာဒိဋ္ဌိကြီးတွေ အမျိုးမျိုး ရှိကြတယ်၊ သို့ပေမဲ့ ဘုရားရဲ့အာဏာစက် ပြန့်နှံ့တဲ့သာဝတ္ထိပြည်စသော တိုင်းကြီး ပြည်ကြီးတွေမှာ သူတို့ရဲ့ အယူဝါဒတွေ မလွှမ်း မိုးနိုင်ဘူး၊ ဒီတော့ – ကာလာမတိုင်း ကေသမုတ္တနိဂုံးမှာ သူတို့ရဲ့ ဝါဒတွေကို အနည်းနည်း အဖုံဖုံ ဖြန့်ပြီး ဟောကြ ပြောကြတယ်၊ ဒီအခါကျတော့—ကေသမုတ္တနိဂုံးသားတွေ ဟာ အယူဝါဒတွေက အမျိုးမျိုး ဖြစ်လေတော့-ဘယ် ဝါဒ က မှန်လို့ ဘယ်ဝါဒက မှားတယ်ဆိုတာ မဝေဘန် မတွေး တောတတ်အောင် ဖြစ်ကုန်ကြတယ်။

တနေ့သောအခါ ကျတော့-မြတ်စွာဘုရားကလဲ ဒီနိဂုံးကို ကြွတော်မူလာတယ်၊ ကြွလာတော့—နိဂုံးသားတွေက တပည့်တော်တို့ ကေသမုတ္တနိဂုံးမှာ ဘုံကဲ့သို့ဝါဒတွေအမျိုးမျိုး အဖုံဖုံ ဖြစ်နေကြပါတယ်၊ သို့အတွက် ဘယ်ဝါဒက မှန်ပါသလဲ ဘုရားလို့ လျှောက်ကြတယ်၊ သည်ခါတော့—ဘုရားကိုယ်တော်မြတ်က ငါပြောမယ် ချစ်သား နားထောင်တဲ့ဆိုပြီး၊ အချက်ကြီး ဆယ်ချက် ပြတယ်၊ ဒီအချက်ဆယ်ချက်ရဲ့အဓိပ္ပါယ်ကတော့-

"ငယ်စဉ်မှတ်သား ဘိုးဘွားစဉ်လာ သူငါ အပြောကျမ်းသဘော နှင့် မနော ကြံစည် တလီထောက် ထားတိုင်းခြားနည်းတူ သူ့ယူကိုယ့်ယူ ရဟန်းဟူ၍ တဆူဆရာဖြစ်တိုင်းသာလည်း မှန်ရာတတ်တတ် မယူအပ်"တဲ့ အကျယ်ကတော့—

၁။ ငယ်စဉ်မှတ်သား=ဆိုတာ ငယ်ရွယ်စဉ်အခါတုံးက မိမိမှတ်သားထားတဲ့ အရာကို မှန်တယ်လို့ မယူနှင့်တဲ့၊

၂။ ဘိုးဘွားစဉ်လာ=ဆိုတာက ဘိုးစဉ်ဘောင်ဆက်က ယူလာတဲ့ အယူကိုလဲ မှန်တယ်လို့ မယူနှင့်တဲ့။

၃။ သူငါအပြော=သူများတကာ ပြောတိုင်း ဆိုတိုင်းလဲ မှန်ဘယ်လို့ မယူနှင့်တဲ့။

၄။ ကျမ်းသဘောနှင့်=မိမိ လေ့လာထားတဲ့ ကျမ်းတခေါင်စနှစ်စောင်စသည်တို့ကိုလဲ မှန်တယ်လို့ မယူနှင့်တဲ့။

၅။ မနောကြံစည်=မိမိစိတ်ကူးအားဖြင့် တွေးတောကြံစည်လို့ ရတဲ့ အရာကိုလဲ မှန်ဘယ်လို့ မယူနှင့်တဲ့။

၂၅၀၁၉

၆။ တလီထောက်ထား = သာဓကယုတ္တိ အာဂမယုတ္တိ သဘာဝယုတ္တိတွေ အထောက်အထား ကောင်းတိုင်းလဲမှန်တယ်လို့ မယူနှင့်တဲ့။

၇။ တိုင်းခြားနည်းတူ=သူများ တိုင်းပြည် တွေက နည်းလမ်း အယူတွေကိုလဲ မှန်တယ်လို့ မယူနှင့်တဲ့။

၈။ သူ့ယူကိုယ့်ယူ=သူများ ယူတာနဲ့ ကိုယ်ယူတာနဲ့ ကိုက်ညီနေတိုင်းလဲ မှန်တယ်လို့ မယူနှင့်တဲ့။

၉။ ရဟန်းဟူ၍=ရဟန်းဆိုတာ ဘယ်ခါမှမုသားမသုံးဘူး ဆိုပြီး ရဟန်းပြောတိုင်းလဲ အကုန် မှန်တယ်လို့ မယူနှင့်တဲ့။

၁၀။ တဆူဆရာ=ငါ့ဆရာဟာ ဘယ်ခါမှ မလွဲဘူး ဆိုပြီး ဆရာပြောတိုင်းလဲ အကုန်မှန်တယ်လို့ မယူနှင့်တဲ့။

ဒီလို ဆယ်ချက်ပြတော့ နိဂုံးသားတွေက ဒါဖြင့် ဘယ်နည်းနဲ့မှ အမှန်ကို သိနိုင်ပါမည်လဲ ဘုရားလို့ လျှောက်တော့ ဘုရားက (ချစ်သား) သင့်ကိုယ်မှာရှိတဲ့ မျက်စိ နား နှာခေါင်းလျှာ ကိုယ် မနော ဆိုတဲ့ ဒွါရ ခြောက်ပါး မှာ အဟုတ်တကယ် ဖြစ်ပျက်နေတာဟာ အမှန်ဆုံးဘဲ သင်ယူတော့လို့ အမိန့်ရှိတယ်။

ဘုရားက ယခုလို မိမိ ကိုယ်မှာရှိတဲ့ ခြောက်ပေါက်မှာ ဖြစ်ပျက် နေတဲ့ တရားသာ အမှန်လို့ ဟောတယ်၊ ဒါဖြင့် ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ် အားမထုတ်တဲ့ ပုဂ္ဂိုလ်ဟာ မိမိကိုယ် အဇ္ဈတ္တ သန္တာန်မှာ ဖြစ်ပျက် နေတဲ့ ရုပ်နာမ်

ခန္ဓာရဲ့သဘောတရားတွေကို အမှန်အတိုင်း သိနိုင်ပါ့မလား ကမ္မဋ္ဌာန်းအာရုံမဟုတ်ရင် ဘယ်တော့မှ မသိနိုင်ဘူးမှတ်ပါ မျက်စိကလဲကြည့်ချင်ရာကိုရှောက်ပြီးကြည့်နေတာဘဲ၊ နားကလဲအသံလာတဲ့ဆီကိုအာရုံရောက်သွားတာဘဲ၊ဒီလိုမြင်တဲ့ ကြားတဲ့နေရာကိုစိတ်ကပြန့်လွင့်နေတော့ မိမိကိုယ်ပေါ်မှာ တကယ်ဖြစ်ပျက်နေတဲ့ ပရမတ်သဘောတရားတွေကို ဟုပ်တိုင်းမှန်ရာမသိမမြင်ဘဲ ကိုယ့်စိတ်ကိုကိုယ်မနိုင်လို့ ''ပါပသ္မိံ ရမတိမနော'' မနောစိတ်ဝိဉာဉ်သည် ပါပသ္မိံ မကောင်းရာ၌ ရမတိ မွေ့လျော်၏ ဆိုတဲ့အတိုင်းမိမိစိတ်ကမကောင်းတဲ့ ကာမဂုဏ်အာရုံတွေဆီကိုသာ သွားရောက် ကျက်စားတယ်။ ဒါတောင်အချို့ပုဂ္ဂိုလ်တွေက (စိတ်သွားတိုင်းကိုပါပြီး လိုရာရောက်ရပါလို၏။)လို့ဆုတောင်း ကြတယ်၊ ဒီလိုတောင်းတဲ့ဆုနဲ့ပြည့်ဝလို့လဲ သံသရာထဲမှာ တဝဲလယ်လယ်ကျင်လည်နေကြရတာဘဲ။ယခုလိုကျင်လည်ကြရတာ ဘာလဲအရင်းကို စစ်လိုက်တော့ လောဘ ဒေါသ မောဟတရားတွေက လွှမ်းမိုးနေလို့ဘဲ ဖြစ်တယ်၊ လောဘ ဒေါသ မောဟတရားတွေရဲ့ အပြစ်အာဒီနဝ အကျိုးတရားတွေကို ဘုရားကဘယ်သို့ဟောထားသလဲ ဆိုတော့။

လောဘေန တံသဒိသတ္တာ ပေတလောကံ နိဂစ္ဆတိ=လောဘကြီးလျှင်ပြိတ္တာဖြစ်မယ်တဲ့။ဒေါသေနတံသဒိသတ္တာ နိရယံနိဂစ္ဆတိ=ဒေါသကြီးလျှင် ငရဲကျမယ်တဲ့။ မောဟေန တံသဒိသတ္တာတိရစ္ဆာ ယောနိယံစ အသူရကာယ ယောနိ

ယံစ၊ နိဂဏ္ဍတိ၊ မောဟထူပြောလျှင် တိရစ္ဆာန် သို့မဟုပ် အသူရကာယ်ဘုံရောက်မယ်တဲ့။

ဒီလောဘ ဒေါသ မောဟတရားတွေဟာ ဘယ်အထိ တောက်လောင်ပြီးစည်ပင်ပြန့်ပွါးနေတယ်ဆိုတာကို ကြည့်မယ်ဆိုရင် ဥပမာဈေးရုံကြီးတရုံလုံးမှာလူဘယ်နှစ်ယောက် ရှိမလဲ ဖြုံးကနဲမရေတွက်နိုင်ဘူးပေါ့ ဒါပေမဲ့ဉာဏ်မြင်နဲ့ ကြည့်တော့ ရောင်းသူနဲ့ဝယ်သူနှစ်ဦးဘဲရှိဘယ် ဒီနှစ်ဦးမှာ စိတ်ကဘယ်နှစ်စိတ်ရှိသလဲဆိုတော့ ရောင်းသူကလဲ တကျပ်တန် ပစ္စည်းကို တကျပ်ခွဲရမှ ရောင်းမယ်- (ငါးမူးလောဘစိတ်) ဝယ်သူကလဲ တကျပ်ခွဲ ဆိုရင် တကျပ်ႏုဆစ်တယ် (ငါးမူးလောဘစိတ်) ဘဲ လောဘမှာတော့ တူမနေဘူးလား နှစ်ကိုယ့်တစိတ်ဖြစ်နေတယ်၊ ဒါဟာ သမလောဘလောက်ဖြစ်လို့တော်ပါသေးတယ်။ဝိသမလောဘ ဆိုရင်တော့ ပြိတ္တာဖြစ်ဘို့သေချာနေတယ်၊ စစ်တိုက်တဲ့အခါ လူဘယ်နှစ်ယောက်ရှိမလဲ မရေတွက်နိုင်ဘူးပေါ့ ဒါပေမဲ့ဉာဏ်မြင်နဲ့ကြည့်တော့ ထိုးစစ်နဲ့ခံစစ်နှစ်ဦးဘဲရှိတယ်၊ ဒီနှစ်ဦးမှာကောစိတ်ကဘယ်နှစ်စိတ်ရှိသလဲဆိုတော့။

ထိုးစစ်သမားကလဲခံစစ်သမားကို အပြုတ်တိုက်တာဘဲ၊ (ဒေါသစိတ်) ခံစစ်သမားကလဲ ထိုးစစ်သမားကို အပြုတ်ခံတိုက်တာဘဲ (ဒေါသစိတ်)ဘဲ၊ ဒေါသမှာတော့တူမနေဘူးလား၊ နှစ်ကိုယ့်တစိတ်ဘဲ၊ တိရစ္ဆာန်လောကနတ်လောကတို့မှာလဲ ထိုနည်းအတိုင်းပါဘဲ၊ ဒီလောဘမူစိတ် ဒေါသမူစိတ်တွေဟာအကြောင်းကိုရှာလိုက်တော့၊ ခန္ဓာအာယတန

ဓါတ်သစ္စာပဋိစ္စသမုပ္ပါဒ်ကို မသိမမြင်နိုင်အောင် ဖုံးလွှမ်းထားတဲ့ မောဟ စိတ်ကြောင့် ငါ မြင် ငါ ကြား ငါ နံ ငါ စား ငါ ထိ ငါသိ ဆိုတဲ့ ငါတွေနဲ့ လူပေါင်းမှားလို့ ဖြစ်ရတာဘဲ၊ ဒါကြောင့်ဒီ(ငါ)တွေနဲ့ ယခုဘဝမှာ အိုးစားကွဲအောင် ဝိပဿနာ ရှုမှတ်မှု ကမ္မဋ္ဌာန်းတရားကို အားထုတ်ကြရမယ်။

ဒီဝိပဿနာ ရှုမှတ်မှုအလုပ်တရားဟာ လောကမှာ အနေတတ် အသေတတ်တဲ့ တရားဆိုရင် မမှားပါဘူး၊ အနေတတ်ဆိုတာက အလွန်တရာမှ တိုတောင်းလှတဲ့ လူ့ဘဝ၊ မသေခင် အချိန်ကလေးမှာ အပါယ်လေးပါးက လွတ်အောင် ကျိုးစားအားထုတ်နေခြင်းကိုဆိုတယ်-အသေတတ်ဆိုတာကတော့ လူမှန်လျှင်တနေ့ကျတော့ မရဏဘေးကြီးကဘယ်သူမှ မလွန်ဆန်နိုင်ဘူး၊ သို့ပေမဲ့ ဝိပဿနာ ယောဂီမှာတော့ သေခါနီးဆဲဆဲအချိန်ကလေးမှာ ဘဝကူးပြောင်းတဲ့နေရာမှာ အာရုံယူတတ်တာကိုဆိုတယ်။

ဒီနေရာမှာ လူသေတယ်ဆိုတဲ့ စကားဟာ စင်စစ်ကတော့လူသာသေလို့ ရုပ်နာမ်ဆိုတဲ့ သတ္တဝါမသေပါဘူး၊ ဖြစ်ပျက်သဘောနဲ့ ဘဝတပါး ကူးပြောင်း သွားတာဘဲ၊ ဥပမာဆွေမျိုးညာတိတွေနဲ့ ခွဲခွါပြီး ရေမြေခြားတဲ့တကျွန်း တနိုင်ငံကို အပြီးအပိုင်ပြောင်းရွှေ့သွားတဲ့ သဘောမျိုးပါဘဲ၊ (သေ) ဆိုတဲ့စကားက ပြဒါးသေတော့ တဆွေဝ သံ

သေတော့တပြည့်ဝဆိုတာလိုရုပ်နာမ်သေရင်နိဗ္ဗာန်ရတယ်၊ ဒီရုပ်ဒီနာမ်တွေဟာအပြီးအပိုင်မသေနိုင်လို့သံသရာမှာဖန်ခါခါမျောပါးနေရတာဘဲ။

ဘဝတပါး ပြောင်းသွားခြင်းဆိုတဲ့ လူသေရာမှာလဲ လူကအသေတတ်အုံးမှ အသေမတတ်တော့ အာသောက မင်းကြီးဟာသေခါနီး တရားကို အယူမပြောင့်လို့ ငပါးကြီး မြွေကြီးအဖြစ်နဲ့ အပါယ်ဘုံ လားရတာကိုကြည့်ပါ အဲဒါ ဘာကြောင့်လဲဆိုတော့ လောကမှာ ဘယ်လောက်ပင်ဒါန သီလစတဲ့ကုသိုလ်ကောင်းမှုတွေ သူမတူအောင်ပြုပေမဲ့ သေခါနီးဆဲဆဲမှာပညာသတိမရှိလို့ဖြစ်တယ်။

ထို့အပြင် တနည်းအားဖြင့် ရေကဂပ္ပ ရဟန်းကြီးကို ကြည့်ပါ၊ ကဿပ ဘုရားရှင် လက်ထက်တော်မှာ ဧရက ကပ္ပဆိုတဲ့ ရဟန်းကြီးတပါးဟာ ရဟန်းတရားကိုအနှစ် နှစ် သောင်းအားထုတ်လာခဲ့တာ တနေ့ကျတော့ရဟန်းကြီးဟာ မြစ်တဖက်ကမ်းကိုကူးဘို့ရာ လှေငယ်ပေါ်မှာ လှေသမားကို စောင့်ဆိုင်းနေရင်း ကမ်းစပ်မှာပေါက်နေတဲ့သမန်းမြက်က လေးကိုကိုင်တွယ်ကြည့်ရှုနေစဉ် ဗြုံးဆိုလှေကထွက်သွားတဲ့ အခါ လက်ထဲမှာသမန်းမြက်ကလေးပြတ်ပြီး ပါလာတယ်၊ ဒီကိစ္စကို အာပတ်မဖြေမိဘဲ အမှတ်မထင်နေလိုက်မိတယ်၊ သင်္ခါရဓမ္မအတိုင်း အချိန်တန်လို့ ပျံလွန်တော်မူခါနီးကျ တော့ မိမိစောင့်ထိမ်းခဲ့တဲ့သီလကို စစ်ဆေးလိုက်တော့-တ ချိန်တုံးကသမန်းမြက်ကလေးပြတ်ပြီးပါလါတာကိုသွားပြီး သတိရမိတယ်-ဒီအခါမှာအာပတ်ဖြေဘို့အနားမှာ ရဟန်း

အဖေါ်တပါးမျှ မရှိဘဲ-ဒီအာရုံဇောနဲ့ ဘဝကူးသွားရလို့ ဧရကကပ္ပ နဂါးရယ်လို့ အပါယ်ဘုံကို ကျရောက်ရတယ်၊ ဒါဘာကြောင့်လဲဆိုတော့ သေခါနီးမှာပညာအမှတ်သတိ မရှိလို့ဘဲ။

အသေတတ်တယ်ဆိုတဲ့သဘောကတော့-ဝိပဿနာ မဂ်တရားကိုအစဉ်တစိုက်အားထုတ်တဲ့ယောဂီပုဂ္ဂိုလ်ဟာ မမာမကျန်းဖြစ်လာတဲ့အခါ သတိတရားရလာတတ်တယ်- ဘယ်လိုရသလဲဆိုရင်-ငါ့မှာတော့မမာမကျန်းဖြစ်လာပြီ- ယခုစွဲကပ်နေတဲ့ရောဂါနဲ့သေမယ်ဆိုရင်လဲသေသွားနိုင်တယ်၊ ဒါကြောင့် မသေခင်အချိန်ရတုံး ငါ့ရဲ့အားထုတ်နေကျဖြစ်တဲ့ ရှုမှတ်မှုကမ္မဋ္ဌာန်းတရားကို အားထုတ်မှဘဲလို့ သတိရလာတယ်-အဲဒီသတိဟာ ကုသိုလ်တရားတွေကို အားထုတ်ဖြစ်အောင်တိုက်တွန်းနှိုးဆော်တဲ့သတိဖြစ်လို့ သူ့ကို (ကာရာပကသတိ) လို့ခေါ်တယ်- ဒီသတိတရားရရုံနဲ့တော့ ကိစ္စမပြီးသေးပါဘူး ဒီသတိကိုအကြောင်းခံပြီး ဖြစ်ပေါ်လာတဲ့ အကျိုးသတိကမှ ကိစ္စပြီးစေနိုင်တဲ့လိုရင်းဖြစ်-အဲဒီအကျိုးသတိဆိုတာအခြားမဟုတ်ဘူးမိမိသဏ္ဍာန်၌ဖြစ်ဆဲဖြစ်ခိုက်ရုပ်နာမ်ခန္ဓာပေါ်မှာ တကယ်တမ်း အလုပ်ကမ္မဋ္ဌာန်းနဲ့ရှုမှတ်နေတဲ့ ဝိပဿနာ သမ္မာသတိဘဲဖြစ်တယ်- ဒီအလုပ်သတိကို (ကာရကသတိ) လို့ခေါ်တယ်၊ဒီလိုအလုပ်သတိနဲ့ဘဝကူးသွားခဲ့ရင်စာကဘယ်လိုဆိုထားသလဲဆိုတော့၊

ညီးညူမရှိ-သတိမမေ့-ချိန်နေ့သိပြန်-မျက်လှန် ကျောဆွဲမရှိဘဲလျှက်-သေလဲတောင့်တင်း-ပုတ်နံ့ကင်းသည်-ကျိုချင်း

ဝိပဿနာတန်ခိုးတည်း—လို့ ဆိုထားတဲ့ အတိုင်း ဒီဝိပဿနာရဲ့အကျိုးဟာဒီဘဝမှာပင် ဒီမျှလောက် အကျိုးကျေးဇူးများပါတယ်၊ အားထုတ်ဘို့လဲ အလွန်တရာ ထိုက်ပါတယ်၊ ဒီသတိကိုဘယ်အပေါ်မှာ ကပ်ပြီးရှုရမလဲဆိုတော့- ရုပ်နာမ်လို့ ခေါ်တဲ့ခန္ဓာငါးပါးပေါ်မှာကပ်ပြီးရှုရပါတယ်၊ ဝိပဿနာ တရားကို အားထုတ်ကြတဲ့ ယောဂီပုဂ္ဂိုလ်တွေဟာ မိမိသန္တာန်မှာဖြစ်ပေါ်တဲ့ခန္ဓာငါးပါးကို ကွဲကွဲပြားပြားသိဘို့လိုတယ်၊ဒီခန္ဓာငါးပါးကိုမှမသိရင် အမှန်တရားဆိုတဲ့ သစ္စာလေးပါးကိုဘယ်လိုသိနိုင်မလဲ သစ္စာလေးပါးမှာဘုရားကဒုက္ခသစ္စာဆိုတာခန္ဓာငါးပါးကိုဟောတာ- ဓမ္မခန္ဓာပေါင်းရှစ်သောင်းလေးထောင်ရှိတဲ့ပိဋကတ်သုံးပုံကိုအကျဉ်းချုံးလိုက်ရင် ဗောဓိပက္ခိယ ၃၇ ပါးဟာဘုရားရဲ့ အဆုံးအမဒေသနာတော်ကြီးဖြစ်တယ်၊ ဒီ ၃၇ ပါးသောဗောဓိပက္ခိယတရားတော်ကြီးဟာဒီခန္ဓာငါးပါးပေါ်မှာ အကျုံးဝင်တဲ့တရားတွေချည့်ဘဲဖြစ်တယ်။ ဒီဗောဓိပက္ခိယ- ၃၇ပါးကိုအကျဉ်းချုံးပြန်တော့မဂ္ဂင်ရှစ်ပါးဖြစ်တယ်၊ မဂ္ဂင်ရှစ်ပါးကိုအကျဉ်းချုံးပြန်တော့-သီလ-သမာဓိ-ပညာဆိုတဲ့ သိက္ခာ၃-ပါးဘဲရှိတယ်၊ ဒီသိက္ခာ-၃-ပါးနဲ့ ပြည့်စုံအောင်အားထုတ်တဲ့ တရားဟာ-ခန္ဓာငါးပါးပေါ်မှာရှုမှတ်မှုတခုထဲပါဘဲ၊ မြတ်စွာဘုရားက-ဘုရားဖြစ်တဲ့-၄၅ဝါကာလပတ်လုံးဟောတဲ့ တရားဟာ-ဒီခန္ဓာငါးပါးကိုဒုက္ခသစ္စာထင်အောင်ဟောတာဖြစ်ပါတယ်၊ ဒီလိုခန္ဓာငါးပါးကိုဒုက္ခသစ္စာထင်မှသာလျှင်-ခန္ဓာငါးပါးနဲ့မလွတ်ကင်းတဲ့ ၃၁ဘုံကိုငြီးငွေ့

တဲ့ မဂ်ဉာဏ်က ဖြစ်ပေါ်နိုင်တယ်၊ ဒါကြောင့် တရားအား ထုတ်တဲ့ယောဂီဟာ ဝိပဿနာရဲ့အခြေခံဖြစ်တဲ့ခန္ဓာငါးပါး ရုပ်နာမ်တရားကိုဖြင့် ကျားကုတ်ကျားခဲမြဲမြဲကြီးသိထားဘို့ လိုပါတယ်၊ ဒီခန္ဓာငါးပါးရုပ်နမ်တရားကိုသိတဲ့နေရာမှာလဲ အထက်ကဖေါ်ပြခဲ့တဲ့ သုတသိစိန္တာသိ=ဘာဝနာသိ ဆိုတဲ့ အံသိဉာဏ်-၃-မျိုးမှာ ဘာဝနာသိကို သိမှသာ စာတွေ့မ ဟုပ် ငါတွေ့သိတဲ့ သောတာပန် အသိ-ဒဿနဘုမ္မိလို့ဆိုပါ တယ်၊ ဥပမာ–အဗန္ဓရသရက်သီးကို ကြားဘူးတဲ့သူနဲ့ စား ဘူးတဲ့သူလိုကွာခြားပါတယ်၊ ဒါကြောင့်ပဌမဦးဆုံးအရေး ကြီးတဲ့အချက်က သောတာပန်သိ-သိပြီး အပါယ်လေးပါး တံခါးပိတ်ဘို့ အရေးကြီးဆုံးဖြစ်ဘယ်၊ သောတာပန် သက ဒဂါမ်တို့က ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာပြုတ်ပြီး အပါယ်ပိတ်တဲ့လမ်း အနာဂါမ်- ရဟန္တာတို့ကတကျော အစရှိတဲ့ ကိလေသာ အ ပေါင်းကိုချုပ်ဆုံးစေပြီး နိဗ္ဗာန်ဝင်တဲ့ လမ်းဖြစ်တယ်။ အ ပါယ်လေးပါးကို ဝိပဿနာယောဂီမှအစ လူတလောကလုံး ဘယ်သူမျှကျရောက်ချင်ကြသလဲ- ဘယ်သူမှ မကျရောက် ချင်ဘူးပေါ့၊ ဘုရားမှာကော အပါယ် ကျရောက်ရပါလို၏ လို့ ဘယ်နှစ်ခါများဆုတောင်းကြဘူးသလဲ၊ တခါမှ ဆုမ တောင်းဘူးပါဘူး ဆုတောင်းဘို့ကိုမဆိုထားနဲ့ စိတ်ကူးထဲ တောင်မထည့်ဘူး ဒါပေမဲ့ သာကေတခုပြမယ်။

ဒီသာသနာမှာ ပွင့်တော်မူသွားတဲ့ ဂေါတမ မြတ်စွာ ဘုရားအလောင်းတော်ကြီးဟာ-ဒီပင်္ကရာ မြတ်စွာဘုရားထံ တော်မှာ-သုမေဓါ ရှင်ရသေ့ ဖြစ်စဉ်ဘဝတုံးက- သမ္မာ

သမ္ဗုဒ္ဓဘုရားဆုကို ရည်ရွယ်ချက်ကြီး၃ချက်နဲ့ တောင်းခံခဲ့တယ်၊ ဘယ်လိုတောင်းခံခဲ့သလဲဆိုတော့၊ (၁)လောကတ္ထစရိယံ (၂)ညာတတ္ထစရိယံ (၃) ဗုဒ္ဓတ္ထစရိယန္တိ ဆိုတဲ့ ရည်ရွယ်ချက်-၃-ချက်နဲ့ တောင်းခံခဲ့တယ်။

၁။ လောကတ္ထစရိယာ- သတ္တဝါတွေကို ကယ်တင်ချွတ်မယ်။

၂။ ညာတတ္ထစရိယာ- ဆွေမျိုးမိတ်သင်္ဂဟ တွေကိုကယ်တင်ချွတ်မယ်။

၃။ ဗုဒ္ဓတ္ထစရိယာ- ဒီလိုကယ်တင်ချွတ်နိုင်အောင် ငါကိုယ်တိုင်ဘုရားအဖြစ်ကိုရအောင်ကြိုးစားမယ်တဲ့။

ဒီလိုတောင်းခံလို့ဗျာဒိတ်ပန်းကို ဆွတ်လှမ်းပြီးတဲ့နောက် ဘုရားဖြစ်မဲ့ဘဝမှာ မယ်တော် မာယာဒေဝီ ဝမ်းတွင်းမှ မီးရှူးသန့်စင် ဖွားမြင်တော်မူတာနှင့် တပြိုင်နက်-၃-ချက် သောဥဒါန်းကိုကြူးရင့်တော်မူတယ်၊ ဘယ်လိုကြူးရင့်တော်မူသလဲဆိုတော့(၁)အဂ္ဂေါဟမသ္မိလောကဿ(၂)ဇေဋ္ဌောဟမသ္မိလောကဿ (၃) သေဋ္ဌောဟမသ္မိ လောကဿလို့ ကြူးရင့်တော်မူတယ်။

၁။ အဂ္ဂေါဟမသ္မိလောကဿ= ငါသည်လောကထက်မြတ်၏။

၂။ ဇေဋ္ဌောဟမသ္မိလောကဿ= ငါသည် လောက ထက်ကြီး၏။

၃။ သဗ္ဗော ဟာမသ္မိလောကသ္မိံ= ငါသည် လော က
ထက်ပူဇော်ထူးကိုခံတော်မူတိုက်၏=တဲ့။

ဒီလိုဥဒါန်းကြူးပြီးတဲ့နောက် သက်တော် ၂၉ နှစ်အရွယ်မှာ တောထွက်တော်မူလို့ခြောက်နှစ်လုံးလုံးတရားရှာတော်မူရာမှသက်တော် ၃၅ နှစ်မြောက်တော့မဟာဗောဓိပင်နှင့်အပရာဇိတရွှေပလ္လင်ပေါ်မှာ ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်၊ ဆိုတဲ့မာရ်ငါးပါးကို အောင်တော်မူပြီး ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ ၁၅ ပါးနဲ့ပြည့်စုံတဲ့ သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်ကို ရတော်မူတဲ့ အခါကျတော့၊ ဝိဇ္ဇာ သုံးပါးထဲက (ပုဗ္ဗေနိဝါသ) ဉာဏ်တော်နဲ့ အတိတ်ကဖြစ်ခဲ့တဲ့သုမေဓါဘဝကစပြီး ဘုရားဖြစ်တဲ့ဘဝတိုင်အောင် ဖြစ်တော်ပေါင်းကိုကြည့်တော်မူတယ်၊ ဒီလိုကြည့်တော်မူလိုက်တော့ ဘာကိုတွေ့မြင်သလဲဆိုတော့ (ဗျာဒိတ်ရပြီးတဲ့ဂေါတမဘုရားအလောင်းနော် စဉ်းစားကြည့်ကြ) ယုံ၊ ကျွဲ၊ ခွေး၊ ဝက်၊ ကိန္နရာ၊ စာဝတီး၊ ဒင်ကျီး၊ ဖါး၊ ဘီလုံး၊ သရဘ၊ ဘီလူး၊ ခြင်္သေ့မင်းအားဖြင့် ၁ ဘဝစီ စက္ကဝက်၊ ဂဠုန်၊ ကျီး၊ ခါ၊ ဥသြ၊ ကြက်၊ ကျွက်၊ မြွေခွေး၊ သစ်တောက်ငှက် အားဖြင့် ၂ ဘဝစီ၊ ဥဒေါင်း၊ ဆင်မင်း၊ ဆတ်၊ ဖွတ်၊ ငါး၊ အားဖြင့် ၃ ဘဝစီ၊ ဆင်ဖြူတော်၊ ငုံး၊ မြင်း၊ ငှင်းတငှက် ရိုးရိုး နဂါးအားဖြင့် ၄ ဘဝစီ၊ နွားကား ၅ ဘဝစီ၊ ခိုကား ၆ ဘဝ၊ သွင်ကား ၇ ဘဝ ဟင်္သာနှင့် ကျေးသားက ၉ ဘဝ၊ ခြင်္သေ့ရိုးရိုးက၊ ၁၀ ဘဝ၊ မျောက်က ၁၂ ဘဝ၊

ရှဉ့်နက်က ၁ ဘဝ၊ ဘုရားဖြစ်ခါနီး ရင့်မှာတကျိပ်မတိုင်မီ တေမိမင်း မဖြစ်ခင်ဘဝမှာ အနှစ် ၂ ဝနန်းစံမိခဲ့လို့ ဉဿဒ ငရဲမှာအနှစ်ရှစ်သောင်းခံခဲ့ရတယ်။

ဒီလိုအပါယ်ဘဝတွေဖြစ်ခဲ့ရတာ (ဒိဋ္ဌိ) တလုံးမပြုတ်ခဲ့လို့ ဘဲ၊ ဒါတွေကိုမြင်တော့ ငါသည်ကောင်းတဲ့ သုဂတိဘုံတွေ မှာလဲဖြစ်ခဲ့ဘူးတာဘဲလို့ ကြည့်လိုက်ပြန်တော့လဲ စကြာဝ တေးမန္ဓါတ်-မင်း-ပုဏ္ဏား-ရသေ့-ရဟန်း-သူဌေး-သူကြွယ် သိကြား-နတ်-ဗြဟ္မာစသော ဘဝတွေမှာလဲ ဘာကိုတွေ့ ပြန်သလဲဆိုတော့ ဇရာမရဏ သဘောတွေဖြစ်တဲ့- အိုမှု နာမှု၊ သေမှုတွေကိုဘဲ တွေ့ရတယ်၊ ဒီတော့မှ အိုနာ သေမှု တွေဟာဘာကြောင့်ဖြစ်ရသလဲလို့ (အာသဝက္ခယ) ဉာဏ် တော်နဲ့ ပဋိစ္စသမုပ္ပါဒ်ကို ပဋိလောမအားဖြင့် ဆင်ခြင် တော်မူလိုက်တော့-အိုတယ်၊ နာတယ်၊ သေတယ်ဆိုတဲ့ ဇရာ မဏရသဘောတွေဟာအကြောင်းကိုရှာလိုက်တော့ ဇာတိ ရှိလို့ဖြစ်ရတာ၊ ဇာတိက ဘာကြောင့် ရှိရသလဲ၊ ကမ္မဘဝ မြောက်ခဲ့လို့၊ ဘဝက ဘာကြောင့် ကံမြောက်ရသလဲ၊ ဉပါ ဒါန်က စွဲလမ်းလို့ ဉပါဒါန်က ဘာကြောင့် စွဲလမ်းသလဲ- တဏှာကတပ်မက်မိလို့တဏှာကဘာကြောင့်တပ်မက်ရသလဲ ဝေဒနာကခံစားပြလို့၊ ဝေဒနာက ဘာကြောင့် ခံစားရ သလဲ၊ ဖဿကတွေ့ဆုံပေးလို့၊ ဖဿကဘာကြောင့်တွေ့ဆုံ ပေးနိုင်သလဲ၊ သဠာယတနဆိုတဲ့ မျက်စိစသော အကြည် ခြောက်ပါးရှိလို့ အာယတန ခြောက်ပါးက ဘာကြောင့် ရှိလာရသလဲ- နာမ်ရုပ်နှစ်ပါး ဖေါက်ပြန်လို့ - နာမ်ရုပ်က

ဘာကြောင့် ဖေါက်ပြန်ရသလဲ၊ မာယုပမဥ္စဝိညာဏံဆိုတဲ့ အတိုင်း ဝိညာဉ်က လှည့်ဖျားလို့၊ ဝိညာဉ်က ဘာကြောင့် လှည့်ဖျားရသလဲ၊ပုညာဘိ-အပုညာဘိ-အာနေဥ္စာဘိစသော သင်္ခါရ တရားတွေပြုခဲ့လို့၊ သင်္ခါရက ဘာကြောင့် ပြုလုပ်ရ သလဲ၊ ခန္ဓာအာယတနဓါတ်သစ္စာကိုပဋိစ္စသမုပ္ပါဒ်အားဖြင့် မသိတဲ့ အဝိဇ္ဇာအရင်းခံဖြစ်လို့ တဲ့။

ဒီတော့မှ လားလား အဝိဇ္ဇာဆိုတဲ့ မသိမှုဟာ အရင်းခံ ပါကလားလို့၊ တရားခံပေါ်တော့တာဘဲ၊ ဒီလိုတရားခံပေါ် လာတော့မှပစ္စုပ္ပန်ရှေ့တူရူမှာရှုဉာဏ်တော်နဲ့ ရှုလိုက်တော့ တဏှာနုသယ၊ဦးစီးနေတာကိုမြင်တော်မူတယ်၊တဏှာဦးစီး ပုံကအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဆိုတဲ့အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ ရင်ဆိုင်တွေ့တဲ့အခါမှာမိမိမျက်စိမှာ လိုအပ်တဲ့အဆင်းနဲ့ တွေ့ဆုံတဲ့အခါ ကြည့်ပြီးရင်းကြည့်ချင် ရင်းဘဲ၊မလိုအပ်တဲ့ အဆင်းနဲ့ တွေ့ဆုံတဲ့အခါကျမှမျက်နှာလွှဲ ပြစ်လိုက်တယ် လက်မခံဘူး၊ နားမှာဆိုရင်လဲ မိမိလိုအပ်တဲ့ အသံနဲ့ တွေ့တဲ့အခါ ကြားပြီးရင်း ကြားချင်ရင်းဘဲ၊ မလို အပ်တဲ့ အသံနဲ့ တွေ့ဆုံတဲ့အခါကျတော့ နားကိုမထောင် တော့ဘူး၊လက်မခံဘူး နှာခေါင်းမှာဆိုရင်လဲ မိမိလိုအပ်တဲ့ ရနံ့တွေနဲ့ တွေ့ဆုံတဲ့အခါရှူပြီးရင်း ရှူချင်ရင်းဘဲ၊ မလိုအပ် တဲ့ အနံ့ဆိုးတွေနဲ့ တွေ့ဆုံတဲ့ အခါကျတော့ နှာခေါင်းကို ပိတ်ထားပြီး လက်မခံဘူး၊ လျှာတို့ ကိုယ်တို့မှာလဲ ထိုနည်း အတိုင်းဘဲ။

ဒီလိုတဏှာက တကိုယ်လုံးမှာ ဦးစီးပြီးနေတာကို မြင်

တော့ တကျာကို ဘုရားက- ဟေ့ တကျာလက်သွား ရှေမ တိုးနဲ့ အတိတ်က အဝိဇ္ဇာကြောင့် ငါမသိလို့ သံသရာမှာ ဖန်ခါခါ ခန္ဓာအိမ်ကို မင်းဆောက်ခဲ့တာကို ခံခဲ့ရတယ်၊ ယခုတော့ ငါဟာ ဝိဇ္ဇာဉာဏ် ရပြီ ညက်ညက်ကျေ ပျက် ပြုန်းလို့ ချုပ်ဆုံးဘို့သာ ပြင်ပေတော့လို့ ကြိမ်းမောင်း တော်မူတယ်၊ (အနေကဇာတိသံသာရံ)ဆိုတဲ့ ဂါထာဟာ တကျာခေါ်ကို ဘုရား ကြိမ်းမောင်းတော်မူတဲ့ ဂါထာဘဲ၊ ဒီလိုကြိမ်းမောင်းတော်မူပြီး မြတ်စွာဘုရားက-ဥခွန်းသော ဥဒါန်းကိုကြူးရင့်တော်မူပြန်တယ်၊ဘယ်လိုကြူးရင့်ပြန်သလဲ ဆိုတော့ (၁)တိဏ္ဏောတာရေယျံ- (၂)မုတ္တောမောစေယျံ (၃)ဗုဒ္ဓေါဗောဓေယျံ-တဲ့။

၁။ တိဏ္ဏော တာရေယျံ=သတ္တဝါတွေ ငါကူးမြောက် သလို ကူးမြောက်စေမယ်။

၂။ မုတ္တော မောစေယျံ=သတ္တဝါတွေ ငါကျွတ် လွတ် သလို ကျွတ်လွတ်စေမယ်။

၃။ ဗုဒ္ဓေါ ဗောဓေယျံ=သတ္တဝါတွေ ငါသိသလို သိရ စေမယ်-တဲ့။

ဒီလိုကြူးရင့်ပြီးတဲ့နောက် ငါတော့ဖြင့် ဘုရားအဖြစ်ကို ရောက်ပြီ၊ ငါသိတဲ့ သစ္စာလေးပါး အမှန် တရားကြီးကို ဘယ်သူ့အား အရင်ဟောရပါမလဲလို့ ဆင်ခြင်တော်မူ လိုက်တော့- ဘိုးစဉ်ဘောင်ဆက်ကစပြီး ဘခမည်းတော် သုဒ္ဓေါဒနမင်းကြီးတိုင်အောင် ဆည်းကပ်ကိုးကွယ်လာတဲ့

ကာလဒေဝိဠ ရသေ့ကြီးကို အရင်ဆုံး တရားဦးဟောမယ် ဟဲ့လို့ တမ်းတတော်မူတော့ အနားမှာရှိတဲ့ သဟမ္ပတိဗြဟ္မာကြီးက ဒေဝိဠ ရသေ့ကြီးဟာ နတ်ရွာစံသွားတာ-၇-လရှိပါပြီလို့ လျှောက်တယ်၊ ဒါဖြင့် ငါ ဘုရားမဖြစ်မှီ-၆-နှစ်လုံးလုံးဥရုဝေဠ တောထဲမှာ တရားရှာနေတုံးက သမထ ၄၀-လောကီဈာန် အဘိဉာဉ်တရားတွေကို သင်ကြားပြသပေးခဲ့တဲ့ ငါ့ဆရာအာဠာရ-ရသေ့ကြီးကို ဟောမယ်လို့ ဆိုတော့လဲ အာဠာရ ရသေ့ကြီးဟာလဲ နတ်ရွာစံသွားတာ ၆-ရက် ရှိပါပြီလို့ လျှောက်ထားတော့—ဟဲ့ဒါဖြင့် ဥဒက ရသေ့ကြီးကောလို့ ဆိုတော့၊ ဥဒက ရသေ့ကြီးကတော့ ယမန်နေ့ညကဘဲ နတ်ရွာစံသွားပါတယ်လို့ လျှောက်ပြန်တယ်၊ ဒီတော့မှ မြတ်စွာဘုရားက (ဒိဗ္ဗစက္ခု)ဉာဏ်တော်နဲ့ ကြည့်လိုက်တော့-ဟို...... အသညသတ်ဘုံမှာ ရွှေတုံးရွှေခဲအတိ ဖြစ်ပြီး ရုပ်ရှိလို့ နမ်မရှိဖြစ်ရတဲ့ဘဝ ရုပ်ပြစ်ရှစ်ပါးထဲရောက်နေကြရတာကို မြင်တော်မူတယ်၊ ဒါကြောင့် ဒိဗ္ဗစက္ခုဉာဏ်တော်က ဒုက္ခကိုမြင်တဲ့ဉာဏ် အာသဝက္ခယဉာဏ်တော်က အနတ္တကို မြင်တဲ့ဉာဏ် ပုဗ္ဗေနိဝါသ ဉာဏ်တော်က အနိစ္စကို မြင်တဲ့ဉာဏ် ဒီလို မြင်တော့ ဘုရားကိုယ်တော်မြတ် ညည်းညူတော်မူတယ်၊ ဘယ်လို ညည်းညူသလဲဆိုတော့ မဟာဇာနီယ သုတ်မှာ=

"မဟာဇာနီယောဝတ ဘောဒေဝိဠော-မဟာ
ဇာနီယောဝတဘောအာဠာရော မဟာဇနီယော
ဝတဘော ဥဒကော"

ဘော၊ လူ, နတ်, ဗြဟ္မာ သတ္တဝါခပင်း အိုအချင်းတို့။ မဟာဇာနိယော၊ ဤကမ္ဘာ့ထိပ်သီးဈာန်ယာဉ်စီး၍နေကြကုန်သော။ အာဠာရော၊ အာဠာရ-ရသေ့ကြီးသည်ရင်း။ ဥဒကော၊ ဥဒက ရသေ့ကြီးသည်ရင်း။ မဟာဇာနိယော၊ မြေလျှိုးမိုးဆီးပြန် တန်ခိုးဈာန်နှင့် ဖြိုးလျှံစွာနေသော။ဒေဝိဠော၊ ဒေဝိဠရသေ့ကြီးသည်ရင်း။ မဟာဇာနိယောဝတ ဩ=အပါယ်လည်းမကင်း ဆင်းရဲလည်းမပြတ် အတ္တကို မသတ်မိခဲ့လို့ (ဝါ) အနတ္တ မမြင်လို့ အရှုံးကြီးရှုံး လူကျောက်တုံးမို့ စုန်းစုန်းမြုတ်ခါ ရပ်ပြစ်ရွာ၌ ခန္ဓာညွန့်ထဲ ကျွံကာဆွဲလို့ ဝဲလယ်၍သာ တချာချာနဲ့ ခမျာများ နစ်၍ နေရရှာလေတော့သတည်း။

ဒါဘာကြောင့်လဲ ဆိုတော့ ဝိပဿနာ မဂ်တရားကြီးနဲ့ မတွေ့လိုက်ရလို့ မတွေ့လိုက်ရတော့ အနတ္တ ဉာဏ်မထင် အနတ္တဉာဏ် မထင်တော့ အတ္တဒိဋ္ဌိကမပြုတ် အတ္တဒိဋ္ဌိမပြုတ်တော့ သံသရာလယ် သံသရာလယ်တော့ အပယ်လေးပါး ရပ်ပြစ်ရှစ်ပါးနဲ့ မကင်းဘူးပေါ့၊ ဘုရားမပွင့်မှီ သာသနာပအခါမှာ ဒီလိုအတ္တစွဲကြီးတွေနဲ့ သမထ-၄၀· လောကီဈာန်တရားတွေကို အမှန်အမြတ်ဆုံးထားပြီး အားထုတ်နေကြရလို့ နိဗ္ဗာန် မဂ် ဖိုလ် မရနိုင်ကြဘာဘဲ၊ ဒါကြောင့် ဘုရားက "အန္ဓီဘူတော အယံလောကော" အယံ=လောကော၊ လူတွေကအရပ်ရပ် နတ်တွေကအဖုံဖုံ ဗြဟ္မာတွေက အလုံးစုံ သုံးဘုံနေရှာ သတ္တဝါမှန်သမျှ အနန္တဆိုတဲ့ ဤလောကသည်။ အယံလောကော။ ဝိဇ္ဇာရတဲ့ ဤလောက

ချမ်းရတဲ့ဤလောက သမာပတ်ရတဲ့ဤလောကအဘိညာဉ် ရတဲ့ဤလောကသည်။ အန္တိဘူတော၊ ခန္ဓာအာယတနဓါတ် သစ္စာပဋိစ္စသမုပ္ပါဒ်ကိုမသိမမြင်သော မောဟအဝိဇ္ဇာလွှမ်း ပိတ်ခါဖြုန်းသဖြင့် ပြောဲ........မိစ္ဆာ အကန်းချည်း ဖြစ်ကြ လေကုန်တော့သတည်း—တဲ့-အဲဒီလိုလောကကို အပြစ်တင် တော်မူတယ်။

ခန္ဓာရဲ့ အနတ္တတရားဆိုတာ သမ္မာသမ္ဗုဒ္ဓ ဘုရားများ ပွင့်တဲ့ အခါကျမှသာ သတ္တဝါတွေ တွေ့နိုင်တယ်၊ ဘုရားမ ပွင့်တဲ့သာသနာပမှာ ဘယ်ခါမှမတွေ့ကောင်းဘူးလို့ဟော ထားတဲ့ ပါဠိတော်က=

“အနတ္တလက္ခဏံ ဝိနာဗုဒ္ဓုပ္ပါဒါနပညာယတိ”

ဗုဒ္ဓုပ္ပါဒါ၊ မြတ်စွာဘုရားရဲ့သာသနာတော်ကို၊ ဝိနာ ကြဉ်၍။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာကို၊ နပညာယတိ မမြင်ကောင်း-တဲ့-ခုခေတ်ခုခါမှာ အနတ္တတရားကြီး ထင် ရှားပွင့်လင်းနေတဲ့၊ ခေတ်အခါသမယကြီးဖြစ်ပါတယ်-

ခေတ်ဆိုတာ (၁) ဝိမုတ္တိယုဂခေတ် (၂) သမာဓိယုဂ ခေတ်(၃)သီလယုဂခေတ်(၄)သုတယုဂခေတ်(၅)ဒါနယု ဂခေတ်ဒယ်လို့ ခေတ်ကြီး-၅-မျိုးရှိတယ်၊ ဒီခေတ် ၄ါး ၁ျိုး ကိုခွဲကြည့်လိုက်မယ်ဆိုရင်=

သာသနာ- ၅၀၀၀-မှာ ပဌမဘုရား ထားတော်မူတဲ့ အနှစ်-၂၅၀၀-ကကုန်သွားပြီး နောက်ထပ်ပြီး သိကြားက အရှင်ဘုရားသက်တော်ထင်ရှားမရှိတဲ့အခါ ကျွတ်တမ်းဝင် တို့သတ္တဝါတွေဟာ -၂၄- သင်္ချေကုဋေ -၆၀- ဗိုလ်ခြေတ

သိန်းအနက် -၁၀- သချေါ်ကျော်ခကျော် အများကြီးကျန်၍ နေပါသေးတယ်၊ ဒါကြောင့် ကျွတ်ထိုက်တဲ့ သတ္တဝါတွေ ကျန်မနေရအောင် နောက်ထပ် ၂၅၀၀ တိုး၍ သနား တော်မူပါဘုရားလို့ သိကြား တောင်းပန်လို့ ထားခဲ့တဲ့ ၂၅၀၀-ဟာ မြန်မာပြည်ဆဋ္ဌသင်္ဂါယနာ စတင်တဲ့ နှစ်က နေပြီး ကျန်တဲ့-၂၅၀၀ကို-၅၀၀စီ- ငါးပုံ ပုံလိုက်တော့ ပဌမ-၅၀၀ က၊ မြတ်စွာဘုရားဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူတဲ့အခါမျိုး (ဝိမုတ္တိယုဂခေတ်) လို့ခေါ် တယ်၊ ဒုတိယ ၅၀၀ က၊ သမထ ၄၀ အဒုဖြင့် ခလောကီ ဈာန် အဘိညာဉ်တွေထွန်းကားတဲ့အခါမျိုး (သမာဓိယုဂ ခေတ်)လို့ခေါ်တယ်၊ တိတယ ၅၀၀ က၊ ငါးပါး ရှစ်ပါး ဆယ်ပါးစသော သီလကိုသာ အဓိကထားပြီး စောင့်ထိမ်း တဲ့ အခါမျိုး (သီလယုဂခေတ်) လို့ခေါ်တယ်၊ စတုတ္ထ ၅၀၀ က၊ စာပေဗဟုသုတကိုသာ အဓိကထားပြီး လိုက် စားဆည်းပူးတဲ့အခါမျိုး (သုတယုဂခေတ်)လို့ ခေါ်တယ်၊ ဥပမာ–ရှင်ဥတ္တမကျော် ခုံတော်မောင်ကျဘမ်းတို့လိုခေတ် မျိုးပေါ့၊ ပဥ္စမ ၅၀၀ ကတော့ ပါရမီစာဂ ဒါနကိုသာ အားကိုးအားထားပြုပြီးပေးကမ်းစွန့်ကြဲတဲ့အခါမျိုး (ဒါန ယုဂခေတ်)လို့ခေါ်တယ်။ ဒီတော့ ယခုအချိန်ယခုအခါက ပဌမ ငါးရာဖြစ်တဲ့ဝိမုတ္တိယုဂခေတ်ဖြစ်ပါတယ်၊ ဝိမုတ္တိယုဂ ခေတ်ဆိုတာ ဝိပဿနာမဂ်တရားကြီး ထွန်းကားတဲ့ခေတ် ကြီးစားအားထုတ်နိုင်ရင် တဘဝထဲနဲ့ လဲ မဂ်လေးပါးဖိုလ် လေးပါးကိုရနိုင်ပါတယ်၊ ဒီလိုကောင်းခြင်းငါးဝ ဒုလ္လဘနဲ့

ပြည့်စုံတဲ့ ခေတ်သမယကြီးထဲမှာမှ မဂ်ဖိုလ် တရားထူးကိုမရ လိုက်နိုင်ရင် ဘုရားဟောတဲ့ 'အန္ဓဘူတောအယံလောကော' ဆိုတဲ့အကန်းတွေ ဖြစ်မနေပေဘူးလား၊ ကောင်းခြင်းငါးဝ ဒုလ္လဘဆိုတာတခြားမဟုတ်ဘူး (၁)အခါ၏ကောင်းခြင်း (၂) ကမ္ဘာ၏ကောင်းခြင်း၊ (၃) သာသနာ၏ ကောင်း ခြင်း၊ (၄)ဘာသာ၏ကောင်းခြင်း၊ (၅) ဘဝ၏ကောင်း ခြင်း။

၁။ (အခါ၏ကောင်းခြင်း)ဆိုတာ ယခုလိုဝိမုတ္တိယုဂ ခေတ်အခါကြီးနဲ့ ကြုံကြိုက်နေတာကိုဆိုတယ်။

၂။ (ကမ္ဘာ၏ကောင်းခြင်း)ဆိုတာက ကမ္ဘာတိုင်းကမ္ဘာ တိုင်းမှာ ဘုရားဟာ ၃ ဆူလောက်သာအများဆုံး ပွင့်တယ်၊ ဒီဘဒ္ဒကမ္ဘာမှာတော့ ၅ ဆူပွင့်တယ် နောက်ဘဆူတောင်ကျန်သေးတယ် ဒါကိုဆိုတယ်။

၃။ (သာသနာ၏ကောင်းခြင်း) ဆိုတာက ပွင့်ခဲ့တဲ့ ဘုရားရှင်တွေမှာ သက်တော်သိန်းတမ်း သောင်း တမ်းမှာ ပွင့်ရလို့ဘုရားပရိနိဗ္ဗာန် ပြုပြီးတဲ့ နောက် ပိုင်းမှာ သာသနာ အနှစ်များများ မထားခဲ့ဘူး တချို့ဘုရားတွေမှာဆိုရင် ဘုရားလဲပရိနိဗ္ဗာန်ပြုပြီး ရော သာသနာလဲကုန်တာဘဲ ဒီဂေါတမဘုရားရှင် လက်ထက်မှာတော့ သာသနာအနှစ် ၅၀၀၀တိတိ ထားခဲ့တယ် ဒီလိုထားခဲ့လို့လဲ ယခုလူတွေဟာ မဂ် တရား ဖိုလ်တရားကြီးနဲ့ ရင်ဆိုင် တွေ့ကြုံ နေကြရ

ပြည့်စုံတဲ့ ခေတ်သမယကြီးထဲမှာမှ မဂ်ဖိုလ် တရားထူးကိုမရလိုက်နိုင်ရင် ဘုရားဟောတဲ့ 'အနိဗ္ဗာနတောအယံလောကော' ဆိုတဲ့အကန်းတွေ ဖြစ်မနေပေဘူးလား၊ ကောင်းခြင်းငါးဝဒုလ္လဘဆိုတာတခြားမဟုတ်ဘူး (၁)အခါ၏ကောင်းခြင်း (၂) ကမ္ဘာ၏ကောင်းခြင်း၊ (၃) သာသနာ၏ ကောင်းခြင်း၊ (၄)ဘာသာ၏ကောင်းခြင်း၊ (၅) ဘဝ၏ကောင်းခြင်း။

၁။ (အခါ၏ကောင်းခြင်း)ဆိုတာ ယခုလိုဝိမုတ္တိယုဂခေတ်အခါကြီးနဲ့ ကြုံကြိုက်နေတာကိုဆိုတယ်။

၂။ (ကမ္ဘာ၏ကောင်းခြင်း)ဆိုတာက ကမ္ဘာတိုင်းကမ္ဘာတိုင်းမှာ ဘုရားဟာ ၃ ဆူလောက်သာအများဆုံးပွင့်တယ်၊ ဒီဘဒ္ဒကမ္ဘာမှာတော့ ၅ ဆူပွင့်တယ် နောက်ဘဆူတောင်ကျန်သေးတယ် ဒါကိုဆိုတယ်။

၃။ (သာသနာ၏ကောင်းခြင်း) ဆိုတာက ပွင့်ခဲ့တဲ့ဘုရားရှင်တွေမှာ သက်တော်သိန်းတမ်း သောင်းတမ်းမှာ ပွင့်ရလို့ဘုရားပရိနိဗ္ဗာန် ပြုပြီးတဲ့ နောက်ပိုင်းမှာ သာသနာ အနှစ်များများ မထားခဲ့ဘူး တချို့ဘုရားတွေမှာဆိုရင် ဘုရားလဲပရိနိဗ္ဗာန်ပြုပြီးရော သာသနာလဲကုန်တာဘဲ ဒီဂေါတမဘုရားရှင်လက်ထက်မှာတော့ သာသနာအနှစ် ၅၀၀၀တိတိထားခဲ့တယ် ဒီလိုထားခဲ့လို့လဲ ယခုလူတွေဟာ မဂ်တရား ဖိုလ်တရားကြီးနဲ့ ရင်ဆိုင် တွေ့ကြုံ နေကြရ

မဟုတ်ပါဘူး၊ ဂင်္ဂါဝါဠူ သဲစုမက ပွင့်တော်မူကုန်ကြတဲ့-ဘုရားတိုင်း ဘုရားတိုင်းဟာ ဘုရားတဆူတဆူမှာ ချွတ်ရမဲ့ ပရိသတ်က ၂၄-သင်္ချေ ကုဋေ-၆၀ ဗိုလ်ခြေတသိန်းစီ ရှိကြတယ်၊ ရှေးကပွင့်သွားတဲ့ ဘုရားတွေဟာ လူတို့ရဲ့သက်တမ်း သိန်းတမ်းသောင်းတမ်းမှာပွင့်ကြရလို့ သက်တော်ရှည်ရှည် နေရတော့ မိမိတို့ချွတ်ရမဲ့ပရိသတ်ကို ဧဆေးဆေး နိုင်နိုင် နင်းနင်းနဲ့ ချွတ်သွားနိုင်တယ်၊ ကျန်ခဲ့လို့ရှိရင်လဲ အနည်းငယ်လောက်သာ ကျန်တယ်၊ ယခု ပွင့်သွားတဲ့ ဂေါတမ ဘုရားမှာတော့ လူတို့ရဲ့ သက်တမ်း ရာတမ်းမှာ ပွင့်ရလို့ ဘုရား အဖြစ်နဲ့ ဝါတော်- ၄၅-ဝါထဲနဲ့ မိမိ ပရိသတ်ကို တပါတည်းကုန်စင်အောင် မချွတ်နိုင်ရှာဘူး၊ နေ့မအား ည မအား ချွတ်တာတောင် ထက်ဝက်လောက် ကျန်နေခဲ့တယ်၊ ယခုလို သက်တမ်းတိုတိုမှာပွင့်တော်မူရတာ ဘာကြောင့်လဲ ဆိုတော့ ရှေးက ဘုရားခတွေက ပါရမီဖြည့်ကျင့်ရာမှာ သင်္ချေ ၂၀-အနက် စိတ်ဖြင့်၄သင်္ချေလောက် နှုတ်ဖြင့် ·၇-သင်္ချေ လောက် ပါရမီဆယ်ပါး အပြားသုံးဆယ်ကို ကိုယ်တိုင်ဖြင့် ၉-သင်္ချေလောက်ဖြည့်ကျင့်ခဲ့ကြလို့ သက်တမ်းရှည်ရှည်မှာ ပွင့်တော်မူကြရပါတယ်၊ ဂေါတမမြတ်စွာဘုရားမှာတော့ စိတ်ဖြင့် - ၉-သင်္ချေလောက် နှုတ်ဖြင့် ၇-သင်္ချေလောက် ပါရမီဆယ်ပါး အပြား သုံးဆယ်ကို ၄-သင်္ချေ နှင့် ကမ္ဘာ တသိန်းသာ ကိုယ်တော်တိုင် ဖြည့်ကျင့်ခဲ့ရလို့ သက်တမ်း တိုတိုမှာ ပွင့်တော်မူရတယ်၊ နောင်ပွင့်မဲ့ အရိမေတ္တေယျ မြတ်စွာဘုရားဟာ သိန်းတမ်းမှာ ပွင့်တော်မူမယ်၊ ယခုလို

သက်တမ်းတိုတိုမှာ ပွင့်တော်မူရလို့ ပရိနိဗ္ဗာန် စံခါနီးမှာ ကြောင့်ကြတော်မူပြီး ရဟန်းတွေကို ချစ်သားတို့ ကျောက်စည်ခေါက်လိုက်လို့ အမိန့်ရှိတော်မူတယ်၊ ကျောက်စည်ဆိုတာ (ယခုခေတ်မှာတော့ ကြေးစည်ကိုသုံးကြတယ်၊ ရှေးတုံးကတော့ တောင်ခေါင်းထဲမှာသဘာဝ အားဖြင့် အလိုလိုဖြစ်ပေါ်နေပြီး တွဲရရွဲကျနေတဲ့ ကျောက်ချောင်းကြီးတွေကို ယခုခေတ် ကုလားတက်တုံးများ လိုခေါက်တာဘဲ) အဲဒီလို ကျောက်စည် ခေါက်လိုက်လို့ ရဟန်းတွေ ရောက်လာကြတဲ့အခါကျတော့မှ ပရိနိဗ္ဗာနသုတ်ထဲက အပ္ပမာဒတရားကို ဟောတော်မူခဲ့တယ်၊ ဘယ် လိုဟောခဲ့ပါသလဲ ဆိုတော့-

"ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ
ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေနသမ္ပာဒေထ"

ဘိက္ခဝေ၊ ရဟန်းတို့။ ဟန္ဒဒါနိ၊ ငါဘုရား ပရိနိဗ္ဗာန်စံခါနီးအခါ၌။ ဝေါ၊ သင်ချစ်သားတို့အား။ အာမန္တယာမိ၊ နောက်ဆုံးစကား ဟောကြားခဲ့ပေအံ့။ သင်္ခါရာ၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့၏ ပြုပြင်စီမံရာဖြစ်သော ရုပ်နာမ် ခန္ဓာ သင်္ခါရသဘောတရားတို့သည်။ ခယဓမ္မာ၊ ကုန်ဆုံးခြင်းသဘော ရှိကုန်၏။ ဝယဓမ္မာ၊ ပျက်စီးခြင်းသဘော ရှိကုန်၏။ တေဓမ္မာ၊ ထိုတရားတို့ကို။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့ မဆဘဲ မြဲသောသတိဖြင့်။ သမ္ပာဒေထ၊ ကောင်းစွာ နှလုံးသွင်းရစ်ကြကုန်လော့—တဲ့။

ဒီအပ္ပမာဒသုတ်ဟာ ဘုရားရှင်ရဲ့ သေတမ်းစာကြီးဖြစ်

ပါတယ်၊ ယခုလို ဘုရားကိုယ်တော်တိုင်က စိုးရိမ်တကြီးနဲ့ အတန်တန် မှာကြားသွားတဲ့ မဂ်တရားကြီးကို အားမထုတ်ဘဲ မေ့မေ့လျော့လျော့နေခဲ့သော်(ဘုရားလူ)ဖြစ်နိုင်ပါအုံးမလား=(အလကားလူ) ဖြစ်မနေဘူးလား၊ ဒါကြောင့်=ဒီ ဝိပဿနာမဂ်တရားကြီးကို အားမထုတ်ဘဲမနေကောင်းဘူးလို့မိမိစိတ်ထဲမှာ စွဲမြဲထားရမယ်။

အချို့ပုဂ္ဂိုလ်တွေကတော့ ဒီဘဝမှာ ဒါန,သီလစသော ပုညာဘိသင်္ခါရ ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေနဲ့ ပါရမီဖြည့်ပြီး နတ်ပြည်ရောက်တော့မှဘဲ တရားအားထုတ်တော့မယ်လို့ ပြောတာကြားဘူးတယ်၊ ဒီစကားဟာတော်တော်ဘဲ စဉ်းစားစရာကောင်းတယ်၊ နတ်ပြည်ဆိုတာ ကာမဂုဏ်အာရုံတွေ'အလွန်ပြင်းထန်တဲ့ဘုံဖြစ်တယ်၊ အဆင်းမှာဆိုရင် ဒေဝစ္ဆရာ နတ်သူဇာ တို့ဟာ အလွန် လှပပြေပြစ်တယ်၊ အသံမှာဆိုရင်လဲ နတ်စောင်း နတ်ညှင်း နတ်တို့၏ ဒူရိယာဟာ အလွန်ဘဲ သာယာနာပျော်ဘွယ် ကောင်းတယ်၊ အနံ့မှာဆိုရင်လဲ အာသာဝတီ နွယ်နီနတ်ပန်း တို့ရဲ့ ရနံ့တွေဟာ လူ့ပြည်က အော်ဒီကလုံးဆိုတဲ့ ရေမွှေးတို့နဲ့ ဘာမျှမဆိုင်ဘူး၊ အရသာဆိုရင်လဲ နတ်သုဓာနတ်သုဒ္ဒါဆိုတာ ဘယ်အရသာနဲ့မှ နှိုင်းယှဉ်လို့ မရဘူး၊ အခုတွေ့မှာလဲ ဣသိ သိင်ရသေ့ဟာ အလမ္ဗုသနတ်သမီးနဲ့တွေ့တော့ နတ်သမီးရင်ငွေ့နဲ့ ပွေ့ထားတာ သုံးနှစ် မေ့မျောနေတယ်တဲ့၊ ဒီတော့ ဘာမဟုတ်တဲ့ ယခုလက်ရှိလူ့ ကာမဂုဏ်ကိုတောင်မှ မစွန့်လွှတ်နိုင်ဘဲ တရားကို လက်လွှတ်နေတဲ့ ပုထုဇဉ် တွေဟာ နတ်ပြည်က

အလွန်ပြင်းထန်လှတဲ့ နတ်၏ ကာမဂုဏ်ကို ဘယ်လို တော်လှန်နိုင်ပါ့မလဲ၊ စဉ်းစားသာကြည့်ကြပေတော့-ဒီလို စနေ အင်္ဂါ ရွေးနေမယ်ဆိုရင် နှောင်တချိန်မှာ အပါယ်ဘေးနဲ့ မဝေးတော့ဘူးသာမှတ်၊ ဒါကြောင့်-

ဘေးကို မမြင် ခေတ်လျှင်ချထား စောင့်စား ပါရမီ ဒိဋ္ဌိမည်နှင့် တလီမိပတိတ် ဤငါးစိတ် တိရိတ်ဘုံစဉ် စံဘို့တည်း-လို့ စာကဆိုထားတယ်၊

၁။ ဘေးကိုမမြင် ဆိုတာ အပါယ် ဆင်းရဲ ဝဋ် ဆင်းရဲ ဘေးအခပေါင်းကို မမြင်တာကိုဆိုတယ်။

၂။ ခေတ်လျှင်ချထားဆိုတာ ဇာတိခေတ်အာနာခေတ် ဝိသယခေတ်နဲ့ ခေတ်ရွေးနေတာကို ဆိုတယ်။

၃။ စောင့်စားပါရမီ ဆိုတာက ပါရမီဆယ်ပါး မပြည့်သေးလို့ ဆိုပြီး ပါရမီကို စောင့်ဆိုင်း နေတာကို ဆိုတယ်။

၄။ ဒိဋ္ဌိမည်နှင့် ဆိုတာက တိဟိတ်မှ တရားတွေ့နိုင်တယ်လို့ တိဟိတ် ဒွိဟိတ် ခွဲနေတာကို ဆိုတယ်။

၅။ တလီမိပတိတ် ဆိုတာက ဒီတရားဟာ ဝိသာခါ၊ အနာထပိဏ် တို့လို အဓိပတိ ပုဂ္ဂိုလ်တွေသာ တွေ့နိုင်တယ်-လို့ အဆင့်အတန်းရွေးနေတာကို ဆိုတယ်။

အဲဒီစိတ်ရှိတဲ့ ငါးဦးဟာ တနေ့တိရစ္ဆာန်ဘုံမှာ စံရမယ်တဲ့၊ ဒီဝိပဿနာ မဂ်တရားကြီးကို ယခုဘဝမှာ အားမထုတ်မိဘဲ လက်လွှတ် သွားပြီး မတော်လို့များ ရပ်ပြစ် ရှစ်ပါး

ကျရောက်သွားမှုဖြင့် မဂ်ဖိုလ်နိဗ္ဗာန်နဲ့ ဝေးသည်ထက် ဝေးပါရော ရပ်ပြစ်ရှစ်ပါးဆိုတာက-

၁။ ငရဲ—ကြီးလေးတဲ့ အပြစ်မှ ခံစားရတဲ့ ဘုံ။

၂။ တိရစ္ဆာန်—အဟိတ်သတ္တဝါတွေရဲ့ ဘုံ။

၃။ ပြိတ္တာ=ပေတာ ဝိသယ=ဝေမာနိကဘုံ။

၄။ ဝိကလိန္ဒြိယ-အမိဝမ်းတွင်းထဲက ပါတဲ့ ဆွံ့၊အ၊ကျိုး ကန်း၊နားထိုင်း ဖြစ်ရတဲ့ ဘဝ။

၅။ ပစ္စန္တရော-ရတနာ သုံးပါးနဲ့ ကင်းဝေးတဲ့ ဘဝ။

၆။ အသညဇော-ရုပ်သာရှိလို့ နာမ်မရှိတဲ့အသညသတ် ဘုံ။

၇။ ဗုဒ္ဓသုညောတိပဟတုကော – ဘုရားမပွင့်တဲ့ ကမ္ဘာ (ဝါ) သာသနာပမှာ တိဟိတ် ပဋိသန္ဓေနေရခြင်း။

၈။ မိစ္ဆာဒိဋ္ဌိ-မှားသောအယူကို ယူတဲ့ဘဝ။

အဲဒီလို ကြောက်ဘို့ အလွန်ကောင်းတဲ့ ရပ်ပြစ်ရှစ်ပါးနဲ့ ကင်းဝေးပြီး အသခ်တခေါ်တ် နိဗ္ဗာန်မြတ်ကိုသတ္တဝါတွေ ရောက်စေချင်လွန်းလို့ မြတ်ဘုရားက သံယုတ်ပါဠိတော်မှာ ဘယ်လို တိုက်တွန်း နှိုး ဆော် ပြီး ဆုံးမတော်မူခဲ့ သလဲ ဆိုတော့—

"သတ္တိယာ ဝိယဩမဌော ဍယှမာနောဝ မတ္ထကေ
သက္ကာယဒိဋ္ဌိပဟာနာယ သတော ဘိက္ခု ပရိဗ္ဗဇေ"

သတ္တိယာ၊ အသွားနှစ်ဘက်မြမြထက်သောလှံကြီးသည်။ ဩမဌောဝိယ၊ ရေမျိုရင်ဝ၌ စူးယှ၍ နေသော ယောက်ျား ကဲ့သို့ရင်း။ မတ္ထကေ၊ ဦးခေါင်းတခုးလုံး၌။ ဍယှမာနောဝ၊

မီးတောက်လောင်၍ နေသော ယောကျာ်း ကဲ့သို့ ၎င်း သက္ကာယဒိဋ္ဌိပဟာနာယ၊ သက္ကာယ ဒိဋ္ဌိကို ပါယ်ဖျက်ခြင်း ၄ါ၊ ဘိက္ခု၊ သံသရာရေးအပါယ်ဘေးကို မျှော်တွေးမြင်သူ ရှင်လူအပေါင်းတို့သည်၊ သတော၊ မမေ့မလျော့မခပါ့မဆ ဘဲ မြဲသောသတိရှိသည်ဖြစ်၍၊ပရိဗ္ဗဇေ၊ ဝိပဿနာအလုပ်ကို မြန်စွာ ကြိုးကုပ် နောက် မဆုတ်ဘဲ အမြဲ အားထုတ် ရာ သတည်း။

ရင်ဝလုံစူး ထိပ်ဦးမီးလောင်တဲ့သူလို ဖြစ်လွယ် ပျက်လွယ်တဲ့ သင်္ခါရဝိကာရ နယ်ကြီးထဲမှာ လူဖြစ် ကြရလို့ လောလောဆယ်အရင်စလိုနဲ့၊အားထုတ်ကြရမယ်တဲ့-

လောကမှာသတ္တဝါတွေဟာ (၁) ကာမဂုဏ်တွေပြည့် နက်နေတဲ့ ကာမောဃ (၂)ဘဝတွေ အသချေမဆုံးနိုင် အောင်ပြည့်နက်နေတဲ့ဘဝေါဃ ၃ အယူမှားတွေပြည့်နက် နေတဲ့ ဒိဋ္ဌောဃ(၄)ခန္ဓာငါးပါးသစ္စာတရားကိုမသိမမြင်မှု တွေပြည့်နက်တဲ့ အဝိဇ္ဇောဃတည်းဟူသောသြဃလေးဖြာ ထဲမှာမနေမနား လက်ပစ်ကူးနေရာက ငရဲတိရစ္ဆာန်ပြိတ္တာ အသူရကယ်ဆိုတဲ့ အောက်သံသရာကိုမနစ်မြုတ်လေအောင် ဒါန-သီလဆိုတဲ့ ပုညကုသိုလ်တည်းဟူသော ၄က်ပျောလက် ပန်တုံးကို အမှီသဟဲပြုပြီး တွယ်ကပ်နေကြရတယ် ထို၄က် ပျောလက်ပန်တုံးဟာ မခဆွေးမြေ့ခင်အခိုက်အတန့်မှာသာ တည်ရာမှီရာအဖြစ်နဲ့ နေနိုင်တယ် နောင်တနေ့ ဆွေးမြေ့ ပျက်စီးသွားခဲ့သော် တည်ရာမှီရာ တွယ်စရာရယ်လို့ မရှိဘဲ အောက်သံသရာတည်းဟူသော အပါယ်လေးပါးကိုရောက်

ရမှာမလွဲပင် ဒါကြောင့် ယခုမျက်မှောက်ဖြစ်တဲ့ ဘုရား တည်းဟူသော လှေသူကြီးကပဲ့ကိုင်ပေးတဲ့ ဝိပဿနာမဂ္ဂင် လှေဘောင်ကြီးနဲ့ တွေ့ဆုံတဲ့အခါ ဟိုမှာ ဘက်ကမ်းဆိုတဲ့ နိဗ္ဗာန်ကိုရောက်အောင် မဂ္ဂင်လှေဖေါင်ကိုလှမ်းတက်မလား သို့မဟုတ်ငှက်ပြောလက်ပန်တုံးနဲ့ဘဲနေမလား ချိန်ဆရမယ် ဒါနသီလစသော ကုသိုလ်ကောင်းမှုတွေကြောင့် ယခုဘဝ မှာလူရယ်လို့ သုဂတိဘုံမှာရောက်လာရတယ်။ ဒါနသီလ တို့သည်ကျေးဇူးရှင်မှန်ပါ၏ ဒါပေမဲ့ ဒါနသီလထက် မွန် မြတ်တဲ့ မဂ်တရားကြီးနဲ့ ရင်ဆိုင်တွေ့ရတဲ့အခါ ဘုရားပြီး တော့ငြိမ်းဖျက်ပြစ်ရသလို နိဗ္ဗာန်တည်းဟူသောဟိုမှာဘက် ကမ်းကိုရောက်ဘို့ရာ အားသစ်လောင်းပြီး ကြိုးစားရမယ်၊ ဘုရားလက်ထက်မှာ ပါယာသိရာဇညမင်းက ဘုရားကို ဘယ်လိုလျှောက်သလဲဆိုတော့-အရှင်ဘုရား ဟောတော်မူ သောတရားသည် အလွန်တရာမှ ကောင်းမွန်လှပါ၏ သို့ သော်နှစ်ရှည်လများက ယူလာခဲ့သော အယူဝါဒကို ယခုမှ စွန့်လွှတ် ပြောင်းလဲ ခဲ့ပါက ကဲ့ရဲ့နစ်နာဘွယ် ဖြစ်သော ကြောင့် လက်မခံနိုင်ပါဘူး ဘုရား လို့လျှောက်သောအ ခါ။ မြတ်စွာဘုရားကဘယ်လိုဟောပြီး ဥပမာပေးသလဲဆို တော့။

အခါတပါး၌ သူငယ်ချင်းနှစ်ယောက်တို့သည် အလွန် ဝေးကွာသောခရီးမှ ရှော်ထုံးကို ကိုယ်စီထမ်းလာရာ ရွာ တရွာသို့ ရောက်လေသော် ငွေခွက်များကို တွေ့လေ၏ ထိုအခါတရောက်သောသူကား ရှော်ထုံးကိုစွန့်ပြစ်၍ ငွေ

ခွက်များကို ကောက်ယူထမ်းလေ၏။ တယောက်သော သူကား အလွန်ဝေးလံလှသောခရီးမှ ပင်ပမ်းစွာထမ်းပိုးလာခဲ့ရသော ရွှေဘ်ထုံးကိုမစွန့်ရက်သောကြောင့် ငွေခွက်ကိုမယူဘဲ ရွှေဘ်ထုံးကိုသာ ထမ်းမြဲထမ်းလာလေ၏ ဒုတိယရွာရောက်ပြန်သော် ရွှေခွက်များကို တွေ့ပြန်လေ၏ ထိုအခါပဌမငွေခွက်ထမ်းလာသော သူသည် ငွေခွက်တို့ကို စွန့်၍ရွှေခွက်များကိုကောက်ယူထမ်းပြန်လေ၏ ရွှေဘ်ထုံးကိုထမ်းလာသော သူကား ခရီး ဝေးသည် ထက် ဝေးလာ သည်ကြောင့် မိမိ၏ပင်ပမ်းမှုကိုတန်ဘိုးထားပြီးရွှေဘ်ထုံးကိုမစွန့်ရက်ဘဲထမ်းမြဲထမ်း၍ ပင်ပမ်းဆင်းရဲစွာ အိမ်သို့ရောက်ရလေ၏ တရောက်သော သူမှာကား ရွှေခွက်အများကို ရ၍ချမ်းချမ်းသာသာနေရလေ၏- တဲ့—ဒါကြောင့် ဒါနတည်းဟူသောရွှေဘ်ထုံးကိုသာ ထမ်းမြဲထမ်းမနေဘဲ ဝိပဿနာတည်းဟူသော ရွှေခွက် ငွေခွက်နှင့်တူသော မဂ်ဖိုလ်ကိုရအောင်ကြိုးစားရမယ် ဒီနေရာမှာ ဒါနသီလစသောကုသိုလ်တရားတွေကိုမပြုရလို့ လုံးလုံး ဆိုလိုတာမဟုပ်ပါဘူး အလှူကိုမပြောင်းဘဲအယူကို ပြောင်းဘို့သာ ဆိုပါတယ်- (အယူပြောင်း)ဆိုတာ ဝိပဿနာအားမထုတ်ခင်တုံးကလှူတဲ့ အာရုံနဲ့ ဝိပဿနာလုပ်ပြီးမှလှူတဲ့အာရုံဟာမတူပါဘူး ဝိပဿနာမလုပ်ခင်က လှူပုံက သစ္စာလေးပါးကို မသိလို့ ဒါနတောဘောဂဝါ သီလတောသုခိတာဆိုတဲ့အာရုံနဲ့ ကာမတဏှာ ဘဝတဏှာတွေဖြစ်ပြီး လှူတဲ့ ဝဋ္ဋနိဿိတဒါန ဖြစ်ပါတယ် ဝိပဿနာအလုပ်ကို အားထုတ်ပြီးမှ လှူတဲ့လှူပုံက

တော့ သစ္စာလေးပါးတရားကို သိပြီး ခန္ဓာနဲ့ မလွတ်ကင်းတဲ့-၃၁-ဘုံကို တကယ်မလိုချင်ဘဲ ငြီးငွေ့တဲ့အာရုံနဲ့ လှူတဲ့ ဝိဝဋ္ဋနိဿိတဒါန ဖြစ်ပါတယ်၊ ဘုရား လက်ထက် မှာလဲ ဝိသာခါအနာထပိဏ်တို့ ဥတ္တရနန္ဒမာတာဆိုတဲ့ အနာဂါမ် မကြီးတို့လဲ လှူနေကြတာဘဲ ဒါပေမဲ့ လှူတဲ့အာရုံခြင်းတော့ မတူပါဘူး သတိပြုပါ၊ဒါနသီလရဲ့ အကျိုးကျေးဇူးဟာ ပြုလိုက်တာနဲ့ ဖြစ်မှာမလွဲပါဘူး ဆုတောင်း နေဘို့တောင်မလို ပါဘူး၊ သန်တနယ် ဆိုတာ ပြုရင် ဖြစ်မှာ ချည်းဘဲ၊ ပါဏာတိပါတ-စတဲ့ ဒုစရိုက်တရားတွေလဲ ထိုနည်းရင်းဘဲ၊ ပြုရင် ဖြစ်မှာဘဲ စိတ်သာချ၊ တခြားကို မကြည့်ပါနဲ့ ဒုစရိုက် ပြုတဲ့ လူဟာ ဘယ်တော့မျှ အပါယ်ဆုတောင်းဘူးသလဲ၊ ဘယ်တော့မှ မတောင်းဘူး-မတောင်းပေမဲ့ မဖြစ်ဘူးလား ဖြစ်တာဘဲ၊ သန်တနယ်ဟာ ဒီအတိုင်းဘဲ၊ ဒါကြောင့်- ဘုရားက ဒါန လုပ်လုပ်-သီလ လုပ်လုပ် နိဗ္ဗာန်ကိုသာ ဆုတောင်းရမယ်-တဲ့။

''သီဝံပဇ္ဇေထ ဘိက္ခဝေ သီဝံပဇ္ဇေတွာန ဒါနံဒါတဗ္ဗံ သီဝံပဇ္ဇေထဘိက္ခဝေ သီဝံပဇ္ဇေတွာန သီလံရက္ခိတဗ္ဗံ သီဝံပဇ္ဇေထ ဘိက္ခဝေ သီဝံပဇ္ဇေတွာန ဘာဝနာ-ဘာဝေတဗ္ဗံ။

ဘိက္ခဝေ၊ သံသရာရေး လာမည့် ဘေးကို မြော်တွေး ကြောက်ကြောင်း သူတော်ကောင်းတို့။ သီဝံ၊ ငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကို။ ပဇ္ဇေထ၊ တောင်းတကြကုန်။ သီဝံ၊ ငြိမ်း

ရာမှန် ပြည်နိဗ္ဗာန်ကို။ပတ္တေတွာ၊ တောင်းတကြကုန်လျက်။ ဒါနံ၊ ဒါနအလှူကို၊ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ သီဝံ၊ ငြိမ်း ရာမှန် ပြည်နိဗ္ဗာန်ကို။ ပတ္တေတွာ၊ တောင်းတကြကုန်လျက်။ သီလံ၊ သီလကို။ရက္ခိတဗ္ဗံ၊စောင့်ရှောက်အပ်၏။သီဝံ၊ ငြိမ်း ရာမှန် ပြည်နိဗ္ဗာန်ကို။ပတ္တေတွာ၊ တောင်းတကြကုန်လျက်။ ဘာဝနာ၊ ကမ္မဋ္ဌာန်း ဘာဝနာကို။ ဘာဝေတဗ္ဗံ၊ ပွားများ အပ်၏။

## (အသိခက်ပုံ ဆောင်ပုဒ်)

ဘုံသုံးဆယ့်တစ် မဖြစ်လိုပါ=မြတ်နိဗ္ဗူလမ်း ရည်မှန်းလို့သာ။

ဒါနကိုတော့ ပြုတာမှန်မကွာ=ပကာသနက တွဲလျက်ပါလာ။

သီလကိုလဲ စောင့်တာအမှန်ပါ = ပီယကိုလဲ တောင်းတနေရှာ။

ဘာဝနာကိုလဲ ပွားတာအမှန်ပါ – ငါမကွာလို့ ခက်လှလေတာ။

အချက်ကျကျ ဂနသေချာ = အသိတလုံး ခက်ဆုံး မှတ်လိုက်ပါ။

## (အပြောခက်ပုံ ဆောင်ပုဒ်)

ဘဝများစွာ သံသရာက စွဲလာသမျှ သက္ကာယကို ခုမှ တဖန်ပြောင်းပြန်လှန်၍ အမှန်ကိုပြောဘယ်သို့ဟောလည်း သဘောမပေါက်ငါးပါးမှောက်၍ ငါးပေါက်ကမှားတရား မတွေ့ ပြကတေ့ခန္ဓာဓါတ်သဘာကို ငါမြင်ငါကြားငါနံ့ စားသည် ငါကားတွေ့ထိအသက်ရှိဟု မျက်လှည့်ပမာလှည့် စားရာသို့ မကွာလျှင်စောတွေ့ဝေမောသည် အပြောခက် လှချည့်တကား။

## (လမ်းမဆုံးပုံ ဆောင်ပုဒ်)

အတီတာက ဘယ်ဌာနဟု ကျနသေချာ မသိပါဘဲ သန္ဓေစွဲနှင့် ဝမ်းထဲမိခင် ကိုန်းအောင်းဝင်၍ ဘွားမြင် လို့သာ ဤလူ့ရွာသို့ ရောက်ပါလေငြား အရွယ်အားဖြင့် လူလားမြောက်လာ ထိုချိန်ခါမှ စ၍မကွာ ကိုယ်ရေးရာနှင့် ဘယ်မှာမပြတ် မရပ်မနား တအားထုတ်ခါ ဥစ္စာရှာမှီး လောဘကြီး၍ အိုကြီးအိုမ ကုန်းကာကွလည်း ဘဝစည်းစိမ် တင်းမတိမ်ဘဲ အငြိမ်မနေ ရှာဖွေစုဆောင်း ခါးတောင်း မဖြုတ် ကြိုးကုပ်ပမ်းစား စခမ်းသွား၍ တရားကိုယ်မှာ ဘာလာနတ္ထိ မသိမမြင် ဆင်ခြင်မဲ့ကင်းခြေစုံနင်း၍ သေတွင်း သို့သာ ခုန်ဆင်းရှာသည် ဘယ်မှာနှင့်လမ်း ဆုံးမည်နည်း။

## (ဂတိမမြဲပုံ ဆောင်ပုဒ်)

သံသာသုံးကြောင်း ခရီးဟောင်း၌ ခေါက်ပေါင်းများစွာ သွားလာရှင်မြူး ဒိဋ္ဌိပူးလျက် အရူးအကန်း ထွက်လမ်းမမြင် လိုချင်တပ်မက် တဏှာဖက်၍ လက်ရှိခန္ဓာ ဓါတ်သဘာကို ငါသာငါဘဲ မာနစွဲနှင့် ရှောက်မြဲရှောက်ခါ သံသရာဝယ် ချာချာလယ်လို့ ဘယ်ခါမဆုံး နစ်လေအုံးတော့ အရှုံးဘဝ လူ့ဗာလသို့ ဂါဟာဝင်ပူး ဖုတ်ဘီလူးကြောင့် ရစ်မူးလျက်သာ မက်တဏှာက ဆက်ခါမေ့မျောသေငယ်ဇောနှင့် ဒေါသထူပြော ငါတကောဟု အမျောမရပ် တောမသတ်အောင် မောဟာပိတ်ဖုံး အကြံတုံး၍ အသုံးမဝင် ပုထုဇဉ်မှာ မမြင်စမ်းစမ်း လက်ကိုလှမ်းလည်း ဗရမ်းဗဒါ ရောက်လေရာဝယ် တွယ်စရာမရှိ ဘေးအတိဖြင့် ဂတိမမြဲ အပါယ်ထဲသို့ ငရဲတိရစ္ဆာန် ဖြစ်ရိုးမှန်သည် လျှင်မြန်ချက်ခြင်း ရှုန်းတော့မင်း။

ဝိပဿနာ၏ အကျိုးကျေးဇူး ပြီး၏။

# ဒုက္ခသစ္စာအခန်း

## ညှော်တပရိညာစခန်း

ယခုကစပြီး သစ္စာလေးပါး အမှန်တရားကို ဓမ္မာစကြာ ဒေသနာတော်အရ ဝိပဿနာအလုပ်နှင့်တကွ အတိုချုံးပြီး အခန်းလေးခန်းခွဲ၍ ဖေါ်ပြပါမယ်၊ ယခုဖေါ်ပြမဲ့အခန်း က ဒုက္ခသစ္စာခန်းဖြစ်ပါတယ်။

သစ္စာလေးပါး အမှန်တရားကို သိမြင်အောင် ရှေဦးစွာ ဒုက္ခသစ္စာကို တွေ့အောင် ရှာဘို့ လိုတယ်၊ တရားရှာတယ် ဆိုတာ ဘယ်မှာ ရှာမလဲ တရားပျောက်ရင် ကိုယ်မှာ ရှာ ဆိုတဲ့အတိုင်း မိမိ၏အဇ္ဈတ္တသန္တာန်မှာ ရှုမှတ်နေတဲ့ ဝိပဿ နာကမ္မဋ္ဌာန်းမှာသာရှိလို့ ကမ္မဋ္ဌာန်း အလုပ်ကို ဝင်ရမယ်၊

### ဆောင်ပုဒ်

လေးပါးသစ္စာ ကိုယ့်ကိုယ်မှာ  
တကယ်ကိုမကြည့်လို့မသိကြရှာ  
ဒုက္ခသစ္စာမှန်မကွာ ကိုယ်မှာရှိတဲ့တရား  
သမုဒယသစ္စာမှန်မကွာ ကိုယ်မှာရှိတဲ့တရား  
နိရောဓသစ္စာမှန်မကွာ ကိုယ်မှာရှိတဲ့တရား  
မဂ္ဂသစ္စာမှန်မကွာ ကိုယ်မှာရှိတဲ့တရား  
ကိုယ်မှာရှိတော့ ကိုယ်မှာရှာ  
ကိုယ်မှာရှာတော့ကိုယ်မှာတွေ့

ကိုယ်မှာတွေ့မှ ကိုယ်တွေ့တရား
သစ္စာအပြား မှန်လေးပါး။

ဝိပဿနာဆိုတဲ့အဓိပ္ပါယ်က ပညတ်တို့ ဃနတို့ကို ခွါလှန်ဖယ်ရှားပြီး ပရမတ်အစစ် ဓာတ်အနှစ်ကို ရှုရမယ်ဆိုတော့ ဘယ်ဟာပညတ် ဘယ်ဟာ ဃနရယ်လို့ ကွဲကွဲပြားပြား မသိရင် ဘာကိုခွာလို့ ဘာကိုဖယ်ရှားမလဲ၊ ကလေး သူငယ်များ ငှက်ပျောသီးကို အခွံပါ ဝါးစားသလို ဖြစ်နေမှာပေါ့၊ ဒါကြောင့်-ရှေးဦးစွာ ကမ္မဋ္ဌာန်း အလုပ်ကို မစမီ ပညတ်တို့ ဃနတို့ကို ကြိုတင်သိထားဖို့ လိုတယ်၊ ပညတ်က-

၁။ မိဖုရ မောင်မဲ တောင်းခွက် အိုးအိမ် နေလတောတောင် ရေမြေလေမီး စသည်ဖြင့် အမည်နာမအားဖြင့် ခေါ်ဆိုတာမှန်သမျှ(နာမပညတ်)လို့ ဆိုတယ်။

၂။ မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု,သွားမှု,ရပ်မှု, ထိုင်မှု, လျှောင်းမှုတွေ့ရဲ့ အစဉ်ကလေးတွေကို တဆက်ထဲအနေနဲ့ ထင်မှတ်ရတဲ့ သဘောကို (သန္တတိပညတ်) လို့ ဆိုတယ်။

၃။ လူမှာဆိုရင် ခြေ,လက်, ဦးခေါင်း၊အိမ်မှာဆိုရင် အမိုး, အကာ, အခင်း စသည်တို့ကို အစုလိုက် အပြုံလိုက် တလုံးတစည်းထဲ အနေနဲ့ လူရယ် အိမ်ရယ်လို့ ထင်မှတ်ရအောင် စုဝေးနေတဲ့သဘောကို ( သမူဟပညတ် ) လို့ ဆိုတယ်။

၄။ ငရင်းမြင်ခိုက်ကြားခိုက်စသည်တို့မှာပုံသဏ္ဌာန်ဒြပ်အနေနဲ့ ထင်ပေါ်လာတဲ့ သဘောကို (သဏ္ဌာနပညတ်) လို့ ဆိုတယ်၊

၅။ ယောကျ်ား-မိန်းမ ဘိုးသူတော်-မယ်သီလ၊မင်း-ပုဏ္ဏား ရဟန်းစသည်ဖြင့် ထင်မှတ်ရတာက (ပုဂ္ဂလပညတ်)လို့ ဆိုတယ်။

၆။ လူနတ်ဗြဟ္မာ တိရစ္ဆာန်စသည်ဖြင့် သတ္တဝါ အကောင်လို့ ထင်မှတ်ရတာက (သတ္တပညတ်)လို့ ဆိုတယ်။

၇။ အသက် လိပ်ပြာ ဇီဝ စသည်ဖြင့် အထယ်ဒြပ် အနေနဲ့ ရှိတယ်လို့ ထင်မှတ်ရတာက(အတ္တပညတ်)လို့ဆိုတယ်။

ဂ။ သက်ရှိသက်မဲ့ အရာဝတ္ထု မှန်သမျှကို အတုံးလိုက် အခဲလိုက် ထင်မှတ်ရတာက (ဃနပညတ်) ဃန ဆိုတာ ကလဲ—

၁။ အဆင်း,အသံ, အနံ့,အရသာ, အတွေ့, သဘော ဆိုတဲ့ အာရုံတွေကို အတုံးအခဲ အနေနဲ့ တလုံးတစည်းထဲ သို့ ထင်မှတ်ရအောင် စုဝေးနေတဲ့ သဘောကို (အာရမ္မဏ ဃန)လို့ ဆိုတယ်။

၂။ မြင်မှု စသည် တို့၌ ပဌမမြင်မှုနဲ့ နောက်မြင်မှု ပဌမ ကြားမှုနဲ့ နောက်ကြားမှု ပဌမသွားမှုနဲ့ နောက်သွားမှု စသည့်အစဉ်တွေကို တမြင်ထဲ - တကြားထဲ- တသွားထဲ တဆက်ထဲလို့ ထင်မှတ်ရတဲ့သဘောကို(သန္တတိဃန)လို့ ဆိုတယ်။

၃။ မြင်သိစိတ်၊ ကြားသိစိတ်၊ သွားသိစိတ်၊ စသည်တို့ကို တစိတ်ထည်းပြု၍ အသက်လိပ်ပြာအရာ၀တ္ထု၊ အကောင်အထည်အနေနဲ့ ထင်မှတ်တဲ့ သဘောကို(ကိစ္စဃန)လို့ ဆိုတယ်။

၄။ မိမိကိုယ်မှာအမြဲဘောက်ပြန်နေတဲ့ ပထ၀ီ၊ တေဇော၊ အာပေါ၊ ၀ါယော၊ ၀ဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇါ၊ ဆိုတဲ့အဋ္ဌကလပ် ချုပ်ခါက်ရှစ်ပါးစုကို အစိုင်အခဲအနေနဲ့ ခြေလက်ဦးခေါင်း စသည်ဖြင့်ထင်မှတ်တဲ့သဘောကို(သမူဟဃန) လို့ဆိုတယ်။

ယခုလို ပညတ်တွေ ဃနတွေနဲ့ သိမြင် နေတာဟာ ပညတ်မြင်ဃနမြင်-ပညတ်သိဃနသိ အမြင်မှား အသိမှား တွေဖြစ်တယ်-

ဒီပညတ်တို့ဃနတို့မကြေရင်ပရမတ်အမြင်မှန်ကိုဘယ်ခါ မှမတွေ့နိုင်ဘူး။

## ဆောင်ပုဒ်

အမြင်တွေတဲ့တော့ အခဲဃနမကြေ အမြင်တွေကွဲမှ အခဲဃနကြေ။

အစဉ်တွေတဲ့တော့ အခဲဃနမကြေ အစဉ်တွေကွဲမှ အခဲဃနကြေ။

ပညတ်ကိုထင်လမ်းမမြင် ပရမတ်ကိုထင်လမ်းကိုမြင် ပညတ်ကိုမြင်နိမိတ်ထင် ပရမတ်ကိုမြင်အရိပ်ထင်။

နိမိတ်ကိုထင်တာက အနုသယကိလေသာ မကွာ သံသရာ။

အရိပ်ကို ထင်တာက အနုသယ ကိလေသာ မပါ
သာသနာ၊

ဒီပညတ်တို့ဆနတို့မကွာရင် ဒုက္ခသစ္စာဆိုတဲ့ ပရမတ်ခန္ဓာငါးပါးကို ဘယ်ခါမှမတွေ့မမြင်နိုင်ဘူး ပရမတ်ခန္ဓာငါးပါးဖြစ်ခေါ်ရန် အကြောင်းရင်းက ဘယ်လိုလဲဆိုတော့ လူတိုင်း လူတိုင်းမှာရှိတဲ့ မျက်စိ,နား, နှာခေါင်း, လျှာ, ကိုယ်, မနော ဆိုတဲ့ ဒွါရ ခြောက်ပါးမှာ ဥပမာ- ပြဒါးသုတ်လိမ်းထားတဲ့ မှန်များလို ပသာဒရုပ် ဆိုတဲ့ ပရမတ်အကြည်ခြောက်ပါးရှိတယ်၊ ဒီအကြည်ခြောက်ပါး တည်နေပုံကို ကျမ်းတော်မှာ ဘယ်လိုပြထားသလဲ ဆိုတော့=

၁။ မျက်စိမှာဆိုရင် မျက်နက် အလယ်ခေါင် တည့်တည့်သန်း,ဦးခေါင်းပမာဏလောက်ရှိတဲ့နေရာမှာ တည်နေတယ်တဲ့-

၂။ နားမှာဆိုရင် နားအခေါင်းထဲ၌လက်စွပ်ကွင်းသဏ္ဌာန်ရှိတဲ့နေရာမှာ တည်နေဘယ် တဲ့-

၃။ နှာခေါင်းမှာဆိုရင် နှာခေါင်းရင်း၌ ဆိတ်ခွါသဏ္ဌာန်ရှိတဲ့နေရာမှာတည်နေတယ် တဲ့-

၄။ လျှာမှာဆိုရင် လျှာအလယ်၌ ကြာရွက်သဏ္ဌာန် ရှိတဲ့နေရာမှာတည်နေတယ် တဲ့-

၅။ ကိုယ်မှာတော့ အရေပြား ဖုံးနေတဲ့ အတွင်း အပြင်တကိုယ်လုံးမှာ ပြန့်နှံ့တည်နေတယ် တဲ့-

၆။ မနောမှာတော့ နှလုံးပေါ်မှာအမြဲကျဆင်းနေတဲ့ နှလုံးသွေးကျရာအရပ်မှာတည်နေတယ် တဲ့-

ဒီအကြည်ခြောက်ပါးပေါ်မှာ ရူပက္ခန္ဓာဆိုတဲ့ ဝိပဿနာ ပရမတ် ရုပ်ရိပ် ထင်ပေါ်ပုံက ပြဒါးရှိတဲ့ မှန်ရဲ့ ရှေ့တူရူမှာ လူရပ် နေတော့ လူရိပ်ထင်၊ ယောကျ်ားရပ်နေ တော့ ယောကျ်ားရိပ်ထင်၊ မိန်းမရပ်နေတော့ မိန်းမရိပ်ထင်ပေါ် သလို ဒီအကြည်ခြောက်ပါးတို့မှာလဲ အဆင်း၊ အသံ၊ အနံ့ အရသာ၊ အတွေ့သဘော ဆိုတဲ့ အာရုံခြောက်ပါးနဲ့ ဆိုင် ရာ ဆိုင်ရာ တွေ့ဆုံ တိုက်ဆိုင်ကြတဲ့ အခါမှာ အာရုံရဲ့ ရုပ်ရိပ် တွေထင်ပေါ်တယ် ထင်ပေါ်ပုံက-

၁။ မျက်စိနဲ့ အဆင်းနဲ့ တွေ့ဆုံတဲ့အခါ မျက်စိအကြည်မှာ အဆင်းရုပ်ရိပ်ထင်ပေါ်တယ်။

၂။ နားနဲ့ အသံနဲ့ တွေ့ဆုံတဲ့အခါ နားအကြည်မှာ အသံ ရုပ်ရိပ်ထင်ပေါ်တယ်။

၃။ နှာခေါင်းနဲ့ အနံ့နဲ့ တွေ့ဆုံတဲ့အခါ နှာခေါင်းအကြည် မှာအနံ့ ရုပ်ရိပ်ထင်ပေါ်တယ်။

၄။ လျှာနဲ့ အရသာနဲ့ တွေ့ဆုံတဲ့ အခါ လျှာအကြည်မှာ အရသာရုပ်ရိပ်ထင်ပေါ်တယ်။

၅။ ကိုယ်ကာယနဲ့ တွေ့ထိစရာနဲ့ တွေ့ဆုံတဲ့ အခါ ကိုယ် အကြည်မှာ မာပြော့၊ ပူအေး၊ နာကျင်၊ ကိုက်ခဲ စသော အတွေ့ရုပ်ရိပ်တွေထင်ပေါ်တယ်။

၆။ မနောနဲ့ သဘောတရားတွေနဲ့ တွေ့ဆုံတဲ့ အခါ (ဝါ) အကြောင်းအရာ တခုခုကို စဉ်းစားတွေးတောတဲ့အခါ မနောအကြည်မှာ သဘောတရား ရုပ်ရိပ်တွေထင်ပေါ် တယ်။

ယခုလိုဒွါရခြောက်ပါးမှာ ရှိတဲ့ အကြည်ခြောက်ပါးနဲ့ အဆင်း-အသံ စသောအာရုံခြောက်ပါးတို့ ဆိုင်ရာဆိုင်ရာ တွေ့ဆုံကြတဲ့အခါ ရူပက္ခန္ဓာစသော ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ဟာ မခွဲနိုင်အောင် ဆိုသလို တပေါင်းတည်း ဖြစ်ပေါ်ကြပါတယ်။

## ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ဖြစ်ပေါ်ပုံ

မျက်စိမှာဆိုရင် မြင်တုံးမြင်ခိုက်ခဏမှာ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ဖြစ်ပေါ်ပုံက အဆင်းတခုခုကို မြင်လိုက်တဲ့ အခါ-

၁။ မျက်စိအကြည်မှာ ထင်ပေါ်လာတဲ့ အဆင်းရုပ်ရိပ် သဘောတရားကလေးက (ရူပက္ခန္ဓာ)

၂။ အဆင်းရုပ်ရိပ် ထင်ပေါ်လာအောင် အရာဝတ္ထု တခုခုနဲ့ မျက်စိနဲ့ တွေ့ဆုံ တိုက် ဆိုင်တဲ့ သဘော က (သင်္ခါရက္ခန္ဓာ)

၃။ ထင်ပေါ်လာတဲ့ အဆင်းရုပ်ရိပ်မှာ ကောင်းကောင်း ဆိုးဆိုး ခံစားမှု သဘောတရားက (ဝေဒနာက္ခန္ဓာ)

၄။ ထင်ပေါ်လာတဲ့အဆင်းရုပ်ရိပ်ကို ဘယ်သူဘယ်ဝါ အကောင်း အဆိုး ခွဲခြား မှတ်သားမှု သဘော က (သညာက္ခန္ဓာ)

၅။ ထင်ပေါ်လာတဲ့အဆင်းအာရုံကို သိသိနေတဲ့ မြင်စိတ် သဘောတရားကလေးက (ဝိညာဏက္ခန္ဓာ)

နားမှာဆိုရင်လဲ ကြားတိုးကြားခိုက်ခဏမှာ ခန္ဓာငါး ပါးရုပ်နာမ်တရားတို့ဖြစ်ပေါ်ပုံက အသံတခုခုကိုကြားလိုက် တဲ့အခါ။

၁။ နားအကြည်မှာ ထင်ပေါ်လာတဲ့ အသံ ရုပ်ရိုပ်သဘော တရား ကလေးက (ရူပက္ခန္ဓာ)
၂။ အသံရုပ်ရိုပ်ထင်ပေါ်လာအောင် အသံတခုခုနဲ့ နားနဲ့ တွေ့ဆုံတိုက်ဆိုင်တဲ့သဘောက (သင်္ခါရက္ခန္ဓာ)
၃။ ထင်ပေါ်လာတဲ့အသံရုပ်ရိုပ်ပေါ်မှာ ကောင်းကောင်း ဆိုးဆိုးခံစားမှုသဘောတရားက (ဝေဒနာက္ခန္ဓာ)
၄။ ထင်ပေါ်လာတဲ့ အသံ ရုပ်ရိုပ်ကို ဘာသံ ညာသံ အ ကောင်း အဆိုး ခွဲခြား မှတ် သားမှု သဘော က (သညာက္ခန္ဓာ)
၅။ ထင်ပေါ်လာတဲ့ အသံရုပ်ရိုပ်ကို သိသိနေတဲ့ ကြားစိတ် သဘောတရားကလေးက (ဝိညာဏက္ခန္ဓာ)

ထိုအပြင်နံခိုက်၊ စားခိုက်တို့မှာလဲ ထိုနည်းတူစွာ ခန္ဓာ ငါးပါးဘဲ ဖြစ်ပေါ်ကြတာဘဲ ကိုယ်မှာဆိုရင်လဲထိုနည်းရင်း ပါဘဲအထူးသဖြင့်ကမ္မဋ္ဌာန်းထိုင်းပြီး ရှုမှတ်နေတဲ့အခါမှာ လဲ မိမိကိုယ်မှာဖြစ်ပေါ်နေတဲ့ ထိုကျင်ကိုက်ခဲ ယားနာမှု ပူမှု ဗွေစသည်တို့ကို သိသိနေတာဟာ ဒီခန္ဓာငါးပါးပါဘဲ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့။

၁။ ထိုကျင် ကိုက်ခဲ ယားနာ ပူ‌ေ လှုပ်ရှား တောင့်တင်း စသော ကိုယ်အကြည်မှာ ပေါ်တဲ့အတွေ့ ရုပ်ရိုပ်က (ရူပက္ခန္ဓာ)

၂။ ဒီ၊အတွေ့ ရုပ်ရိပ်တွေပေါ်လာအောင် ဖောဋ္ဌဗ္ဗအတွေ့ အာရုံနဲ့ ကိုယ်အကြည်နဲ့ တွေ့ဆုံတိုက်ဆိုင်တဲ့သဘောက (သင်္ခါရက္ခန္ဓာ)

၃။ ထင်ပေါ်လာတဲ့အတွေ့ရုပ်ရိပ်ပေါ်မှာကောင်းကောင်း ဆိုး ဆိုး ခံ စား မှု သဘော တရား က လေး က (ဝေဒနာက္ခန္ဓာ)

၄။ ထင်ပေါ်လာတဲ့ အတွေ့ရုပ်ရိပ်ကို နာတာ ကျင်တာ ကိုက်တာ ခဲတာ စသည်ဖြင့် ခွဲခြား မှတ်သား မှုက (သညာက္ခန္ဓာ)

၅။ ထင်ပေါ်လာတဲ့အတွေ့ရုပ်ရိပ်ကိုသိသိနေတဲ့ ထိသိစိတ် သဘောတရားကလေးက (ဝိညာဏက္ခန္ဓာ)

ဒီခန္ဓာငါးပါးကို အလွယ်နဲ့ သိနိုင်အောင်အောက် ပါ ဆောင်ပုဒ်ကလေးကိုကျက်မှတ်ထားရမယ်–

## ဆောင်ပုဒ်

ဒွါရအာရုံနှစ်ပါးဆုံ ထင်ပုံအရိပ် သိမှုစိတ်နှင့် မှေးမှိတ် ခံစား ခွဲမှတ်သား ငါးခန္ဓာ ရုပ်နာမ်သာ ဖြစ်လာမလွဲ ချုပ်ပျက်မြဲ

ဒွါရအာရုံနှစ်ပါးဆုံဆိုတာ(သင်္ခါရက္ခန္ဓာ) ထင်ပုံအရိပ် ဆိုတာ (ရူပက္ခန္ဓာ) သိမှုစိတ်နှင့်ဆိုတာ (ဝိညာဏက္ခန္ဓာ) မှေးမှိတ်ခံစားဆိုတာ (ဝေဒနာက္ခန္ဓာ) ခွဲမှတ်သားဆိုတာ (သညာက္ခန္ဓာ)ဒီခန္ဓာငါးပါးဟာဖြစ်ပေါ်ပြီးပျက်သွားတဲ့ သဘော လက္ခဏာ ရှိတယ် တစက္ကန့်မှ တည်ပြီးမနေဘူး

"အနုပ္ပါဒံဥပ္ပဇ္ဇန္တိဥပ္ပန္နာစနိရုဇ္ဈရေ" ဆိုတဲ့ ပါဠိတော်အတိုင်းနဂိုရှိမှုလကရှိနေနှင့်တာမဟုပ်ဘဲနဲ့ အကြောင်းပြည့်စုံလို့ဖြစ်ပေါ်လာပြီး ဖြစ်ပေါ်ရာမှာပင် တဆံချည်မျှ မရွေ့လျားဘဲချုပ်ပျက်ကုန်ဆုံးသွားတာဘဲ-

ဒီခန္ဓာငါးပါးမှာ ရူပက္ခန္ဓာက (ရုပ်ပရမတ်) သိမှုဆိုတဲ့ ဝိညာဏက္ခန္ဓာက(စိတ်ပရမတ်)သင်္ခါရက္ခန္ဓါ, ဝေဒနာက္ခန္ဓါ သညာက္ခန္ဓာဆိုတဲ့သုံးပါးက( စေတသိက်ပရမတ်)

ဒီပရမတ္ထတရားသုံးပါးမှာ ရုပ်ပရမတ်ကိုတော့ (ရုပ်) လို့ဘဲခေါ်ပါတယ် စိတ်ပရမတ်နဲ့ စေတသိက် ပရမတ်သုံးပါး ပေါင်း-၄-ပါးကိုတော့(နာမ်)လို့ခေါ်ပါတယ်-

ဒီရုပ်နာမ်ကိုအလွယ်နဲ့ သိနိုင်အောင် အောက်ပါဇယားပုံစံကို လေ့လာ၍ ဆောင်ပုဒ်များကို ကျက်မှတ်ပြီး မိမိ၌ရှိသော ဒွါရခြောက်ပါးမှာတွေ့အောင်ရှာပါလေ-

## (ခန္ဓာငါးပါး ရုပ်နာမ်တရား၏ ဇယားပုံစံ)

| | | |
|---|---|---|
| ရူပက္ခန္ဓာ | ရုပ်ပရမတ် | ရုပ် |
| ဝေဒနာက္ခန္ဓာ | | |
| သညာက္ခန္ဓာ | စေတသိက်ပရမတ် | |
| သင်္ခါရက္ခန္ဓာ | | နာမ် |
| ဝိညာဏက္ခန္ဓာ | စိတ်ပရမတ် | |
| ခန္ဓာငါးပါး | ပရမတ္ထတရားသုံးပါး | ရုပ်နာမ်နှစ်ပါး |

၁။ အာရုံဒွါရတွေဆုံကြ ဖဿသင်္ခါရ (သင်္ခါရက္ခန္ဓာ)
၂။ တွေ့ဆုံခိုက်မှာထင်ပေါ်လာ ခန္ဓာဓါတ်ရူပ(ရူပက္ခန္ဓာ)
၃။ ထင်ပေါ်ခိုက်မှာ ခံစားတာ ဝေဒနာစေတသိက်က ( ဝေဒနာက္ခန္ဓာ )
၄။ ဝေဒနာပေါ်မှာ မှတ်သားတာ သညာစေတသိက်က ( သညာက္ခန္ဓာ )
၅။ အာရုံ ပေါ်သမျှ သိတာက စိတ်ဓါတ် ဝိညာဏ ( ဝိညာဏက္ခန္ဓာ )

ရူပက္ခန္ဓာတပါးမှာ မှတ်ပါရုပ်ပရမတ် (ရုပ်)

ဝေဒနာ သညာ သင်္ခါရာ သုံးဖြာစေတသိက် ပရမတ် ( စေတသိက်)

သိမှုခန္ဓာဝိညာဏာ ခေါ်ပါစိတ်ပရမတ် (စိတ်)

ထင်ပေါ်ချုပ်ပျက်ဘောက်ပြန်ချက် ခေါ်လျှက်ရုပ်အစု (ရုပ်)

တွေး, သိ, ခံ, မှတ်, ဤလေးရပ် ခေါ်အပ်နာမ်အစု (နာမ်)

မှတ်ချက်။

ဝိပဿနာ ယောဂီမှန်ရင် မိမိသန္တာန်မှာရှိတဲ့ မျက်စိ နားစသော အကြည်-၆-ပါးမှာထင်လာတဲ့ အဆင်းအသံ စ တဲ့ရုပ်ရိုပ်ကိုညက်မှာမြင်ဘို့အရေးကြီးတယ်ဘာကြောင့်လဲ ဆိုတော့ နှာခေါင်းအကြည် လျှာအကြည် ကိုယ်အကြည် ဆိုတဲ့သုံးပါးမှာ ထင်ပေါ်သော ရုပ်ရိုပ်တို့က သမ္ပယုတ္တာ

ပစ္စည်းအားဖြင့်အာရုံနဲ့ အကြည်နှစ်ပါးတို့ ထိခိုက်ပြီးတွေ့ဆုံမှုနဲ့အကြောင်းပြုလို့ သိလွယ်ပါတယ် မျက်စိ အကြည်နားအကြည်မနော အကြည်ဆိုတဲ့သုံးပါးမှာ ထင်ပေါ်သော ရုပ်ရိုပ်တို့ကတော့ ဝိဗ္ဗယုတ္တပစ္စည်း အားဖြင့်အာရုံနဲ့ အကြည်နှစ်ပါးဟာ မထိခိုက်ဘဲတွေ့ဆုံမှုနဲ့ အကြောင်းပြုလို့ ဖြုံးကနဲ သိဘို့ရာမလွယ်ကူလှပါဘူးအချို့အချို့သော ယောဂီတို့ဟာ (အဆင်း) ဆိုရင်'ဗဟိဒ္ဓ' အပြင်ဘက်မှာရှိတဲ့ တေဇော ဦးစီးသော ဥတုဇရုပ်တုံး ပညတ်တုံး ဃနတုံးတွေပေါ်မှာ အာရုံဆိုက်ရောက် နေတတ်ပါတယ် တရားပျောက်တော့ ကိုမှာရှာ ကိုယ်မှာတွေ့မှကိုယ်တွေ့တရားလို့ ဆိုထားပါလျှက်နဲ့ မိမိတလံခလာက်ကိုယ်က လွတ်ထွက်ပြီး အပြင်ဘက်ကို စိတ်ရောက်သွားတာဟာ'ဥဒ္ဒစ္စ' ဆိုတဲ့စိတ်ပျံ့လွင့်မှုဖြစ်နေပေဘူးလားစဉ်းစားကြည့်ပါအဲဒါဘာကြောင့်ဒီလိုဖြစ်ရသလဲဆိုတော့ ညဏ်မြင်ကိုမရှုဘဲ မျက်မြင်ကိုရှုလို့မှတ်ပါ မိမိမှာရှိတဲ့'မံသစက္ခု'ဆိုတဲ့မျက်လုံးဟာ အပြင်မှာရှိတဲ့ပညတ်အာရုံကိုသာမြင်နိုင်တယ်၊ အတွင်းပရမတ် သဘောကိုဘယ်ခါမှမမြင်နိုင်ဘူး 'ဉာဏစက္ခု' ဆိုတဲ့ ညဏ်မျက်စိမှသာ အတွင်း ပရမတ် သဘောကို မြင်နိုင်ပါတယ် (အကြည်) ဆိုတာအထက်ကဖေါ်ပြခဲ့တဲ့အကိုင်းပြဒါးသုတ်လိမ်းထားတဲ့မှန်နဲ့တူတယ်၊ ၎င်းမှန်မှာ ထင်ပေါ်လာတဲ့ ရုပ်ရိုပ်ကမှ ဝိပဿနာရုပ်ရိုပ် ဖြစ်ပါတယ် ဒီရုပ်ရိုပ်ကို မမြင်နိုင်ရင် မိမိရင်ဘတ်မှာ ပြဒါးရှိတဲ့မှန်တချပ်ကို ကပ်ထားပါ ထိုအခါ ၎င်းမှန်၏ရှေ့တူ ရှုမှာရှိတဲ့အရာဝတ္ထု၏ အဆင်းရုပ်ရိုပ်ဟာ

ဘယ်မှာထင်ပေါ်သလဲဆိုတာ ညဏ်နှင့်ရှာပါ တွေ့ပါလိမ့်မည် ခန္ဓာငါးပါးဆိုတာ ယခုလိုအကြည် -၆-ပါးပေါ်မှာဖြစ်ပျက်တဲ့ရုပ်ခမ္မနာမ်ဓမ္မကိုသာ ဆိုပါတယ်သတိမူပါသတ္တဝါတို့မည်သည်မှာ ဒီခန္ဓာငါးပါးရဲ့ ရုပ်ဓါတ်နာမ်ဓါတ်ကိုသဘာဝအားဖြင့်မသိကြလို့(ငါဘဲ)ဆိုတဲ့စွဲလမ်းမှုဥပါဒါန်ဖြစ်ပြီးလောဘ ဒေါသ မောဟတရားတွေနဲ့ ထွေးလုံးရစ်ပတ်ဖြစ်နေကြလို့ သံသရာထဲမှာ တဝဲလယ်လယ်ကျင်လည်နေကြရတာ ဖြစ်ပါတယ် ဒါကြောင့် လူတကိုယ်လုံးမှာဒီခန္ဓာငါးပါးကလွဲလို့မရှိဘူး မရှိတော့ ဒီခန္ဓာငါးပါးထဲမှာ(ငါ)ဆိုတာရှိမရှိ ပါမပါထင်ထင် ရှားရှား သိရအောင်စစ်တမ်းထုတ်ကြည့်ဘို့လိုတယ် ဘယ်လိုစစ်တမ်းထုတ်ကြည့်မလဲဆိုတော့

## မြင်မှုခန္ဓာငါးပါး၌အမေးအဖြေ

မေး မျက်စိ၌မြင်ခိုက်မှာထင်ပေါ်တဲ့အဆင်းဟာငါလား

ဖြေ ထင်ပေါ်တဲ့အဆင်းဟာ ရူပက္ခန္ဓာဆိုတဲ့ ရုပ်ဓါတ်ရှစ်ပါးစုဖြစ်ပါတယ်။

မေး မျက်စိနဲ့ အဆင်းကို မြင်အောင် တွေ့ဆုံပေးတာငါလား။

ဖြေ မြင်အောင် တွေ့ဆုံပေးတာ သင်္ခါရက္ခန္ဓာ ဆိုတဲ့ဖဿနာမ်ဓါတ်ဖြစ်ပါတယ်။

မေး မြင်းတဲ့အဆင်း အာရုံပေါ်မှာ ခံစားတာငါလား

ဖြေ အာရုံပေါ်မှာခံစားတာ ဝေဒနာက္ခန္ဓာဆိုတဲ့ ဝေဒနာနာမ်ဓါတ်ဖြစ်ပါတယ်။

မေး မြင်တဲ့အဆင်းကို ဘာဘဲညာဘဲရယ်လို့ မှတ်သားတာပါလား။

ဖြေ ဘာဘဲညာဘဲ မှတ်သားတာ သညာက္ခန္ဓာ ဆိုတဲ့ သညာနာမ်ဓါတ်ဖြစ်ပါတယ်။

မေး မြင်တဲ့အဆင်းအာရုံကို သိသိနေတာပါလား

ဖြေ အာရုံကိုသိသိနေတာ ဝိညာဏက္ခန္ဓာဆိုတဲ့ စက္ခုဝိညာဉ်ဓါတ်ဖြစ်ပါတယ်။

မေး ဒီခန္ဓာ ငါးပါးလုံးဟာ ငါဟာ ငါ့ပစ္စည်းဆိုတာ ကော ဟုတ်ပါအုံးမလား။

ဖြေ ငါဟာငါ့ပစ္စည်း ဆိုတာလုံးဝမဟုတ်နိုင်ပါ

မေး ငါဟာငါ့ပစ္စည်းမဟုတ်ရင် ငါ့ကိုယ် ငါ့အသက်ဆိုတာကော ရှိပါအုံးမလား။

ဖြေ ငါ့ကိုယ်ငါ့အသက်ဆိုတာလဲ လုံးဝမရှိပါ

မေး ဒါဖြင့်ငါဆိုတာ ဘယ်သူကပြောတာလဲ

ဖြေ ငါဆိုတာ ခန္ဓာငါးပါး ရုပ်နာမ်တရားကို မသိမှု အဝိဇ္ဇာကပြောတာဖြစ်ပါတယ်။

မေး ဒီအဝိဇ္ဇာက ဘာကြောင့် ခန္ဓာငါးပါးကို မသိရတာလဲ။

ဖြေ တွေဝေတဲ့မောဟကြောင့် စိတ်ကဥဒ္ဓစ္စဖြစ်ပြီး ပျံ့လွင့်နေလို့မသိတာဖြစ်ပါတယ်

မေး ဒါဖြင့်မတွေ့ဝေဘဲ စိတ်မပျံ့လွင့်အောင်ဘယ်နည်းနဲ့ လုပ်ရမလဲ။

ဖြေ မြင်ဆဲမြင်ခိုက်ပစ္စုပ္ပန်မှာ သတိကိုမလွတ်တမ်းကပ်ထားရပါမယ်

မေး သတိကိုမလွတ်တမ်းကပ်ထားတာကဘယ်သူလဲ။

ဖြေ သတိကို မလွတ်တမ်း ကပ်ထားတာ ပညာဖြစ်ပါတယ်။

မေး သတိကပ်ထားပြီး မြင်တဲ့အမြင်ဟာ ဘယ်သူမြင်တာလဲ။

ဖြေ သတိကပ်ထားပြီးမြင်တာပညာကမြင်တဲ့ပညာမြင်ဖြစ်ပါတယ်။

မေး ဒါဖြင့်ငါမြင်တယ်ဆိုတာမှန်သလား မှားသလား။

ဖြေ ငါမြင်တယ်ဆိုတာ မဟာအမှားတော်ကြီး ဖြစ်ပါတယ်။

မေး ဘယ်အမြင်က မှန်ပါသလဲ။

ဖြေ ပညာမြင်ကမှ မှန်ပါတယ်။

မေး အမှန်ကိုမြင်တော့ဘာဖြစ်သလဲ။

ဖြေ အမှန်ကိုမြင်တော့အမှန်ကိုသိပါတယ်။

မေး အမှန်ကိုသိတော့ကောဘာဖြစ်သလဲ။

ဖြေ အမှန်ကိုသိတော့ ဝိဇ္ဇာညဏ်ရပါတယ်။

မေး ဝိဇ္ဇာညဏ်ရတော့ဘာဖြစ်သလဲ။

ဖြေ ဝိဇ္ဇာညဏ်ရတော့ အဝိဇ္ဇာကချုပ် ပျောက် သွားပါတယ်။

မေး အဝိဇ္ဇာချုပ်သွားတော့ဘာကျေးဇူးရှိသလဲ။

ဖြေ အဝိဇ္ဇာချုပ်ရင် ပဋိစ္စသမုပ္ပါဒ်-၁၂-လုံးဟာအကုန် လုံးချုပ်သွားပါတယ်။

မေး ပဋိစ္စသမုပ္ပါဒ်-၁၂-လုံးချုပ်တော့ဘာဖြစ်သလဲ။

ဖြေ ပဋိစ္စသမုပ္ပါဒ်-၁၂-လုံးချုပ်တော့ အကြောင်းပြတ် ပြီးအကျိုးရပ်သွားပါတယ်။

မေး အကြောင်းပြတ်ပြီးအကျိုးရပ်တော့ ဘာဖြစ်သလဲ။

ဖြေ အကြောင်းပြတ်ပြီး အကျိုးရပ်သွားရင် သံသရာကို မလယ်တော့ပါဘူး။

မေး ဒါဖြင့်ဒီတရားကိုဘာတရားလို့ခေါ်မလဲ

ဖြေ ခန္ဓာမှာဉာဏ်ပါလို့သံသရာကလွတ်တဲ့တရားလို့ခေါ် ပါတယ်-(ဝါ)နမ်ဓါတ်မှာဉာဏ်ကပ်လို့ ကံပြတ်တဲ့ တရားလို့လဲခေါ်နိုင်ပါတယ်-(သာဓု-သာဓု-သာဓု)

## ဆောင်ပုဒ်

အာရုံဒွါရ တွေ့ကြစုံလင်
ထင်ပေါ်အရိပ် သိစိတ်ဝိညာဉ်
ထိုစဉ်ခံစား မှတ်သားအစဉ်
သဘောကပြောရခန္ဓာပင်
ခန္ဓာနာမ်ရုပ် အဟုပ်ငါထင်
အမှတ်မှားလို့ဓါတ်သားမမြင်
အတ္တစွဲနဲ့ အလွဲထင်မြင်
တရားမရ မှားကြတက်တက်စင်။

## တိရဏပရိညာစခန်း

ယခုလိုခန္ဓာငါးပါး ရုပ်နာမ်တရားကို စစ်တမ်းထုတ်ပြီး ကြည့်လိုက်တော့ (ငါ) ဆိုတာရှာလို့ တွေ့သေး ရဲ့လား ဘယ်လိုရှာလို့မှမတွေ့ပါဘူး ဘာတွေ့မလဲရှိမှမရှိဘဲ ယခုလို မရှိတာကြီးကို အရှိလုပ်ပြီး ဒီ (ငါ) ကြောင့် အပါယ်လေးပါးကိုကျရောက်ရတာ ဘယ်လောက် နစ်နာတယ် ဆိုတာ စဉ်းစားသာကြည့်ပါ ဒီခန္ဓာငါးပါးဟာ အကြည်ခြောက်ပါးမှာ အာရုံချယ်ဒွါရရယ် ၎င်းနှစ်ပါးတွေ့ဆုံမှုရယ် ဆိုတဲ့ အကြောင်း-၃-ပါးပြည့်စုံလို့ဖြစ်ပေါ်ပြီး ခဏမဆိုင်း ချုပ်ပျက်ကုန်ဆုံးသွားပုံကို နိဒ္ဒေသပါဠိတော်မှာ ဘယ်လိုဟော ပြထားသလဲဆိုတော့—

"အဒဿနတော အာယန္တိ ဘဂ္ဂါ ဂစ္ဆန္တိ ဒဿနံ
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ ဥပ္ပဇ္ဇန္တိ ဝယန္တိစ"

အဒဿနတော မမြင်ရရာအနာဂတ အဘာဝအဖြစ်မှ အာယန္တိ အသစ်အသစ် ဖြစ်ပေါ် ရောက်လာကြ ကုန်၏ ဘဂ္ဂါ ဖြစ်ပေါ်ရာမှချုပ်ပျက်ကုန်ဆုံးပြီး၍ အဒဿနံ မမြင်ရရာအဘာဝအစစ် အတိတ်အဖြစ်သို့ ဂစ္ဆန္တိ ရောက်လေကုန်၏ အာကာသေ ပဇ္ဇုန်ရိုက်ချုန်းခြိမ့်အုံးထက်ခွင်မိုးဃ်းကောင်းကင်၌ ဝိဇ္ဇုပ္ပါဒေါဝ ပြိုးပြက်လျှံလင်းလျှပ်စစ်၏ဖြစ်ခြင်းကဲ့သို့ ဥပ္ပဇ္ဇန္တိစ ဖြစ်လည်းဖြစ်ကုန်၏ ဝယန္တိစ ပျက်လည်းပျက်ကုန်၏။

မဖြစ်ရသေးတဲ့အနာဂါတ်ကရောက်လာပြီး ဖြစ်ပြီးတဲ့ အတိတ်ကို ထွက်သွားတဲ့ ခန္ဓာငါးပါးလို့ဆိုတယ် ၎င်းခန္ဓာ

ငါးပါးကို အတ္တလား အနတ္တလားလို့သိရအောင် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဆိုတဲ့ ဋ္ဌာန်လေးချက်နဲ့ ပိုင်းခြား ဝေဘန်လိုက်တော့ အောက်ပါအချက်ကြီးလေးချက် ထွက် ပေါ်လာတယ်။

မေး (လက္ခဏာ)ဒီခန္ဓာငါးပါးရဲ့ သဘောရင်းလက္ခဏာ ဟာဘာယ်လိုနေသလဲ။

ဖြေ ရင်းခန္ဓာငါးပါးသည် အကြောင်းသုံးပါးပြည့်စုံက ဥပါဒ်-ဌီ- ဘင်-နှင့် တက္ကဘွားကနဲ ဖြစ်ပေါ်ပြီး ဖြုတ်ကနဲချုပ်ပျက်ခြင်းလက္ခဏာရှိ၏။

မေး (ရသ)ဒီခန္ဓာငါးပါးရဲ့ဆောင်ရွက်မှုကိစ္စကဘာလဲ။

ဖြေ လောကီကုသိုလ် အကုသိုလ်တရားတို့ စည်ပင်ထွန်း ကားရာအဖြစ်ဖြင့် တည်ပေးရသောကိစ္စရှိ၏။

မေး (ပစ္စုပဋ္ဌာန်) ဒီခန္ဓာငါးပါးရဲ့ အကျိုးကျေးဇူး တရားကဘာလဲ။

ဖြေ လောကီ ကုသိုလ် အကုသိုလ်တရားတို့၏ ပို့ဆောင် ရာ သံသရာလယ်စေတဲ့အကျိုးကျေးဇူးရှိ၏။

မေး (ပဒဋ္ဌာန်) ဒီခန္ဓာငါးပါးရဲ့ ဖြစ်ရခြင်းအကြောင်း တရားကဘာလဲ။

ဖြေ မြင်ခိုက်ကြားခိုက်စသည်တို့၌တပ်မက်မှုတဏှာသည် လျှင် ခန္ဓာ၏ဖြစ်ခြင်းအကြောင်းတရားဖြစ်၏။

ဒီခန္ဓာငါးပါးကို ဋ္ဌာန်လေးချက်ဖြင့် ဖေါက်ခွဲလိုက် တော့ယခုလိုသူ့ရဲ့သဘာဝလက္ခဏာတွေဘွင်းဘွင်းကြီးပေါ် လာလို့ သာမညလက္ခဏာထင်လာပုံကား-

ရူပက္ခန္ဓာသည် အာရုံ,ဒွါရ,ငင်းနှစ်ပါး တွေ့ဆုံမှုဆိုတဲ့ အကြောင်းသုံးပါးပြည့်စုံ၍ ဖြစ်ပေါ်ရာမှ ဘောက်ပြန်ပျက်စီးကုန်ဆုံးသွားရတဲ့သဘောလက္ခဏာ- အနိစ္စ,ဒုက္ခ,အနတ္တ တရားကြီးဖြစ်၏။

သင်္ခါရက္ခန္ဓာသည် တွေ့ဆုံမှုဆိုတဲ့ သူ၏ကိစ္စပြီးမြောက်သည်နှင့်တပြိုင်နက် ချုပ်ပျက်ကုန်ဆုံးခြင်းသို့ရောက်သွားရတဲ့သဘောလက္ခဏာ အနိစ္စ,ဒုက္ခ,အနတ္တ,တရားကြီးဖြစ်၏။

ဝေဒနာက္ခန္ဓာသည်ဣဋ္ဌာရုံ-အနိဋ္ဌာရုံတို့ကိုခံစားပြီးသည်နှင့်တပြိုင်နက်ချုပ်ပျက်ကုန်ဆုံးခြင်းသို့ ရောက်သွားရတဲ့ သဘောလက္ခဏာ အနိစ္စ,ဒုက္ခ,အနတ္တ,တရားကြီးဖြစ်၏။

သညာက္ခန္ဓာသည်အာရုံပေါ်၌အကောင်းအဆိုးကိုခွဲခြားမှတ်သားပြီးသည်နှင့်တပြိုင်နက် ချုပ်ပျက်ကုန်ဆုံးခြင်းသို့ ရောက်သွားရတဲ့ သဘောလက္ခဏာ အနိစ္စ,ဒုက္ခ,အနတ္တ, တရားကြီးဖြစ်၏။

ဝိညာဏက္ခန္ဓာသည် ဖြစ်ပေါ်တဲ့အာရုံကို သိပြီးသည်နှင့် တပြိုင်နက် ချုပ်ပျက်ကုန်ဆုံးခြင်းသို့ ရောက်သွားရတဲ့ သဘောလက္ခဏာ အနိစ္စ,ဒုက္ခ,အနတ္တ,တရားကြီးဖြစ်၏။

ဒီခန္ဓာငါးပါးကို မြတ်စွာဘုရားက ဥပမာငါးမျိုးနဲ့ ဟောပြထားတဲ့ ပါဠိတော်ကတော့ဘယ်လိုလဲဆိုရင်=

ဖေဏပိဏ္ဍူပမံရူပံ၊ ဝေဒနာပုဗ္ဗုဠူပမာ
မရီစိကူပမာသညာ၊ သင်္ခါရာကဒလူပမာ
မာယူပမဉ္စဝိညာဏံ။ ဒေသိတာဒိစ္စဗန္ဓုနာ
(သံ။၁။၁၁၆)

၁။ ဖေဏပိဏ္ဍူပမဉ္စ ရူပံ၊ ရုပ်သည်ကား ရေမြှုပ်နှင့်တူ၏။
၂။ ပုဗ္ဗုဠူပမဉ္စ ဝေဒနံ။ ဝေဒနာသည်ကား ရေပွက်နှင့်တူ၏။
၃။ မရီစိကူပမဉ္စ သညံ။ သညာသည်ကား တံလျှပ်နှင့်တူ၏။
၄။ ကဒလူပမဉ္စ သင်္ခါရံ။ သင်္ခါရသည်ကား ငှက်ပြော လက်ပံတုံးနှင့်တူ၏။
၅။ မာယူပမဉ္စ ဝိညာဏံ။ ဝိညာဉ်သည်ကား မျက်လှည့် ဆရာနှင့်တူ၏တဲ့။

## ဆောင်ပုဒ်

၁။ ဖောက်ပြန်မှုရူပက္ခန္ဓာ ပမာပြုရရင်ရေမြှုပ်နဲ့တူစွာ ဖြစ်လျှင်မလွဲဆင်းရဲဒုက္ခ ပျက်တာမြင်ဆဲ မမြဲအနိစ္စ ဖြစ်ပျက်နှစ်ဝထိုခဏ အစိုးမရအနတ္တ။

၂။ ခံစားမှုဝေဒနာက္ခန္ဓာ ပမာပြုရရင်ရေပွက်နဲ့ တူစွာ ဖြင့်လျှင်မလွဲ ဆင်းရဲဒုက္ခ ပျက်တာမြင်ဆဲ မမြဲအနိစ္စ ဖြစ်ပျက်နှစ်ဝထိုခဏ၊ အစိုးမရအနတ္တ။

၃။ မှတ်သားမှု သညာက္ခန္ဓာ ပမာ ပြုရရင် တံလျှပ်နဲ့ တူစွာ ဖြစ်လျှင်မလွဲ ဆင်းရဲဒုက္ခ ပျက်တာမြင်ဆဲမမြဲ အနိစ္စ ဖြစ်ပျက်နှစ်ဝထိုခဏ အစိုးမရအနတ္တ

၄။ ပြုပြင်မှုသင်္ခါရက္ခန္ဓာ ပမာပြုရရင် ငှက်ပျောလက်ပံ တုံးနဲ့ တူစွာဖြစ်လျှင်မလွဲ ဆင်းရဲဒုက္ခ ပျက်တာမြင်ဆဲ မမြဲအနိစ္စ၊ ဖြစ်ပျက်နှစ်ဝထိုခဏ အစိုးမရအနတ္တ

၅။ သိမှုဆိုတဲ့ဝိညာဏက္ခန္ဓာ ပမာပြုရရင် မျက်လှည့်ဆရာ ဖြစ်လျှင်မလွဲ ဆင်းရဲဒုက္ခ ပျက်တာမြင်ဆဲ မမြဲအနိစ္စ ဖြစ်ပျက်နစ်ဝထိုခဏအစိုးရမအနတ္တ

ရင်းဂါထာနှင့် ဆောင်ပုဒ်တို့မှာ ဘုရားရှင်ပြတော်မူသော ဥပမာဖြစ်ပါတယ် တရားရှာတဲ့ ယောဂီတို့မှာ ကမ္မဋ္ဌာန်းခွင်၌မိမိတွေ့မြင်သောဓါတ် တရားပရမတ်တရားတို့ကို မိမိညဏ်မှီသလောက် ဆီလျော်သောဥပမာဖြင့် နှိုင်းယှဉ်ပြီးယူနိုင်ပါတယ်။

ဒီခန္ဓာငါးပါးကို ဖြစ်တာမြင်တော့ဒုက္ခတွေ ပျက်တာမြင်တော့အနိစ္စတွေ ဖြစ်ပျက်နှစ်ပါးမြင်တော့အနတ္တတွေ ဒီနေရာမှာဖြစ်ပျက်-၂-ပါးမြင်တော့ အနတ္တတွေဆိုတာက မိမိကမဖြစ်စေလိုတဲ့ အနိဋ္ဌာရုံတွေက တားဆီးလို့မရဘဲဖြစ်ပေါ်လာတာဘဲ မပျက်စေလိုတဲ့ ဣဋ္ဌာရုံ=တွေကလဲ တားဆီးလို့မရဘဲပျက်စီးသွားရတာကိုဆိုပါတယ်။

၁။ ရင်းခန္ဓာငါးပါးသည် အကြောင်းပြည့်စုံက ဖြစ်ပေါ်ပြီးဖြစ်ပေါ်ရာနေရာမှတဆံချည်မျှ မရွေ့လျှားဘဲ ခဏမစဲ ချုပ်ပျက်ကုန်ဆုံးသွားရခြင်းကြောင့် (ခယဋ္ဌေန အနိစ္စံ)

၂။ ရင်းခန္ဓာငါးပါးသည် ကုသိုလ် အကုသိုလ်တရားတို့၏ ဆွဲဆောင်ရာ သံသရာ, ဝဋ္ဋ,ဒုက္ခ တည်းဟူသောဘေး အပေါင်းတို့ဖြင့်ဝန်းရံလျှက်ရှိခြင်းကြောင့် (ဘယဋ္ဌေန ဒုက္ခံ)

၃။ ရင်းခန္ဓာငါးပါးသည် ဓုဝ,သုခ,အတ္တ,သုဘ, တည်းဟူသော သာရလေးလုံးတို့မှကင်း၍ အနှစ်အသား မရှိခြင်းကြောင့်(အသာရကဋ္ဌေနအနတ္တံ)

၄။ ၎င်းခန္ဓာငါးပါးသည် ဒွါရ အာရုံ ခတ္တဆုံမှု တည်းဟူသော အကြောင်းရင်းသုံးပါးတို့တွင် တပါးပါး ချို့ယွင်းခဲ့သည်ရှိသော် ခန္ဓာဟူ၍ပင် ခေါ်ဆိုနိုင်ဘွယ်ရာ မရှိဘဲမိမိ၏ ကိုယ်ပိုင်အစွမ်းသတ္တိဖြင့် ထောက်တည်ကိုးကွယ်အားထားရာဟူ၍ တစိုးတစိမျှမရှိဘဲ လုံးလုံးဆိတ်သုဉ်းနေသောကြောင့်(သုညတအနတ္တ)ဟူ၍မှတ်ပါ။၎င်းခန္ဓာငါးပါးကိုတနည်းအားဖြင့် တပါးစီခွဲပြီး ပစ္စဝေက္ခဏာညဏ်အားဖြင့် ဆင်ခြင်သည်ရှိသော်-

၁။ ရူပက္ခန္ဓာသည် 'ရုပ္ပတီတိရူပံ' ဆိုသည့်အတိုင်း မရပ်မနား ဖေါက်ပြန်နေသဖြင့် မသိမ်းပိုက် ထိုက်ခြင်းကြောင့် (အသုဘလက္ခဏာ)

၂။ ဝေဒနာက္ခန္ဓာသည် ဖြစ်လျှင်ဒုက္ခ ချုပ်မှနိဗ္ဗာန်, ဆိုသည့်အတိုင်း ဖြစ်ပေါ်ခိုက်မှာ ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေခံစားရခြင်းဘေးအတိသာ ဖြစ်ခြင်းကြောင့်(ဒုက္ခလက္ခဏာ)

၃။ သညာက္ခန္ဓာနှင့်သင်္ခါရက္ခန္ဓာတို့သည် 'ဝေံဓမ္မတာ' ဆိုသည့်အတိုင်း၊ သူဖြစ်ခြင်သလိုဖြစ် သူပျက်ချင်သလိုပျက်၍ တွယ်တာစရာ ထောက်တည်ရာ မရှိခြင်းကြောင့်(အနတ္တလက္ခဏာ)

၄။ ဝိညာဏက္ခန္ဓာသည် မျက်စိတမှိတ်လျှပ်တပျက်၌ ကုဋေတသိန်းပျက်စီး၏ ဟု ဘုရားရှင် ဟောတော်မူတဲ့ အတိုင်း ပျက်စီး ကုန်ဆုံး ခြင်းသို့သာ ရှေးရှု နေခြင်းကြောင့် (အနိစ္စလက္ခဏာ)

## မှတ်ချက်

ဝိပဿနာ ယောဂီဟာ ကမ္မဋ္ဌာန်းတရား အားထုတ်တဲ့ အခါ ဝေဒနာကိုရှုရင် ရှေဦးစွာဝေဒနာရဲ့ အနတ္တကိုမြင် အောင် နာနာကြီးရှုပေးရမယ် ဘာကြောင့်လဲ ဆိုတော့ အနတ္တလက္ခဏာကို ပိုင်ပိုင်နိုင်နိုင်ကြီး တကယ်မြင်မှသာ သောတာပန်ဖြစ်နိုင်ပေမည်။သတိပဋ္ဌာန်လေးပါးသည် မဂ် လေးလုံး ဖြစ်ခြင်းကြောင့် သောတာပန်သည် အနတ္တကို ပိုင်နိုင်ရမည် သကဒါဂါမ်သည် အနိစ္စကို ပိုင်နိုင်ရမည် အနာဂါမ်သည် အသုဘကို ပိုင်နိုင်ရမည် ရဟန္တာသည် ဒုက္ခကို ပိုင်နိုင်ရမည် ဆိုတဲ့အတိုင်း ဒုက္ခကို တကယ်တမ်း ဆုံးခဏ်းတိုင်အောင်မြင်တယ်ဆိုရင် ရဟန္တာဖြစ်ပြီလို့ဆိုရ မယ် ဒါကြောင့် သတိပဋ္ဌာန်လေးပါးမှာ ဘယ်နှုပဿနာ ကိုဘဲရှုရှု၊ရှေးဦးစွာ ထင်တဲ့ညဏ်ဟာ အနတ္တညဏ်သာ ဖြစ် ပါတယ်၊ သို့မှသာမဂ်တက်စဉ် မှန်နိုင်မည်ဖြစ်၏ "အနိစ္စ သညိနော မေဃိယ အနတ္တသညာသဏ္ဌာတိ"ဆိုတဲ့အတိုင်း မေဃိယသုတ်မှာ အနိစ္စကိုမြင်လျှင် အနတ္တကိုလဲမြင်တယ် လို့မေဃိယ ရဟန်းကို ဟောတော်မူတာဟာ တခြား ကြောင့်မဟုပ်ပါဘူး မမြဲခြင်းသဘောဟာ အစိုးမရလို့ ဖြစ်တယ် ဆင်းရဲခြင်းအခကြောင်းဟာလဲ အစိုးမရလို့ဘဲ ဖြစ်ပါတယ် အကယ်၍ အစိုးရတယ်ဆိုရင် မြဲမှာချမ်းသာ မှာပေါ့စဉ်းစားကြည့်ပါ ဒါကြောင့် ပဌမဦးဆုံးတွေ့တဲ့မဂ် ဟာ အနတ္တကိုမြင်တဲ့ သောတာပန်ရဲ့ သုညတ မဂ်လို့

မှတ်လိုက်ပါ မမြဲတာကိုဘဲတွေ့တွေ့ ဆင်းရဲတာကိုဘဲ တွေ့တွေ့အစိုးမရမှုကိုသတိပြုရမည်။

ယခုလို ခန္ဓာငါးပါးပေါ်မှာမြင်တဲ့ ရုပ်နာမ်ရဲ့ အနိစ္စ ဒုက္ခ အနတ္တကိုသာရှုဘို့ ဘုရားကဟောတာ သမုတိနယ်က လူသေအိုးကွဲ အိမ်ပြို စသော အနိစ္စ ဒုက္ခ အနတ္တတွေက ပညတ်တုံး ဃနတုံးပေါ်မှာ မြင်တဲ့ သမုတိအနိစ္စ ဒုက္ခ အနတ္တတွေဖြစ်တယ် ဒီအနိစ္စ ဒုက္ခ အနတ္တမျိုးတွေကို သိရုံလောက်တော့ ဘုရားပွင့်ဘို့တောင် မလိုတော့ပါဘူး လူချိုးတိုင်း လူမျိုးတိုင်းသိကြသားဘဲ ဒီလိုသိရုံနဲ့ မဂ်ဖိုလ် ရနိုင်မယ်ဆိုရင် ဘာသာခြားလူမျိုးတွေလဲ မဂ်ဖိုလ် ဆိုက်ကုန်ရောပေါ့ တခုတော့ရှိတယ် သံဝေဂကမ္မဋ္ဌာန်းလောက်တော့ဖြစ်ပါတယ် မဂ်ဖိုလ်တော့မရနိုင်ဘူး-

"အနတ္တလက္ခဏံဝိနာဗုဒ္ဓုပ္ပါဒါနပညာယတိ"

ဗုဒ္ဓုပ္ပါဒါမြတ်စွာဘုရားသာသနာတော်ကို ဝိနာ ကြဉ်၍ အနတ္တလက္ခဏံ အနတ္တလက္ခဏာကို နပညာယတိ မသိမမြင်ကောင်းဘူးလို့ ဆိုတဲ့အတိုင်း ဘုရားပွင့်မှ ဟောတဲ့ အနိစ္စ ဒုက္ခ အနတ္တက ရုပ်နာမ်ခန္ဓာ့ရဲ့ခဏမစဲ ပျက်စီးကုန်ဆုံးနေတဲ့ ခဏိကမရဏ ခဏိက အနိစ္စတို့ကိုသာ ဆိုပါတယ် ဒါကြောင့် ရုပ်နာမ် ရုပ်နာမ် ဘယ်ရုပ် နာမ်လဲ အနိစ္စ အနိစ္စဘယ်အနိစ္စလဲလို့ ကွဲပြားခြားနားအောင် ဖေါ်ပြရပါတယ်။

ဒါကြောင့် ဒီခန္ဓာငါးပါး ရုပ်နာမ်တရားကိုသာ ဒုက္ခသစ္စာလို့ ဘုရားရှင်ဟောပါတယ်။ ဘာကြောင့်လဲဆိုတော့

ဒီခန္ဓာငါးပါးရဲ့သာမညလက္ခဏာရေးသုံးပါးမှာအနိစ္စခြင်းရာကဆယ်ပါးဒုက္ခခြင်းရာက နှစ်ဆယ့်ငါးပါး အနတ္တခြင်းရာကငါးပါး ပေါင်းခြင်းရာလေးဆယ်ကို ဘာဝနာပွားလိုက်တော့—

## (ဘာဝနာ–၄၀)

(ရူမေပဥ္စက္ခန္ဓာ-ဤငါးပါးသောခန္ဓာတို့သည်)

၁။ အနိစ္စာ မြဲခြင်းသဘောမရှိကုန်

၂။ အဓုဝါ ခိုင်မာခြင်းသဘောမရှိကုန်

၃။ အသာရာ အနှစ်အသားမရှိကုန်

၄။ စလာ ချွဲလျောခြင်းသဘောရှိကုန်၏

၅။ ပလောကဓမ္မာ ပျက်စီးခြင်းသဘောရှိကုန်၏

၆။ ဝိပရိဏာမဓမ္မာ ဖောက်ပြန်ခြင်းသဘောရှိကုန်၏

၇။ မရဏာ သေခြင်းသဘောရှိကုန်၏

၈။ ဝိဘဝဓမ္မာ ဆုံးရှုံးခြင်းသဘောရှိကုန်၏

၉။ သင်္ခတာ အဘန်ဘန်ပြုပြင်ခြင်းသဘောရှိကုန်၏

၁၀။ ပဘင်္ဂုဏော ဖရိုဖရဲ ပြိုကွဲခြင်းသဘောရှိကုန်၏

(အနိစ္စံ)အနိစ္စလက္ခဏာဆယ်ပါးတည်း—

(ရူမေပဥ္စက္ခန္ဓာ-ဤငါးပါးသောခန္ဓာတို့သည်)

၁။ ဒုက္ခာ ယုတ်မာညစ်ဆိုး ဆင်းရဲမျိုးတို့သာတည်း

၂။ ဘယာ ကြောက်ဘွယ်ညစ်ဆိုး ဘေးရန်မျိုးတို့ သာတည်း

၃။ ဈတိ ထိတ်လန့်စဘွယ် အန္တရာယ်မျိုးတို့သာတည်း

၄။ ဥပဒ္ဒဝေါ လွန်စွာကပ်ရပ် နှိပ်စက်တပ်သော ဥပါဒ်မျိုးတို့သာတည်း
၅။ ဥပသဂ္ဂေါ တွယ်တာစွဲကပ် ပူးဝင်တတ်သော ဥပါဒ်မျိုးတို့သာတည်း
၆။ ရောဂေါ ကျင်နာညစ်ဆိုး ရောဂါမျိုးတို့သာတည်း
၇။ အာဗါဓော နှိပ်စက်ညစ်ဆိုးအနာမျိုးတို့သာတည်း။
၈။ ဂဏ္ဍော မဖွယ်ရုပ်ဆင်း ထွင့်မြင်းအနာမျိုးတို့ သာတည်း
၉။ သလ္လာ စူးဝင်ညစ်ဆိုး မြားညှောင့်မျိုးတို့သာတည်း
၁၀။ အဃာ အကျိုးယုတ်အကျိုးမဲ့မျိုးတို့သာတည်း
၁၁။ အတာဏာ စောင့်ရှောက်မဲ့လျှင်းဘေး၏ အသင်းတို့သာတည်း
၁၂။ အလေဏာ ကွယ်ကာမဲ့လျှင်း ဘေး၏ အသင်းတို့သာတည်း
၁၃။ အသရဏာ ကိုးရာမဲ့လျှင်း ဘေး၏အသင်းတို့ သာတည်း
၁၄။ အာဒီနဝေါ ဆိုးဝါးညစ်မှု အပြစ်စုတို့သာတည်း
၁၅။ အဃမူလာ ကျိုးပဲ့ခပင်းဆင်းရဲခြင်း၏အရင်းအမြစ်တို့သာတည်း
၁၆။ ဝဓကာ လူနတ်ပြဟ္မာ သတ္တဝါကို နာရီမလပ်တွင်တွင်သတ်သည့် သူသတ်မျိုးတို့သာတည်း
၁၇။ သာသဝေါ အာသဝေါတရား လေးပါးတို့၏ အပွါးအစည်းတို့သာတည်း

၁၇။ မာယာမိသာ ကိလေသမာရ် မဇ္ဈုမရ်တို့၏ စားဖတ်ဝါးဖတ်သုံးသပ်မျိုးတို့သာတည်း

၁၉။ ဇာတိဓမ္မာ သတ္တဝါကို မညှာမငဲ့ အရွဲ့အစောင်း မကောင်းဆိုးညစ် ဖြစ်ချင်တိုင်း ဖြစ်တတ်သော သဘောရှိကုန်၏။

၂၀။ ဇရာဓမ္မာ ဆုတ်ယုတ်ရွေ့လျောခြင်း သဘောရှိကုန်၏။

၂၁။ ဗျာမိဓမ္မာ နာခြင်းသဘောရှိကုန်၏။

၂၂။ သောကဓမ္မာ စိုးရိမ်ပူပန်ခြင်းသဘောရှိကုန်၏

၂၃။ ပရိဒေဝဓမ္မာ ငိုကြွေးမည်တမ်းခြင်းသဘောရှိကုန်၏။

၂၄။ ဥပါယာသဓမ္မာ သက်ကြီးရှိုက်ငင် ပင်ပမ်းခြင်း သဘောရှိကုန်၏။

၂၅။ သံကိလေသိကဓမ္မာ တဏှာဒိဋ္ဌိဒုစရိတတို့၏ ညစ်နွမ်းခြင်းသုံးပါးကိုပွားစည်းစေတတ်သော သဘောရှိကုန်၏(ဒုက္ခံ)ဒုက္ခလက္ခဏာနှစ်ဆယ့်ငါးပါးတည်း။
(ဣမေပဉ္စက္ခန္ဓာ-ဤငါးပါးသောခန္ဓာတို့သည်)

၁။ အနတ္တာ ကိုယ်မဟုပ်အစိုးမရ အလိုသို့မလိုက်သောတရားတို့သာတည်း

၂။ ပရေ အကြွမ်းဝင်ခြင်းအမြဲကင်းသော သူစိမ်းပြင်ပတရားတို့သာတည်း

၃။ ရိတ္တာ အရိပ်အရောင်ဟူက မြူမျှမယှဉ် အစဉ်ကင်းဆိတ်သော တရားတို့သာတည်း

၄။ တုဋ္ဌာ ကောင်းမြတ်ချမ်းသာ မင်္ဂလာသုခ မြူမျှ မနီးအချီးနှီးသော တရားတို့သာတည်း
၅။ သုညာ ထောက်တည်ကိုးကွယ်ရာမျိုး တစိုးတစိ မရှိ လုံးလုံး အသုံးမကျသော တရားတို့သာ တည်း

(အနတ္တ)အနတ္တလက္ခဏာ-ငါးပါးတည်း—
ဝေ ဤသို့ လေးဆယ်ဘာဝနာ ပွါးများပါက
ဓါတ်မွဲဓါတ်ချာ ဤခန္ဓာသည် သာယာဘွယ်ဟု
ဘယ်တခုမှ သုခရှာဖွေ မရလေသည်
သန္ဓေဖြစ်ကပါမြဲတည်း........

သံသေဒဇ, အဏ္ဍဇ, ဂဗ္ဘသေယျ, ဥပပါတ်,- ဆိုတဲ့ ပဋိသန္ဓေလေးမျိုးမှာဘယ်ပဋိသန္ဓေဘဲဖြစ်ဖြစ် ခန္ဓာငါးပါး နဲ့တကွ လက္ခဏာလေးဆယ်ဟာ ပါမြဲဘဲ ယခုပွါးများတဲ့ ဘာဝနာလေးဆယ်ထဲမှာ အလိုရှိအပ်တဲ့ ချမ်းသာမှုရယ်လို့ တခုမှမပါပါဘူး ဒါကြောင့် ဒီခန္ဓာငါးပါးကို ဘုရားရှင်က (ဒုက္ခသစ္စာ)လို့ဟောတော်မူတယ် (ဒုက္ခသစ္စာ)ရဲ့အဓိပ္ပါယ် က-သံသရဝဋ္ဋဒုက္ခဆိုတဲ့ဆင်းရဲစစ်ဆင်းရဲမှန်ကြီးလို့ ဆိုတာ ပါဘဲ-ဒီခန္ဓာငါးပါးကို ကြောင်းကျိုးနဲ့တကွ ယခုလိုသိရင် သံသရဝဋ္ဋဒုက္ခကြီးကိုလဲမြင်တာပါဘဲ။

## (သံသရဝဋ္ဋဒုက္ခ)

(သံသရာ) ဆိုတာ ဒီခန္ဓာ ငါးပါးဟာ မျက်စိ, နား, နှာခေါင်း,လျှာ,ကိုယ်, မနောဆိုတဲ့ အကြည်ခြောက်ပါး မှာ အစဉ်မပြတ် တလစပ်လှည့်ပြီး ကျင်လည်နေတာကို သံသရာလို့ဆိုပါတယ်-

(ဝဋ္ဋ) ဆိုတာက ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ရယ်လို့ ဝဋ်သုံးပါးရှိတဲ့အနက်

ကိလေသဝဋ် ဆိုတာ ဒီခန္ဓာငါးပါး ဖြစ်ပေါ်လာတဲ့အခါ ဣဋ္ဌာရုံကို လိုချင်တပ်မက်တဲ့ တဏှာလောဘဖြစ်မှု အနိဋ္ဌာရုံတွေကို မလိုချင်မခံစားချင်လို့ တွန်းကန်တဲ့ဒေါသဖြစ်မှု ဒီလောဘဒေါသ တရားနှစ်ပါးဟာ သစ္စာကို မသိအောင်ဖုံးလွှမ်းတဲ့ မောဟကြောင့်ဖြစ်ရတာ- အဲဒီလောဘဒေါသမောဟတရားတွေအလှည့်ကျဖြစ်ပေါ်နေရတဲ့ ဝဋ်က (ကိလေသဝဋ်)

ကမ္မဝဋ် ဆိုတာက ဒီခန္ဓာငါးပါးမှာ ဣဋ္ဌာရုံတွေကို စံစားရအောင်ပြုလုပ်ဖန်တည်းရမှု ,အနိဋ္ဌာရုံတွေကိုမခံစားရအောင်ရှောင်ဖယ်တားဆီးရမှုဆိုတဲ့ အမှုတွေကိုစေတနာရှေ့ရှုပြီးပြုလုပ်ရတဲ့ဝဋ်က (ကမ္မဝဋ်)

ဝိပါကဝဋ် ဆိုတာက ဒီဣဋ္ဌာရုံတွေက ဘယ် လောက်ပင်ပြုပြင်ဖန်တည်းပေမဲ့ ပြုတုံးခဏသာဖြစ်ပေါ်ပြီး မတည်မြဲဘဲချုပ်ပျက်ကုန်ဆုံးသွားတာဘဲ၊ အနိဋ္ဌာရုံတွေကလဲဘယ်လောက်ပင်မလိုချင် မနှစ်သက်ငြားသော်လဲ အကြောင်းပြည့်စုံက မဖြစ်ဘဲကိုမနေဘူး ဖြစ်ပေါ်ပြန်တာဘဲ ဒီလိုရတာမလို လိုတာမရနဲ့ တပြောင်းပြန်ပြန်အဖန်တလဲလဲဖြစ်ပျက်မှုကို ခံစားစံစားနေရတဲ့ဝဋ်က (ဝိပါကဝဋ်)

(ဒုက္ခ)ဆိုတာကလဲ ဒုက္ခဒုက္ခ သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခ ရယ်လို့ဒုက္ခသုံးမျိုးရှိတဲ့အနက်

ဒုက္ခဒုက္ခ ဆိုတာ ဒီခန္ဓာငါးပါးရဲ့ မမြဲဆင်းရဲ အစိုးမရမှုကြီးက ဒုက္ခတပါး၊ ဒီခန္ဓာငါးပါးရဲ့ ဣဋ္ဌာရုံ ကို လိုချင်တပ်မက်တဲ့စိတ်ဆင်းရဲ အနိဋ္ဌာရုံကိုမဖြစ်ပေါ်စေလိုတဲ့စိတ်ဆင်းရဲတို့ကဒုက္ခတပါး ယခုလိုဒုက္ခနှစ်ပါးထပ်နေလို့ ဒီခန္ဓာငါးပါးကိုတောင့်တမှုကြောင့်ကြမှုတို့က (ဒုက္ခဒုက္ခ)

သင်္ခါရဒုက္ခဆိုတာက ဒီခန္ဓာငါးပါးမှာ ဣဋ္ဌာရုံတွေကိုရအောင်ပြုလုပ်ရမှု အနိဋ္ဌာရုံတွေကို မရအောင် ဖယ်ရှားတားဆီးရမှုဆိုတဲ့ဆင်းရဲတွေက (သင်္ခါရဒုက္ခ)

ဝိပရိဏာမဒုက္ခဆိုတာက၊ ဒီလိုဣဋ္ဌာရုံတွေကို၊ စံစားလိုက်ရ အနိဋ္ဌာရုံတွေကိုခံစားလိုက်ရနဲ့ တပြောင်းပြန်ပြန် အဖန်တလဲလဲ ဘောက်လွဲဘောက်ပြန် စံစားခံစားနေရတဲ့ဆင်းရဲက (ဝိပရိဏာမဒုက္ခ)

အဲဒီလို ဝဋ်သုံးပါး ဒုက္ခသုံးပါးတို့ဟာ ဒွါရခြောက်ပေါက်မှာ အစဉ်မပြတ် တလစပ် ကြင်လည်ကျက်စားနေမှုကို (သံသရဝဋ္ဋဒုက္ခ)လို့ဆိုပါတယ်။

## (လောကသုံးပါး)

ဒီခန္ဓာငါးပါးကို အဟုပ်တကယ်သိရင် လောကသုံးပါးကိုလဲမြင်တာပါဘဲ မြင်ပုံကတော့ လောကသုံးပါးဆိုတာ သတ္တလောက သင်္ခါရလောက ဩကာသလောကရယ်လို့ လောကသုံးပါးရှိတဲ့အနက်–

သတ္တလောက ဆိုတာ ဒီခန္ဓာငါးပါး ရုပ်နာမ်တရားဟာ အလွန်တရာမှနယ်ကျယ်ပြန့်တယ် ကျယ်ပြန့်ပုံကလော

ကီမှာ အကြီးဆုံးသောရေအစုကို မဟာသမုဒ္ဒရာလို့ ခေါ်တယ် ဒီမဟာသမုဒ္ဒရာရဲ့ နယ်အကျယ်အဝှမ်းဟာ အနက်မှာယူဇနာရှစ်သောင်းလေးထောင် အဝှမ်းမှာ စကြာဝဠာအဝှမ်းယူဇနာမျှရှိတယ်လို့ ဆိုတယ် မြင်မှုစသော ခန္ဓာငါးပါးရုပ်နာမ်တရားကြီးရဲ့ အကျယ်အဝှမ်းကိုကြည့်မယ်ဆိုရင် မြင်မှုခန္ဓာငါးပါးနှင့် ဒီခန္ဓာကိုစွဲပြီးဖြစ်တတ်တဲ့ကုသိုလ်အကုသိုလ်တရားနှစ်ပါးနဲ့ ပေါင်းတော့ ခုနှစ်ပါးရတယ် ဒီခုနှစ်ပါးကိုစါအားဖြင့်၊သတ္တ၊ဝှင်းခုနှစ်ပါးနှင့်တကွဖြစ်သောပုပ္ပရွှတ်ကိုပင်(သတ္တဝါ)ရယ်လို့ဆိုပါတယ် အဲဒီသတ္တဆိုတဲ့ကုသိုလ် အကုသိုလ် နှင့်တကွဖြစ်သော ခန္ဓာငါးပါးရုပ်နာမ်တရားကြီးရဲ့နယ်အကျယ်အဝှမ်းဟာ အောက်သို့လားသော် မဟာအဝီစိ အထက်သို့လားသော် အကနိဋ္ဌဗြဟ္မာဘုံတိုင်အောင်နက်၏ အနံမှာစကြာဝဠာ အနန္တနှင့် အမျှကျယ်၏ အလျားမှာမူ အနမတဂ္ဂသံသရာရှည်၏။

ဒီခန္ဓာငါးပါး ကုသိုလ်အကုသိုလ်တရား ခုနှစ်ပါးစုဟာ တနာရီအတွင်းမှာပင် မရေမတွက်နိုင်အောင် ဖြစ်ပေါ်ပွါးစီးနေလို့ အလွန်တရာမှ ကြီးကျယ်တဲ့ လောကကြီးဖြစ်တယ် ဒါကြောင့်ဒီခန္ဓာငါးပါးရုပ်နာမ်တရားကြီးကိုသတ္တလောကလို့ဆိုပါတယ်။

သင်္ခါရလောက ဆိုတာက (၁) မိမိကစေတနာ မပါတဲ့ အဆင်းအသံ, အနံ့စသော အာရုံတွေနဲ့ မျက်စိ, နား, နှာခေါင်း, စသော အကြည်ဓါတ်တို့ဟာ သူ့အလိုအလျောက်တွေ့ဆုံတိုက်ဆိုင်ကြတဲ့သဘောတရားတွေက-

ဖဿသင်္ခါရ။ (၂)–မိမိကမြင်လို၍ကြည့်ရှု ကြားလို၍ နားစိုက် နံလို၍ရှူရှိုက် စားလို၍ဝါးမျို ထိလို၍ကိုင်တွယ် ပွတ်သတ် သိလို၍တွေးကြံမှုပြု အဲဒီလိုစေတနာက ဦးစီး ပြီး ပြုလုပ်လို့ တွေ့ဆုံထိခိုက်ကြရတဲ့ သဘောတရားတွေက စေတနာသင်္ခါရ။ အဆုံးမှာတော့ သူကပြုတာဖဿသင်္ခါရ ကိုယ်ကပြုတာစေတနာသင်္ခါရပါဘဲ–

အဲဒီသင်္ခါရ တရားတွေဟာ အလျဉ်းသင့်သလို ပြုပြင် ပြောင်းလဲကြတဲ့ သဘောတွေကလဲ တနာရီအတွင်းမှာ မ ရေတွက်နိုင်အောင်များပြားကြီးကျယ်တဲ့ ပြုပြင်မှုလောက ကြီးကို (သင်္ခါရလောက) လို့ဆိုတယ်-

ဩကာသလောက ဆိုတာကတော့ ဒါလောက် ကြီး ကျယ်လှတဲ့ ခန္ဓာငါးပါး တည်းဟူသော သတ္တလောကနှင့် တွေ့ဆုံပြုပြင်မှု တည်းဟူသော သင်္ခါရ လောကကြီးတို့ရဲ့ တည်ရာ မှီရာ ဖြစ်ပျက်ရာဌာနကြီးဖြစ်တဲ့ မျက်စိအကြည် နားအကြည် နှာခေါင်းအကြည် စသော အကြည်ခြောက် ပါးတို့ကို (ဩကာသလောက)လို့ဆိုပါတယ်။

ဒါကြောင့် ခန္ဓာငါးပါးသည် သတ္တလောက။ ခန္ဓာငါး ပါးရဲ့ ဖြစ်မှုပျက်မှုသည် သင်္ခါရလောက။ မျက်စိစသော အကြည်ခြောက်ပါးသည် ဩကာသလောက–

ခန္ဓာ ငါးပါးတည်းဟူသော သတ္တလောကသည် အ ကြောင်းပြည့်စုံကဖြစ်ပေါ်လာပြီး ဖြစ်ပေါ်ရာမှ တဆံချည်မျှ မရွေ့လျားဘဲ ချုပ်ပျက်ကုန်ဆုံးရတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားကြီးပါဘဲ။

ခန္ဓာငါးပါးရဲ့ ဖြစ်မှုပျက်မှုတည်းဟူသော သင်္ခါရလောကသည်လည်း တနာရီအတွင်းမှာပင်မရေမတွက်နိုင်အောင် ပြောင်းလဲပျက်စီးနေရတဲ့ အနိစ္စ ဒုက္ခ အနတ္တ တရားကြီးပါဘဲ။

မျက်စိစတဲ့ အကြည်ခြောက်ပါးတည်းဟူသော သြကာသသောကသည်လည်း မြင်ခိုက်မျက်စိမှာ ကြားခိုက်နားမှာ နံခိုက်နှာခေါင်းမှာစသည်ဖြင့် ခန္ဓာငါးပါး ဖြစ်ပေါ်နေတဲ့အချိန်(ဋ္ဌီ)ခဏတွင်သာ သြကာသလောကလို့ဆိုရပြီး ခန္ဓာငါးပါးဖြစ်ပေါ်မှုချုပ်ဆုံးသည်နှင့်တပြိုင်နက် သြကာသလောကရယ်လို့မခေါ်ဆိုနိုင်ဘဲ ပျက်စီး ကုန်ဆုံးသွားရတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရား ကြီးပါဘဲ........

ဒါကြောင့် သမုတိနယ်မှာ ခေါ်ဆိုသမုတ်ရတဲ့လောကသုံးပါတို့ဟာ (၁)ဒီခန္ဓာငါးပါးနှင့်တကွဖြစ်သော ပုပုရွရွသတ္တဝါတို့၏ထုထယ်ကြီးကို(သတ္တလောက)(၂)ဒီသတ္တဝါတွေရဲ့ဖြစ်ရာဖြစ်ကြောင်း တည်းဟူသော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနဉ္စာဘိသင်္ခါရဆိုတဲ့ ပြုလုပ် ဆောင်ရွက်မှုတရားအပေါင်းတို့ကို (သင်္ခါရ လောက) (၃)- ဒီသတ္တလောက သင်္ခါရလောကတွေဟာ-၃၁-ဘုံမှာစည်ပင်ပြန့်ပွါးထွန်းကားနေလို့-၃၁-ဘုံကို (သြကာသလောက) လို့ဆိုရပါတယ်။

## (ပဟာနပရိညာစခန်း)

ယခုလိုခန္ဓာငါးပါး ရုပ်နာမ်တရားကြီးဟာ-၃၁- ဘုံလုံး

မှာ စည်ပင်ပြန့်ပွား ထွန်းကားနေတာကို အဟုပ် တကယ် ထင်မြင်လာတဲ့ ဝိပဿနာယောဂီဟာ ဒီခန္ဓာငါးပါးနဲ့ မကင်းတဲ့-၃၁-ဘုံကိုတွယ်တာတပ်မက်မှု ဘဝတဏှာနဲ့ သုခရယ်လို့ထင်နိုင်ပါအုံးမလား ဘယ်နည်းနဲ့မှမထင်နိုင်ပါဘူး ဒါကြောင့်ဒီခန္ဓာဟာ ကာမဂုဏ်ငါးပါး၌ တပ်မက်သော ယိုစီးမှု ကာမာသဝ၊ ဘဝကိုခင်တွယ်တပ်မက်သောယိုစီးမှု ဘဝါသဝ-၆၂-ပါးသောသက္ကာယဒိဋ္ဌိအယူ၌ ယိုစီးမှုဒိဋ္ဌာသဝ၊ သစ္စာလေးပါးအမှန်တရားကို မသိမမြင်နိုင်အောင် ဖုံးလွှမ်းမှု အဝိဇ္ဇာသဝတည်းဟူသော အာသဝေါတရား လေးပါးတို့၏ အပွါးအစီးသာဖြစ်ပြီးမမြဲဆင်းရဲအစိုးမရတဲ့ ဘေးအတိသာဖြစ်ခြင်းကြောင့် တပ်နှစ်သက်ဘွယ်လုံးဝမရှိတဲ့ ဝိရာဂဓမ္မကြီးသာလျှင်ဖြစ်ပါတယ်—

ဒါကြောင့် ဒီခန္ဓာငါးပါးရုပ်နာမ်တရားကြီးကို အစွဲပြုပြီး ဓမ္မစကြာဒေသနာတော်က—

ဣဒံခေါပနဘိက္ခဝေ ဒုက္ခံအရိယသစ္စံ
ဇာတိပိဒုက္ခာ ဇရာပိဒုက္ခာ ဗျာဓိပိဒုက္ခော မရဏမ္ပိ ဒုက္ခံ
အပိယေဟိသမ္ပယောဂေါဒုက္ခော ပိယေဟိ
ဝိပ္ပယောဂေါဒုက္ခော ယံပိစ္ဆံ နလဘတိတမ္ပိ ဒုက္ခံ
သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ”

ဘိက္ခဝေ ရဟန်းတို့ ဇာတိပိ ပဋိသန္ဓေ နေရခြင်းသည်လည်း ဒုက္ခာ ဆင်းရဲ၏ ဇရာပိ-အိုရခြင်းသည်လည်း ဒုက္ခာ ဆင်းရဲ၏ ဗျာဓိပိ၊နာရခြင်းသည်လည်း ဒုက္ခော ဆင်းရဲ၏ မရဏမ္ပိ သေရခြင်းသည်လည်းဒုက္ခံ ဆင်းရဲ၏ အပိယေဟိ

မချစ်မနှစ်သက်သောသူနှင့် သမ္ပယောဂေါ ပေါင်းသင်းရခြင်းသည်လည်း ဒုက္ခောဆင်းရဲ၏ ပိယေဟိ ချစ်သောသူနှင့် ဝိပ္ပယောဂေါ ကွေကွင်းရခြင်းသည်လည်း ဒုက္ခောဆင်းရဲ၏ ယံပိစ္ဆံ အကြင်လိုချင်ခြင်းကို နလဘတိ မရခဲ့တမ္ပိ ထိုသို့လိုရာမရခြင်းသည်လည်းဒုက္ခံဆင်းရဲ၏သံခိတ္တေန အကျဉ်းအားဖြင့် ပဉ္စုပါဒါနက္ခန္ဓာပိ ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် ဒုက္ခာ ဆင်းရဲကုန်၏ ဣဒံခေါပန ဤတရားစုတို့သည်ကား ဒုက္ခံအရိယသစ္စံ အရိယာတို့ သိအပ်သောဆင်းရဲစစ်မည်၏တဲ့။

ဒီနေရာမှာ=(၁)အမိဝမ်းတွင်းမှာ ကိန်းအောင်းရတဲ့ဇာတိဒုက္ခ (၂) ဆံဖြူသွားကျိုးခါးကိုင်းနားထိုင်းရတဲ့ ဇရာဒုက္ခ(၃)-၉၆- ပါးသောရောဂါစွဲကပ်လို့ ခံစားရတဲ့ ဗျာဓိဒုက္ခ (၄)တသက်မှတခါသေရတဲ့ သမုတိအနိစ္စ မရဏဒုက္ခ (၅) မချစ်မနှစ်သက်သောရန်သူနဲ့ ပေါင်းသင်းရတဲ့ အပိယေဟိသမ္ပယောဂေါဒုက္ခ (၆) ချစ်သောသူနဲ့ ကွေကွင်းခွဲခွါရတဲ့ ပိယေဟိဝိပ္ပယောဂေါဒုက္ခ (၇) ရတာမလို-လိုတာမရတဲ့ ယံပိစ္ဆံနလဘတိတမ္ပိဒုက္ခ၊

အဲဒီဒုက္ခ ခုနှစ်မျိုးတို့ကိုပုတုဇဉ်ကကောမသိဘူးလားသိကြသားဘဲ သိမှာပေါ့ သမုတိနယ်က ဒုက္ခတွေဘဲကိုးအောက်ဆုံးက နံပါတ် ဂ ဖြစ်တဲ့ပဉ္စုပါဒါနက္ခန္ဓာကိုတော့ပုတုဇဉ်အနေနဲ့ ဘယ်နည်းနဲ့မှ ဟုပ်တိုင်းမှန်ရာမသိနိုင်ဘူးယခုလို ဒုက္ခတွေကို ဒါလောက်သိရုံနဲ့တော့ ဘုရားရှင်က (အရိယသစ္စံ)အရိယာတို့မှသိအပ်တဲ့အမှန်တရားလို့ဟော

ပါ့မလား ဒါလောက်သိရုံနဲ့ အရိယာသိဖြစ်ပါမူ လူမျိုးကွဲ ဘာသာခြားတွေကအစ အကုန်လုံးအရိယာဘွေချည်းဖြစ် ကုန်မှာပေါ့ စဉ်းစားပါ အမှန်မှာတော့ ဒေသနာတော် က ဒီသမုတိဒုက္ခတွေကိုဆိုလိုတာမဟုတ်ပါဘူး အကျဉ်းအား ဖြင့်ခန္ဓာပေါ်မှာအကြုံးဝင်တဲ့ပရမတ်ဒုက္ခကိုသာ အရိယာ တို့သိအပ်တဲ့တရားလို့ ဆိုပါတယ်၊ ပရမတ်ဒုက္ခဆိုတာက- ၁-အကြည်ခြောက်ပါးမှာဖြစ်ပေါ်တဲ့ ဒီခန္ဓာငါးပါးရဲ့ ဖြစ် စက(ဇာတိဒုက္ခ)၂-ခန္ဓာငါးပါးရဲ့ဖြစ်လပ်က(ဇရာဒုက္ခ) ၃-ဖြစ်မှုပျက်မှုဘောက်ပြန်မှုတို့က(ဗျာဓိဒုက္ခ) ၄-ဖြစ်ပေါ် ရာ၌ ချုပ်ပျက်ကုန်ဆုံးသွားမှုဖြစ်ဆုံးက(မရဏဒုက္ခ) ၅-အ အလိုမရှိနှစ်သက်အပ်သော အနိဋ္ဌာရုံရဲ့ဒုက္ခဝေဒနာကို ခံ စားရတာက (အပ္ပိယေဟိသမ္ပယောဂေါဒုက္ခ)၆-အလိုရှိ နှစ်သက်အပ်သောဣဋ္ဌာရုံရဲ့ ဝေဒယိတသုခကို မခံစားရဘဲ ကွေကွင်းရတာက (ပိယေဟိဝိပ္ပယောဂေါဒုက္ခ) ၇-ယခုလို မဖြစ်ချင်တဲ့အာရုံတွေကဖြစ် ဖြစ်ချင်တဲ့အာရုံတွေကမဖြစ် ရတာ (ယံပိစ္ဆံနလဘတိတမ္ပိဒုက္ခ) ၈-အထက်ကဖော်ပြခဲ့ တဲ့ခန္ဓာငါးပါးဟာ ဝတ္ထုကာမ ကိလေသာကာမ တို့ကိုစွဲ လမ်းတတ်သော (ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခ)

ဒီလိုမြင်မှသာ ဝိပဿနာအာရုံအားဖြင့်မြင်တဲ့ဒုက္ခကို မြင်တယ်လို့ဆိုရတယ်ဒါကြောင့်- ဒီပရမတ်ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာကြီးဖြစ်ပါတယ်-

ဓမ္မစကြာဒေသနာတော်အရ ၎င်းဒုက္ခသစ္စာ၌
ပိုင်းခြားမှုပရိညာကိစ္စသုံးပါးက

(ဉာဏပရိညာ)ခန္ဓာငါးပါးကို လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဆိုတဲ့ ဋ္ဌာန်လေးချက်ဖြင့်ပိုင်းခြားမှု။

(တီရဏပရိညာ)ခန္ဓာငါးပါး၏အစအလယ်အဆုံးသုံးပါး နှင့်တကွမမြဲဆင်းရဲအစိုးမရတို့ကိုပိုင်းခြားမှု။

(ပဟာနပရိညာ) ခန္ဓာငါးပါးသည် ဝိရာဂဓမ္မကြီးဖြစ်၍ တပ်နှစ်သက်ဘွယ်မရှိခြင်းကိုပိုင်းခြားမှု။

ဒီခန္ဓာငါးပါးဒုက္ခသစ္စာတရား၌
ထင်သောဉာဏ်သုံးပါးက=

(သစ္စဉာဏ်) ဒုက္ခသစ္စာတရားကို ပိုင်းပိုင်းခြားခြား အမှန်အတိုင်းမြင်တဲ့ ဉာဏ်။

(ကိစ္စဉာဏ်) ဒုက္ခသစ္စာတရားကို မြင်အောင်ပိုင်းခြားမှု၌ စီမံဆောင်ရွက်တဲ့ဉာဏ်။

(ကတဉာဏ်) ဒုက္ခသစ္စာတရား၌ ပိုင်းခြားမှုကိစ္စပြီး စီးခြင်းသို့ရောက်ပြီလို့ သိတဲ့ဉာဏ်—

ဓမ္မစကြာဒေသနာတော်အရ ထိုဉာဏ်သုံးပါး
ထင်ရှားဖြစ်ပေါ်လာပုံက

စက္ခုံ၊ ဒုက္ခသစ္စာကိုသိမြင်သောဓမ္မစက္ခုသည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာလေ၏။

ဉာဏံ၊ ဒုက္ခသစ္စာကို ပိုင်းခြား ဝေဘန်နိုင်သော ဉာဏ်သည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာလေ၏။

ပညာ၊ ဒုက္ခသစ္စာ၏ခက်ခဲနက်နဲခြင်းတို့ကို ထိုးထွင်းနိုင်သောပညာသည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာလေ၏။

ဝိဇ္ဇာ၊ ဒုက္ခသစ္စာကိုအထူးသဖြင့် ဟုတ်တိုင်းမှန်ရာ သိ

သောသိခြင်းသည် ဥဒပါဒ် ထင်ရှားဖြစ်ပေါ်လာလေ၏။

အာလောကော၊ ဒုက္ခသစ္စာကို မသိမမြင် နိုင်အောင် ဖုံးလွှမ်းမှု မောဟတည်းဟူသော အမိုက်တိုက်ကို ဖယ်ရှား ဖျက်ဆီးစေသော အရောင်အလင်းကြီးသည် ဥဒပါဒ် ထင်ရှားဖြစ်ပေါ်လာလေ၏။

ဒုက္ခသစ္စာအခန်းပြီး၏။

# သမုဒယသစ္စာအခန်း

ယခုလိုဒွါရခြောက်ပေါက်မှာ အစဉ်မပြတ် ဖြစ်ပျက်နေတဲ့ခန္ဓာငါးပါးဟာ ဆင်းရဲစစ်ဆင်းရဲမှန်ဖြစ်တဲ့ ဒုက္ခသစ္စာတရားကြီးဘဲလို့ သိလာတော့ ဒီခန္ဓာငါးပါးကို လိုချင်တပ်မက်ခင်မင်နှစ်သက်ပါအုံးတော့မလား ငြီးငွေ့စက်ဆုတ်ပြီး မလိုချင်တော့ဘူးပေါ့ ဒီသို့မလိုချင်တဲ့ စိတ်ဟာ ပဟာနပရိညာဆိုတဲ့မဂ်ညဏ်ဘဲ မလိုချင်ရင် ဒီခန္ဓာကိုမရအောင် ဘယ်လိုလုပ်ရမလဲ ဆိုတော့ ခန္ဓာဖြစ်စေတဲ့ အကြောင်းတရားကိုရှာရမယ် ယခုဘဝမှာ လက်ရှိရထားပြီးဖြစ်တဲ့ မြင်ခိုက် ကြားခိုက်စသည်တို့မှာ ဖြစ်ပျက်နေတဲ့ ခန္ဓာငါးပါးက ရပြီးတဲ့အကျိုးတရားကြီးသက်သက်ဖြစ်နေလို့ သူ့ကိုဘယ်နည်းနဲ့မှ ပယ်သတ်လို့ရကောင်းတဲ့တရားမဟုပ်ဘူး ဒီအကျိုးတရားကို သွားသတ်ရင် မိမိကိုယ်ကို ညှင်းပမ်း နှိပ်စက်တဲ့ အတ္တကိလမထာနုယောဂ- ဖြစ်မှာဘဲ၊ ဒါကြောင့် ဒီအကျိုးတရားကိုမသတ်ဘဲ နောင်အနာဂါတ်မှာဖြစ်ပေါ်မဲ့ အလားတူအကျိုးခန္ဓာဖြစ်စေတတ်တဲ့ ယခုပစ္စုပ္ပန်မှာ(ဖြစ်ခွင့်) အကြောင်းဆိုတဲ့ အနုသယကိလေသာကိုသာ ဖြစ်ခွင့် မရအောင် ပယ်သတ်ရမယ် အကြောင်း ပြတ်မှ အကျိုး ကရပ်မယ်-

ဒီနေရာမှာ အနုသယကိလေသာရဲ့ကိန်းနေပုံကို မိမိရရ သဘောပေါက်ဘို့ လိုပါတယ်၊ အနုသယဆိုတဲ့သဘောဟာ

မိမိ၏ အဇ္ဈတ္တသန္တာန်မှာ အမြဲကိန်းအောင်း တည်ရှိနေတဲ့ တရားမျိုး မဟုတ်ပါဘူး ဖြစ်ပေါ်လာတဲ့အာရုံရယ် မသိမှု အဝိဇ္ဇာရယ် သတိမရှိမှုဥဒ္ဒစ္စရယ် ဆိုတဲ့ အကြောင်းသုံးပါး ပြည့်စုံ၍ ဖြစ်ခွင့်ရမှဖြစ်ပေါ်ရလို့သူ့ကို အနုသယကိလေ သာလို့ခေါ်ပါတယ် ဒီအနုသယဟာ ဖြစ်စ ဥပါဒ်လဲမဟုတ် ဖြစ်လယ်-ဌီလဲမဟုတ် ဖြစ်ဆုံး ဘင်လဲမဟုတ်ဖြစ်ပြီးတဲ့အတိတ် လဲမဟုတ် ဖြစ်နေဆဲပစ္စုပ္ပန်လဲမဟုတ် ဖြစ်လတံ့ အနာဂါတ် လဲမဟုတ်(ကာလဝိမုတ်)ဖြစ်ခွင့်ဆဲဆဲ အနုသယသာဟုတ်ပါ တယ် ဒါကြောင့် ပစ္စုပ္ပန်အကြောင်းဖြစ်ခွင့်အနုသယဆိုတဲ့ သမုဒယသစ္စာကို ကျကျနနသိဘို့လိုတယ်။

ဒီသမုဒယသစ္စာကိုတွေ့အောင် ပဋိစ္စသမုပ္ပါဒ်ကို ခြင်း ရာ-၂၀-အားဖြင့်ကြည့်ရမယ် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် က ဒီခန္ဓာငါးပါး ဒုက္ခသစ္စာ တရားကြီးဟာ အတိတ်က အဝိဇ္ဇာရယ် သင်္ခါရရယ် တဏှာရယ် ဥပါဒါန်ရယ် ကမ္မဘဝ ရယ်ဆိုတဲ့ အကြောင်းတရားငါးပါးကြောင့် ယခုပစ္စုပ္ပန်မှာ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့အကျိုး တရားခန္ဓာငါးပါးဖြစ်ရတယ်လို့ဟောထားတယ် အဓိပ္ပါယ် က မသိလို့တပ်မက် တပ်မက်တော့စွဲလမ်း စွဲလမ်းတော့ မရရအောင်ပြုလုပ် ပြုလုပ်တော့ကံမြောက်ပြီး အသစ်ခန္ဓာ ငါးပါးဖြစ်ရတယ်လို့ဆိုတယ်-

ဒီလိုဒေသနာတော်ကဟောထားတဲ့အတိုင်း ဟုတ်မဟုတ် မှန်မမှန်သိရအောင် ယခုပစ္စုပ္ပန်၌ မိမိသန္တာန်မှာဖြစ်ပျက် နေတဲ့ ခန္ဓာပေါ်ကို ကိုယ်ပိုင်ဉာဏ် အလုပ်သဘောနဲ့ပိုင်း

ခြားကြည့်လိုက်တော့ ခန္ဓာငါးပါးကိုပုထုဇဉ်အနေနဲ့ ဒုက္ခသစ္စာကြီးရယ်လို့မသိမှု အဝိဇ္ဇာကြောင့် မြင်ခိုက် ကြားခိုက် နံခိုက် စားခိုက် ထိခိုက် သိခိုက်တို့မှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘောဆိုတဲ့အာရုံတွေဖြစ်ပေါ်လာတဲ့အခါ=

၁၊ မျက်စိမှာဆိုရင် မိမိလိုအပ်တဲ့ အဆင်းနဲ့တွေ့ဆုံတဲ့အခါ ကြည့်ပြီးရင်းကြည့်ချင်ရင်းဘဲ မလိုအပ်တဲ့အဆင်းနဲ့ တွေ့ဆုံတဲ့အခါကျတော့မှ မျက်နှာကိုလွှဲလိုက်တယ် လက်မခံဘူး။

၂၊ နားမှာဆိုရင်လဲမိမိလိုအပ်တဲ့ အသံနဲ့တွေ့ဆုံတဲ့အခါ ကြားပြီးရင်းကြားချင်ရင်းဘဲ မလိုအပ်တဲ့ အသံတွေနဲ့တွေ့ဆုံတဲ့အခါကျတော့မှ နားမထောင်လက်မခံဘူး။

၃။ နှာခေါင်းမှာဆိုရင်လဲ မိမိလိုအပ်တဲ့ အနံ့တွေနဲ့ တွေ့ဆုံတဲ့အခါရှူပြီးရင်းရှူချင်ရင်းဘဲ မလိုအပ်တဲ့ အနံ့ဆိုးတွေနဲ့ တွေ့ဆုံတဲ့အခါ ကျတော့ နှာခေါင်း ပိတ်ထားပြီး လက်မခံဘူး။

၄။ လျှာမှာဆိုရင်လဲမိမိလိုအပ်တဲ့အရသာနဲ့ တွေ့ဆုံတဲ့အခါ စားပြီးရင်းစားချင်ရင်းဘဲ မလိုအပ်တဲ့အရသာတွေနဲ့တွေ့ဆုံတဲ့အခါကျတော့ ဝါးပြီးတဲ့အစာကိုတောင် ထွေးပြစ်လိုက်တယ် လက်မခံဘူး။

၅။ ကိုယ်မှာဆိုရင်လဲ မိမိလိုအပ်တဲ့ ဖောဋ္ဌဗ္ဗါရုံ တွေနဲ့တွေ့ဆုံတဲ့အခါ ထိပြီးရင်းထိချင်ရင်းဘဲ မလိုအပ်တဲ့အာရုံတွေနဲ့ တွေ့ထိတဲ့အခါကျတော့ နောက်ကို တွန့်ဆုတ်သွား

တယ်လက်မခံဘူး။

၆။ မနောမှာဆိုရင်လဲ မိမိလိုအပ်တဲ့ အကြံအစီတွေကို သာ တွေးတောကြံစီတယ် မလိုအပ်တဲ့ အကြံအစီတွေကို တော့ဘယ်ခါမှစိတ်ကူးထဲမှာထဲ့ပြီး မစဉ်းစားဘူး လက်မ ခံဘူး၊

ယခုလိုမြင်တိုင်း ကြားတိုင်း နံ့တိုင်း စားတိုင်း ထိတိုင်း သိတိုင်းတို့မှာ အထက်ကပြခဲ့တဲ့အတိုင်း တပ်မက်မှုတဏှာ ကဦးစီးပြီးနေတော့ ဒီအာရုံတွေကိုနောက်ထပ်တဖန်ရလိုမှု ဆိုတဲ့ ဥပါဒါန်က စွဲလမ်းလို့ မျက်စိမှာ မြင်လိုတဲ့ စေတ နာနဲ့ ကြည့်ရှုတယ် နားမှာလဲ ကြားလိုတဲ့ စေတနာနဲ့ နားစိုက်တယ် နှာခေါင်းမှာလဲ နံ့လိုတဲ့စေတနာနဲ့ ရှူရှိုက် တယ် လျှာမှာလဲစားလိုတဲ့စေတနာနဲ့ဝါးမျိုတယ် ကိုယ်မှာ လဲတွေ့ထိလိုတဲ့စေတနာနဲ့ ကိုင်တွယ်ပွတ်သပ်တယ် မနော မှာလဲ သိလိုတဲ့စေတနာနဲ့ တွေးတောကြံစည်စိတ်ကူးတယ် အဲဒီလို စေတနာ ရှေ့ရှုပြီး သင်္ခါရတရားတွေ ပြုလုပ်တော့ ဖြစ်ထိုက်တဲ့ ကမ္မဘဝကပြီးမြောက်ပါရော ဒီလိုပြီးမြောက် တော့ နောက်ထပ်အသစ်တဖန် မြင်မှုခန္ဓာ၊ ကြားမှုခန္ဓာ၊ နံ့မှုခန္ဓာ၊ စားမှုခန္ဓာ၊ ထိမှုခန္ဓာ၊ သိမှုခန္ဓာတွေ၊ တဖွါးဖွါး ဖြစ်ပျက်နေကြရပြန်တာဘဲ- မျက်စိတပေါက်ထဲမှာဘဲ မြင် လိုလို့ ကြည့်ရှုလိုက်တဲ့အခါ ပဋိစ္စသမုပ္ပါဒ် -၁၂- လုံးဟာ တပတ်လယ်သွားတယ် လယ်ပုံကမြင်လိုက်တဲ့အခါ.......

၁။ ခန္ဓာငါးပါး ဓါတ်တရားကို မသိမှု (အဝိဇ္ဇာ) ကြောင့်၂။မြင်တဲ့အာရုံပေါ်မှာတပ်မက်တဲ့ (တဏှာ)ဖြစ်

၃။ တပ်မက်တော့ နောက်ထပ်တဖန် မြင်လိုတဲ့ စွဲလမ်းမှု (ဥပါဒါန်)ဖြစ် ၄။ စွဲလမ်းတော့အသစ်တဖန်မြင်ရအောင် ကြည့်ချင်တဲ့စေတနာနဲ့ ကြည့်ရှုမှု (သင်္ခါရ) ကိုပြု ၅။ဒီလို စေတနာနဲ့ပြုတော့ကြည့်ရှုမှုရဲ့ (ကမ္မဘဝ)မြောက်ပါရော။

ယခုလိုပဋ္ဌမဒိင်ါးလုံးဖြစ်တဲ့သမုဒယသစ္စာကအကြောင်း ခံပြီး ကြည့်ချင်လို့ ကြည့်လိုက်တော့ ဒုတိယမြင်မှု ဖြစ်တဲ့ (ဝိညာဉ် နာမ်ရုပ်- သဠာယတန- ဖဿ-ဝေဒနာ) ဆိုတဲ့ ခန္ဓာငါးပါးဒုက္ခသစ္စာ အကျိုးတရားကြီး အသစ်တဖန်ဖြစ် ရပြန်တယ် ဒီအသစ်ခန္ဓာငါးပါးရဲ့ ဖြစ်ပေါ်မှုက (ဇာတိ) ချုပ်ပျက်ကုန်ဆုံးမှုက (မရဏ) ယခုလိုမြင်မှုတခုထဲမှာပင် ပဋိစ္စသမုပ္ပါဒ်-၁၂-လုံးဟာ တပတ်လည်သွားတယ်ထိုနည်း တူစွာ ကြားမှု နံမှု စားမှု ထိမှု သိမှုတို့မှာလဲ ဒီပဋိစ္စသမုပ္ပါဒ် တရားကြီးဟာ တနေ့ကိုအကြိမ်ပေါင်း အပတ်ပေါင်း မရေမ တွက်နိုင်အောင်လည်ပြီးဖြစ်ပျက်နေကြတယ်–

## ဆောင်ပုဒ်

သမုဒယကြောင့်ဒုက္ခအမှန်ပင်
သစ္စာနှစ်ပါးထင်ရှားတွေ့မြင်
အကြောင်းပြုသမျှအကျိုးကပေါ်လွှင်
ပဋိစ္စစိတ်ကညာဏ်မှာထင်

ယခုလို ပဋိစ္စသမုပ္ပါဒ်-၁၂ လုံးလည်ပြီး ဒုက္ခသစ္စာကြီး ဖြစ်ရတာဟာ အကြောင်းသမုဒယဆိုတဲ့ အနုသယ ကိလေ သာကိုလက်ခံမိလို့ဘဲ အနုသယကိလေသာဆိုတာ အကျဉ်း

အားဖြင့်-၇-ပါးရှိတယ်-

(ဒိဋ္ဌိ) ငါသူတပါး-အသက်၊လိပ်ပြာ၊ဇီဝ အကောင်အထည်ရှိတယ်လို့ယူတဲ့အယူမှား-

(ဝိစိကိစ္ဆာ) သို့လော သို့လော ယုံမှားခြင်း သံသယဖြင့်မပြတ်သားတဲ့အသိ-

(ကာမရာဂ) မြင်မှုစသော ကာမဂုဏ်ငါးပါးကိုတပ်မက်တဲ့တဏှာ-

(ပဋိဃ) လိုအပ်တဲ့ကာမဂုဏ်နဲ့ မပြည့်စုံ၍ တွန်းကန်တဲ့ဒေါသ-

(ဘဝရာဂ) ဘဝကိုတပ်မက်မှုဘဝတဏှာ-

(မာန) ဘဝစည်းစိမ်ကိုမှီ၍ထောင်လွှားတက်ကြွမှု-

(အဝိဇ္ဇာ) သစ္စာလေးပါးအမှန်တရားကိုမသိမှု-

၎င်း-၇-ပါးမှာ ကာမရာဂနှင့်ဘဝရာဂတို့က(လောဘ)၏အသင်းအပင်း၊ပဋိဃနှင့်မာနတို့က(ဒေါသ)၏ အသင်းအပင်း၊ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့က(မောဟ)၏အသင်းအပင်း၊ဒီလောဘဒေါသမောဟတို့၏ အသင်းအပင်းဖြစ်သော အနုသယကိလေသာ-၇-ပါးတို့တွင်သစ္စာလေးပါး အမှန်တရားကိုမသိမမြင်တဲ့(အဝိဇ္ဇာ)ကဖုံးလွှမ်းမှုကြောင့်ဖြစ်ကြရတယ်ဒါကြောင့် အဝိဇ္ဇာဟာအချုပ်တရားဘဲ-

ယခုလိုအဝိဇ္ဇာကအရင်းခံပြီး ပဋိစ္စသမုပ္ပါဒ် ·၁၂-လုံးဟာခြင်းရာ-၂၀-အားဖြင့် သံသရာလည်ပုံကို အောက်တွင်ပြထားသောဇယားပုံစံမှာကြည့်ပါ—

## (ပဋိစ္စသမုပ္ပါဒ်ဇယားပုံစံ)

| တိတ်–ကြောင်း | ပွန်–ကျိုး | ပွန်–ကြောင်း | နာ–ကျိုး |
|---|---|---|---|
| အဝိဇ္ဇာ -မူလ | ဝိညာဉ် | တဏှာ -မူလ | ဝိညာဉ် |
| သင်္ခါရာ | နာမ်ရုပ် | ဥပါဒါန် | နာမ်ရုပ် |
| တဏှာ | သဠာယတန | ကမ္မဘဝ | သဠာယတန |
| ဥပါဒါန် | ဖဿ | အဝိဇ္ဇာ | ဖဿ |
| ကမ္မဘဝ | ဝေဒနာ | သင်္ခါရာ | ဝေဒနာ |

## ဆောင်ပုဒ်

ခြင်းရာနှစ်ဆယ်၊ သုံးသွယ်ကာလ၊ မူလနှစ်ဖြာ၊ အလှာလေးစု၊ နှစ်ခုသစ္စာ၊ ဝဋ်မှာသုံးထပ်၊ အစပ်သုံးပါး၊ စသည်များကို ပိုင်၊ခြားဝေဘန်၊ သိရဟန်သည်၊ သံသရာမှ၊ လွတ်ကြောင်းတည်း။

၁။အတိတ်အကြောင်းငါးပါးပစ္စုပ္ပန်အကျိုးငါးပါးပစ္စုပ္ပန်အကြောင်းငါးပါးအနာဂါတ်အကျိုးငါးပါးပေါင်းခြင်းရာနှစ်ဆယ်၂။အတိတ်ကာလပစ္စုပ္ပန်ကာလ အနာဂါတ်ကာလပေါင်း၊သုံးသွယ်ကာလ၊ ၃။အတိတ်အကြောင်းမှာအဝိဇ္ဇာ မူလတပါး ပစ္စုပ္ပန်အကြောင်းမှာတဏှာမူလတပါး ပေါင်း၊မူလနှစ်ဖြာ၄။အတိတ်အကြောင်းမှာအဝိဇ္ဇာစသောအလှာတစု ပစ္စုပ္ပန်အကျိုးမှာ ဝိညာဉ်စသော အလှာတစု ပစ္စုပ္ပန်အကြောင်းမှာ တဏှာစသောအလှာတစု အနာဂါတ်အကျိုး

မှာဝိညာဉ်စသောအလွှာတစု ပေါင်း (အလွှာလေးစု) ၅။ ဝိညာဉ်စသော ပစ္စုပ္ပန်အကျိုးခန္ဓာငါးပါးနှင့် အနာဂါတ် အကျိုးခန္ဓာငါးပါးတို့က ဒုက္ခသစ္စာတပါး၊ အဝိဇ္ဇာစသော အတိတ်အကြောင်းနှင့် တဏှာစသော ပစ္စုပ္ပန်အကြောင်း ကိလေသာတို့က သမုဒယသစ္စာတပါး ပေါင်း(နှစ်ခုသစ္စာ) ၆။ အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန်တို့က ကိလေသဝဋ်။ သင်္ခါရနဲ့ ကမ္မဘဝတို့က ကမ္မဝဋ်။ ဝိညာဉ်စသော ခန္ဓာငါးပါးက ဝိပါကဝဋ် ပေါင်း(ဝဋ်မှာသုံးထပ်)၇။ အတိတ်အကြောင်း နှင့်ပစ္စုပ္ပန်အကျိုးစပ်ကြား၌ အစပ်တပါး၊ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန် အကြောင်းစပ်ကြား၌ အစပ်တပါး၊ ပစ္စုပ္ပန်အ ကြောင်းနှင့် အနာဂါတ် အကျိုးစပ်ကြား၌ အစပ်တပါး ပေါင်း (အစပ်သုံးပါး)၊

အထက်ကဇယားပုံစံအတိုင်း အတိတ်ကအကြောင်းငါး ပါးပြုခဲ့လို့ ပစ္စုပ္ပန်မှာ အကျိုးငါးပါးခန္ဓာရယ်လို့ဖြစ်ရတယ် တဖန်အတိတ်က အတိုင်း ပစ္စုပ္ပန်အကြောင်းငါးပါးကို ပြု ပြန်တော့ အနာဂါတ်ခန္ဓာသစ် အကျိုးငါးပါး ဖြစ်ရပြန် တာပါဘဲ ၎င်းခန္ဓာတို့ရဲ့ဖြစ်မှုကဇာတိ ပျက်မှုကမရဏ။

ဒီလိုမြင်ခိုက်ကြားခိုက် စသည်တို့မှာ အဝိဇ္ဇာက မသိလို့ တဏှာကတပ်မက်ပြီး ဥပါဒါန်ကစွဲလမ်းတော့ သင်္ခါရက ပြုလုပ်မှုကြောင့် ကမ္မဘဝကပြီးမြောက်၍ ဝိညာဉ်-နာမ်ရုပ် သဠာယတန-ဖဿ-ဝေဒနာဆိုတဲ့ခန္ဓာငါးပါးနဲ့ဖြစ်မှုဇာတိ ပျက်မှုမရဏ ၎င်း-၁၂-လုံးတပတ်လယ်သွားရခြင်းဟာ အ ထက်ကဇယားပုံစံမှာဖေါ်ပြတဲ့အတိုင်း မြင်ခိုက် ကြား ခိုက်

စသည်တို့မှာ မသိမှုအဝိဇ္ဇာနဲ့ တပ်မက်မှုတဏှာဆိုတဲ့မူလ နှစ်ပါးက ထိပ်ကဦးစီးပြီးနေလို့ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ စသော လောဘဒေါသမောဟတရားတွေ၏ အစွမ်းကြောင့်အပါယ် လေးပါးဝဋ်သုံးပါးကိုဆိုက်ရောက်ကြရတယ်။

ဒီပဋိစ္စသမုပ္ပါဒ်-၁၂-လုံးမှာမသိမှုအဝိဇ္ဇာရယ် တပ်မက်မှုတဏှာရယ် စွဲလမ်းမှုဥပါဒါန်ရယ် ဒီသုံးပါးက (ကိလေသဝဋ်။ဒုက္ခဒုက္ခ) ပြုလုပ်မှုသင်္ခါရရယ် စေတနာအရင်းခံတဲ့ ကမ္မဘဝရယ် ဒီနှစ်ပါးက (ကမ္မဝဋ်။ သင်္ခါရဒုက္ခ) ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ခန္ဓာငါးပါးက (ဝိပါကဝဋ်။ ဝိပရိဏာမဒုက္ခ) ဒီဝဋ်ဒီဒုက္ခတွေထပ်ခါ ထပ်ခါအဖန်တလဲလဲကျင်လည်ရတာက။သံသရာ။

ဒါကြောင့်ဒီ-၁၂-လုံးသော ပဋိစ္စသမုပ္ပါဒ် တရားကြီးဟာ (သံသရဝဋ္ဋဒုက္ခ)တရားကြီးဖြစ်ပါတယ်-

**ဆောင်ပုဒ်**

ကိလေသကြောင့်ကမ္မပြုပြင်
ဝိပါကဝဋ်မလွတ်နိုင်အင်
အဝိဇ္ဇာနှင့်တဏှာဆုံလျှင်
ခန္ဓာသစ်ဖြစ်ဘို့သာဘဲပြင်

ဒါဟာယခုပစ္စုပ္ပန်မှာ ဒိဋ္ဌဓမ္မ လက်ငင်း ဖြစ်ပျက်နေတဲ့ တရားတွေဖြစ်လို့ ယခုလိုဒီအတိုင်းမျက်ဝါးထင်ထင်တွေ့မြင် နေရတော့ ဒေသနာတော်က ဟောတဲ့အတိုင်း "အဝိဇ္ဇာတဏှာဝသေနဒွေးမူလာနိ" ဆိုတဲ့အတိုင်းအဝိဇ္ဇာနဲ့ တဏှာ မူလနှစ်ပင်ပူးပြီး အကြောင်း သမုဒယငါးလုံး အရင်းခံကာ

ကုသိုလ်အကုသိုလ် တရားတွေကို ပစ္စုပ္ပန်ဘဝမှာ ကံသုံးပါး ဖြင့် ပြောဆိုကြံစည် ပြုလုပ်လို့ရှိရင် နောင် အနာဂါတ်မှာ သံသရာခန္ဓာ ဘဝသစ်တဖန်ဖြစ်မယ် ဆိုတာကို ယုံမှားတို့ ရှိသေးသလား၊ နောက်တချက်က အတိတ်ဘဝက အဝိဇ္ဇာ စသော အကြောင်းသမုဒယငါးလုံးကြောင့် ယခုပစ္စုပ္ပန် ခန္ဓာငါးပါး အကျိုးတရားကြီးကို ရခဲ့တယ်ဆိုတာကိုကော ယုံမှားတို့ရှိသေးသလား ဘယ်နည်းနဲ့မှမရှိနိုင်ပါဘူး၊ ဒါ ကြောင့် ယခုပစ္စုပ္ပန်မှာ ထိပ်ကတကျော ဦးစီးနေတဲ့အ ကြောင်းသမုဒယငါးလုံးနှင့်တကွ ဖြစ်သော ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကာမရာဂ၊ ပဋိဃ၊ ဘဝရာဂ၊ မာန၊အဝိဇ္ဇာဆိုတဲ့အနုသယ ကိလေသာ-၇-ပါးဟာ ဒုက္ခသစ္စာတည်းဟူသော ခန္ဓာငါး ပါးရဲ့ဖြစ်ကြောင်း(သမုဒယသစ္စာ)ကြီးဖြစ်ပါတယ်—

ဒီသမုဒယသစ္စာဟာ အကျဉ်းချုံးလိုက်တော့ တကျော ဦး စီးတဲ့လောဘ၊ ဒေါသ၊ မောဟ၊ ဆိုတဲ့တရားသုံးပါးပါဘဲ ဒီ သုံးပါးဟာလဲအဟုပ်ရှိတဲ့ ပရမတ်ကိုမမြင်ဘဲ သမုတ်ရှိဖြစ် တဲ့ ပညတ်အာရုံကို အစွဲပြုပြီး ဖြစ်ရတယ် ဖြစ်ပုံက မျက်စိ မှာဆိုရင် ဘာကိုမြင်သလဲ အဆင်းကို မြင်တယ် အဆင်းကို ဘယ်လို မြင်သလဲ ဥပမာ အနီမြင်၊ အစိမ်းမြင်၊ လူမြင်၊ ခွေးမြင်၊ လှတာမြင်၊ အရုပ်ဆိုးတာမြင်ပေါ့ အဆင်းကိုမြင် တုံးကပရမတ်ကိုမြင်တာ အနီအစိမ်း စသည်တို့ကိုမြင်တာက ပညတ်အာရုံဖြစ်လာတာ။

အနီမြင်တော့ကောင်းတယ် အစိမ်းမြင်တော့မကောင်း ဘူး၊ ကောင်းတယ်ထင်တော့လိုချင်၊မကောင်းဘူးထင်တော့

မလိုချင်၊ လူမြင်တော့မြတ်တယ်၊ ခွေးမြင်တော့ယုတ်တယ် မြတ်တယ်ထင်တော့ချီးမွမ်း၊ ယုတ်တယ်ထင်တော့ ရှုံ့ချ၊ လှတာမြင်တော့နှစ်သက်တယ်၊ အရုပ်ဆိုးတာမြင်တော့ မနှစ်သက်ဘူး၊ နှစ်သက်တော့ ချစ်တယ်၊ မနှစ်သက်တော့ မုန်းတယ်၊ ကောင်းတာ၊ မြတ်တာ။ နှစ်သက်တာတွေမြင်တော့ လိုချင်တပ်မက်တဲ့ (လောဘဖြစ်) မကောင်းတာယုတ်တာ မနှစ်သက်တာတွေမြင်တော့ တွန်းကန်တဲ့ (ဒေါသဖြစ်) မြင်တော့မြင်နေတယ် ဘာရယ်ညာရယ်မှ ခွဲခြားပြီးမသိဘဲ ငေးမောတွေဝေနေတော့ပိတ်ဖုံးတဲ့ (မောဟဖြစ်။)

ဒီလောဘ ဒေါသ မောဟ တရားတွေဟာ သဘာဝအဆင်းဓါတ်ကိုဓါတ်မှန်းမသိတဲ့ အဝိဇ္ဇာကြောင့် ဖြစ်ရတာ–

နားမှာဆိုရင်လဲ ဘာကိုကြားသလဲ အသံကိုကြားတယ် အသံကိုဘယ်လိုကြားသလဲ ဥပမာ- ရေဒီယိုသံ မော်တော်ကားသံ တရားဟောသံ ဆဲဆိုသံ သီချင်းဆိုသံ ခွေးဟောင်သံကြားတာပေါ့ အသံရိုးရိုးကို ပဌမကြားတုံးက ပရမတ်ကိုကြားတာ နောက်မှ ဘာသံညာသံရယ်လို့ ပညတ်အာရုံတွေဖြစ်လာတယ်။

ရေဒီယိုသံကြားတော့ကောင်းတယ်၊ မော်တော်ကားသံကြားတော့ ဆူညံတယ်၊ ကောင်းတယ်ထင်တော့ လိုချင်၊ ဆူညံတယ်ထင်တော့မလိုချင်၊ တရားဟောသံကြားတော့ မြတ်တယ်၊ ဆဲသံကြားတော့ယုတ်တယ်၊ မြတ်တယ်ထင်တော့ချီးမွမ်း၊ ယုတ်တယ်ထင်တော့ရှုံ့ချ၊ သီချင်းဆိုသံကြားတော့

သာယာတယ် ခွေးဟောင်သံကြားတော့နားငြီးတယ် သာယာတယ် ထင်တော့ချစ်တယ် နားငြီးတယ် ထင်တော့မုန်းတယ် ကောင်းတာ မြတ်တာ သာယာတာတွေကြားတော့ လိုချင်တပ်မက်တဲ့ (လောဘဖြစ်) ဆူညံတာ ယုတ်တာ နားငြီးတာတွေကြားတော့ တွန့်းကန်တဲ့ (ဒေါသဖြစ်) ကြားတော့ကြားနေတယ် ဒါပေမဲ့ဘာရယ်လို့ ခွဲခြားပြီးမသိဘဲ ငေးမောတွေဝေနေတော့ ပိတ်ဖုံးတဲ့(မောဟဖြစ်)။

ဒီလောဘဒေါသ မောဟတရားတွေဟာလဲ သဘာဝအသံဓါတ်ကိုဓါတ်မှန်းမသိတဲ့ အဝိဇ္ဇာကြောင့် ဖြစ်ရတာဘဲ လောဘဒေါသ မောဟတရားသုံးပါးဟာ ဝိပဿနာဉာဏ်နဲ့ကြည့်မယ်ဆိုရင် မိမိ၏ကိုယ်တွင်းမှာ အစဉ်မပြတ်အမြဲတည်ရှိနေတာမဟုတ်ပါဘူး (၁) လောဘဆိုတာ ခန္ဓာပေါ်မှာဣဋ္ဌာရုံနဲ့တွေ့လို့ နှစ်သက်တွယ်တာစရာရှိမှ ဖြစ်ပေါ်လာပြီး မိမိ လိုအင်ဆန္ဒပြည့်ဝတာနဲ့ တပြိုင်နက် အလိုလိုချုပ်ပျက်ကုန်ဆုံးသွားရတဲ့အနိစ္စတရား ဒုက္ခတရား အနတ္တတရားကြီးဖြစ်တယ်။ (၂) ဒေါသဆိုတာကလဲ ခန္ဓာပေါ်မှာ ဖြစ်ပေါ်တဲ့အနိဋ္ဌာရုံနဲ့တွေ့မှ တွန်းကန်တဲ့စိတ်ခတွေဖြိုးကနဲပေါ်ပေါက်လာပြီး အနိဋ္ဌာရုံ ပျောက်ကွယ်သွားတာနဲ့ တပြိုင်နက် အလိုလို ချုပ်ပျက်ကုန်ဆုံး သွားရတဲ့ အနိစ္စတရား ဒုက္ခတရား အနတ္တတရားကြီးသာဖြစ်ပါတယ်။ (၃) မောဟဆိုတာကလဲ အာရုံပေါ်မှာစူးစိုက်မှုမရှိဘဲ ဥဒ္ဓစ္စဆိုတဲ့စိတ်ပြန့်လွင့်မှုကြောင့် ဖြစ်ပေါ်ရတာ၊ သတိဆိုတဲ့၊ စေတသိက်တရားပေါ်ပေါက်လာတာနဲ့တပြိုင်နက် အလိုလို ချုပ်ပျက်

ကုန်ဆုံးသွားရတဲ့ အနိစ္စတရား ဒုက္ခတရား အနတ္တတရားကြီး သာဖြစ်ပါတယ်။

ယခုလို လောဘ ဒေါသ မောဟ တရားတွေဟာ ဒွါရ ခြောက်ပေါက်မှာ ဘာကြောင့်ဒီလို အလှည့်ကျ ဖြစ်ပေါ်ရ သလဲဆိုတော့ ပုထုဇဉ်အနေနဲ့ ဒီသမုဒယသစ္စာကြီးကို မသိ မမြင်တဲ့အဝိဇ္ဇာက ဦးစီးနေလို့ဘဲ ဖြစ်ပါတယ် ဒီအဝိဇ္ဇာက မြင်ခိုက်ကြားခိုက် စသည်တို့မှာ ပရမတ် သဘာဝအတိုင်း ဟုပ်တိုင်းမှန်ရာကို မသိမှုကြောင့် ပညတ်အာရုံပေါ်မှာ ချစ် ဘွယ်မုန်းဘွယ်တွေဖြစ်ပြီး ငါမြင်တယ်ငါကြားတယ်စသည် ဖြင့် အဟုတ်တကယ် ရှိတဲ့ (ဓါတ်)ကို အဟုပ်တကယ်မရှိတဲ့ (ငါ)နဲ့ ပူးပေါင်းရောထွေးပြီး အယူမှားတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ အသိမှားတဲ့ စိတ္တဝိပ္ပလ္လာသ၊ အမှတ်မှားတဲ့သညာဝိပ္ပလ္လာသ တွေကြောင့် အမှားသက္ကာယတွေဖြစ်ရတာဘဲ-

## (သညာ-၄-ပါးနှင့် ဝိပ္ပလ္လာသ-၁၂-ပါးဖြစ်ပုံ)

ပုထုဇဉ်အာရုံမှာ ဃနတို့ပညတ်တို့ မကွာတော့သညာ ၄-ပါးစွဲကပ်နေတယ် စွဲဟပ်ပုံက=

၁။ မြင်သောကြားသောအဆင်းအသံတို့သည် ခိုင်မြဲ၏ ဟုမှတ်ထင်တာက (နိစ္စသညာ)

၂။ အဆင်းအသံကို မြင်နေကြားနေရခြင်းသည် ချမ်း သာ၏ဟုမှတ်ထင်တာက (သုခသညာ)

၃။ ငါ၌မြင်နိုင်ကြားနိုင်သောအစွမ်းသတ္တိ အခိုင်အမာ ရှိ၏ဟုမှတ်ထင်တာက (အတ္တသညာ)

၄။ အဆင်းအသံစသော အာရုံတို့သည် သိမ်းပိုက်တပ်နှစ်သက်ဘွယ်ဖြစ်၏ဟုမှတ်ထင်တာက (သုဘသညာ) ထိုကဲ့သို့အမှတ်မှားတဲ့သညာဝိပ္ပလ္လာသက-၄-ပါး
အသိမှားတဲ့ စိတ္တဝိပ္ပလ္လာသ က............၄-ပါး
အယူမှားတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ က............၄-ပါး
ပေါင်း- ဝိပ္ပလ္လာသ ..........................၁၂-ပါး

ယခုလိုဝိပ္ပလ္လာသသုံးပါးကို သညာလေးပါးနဲ့မြှောက်တော့ ပေါင်းဝိပ္ပလ္လာသ ၁၂ ပါးဖြစ်ပွါးတယ်ဒီဝိပ္ပလ္လာသတရားတွေဟာ ပရမတ်တရားသုံးပါး၌ရုပ်ပရမတ်မှာ၊ သညာဝိပ္ပလ္လာသ အမှတ်မှားစွဲတယ်၊ စိတ်ပရမတ်မှာ (ဒိဋ္ဌိဝိပ္ပလ္လာသ) အယူမှားစွဲတယ်၊ စေတသိက်ပရမတ်မှာ (သညာဝိပ္ပလ္လာသ) အသိအမှားစွဲတယ်၊ ဒီလိုယူမှားသိမှားမှတ်မှားဆိုတဲ့ဝိပ္ပလ္လာသတရားတွေကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ပေါ်မှာ အမှားသက္ကာယဒိဋ္ဌိတွေဖြစ်ရတယ်—

## သက္ကာယဒိဋ္ဌိနှင့်၄

ဒီနေရာမှာ သက္ကာယဒိဋ္ဌိရဲ့အကြောင်းကို အနည်းငယ်ရှင်းပြလိုပါတယ်-(သက္ကာယဒိဋ္ဌိ) ဆိုတဲ့အဓိပ္ပါယ်က(သ) ရှိတာ(ကာယ) ကိုယ်ထယ် (ဒိဋ္ဌိ) အယူ-ပေါင်းလိုက်တော့ (အထယ်ကိုယ်ရှိတယ်လို့ယူတဲ့အယူ) ဒီသက္ကာယဆိုတာကလဲ နှစ်မျိုးနှစ်စားရှိပါတယ် ပဌမတမျိုးက အဟုပ်အမှန်ရှိတဲ့ ရုပ်နာမ်ခန္ဓာကို ဝိပ္ပလ္လာသတရားတွေဖုံးလွှမ်းပြီးငါမြင် ငါကြား ငါ့ဥစ္စာ ငါ့ပစ္စည်း ငါ့အသက် ငါ့ဇီဝ စသည်

## စာမျက်နှာ ၁၀၄၊ စာကြောင်းရေ ၉-မှ၊ ပြင်ဆင်ဖတ်ရှုရန်

၁-ရုပ်ပရမတ်မှာ(သညာဝိပ္ပလ္လာသ)အမှတ်မှားစွဲတယ်၊
၂-စိတ်ပရမတ်မှာ(စိတ္တဝိပ္ပလ္လာသ)အသိမှားစွဲတယ်၊
၃၊- စေတသိက် ပရမတ်မှာ(ဒိဋ္ဌိဝိပ္ပလ္လာသ)အယူမှားစွဲတယ်၊

---

ဖြင့် သုတာက ၊အမှားသက္ကာရ၊ ဒုတိယတမျိုးကတော့ မိမိ၏သဏ္ဍာန်၌ရှိသောအကြည်ခြောက်ပါးပေါ်မှာဖြစ်ပျက်နေတဲ့ခန္ဓာငါးပါး၌ ရူပကာယ-နာမကာယဆိုတဲ့ရုပ်တရားကိုယ်နာမ်တရားကိုယ်သာရှိတယ်လို့ ယူတာက၊ အမှန်သက္ကာယ၊ လို့ဆိုပါတယ် အမှားသက္ကာယဒိဋ္ဌိဖြစ်ပုံကိုကြည့်မယ်ဆိုရင်-

၁၊ ခန္ဓာငါးပါးကို(ငါ)မှတ်ထင်၊ ၂၊ (ငါ) ကိုခန္ဓာငါးပါးလို့မှတ်ထင်၊ ၃၊ ခန္ဓာငါးပါးထဲမှာ(ငါ)ရှိ၊၄၊ (ငါ)ထဲမှာခန္ဓာငါးပါးရှိ၊ ၎င်းသက္ကာယဒိဋ္ဌိလေးပါးသည်၊ ခန္ဓာတပါး၌ လေးပါးစီစွဲသောကြောင့် ခန္ဓာငါးပါး၌သက္ကာယဒိဋ္ဌိပေါင်း အကျဉ်းအားဖြင့်-၂၀-ဖြစ်၏၊

အကျယ်အားဖြင့်စွဲပုံကတော့ ရုပ်-၂၈ပါးမှာ ၄ပါးစီစွဲ၍ ရုပ်၌ ၁၁၂ ပါး၊ မြင်မှုစသော ဝေဒနာခြောက်ပါးမှာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခ မသုခဝေဒနာရယ်လို့ သုံးမျိုးစီရှိကြလို့ဝေဒနာပေါင်း-၁၈-ပါးဖြစ်တယ် ဒီ၁၈ပါးမှာ-၄-ပါးစီစွဲသောကြောင့် ဝေဒနာ၌ ၇၂ ပါး၊ မြင်မှုစသော သညာခြောက်ပါးမှာ ၄-ပါးစီ စွဲသောကြောင့် သညာ၌ ၂၄-ပါး၊ သင်္ခါရခြောက်ပါး၌ ၂၄ ပါး၊ ဝိညာဉ်

၆-ပါး၌ ၂၄-ပါးစွဲတယ်ဒါကြောင့် ရူပက္ခန္ဓာမှာ-၁၁၂-ပါး နာမက္ခန္ဓာလေးပါးမှာ ၁၄၄-ပါး ပေါင်း။ မျက်စိစသော ဒွါရခြောက်ပေါက်မှာ ၂၅၆-ပါးသောသက္ကာယဒိဋ္ဌိစွဲတယ်

## ပပဉ္စတရားသုံးပါးဖြစ်ပုံ

ဒီလိုသက္ကာယဒိဋ္ဌိအယူနဲ့ (ငါ)တွေရှိနေလို့ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ဂါဟသုံးပါးဖြစ်ရပုံက—

၁။ မြင်တဲ့ကြားတဲ့အရာဝတ္ထုတို့သည် (ငါ့) ဟာဖြစ်တယ် (ဧတံမမ)တဏှာငါ-

၂။ မြင်နိုင်ကြားနိုင်တဲ့အစွမ်းသတ္တိ (ငါ့) မှာရှိတယ် (ဧသောဟမသ္မိ)မာနငါ-

၃။ မြင်တာကြားတာတွေဟာ (ငါ) ကမြင်တာကြားတာဘဲ (ဧသောမေအတ္တာ) ဒိဋ္ဌိငါ—

## (အဆင်းအာရုံတခုကိုမြင်လိုက်တယ်ဆိုရင်ဘဲ)

၁။ အတုံးလိုက်အခဲလိုက်ကြီးကိုမြင်သိတာ -ဃနပညတ်
၂။ ခြေလက်ဦးခေါင်းမျက်စိနားရယ်လို့သိတာ သမူဟပညတ်-
၃။ မောင်နီဘဲ၊ မိဖြူဘဲလို့သိတာ—နာမပညတ်
၄။ ယောကျ်ားဘဲ၊ မိမ္မဘဲလို့သိတာ-ပုဂ္ဂလပညတ်
၅။ ငယ်စဉ်ကမောင်နီဟာ၊ ယခုမောင်နီဘဲလို့သိတာ အတ္တပညတ်-
၆။ သွားသူ၊ ရပ်သူ၊ ထိုင်သူ၊ အိပ်သူ၊ မောင်နီချည့်ဘဲ သန္တတိပညတ်—

၇။ ပိန်တယ်၊ ဝတယ်၊ ဆူကြုံ၊ နိမ့်မြင့်၊ ကိုသိတာ
သဏ္ဌာနပညတ်-
၈။ လူဘဲ၊ နတ်ဘဲ၊ စသည်ဖြင့် သိတာ-သတ္တပညတ်........
ဒီပညတ်-၈-ပါးဟာ မြင်သိစိတ်နာမ်ပေါ်မှာစွဲတဲ့ (ဒိဋ္ဌိ) ချစ်စရာ မုန်းစရာဆိုတာက အဆင်းရုပ်ပေါ်မှာစွဲတဲ့ (တဏှာမာန) မြင်ခါစဖြစ်တဲ့ ရုပ်နာမ်ခန္ဓာက ပရမတ်၊ ဒီပရမတ်ကို ပိုင်းခြားပြီး သိလိုက်တာနဲ့ တပြိုင်နက် အထက် ကပညတ်=၈=လုံးဟာ အလိုလိုကွာသွားတာဘဲ ပညတ်ကချက်မြင်၊ ပရမတ်က ဉာဏ်မြင်။

## ဆောင်ပုဒ်

ပညတ်မကွာသံသရာ၊ ဘယ်ခါမလွတ်ပါ၊
ပရမတ်ဆန်ဆန်အယူသန်၊ လာရန်အဝီစိမှာ
ပညတ်ကိုသိပရမတ်မိ၊ ခေါ်၏မဇ္ဈိမာ

ယခု အားထုတ်ကြတဲ့ သောတာပတ္တိမဂ်မှာ တဏှာငါ မာနငါ ဒိဋ္ဌိငါ ဆိုတဲ့-၃-ခုထဲက ဒိဋ္ဌိငါသာ ပြုတ်နိုင်တယ် မှတ်ပါ။

## ဆောင်ပုဒ်

အရိယာမှာ ငါသုံးငါ၊ ဘယ်ငါစ၍ပြုတ်သနည်း
သောတနှင့်သကဒါဒိဋ္ဌိငါ၊ ဉာဏ်မှာစ၍ပြုတ်သတည်း
အနာဂါမ်မှာတဏှာငါ၊ တွယ်တာကင်း၍ပြုတ်သတည်း
ရဟန္တာမှာငါသုံးငါ၊ ပယ်ကာသတ်၍ချုပ်သတည်း
ယခုလို တဏှာ မာနဒိဋ္ဌိဆိုတဲ့ပပဉ္စတရားတွေ့ရဲ့ဆွဲဆောင်

ရာကို မပါရလေအောင် ပစ္စုပ္ပန်မှာ တဏှာဦးစီးနေတဲ့ အကြောင်းသမုဒယသစ္စာကို ပိုင်ပိုင်နိုင်နိုင်သိမှသာ ဒီတဏှာရဲ့ ချုပ်ကြောင်း လမ်းစဉ်ဖြစ်တဲ့ မဂ္ဂသစ္စာကို ပွါးများရာမှာ လမ်းမှန်ကိုရောက်နိုင်ပါတယ် အဲဒီတဏှာတည်းဟူသောသမုဒယသစ္စာကတော့-

၁။ မြင်လို့၊ ကြားလို့၊ နံလို့၊ စားလို့၊ ထိလို့၊ ဆိုတဲ့ကာမဂုဏ်ငါးပါးကိုတပ်မက်မှု (ကာမတဏှာ)

၂။ နောင်တမလွန်ဖြစ်သော ဘဝကိုတပ်မက်မှု သဿတဒိဋ္ဌိနဲ့ယှဉ်သော (ဘဝတဏှာ)

၃။ နောင်ဘဝဆိုတာလုံးဝမရှိဟု ဒါနသီလကိုတောင်အားမကိုးတဲ့ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သော၊ ဝိဘဝတဏှာ၊

ယခုလိုတဏှာသုံးပါးရှိတယ်ဒီတဏှာသုံးပါးစသော သမုဒယသစ္စာကိုမြတ်စွာဘုရားဒေသနာတော်က—

"ဣဒံခေါ ပနဘိက္ခဝေ၊ ဒုက္ခသမုဒယံ၊ အရိယသစ္စံ၊
ယာယံတဏှာ၊ ပေါနောဗ္ဘဝိကာ၊ နန္ဒီရာဂသဟဂတာ
တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ
ဘဝတဏှာ၊ ဝိဘဝတဏှာ"

ဘိက္ခဝေ ရဟန်းတို့ ယာယံတဏှာ အကြင်လောဘသည် ပေါနောဗ္ဘဝိကာ တဖန်ဘဝသစ်ကို ဖြစ်စေတတ်သော သဘောရှိကုန်၏။ နန္ဒီရာဂသဟဂတာ နှစ်သက်တပ်မက်ခြင်း ဖြစ်၍နေ၏။ တတြတတြာဘိနန္ဒိနီ ထိုထိုအာရုံတို့၌ မြူးခုံပြေးလွှားကျက်စားသာယာ၍နေ၏။ ဣဒံ၊ ဤတဏှာသည် သေယျထာ အဘယ်နည်း၊ ကာမတဏှာ ကာမဂုဏ်ငါးပါး၌

ခံမင်တပ်မက်၍နေသောတဏှာသည်၎င်း၊ ဘဝတဏှာ ဘဝ ဆိုတာကေ်ာရှိ၏ဟူ၍ သဿတဒိဋ္ဌိနှင့်ယှဉ်သော တဏှာသည် ၎င်း၊ ဝိဘဝတဏှာတမလွန်ဘဝဆိုတာလုံးဝမရှိဟူ၍ ဥစ္ဆေဒ ဒိဋ္ဌိနှင့်ယှဉ်သောတဏှာသည်၎င်း၊ ဤဒံခေါပနဓမ္မဇာတံ ၍ တဏှာသုံးပါး စသော အနုသယ- ၇-ပါး သဘောတရားတို့ သည် ဒုက္ခသမုဒယံ ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အရိယသစ္စံ၊ အရိယာတို့ ပယ်သတ်အပ်သော အမှန်တရား မည်၏တဲ့=

## ဒီသမုဒယသစ္စာမှာပယ်မှုပဟာနကိစ္စသုံးပါးက

၁။ မြင်မှုကြားမှုတို့၌ ကာမဂုဏ်ငါးပါးကိုတပ်မက်တဲ့၊ ကာမတဏှာ ကိုပယ်မှုကိစ္စ

၂။ လက်ရှိဘဝထက် ထူးကဲသောဘဝကို တပ်မက်တဲ့၊ ဘဝတဏှာကိုပယ်မှုကိစ္စ

၃။ နောင်တမလွန်ဘဝမရှိဟူ၍ လက်ရှိဘဝကိုသာတပ် မက်ပြီးနေတဲ့ ဝိဘဝတဏှာကိုပယ်မှုကိစ္စ။

## ဒီသမုဒယသစ္စာ၌ထင်တဲ့ဉာဏ်သုံးပါးက

(သစ္စဉာဏ်) သမုဒယသစ္စာကို ပယ်ရမယ်လို့ အမှန် အတိုင်း သိတဲ့ဉာဏ်၊

(ကိစ္စဉာဏ်) သမုဒယသစ္စာကို ပယ်ရာမှာ စီမံဆောင် ရွက် ထိုးထွင်းတဲ့ဉာဏ်၊

## (ကတဉာဏ်) သမုဒယသစ္စာကို ပယ်မှုကိစ္စပြီးစီးခြင်း သို့ရောက်ပြီလို့ သိတဲ့ဉာဏ်၊

ဓမ္မစကြာဒေသနာတော်အရ ထိုဉာဏ်သုံးပါး
ထင်ရှားဖြစ်ပေါ်လာပုံက=

စက္ခုံ၊ သမုဒယသစ္စာကို တွေ့မြင်သော ဓမ္မစက္ခုသည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာလေ၏-

ဉာဏံ၊ သမုဒယသစ္စာကိုငြီးငွေ့စက်ဆုတ်သောမဂ်ဉာဏ်သည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာလေ၏-

ပညာ၊ သမုဒယသစ္စာ၏ ပဋိစ္စသမုပ္ပါဒ်ကို ထိုးထွင်းနိုင်သောပညာသည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာ

လေ၏

ဝိဇ္ဇာ၊ သမုဒယသစ္စာ၏ အပြစ်အာဒီနဝကို ဟုပ်တိုင်းမှန်ရာသိခြင်းသည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာလေ၏

အာလောကော၊ သမုဒယသစ္စာကို မသိမမြင်နိုင်အောင်ဖုံးလွှမ်းမှုမောဟတည်းဟူသော အမိုက်တိုက်ကြီးကို ဖယ်ရှားဖျက်ဆီးစေသော အရောင်အလင်းကြီးသည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာလေ၏။

(သမုဒယသစ္စာအခန်းပြီး၏)

# မဂ္ဂသစ္စာအခန်း

မြင်မှုစသောဒီခန္ဓာငါးပါးမှာ ကံသုံးပါးအားဖြင့် ပြုလုပ် ဖန်တည်းတဲ့လက်သယ်ကိုရှာလိုက်တော့-

၁။ ရုပ်က ဘောက်ပြန်တဲ့သဘော ဘဲရှိတယ်

၂။ ဝေဒနာက အာရုံပေါ်မှာခံစားရုံဘဲခံစားတယ်

၃။ သညာကဝေဒနာပေါ်မှာခွဲခြားမှတ်သားတာဘဲရှိတယ်

၄။ ဝိညာဉ်ကလဲ(ပဘဿရံ)ဆိုတဲ့အတိုင်း အလွန်သန့်ရှင်း ကြည်လင်ပြီး အာရုံကိုသိရုံဘဲသိတတ်တယ်။

၅။ သင်္ခါရကသာ သန့်ရှင်း ကြည်လင်တဲ့စိတ်ကို အရောင် ပြောင်းလဲစေပြီး ခန္ဓာသစ်ဖြစ်အောင် ကံသုံးပါးဖြင့် ပြုလုပ်ဖန်တည်းတတ်တဲ့ လက်သယ် တရားခံဖြစ်တယ်။

လူတိုင်း လူတိုင်းမှာ မနောနဲ့ပြုတဲ့ စိတ္တသင်္ခါရ။ နှုပ်နဲ့ပြု တဲ့ ဝစီသင်္ခါရ။ ကိုယ်နဲ့ပြုတဲ့ ကာယသင်္ခါရတွေနဲ့၊ အတိတ် က ပြုခဲ့တဲ့ ကံပေါင်းအနန္တ ကိန်းအောင်းနေတယ်၊ အဲဒီ ကံအရှိန်တွေက မကုန်နိုင်တဲ့ အထဲမှာ၊ နောက်ထပ် ကံသစ် တွေကို ထပ်ခါထပ်ခါ ပြုလုပ်ကြလို့ သံသရာ မဆုံးနိုင်ကြ တာဘဲ၊

ဒီကံသုံးပါးမှာ"ဝိတိက္ကမ ကိလေသာ"ဆိုတဲ့ ကာယကံနဲ့ ဝစီကံ နှစ်ပါးကို ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ အကျဉ်းအားဖြင့်=၂၂၇-သွယ်သော သိက္ခာပုဒ်၊ အကျယ် အားဖြင့် ကုဋေကိုးထောင်တရာ့ ရှစ်ဆယ်၊ သုံးသိန်း ငါး သောင်း ခြောက်ထောင်-ဆိုတဲ့ သိက္ခာပုဒ်တို့က ပယ်သတ်

တယ်၊ ဒီသိက္ခာပုဒ်တွေက မနောကံကိုတော့ မပယ်သတ်နိုင်ပါဘူး"ပရိယုဋ္ဌာန ကိလေသာ"ဆိုတဲ့ မနောကံကို ကသိုဏ်း ၁၀-ပါး၊ နုဿတိ ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အပ္ပမညာ ၄-ပါး၊ အာရုပ္ပ ၄-ပါး၊ အဟာရေပဋိကူလသညာ ၁-ပါး၊ ဓမ္မဝဝတ္ထာန် ၁-ပါး၊ ပေါင်း သမထ ၄၀ ဆိုတဲ့၊ လောကီစျာန်တရားကမှ ပယ်သတ်နိုင်ပါတယ်၊ အဲဒီကာယကံ ဝစီကံ မနောကံ ဆိုတဲ့ ကံသုံးပါးလုံးကို ဖြစ်ပေါ်စေနိုင်တဲ့ ရေသောက်မြစ်နဲ့တူသော "ဖြစ်ခွင့်အနုသယကိလေသာ" မျိုးစေ့ကို ဝိပဿနာ ရှုမှတ်မှု မဂ်တရားကြီးကမှ ပယ်သတ်နိုင်ပါတယ်။ ဒီဖြစ်ခွင့် အနုသယ ကိလေသာ မျိုးစေ့ကြောင့်၊ ပရိယုဋ္ဌာန ကိလေသာဆိုတဲ့ မနောကံက ဆူပွက်လို့ ဝိတိက္ကမကိလေသာ ဆိုတဲ့ ကာယကံ ဝစီကံတို့က လွန်ကျူးရတယ်၊ ဒါကြောင့်(လွန်ကျူးဆူပွက် မျိုးမပျက် သုံးချက်ကိလေသာ) လို့ဆိုပါတယ်။

ဒါကြောင့် ဒီဝိပဿနာ ရှုမှတ်မှု မဂ်တရားကြီးဟာ ကာယကံ ဝစီကံ မနောကံ တည်းဟူသော· ကံ သုံးပါးလုံးကိုဖြစ်စေတဲ့ ဖြစ်ခွင့် အနုသယကိလေသာ မျိုးစေ့ကို ပယ်သတ်နိုင်တဲ့အပြင်၊ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေ ဆိုတဲ့ ဣန္ဒြေခြောက်ပါးကို အစိုးရတဲ့ ဣန္ဒြိယ သံဝရ သီလကြီးလဲ ဖြစ်ပါတယ်။

ဒီတဏှာအစရှိသော သမုဒယသစ္စာဆိုတဲ့ အနုသယကိလေသာ ၇=ပါးဟာ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားကို ဖြစ်စေတဲ့ လက်သယ်စင်စစ် ဖြစ်တယ် ဒါဖြင့် ဒီအနုသယ ကိလေသာကို

မဖြစ်အောင် ဘယ်ပုံဘယ်နည်းနဲ့ ပယ်သတ်ရမလဲဆိုတော့။

မျက်စိမှာ မြင်တိုးမြင်ခိုက် နားမှာ ကြားတိုးကြားခိုက် နှာခေါင်းမှာနံ့တိုးနံ့ခိုက် လျှာမှာစားတိုးစားခိုက် ကိုယ်မှာ ထိတိုးထိခိုက် မနောမှာသိတိုးသိခိုက်တို့မှာ မဂ္ဂင်ရှစ်ပါးနှင့် တကွဖြစ်သော (သမ္မာသတိ) ဦးဆောင်ပြီးသိမှတ် သိမှတ် နေရမယ်=

(မှတ်ချက်) ဒီနေရာမှာ(မနောမှာသိတိုးသိခိုက်)လို့ဆို တော့ စိတ်ဆိုတာ "ကေစာရံ"တစိတ်ခြင်းသာ ဖြစ်တတ် သော ဆိုတဲ့အတိုင်း ပဥ္စမဦးဆုံးတွေ့တောကြုံစီလို့သိတဲ့စိတ် ကရှေ့စိတ်၊ သတိနဲ့ယှဉ်ပြီးအမှတ်ပြုတဲ့စိတ်က နောက်စိတ်၊ မြင်ခိုက်ကြားခိုက်တို့မှာလဲ ထိုနည်းအတိုင်းဘဲ သူ့စိတ်နဲ့ သူ ကိုပြန်ပြီးမှတ်လို့ ရကောင်းတာမဟုပ်ဘူး မြင်သိတဲ့စိတ်က ရှေ့စိတ်၊ သတိနဲ့ယှဉ်ပြီး အမှတ်ပြုတဲ့စိတ်က နောက်စိတ် ကြားသိတဲ့စိတ်က ရှေ့စိတ်၊သတိနဲ့ယှဉ်ပြီး အမှတ်ပြုတဲ့စိတ် ကနောက်စိတ်၊နာမက္ခန္ဓာလေးပါးမှာပါတဲ့ သညာက္ခန္ဓာဆို တာဟာ ပညတ်အာရုံပေါ်မှာအမှားကိုအမှတ်ပြုတဲ့'သညာ စေတသိက်'သာဖြစ်တယ်၊ ဝိပဿနာရှုမှတ်ခိုက်မှာ သမ္မာ သတိနဲ့ယှဉ်ပြီး ပရမတ်အာရုံပေါ်မှာ အမှန်ကို အမှတ်ပြုတဲ့ စေတသိက်က'ပညိန္ဒြေစေတသိက်'ဖြစ်ပါတယ် ယခုလိုကွဲကွဲ ပြားပြားသိထားဘို့လိုတယ်။

ဒီလိုမြင်ခိုက် ကြားခိုက် နံ့ခိုက်စသည်တို့မှာ မြင်သိမှတ် ကြားသိမှတ် နံ့သိမှတ် ယခုလိုမှတ်နေတော့မြင်တာက(ရုပ်) သိတာက (နာမ်)မှတ်တာက(ဉာဏ်)ဒီလိုရုပ်နာမ်နှစ်ပါးဘဲ

ညာဏ်မှာထင်တယ် တနည်းကါး မြင်တာက(ရုပ်)သိတာက (စိတ်)မှတ်တာက(စေတသိက်)ဒီလိုစိတ် စေတသိက် ရုပ်ဆိုတဲ့ပရမတ်တရားသုံးပါးဖြစ်တဲ့ မြင်သိမှတ်ကလေးတွေဖြစ်နေတဲ့အချိန်မှာ အာရုံတွေပေါ်မှာ ကောင်းတာဆိုးတာ ချစ်ဘွယ်မုန်းဘွယ်ရယ်လို့ ခွဲခြားသတ်မှတ်မှုဖြစ်နိုင်ပါအုံးတော့မလား ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး ဒီလိုချစ်ဘွယ်မုန်းဘွယ်မဖြစ်ရင်တဏှာအစရှိတဲ့ အနုသယကိလေသာတွေဟာတခါသိမှတ်လိုက်ရင်တကြိမ်ဖြစ်ခွင့်မရဘဲ သေပျောက်ချုပ်ဆုံးသွားရတယ် ဆယ်ခါသိမှတ်တော့ဆယ်ကြိမ်သေပျောက်ချုပ်ဆုံးသွားတယ် အခါတရာသိမှတ်ရင် အကြိမ် တရာချုပ်ဆုံးသွားတယ် တနာရီသိမှတ်နေရင် တနာရီလုံး ချုပ်နေတာဘဲ ဒါကြောင့်ဒီအနုသယ်ဆိုတဲ့ဖြစ်ခွင့် ကိလေသာကိုသတ်လိုရင် အချိန်ရသလောက်သိမှတ်သိမှတ်နေရမယ်။

## ဆောင်ပုဒ်

အကြောင်းသုံးပါး၊ ပြည့်ဝစုံလင်
ဖြစ်တုံးဖြစ်ခိုက်၊ သိလိုက်စေချင်
အနုသယ၊ ခုဘဝသေလျှင်
ခန္ဓာသစ်၊ မဖြစ်ဘယ်တော့အစဉ်

ဒါကြောင့် ဥတ္တိယမထေရ်-ဆိုတဲ့ ရဟန္တာကြီးကဥဒါန်းကျူးပုံက "ကာလောမေနုပမစ္စဂါ"တဲ့ အဓိပ္ပါယ်ကတော့အချိန်ရှိသမျှသိမှတ်နေဘို့ဘဲကောင်းတယ်၊ လို့ဆိုတာပါဘဲ။

(မှတ်ချက်) သမထအလုပ်က အသိလွယ်၍ အလုပ်ခက်၏ ဝိပဿနာ အလုပ်က အသိခက်၍ အလုပ်လွယ်၏ အလုပ်လွယ်သလောက် အပြောခက်၊ အပြောခက်သလောက် သဘောနက်တဲ့ တရားဖြစ်သည့်အတွက် အရပ်စကားဖြင့်သုံးနှုံးထားခဲ့သောစာကို အဓိပ္ပါယ်သဘော ပေါက်အောင် စာတပိုဒ်မှာ တခါ စဉ်းစားပြီးဘတ်ပါ။

မြင်ခိုက်၊ ကြားခိုက်၊ နံခိုက်၊ စသည်တို့မှာ ပညတ်အာရုံနဲ့ပရမတ်အာရုံဟာ အလွန်နီးနီးကပ်ကပ် ပူးတွဲပူးတွဲနေတယ်၊ သို့ကလိုပူးတွဲပြီး ဖြစ်ပေါ်တဲ့အခါ ပရမတ်ကအရင်ဆုံးဖြစ်ပေါ်တယ်၊ ပညတ်ကနောက်မှဖြစ်ခဲ့ပါရတယ်၊ ဒါပေမဲ့ပုဂ္ဂိုလ်အနေက ပညတ်အာရုံကိုသာ ထင်ရှားအောင်မြင်လိုက်တယ်၊ ပရမတ်ကိုတော့အလွန်မြင်နိုင်ခဲတယ်၊ ဘာကြောင့်လဲဆိုတော့ ‘စက္ခုံစပဋိစ္စရူပေစဥပ္ပဇ္ဇတိစက္ခုဝိညာဏံ’ ဆိုတဲ့ဒေသနာတော်အရပဋ္ဌမရှေ့ဦးစွာမျက်စိအကြည်နဲ့ရူပါရုံတို့တွေ့ဆုံတဲ့အခါ အဆင်းရုပ်ပရမတ် သဘောသက်သက်ကလေးကိုသာ စိတ်ဆိုတဲ့ဝိညာဉ်ဟာ သိရုံဘဲသိလိုက်တယ်၊ သိလိုက်တဲ့အဆင်းပေါ်မှာ ဝေဒနာက ခံစားတယ်၊ ဒီခံစားမှုပေါ်မှာမှ ပညတ်အာရုံနဲ့ ဘယ်သူဘဲ ဘယ်အရာဘဲလို့ ကောင်းမကောင်းကို သညာကခွဲခြားပြီးမှတ်ချက်ချတယ်။

ပုထုဇဉ်အာရုံဟာ ယခုလိုရှေးဦးစွာဖြစ်ခဲ့ပါတဲ့ ပရမတ်သဘာဝကို အမှတ်သတိမထားလိုက်မိလို့ ခန္ဓာငါးပါးကို တပါးမှမတွေ့လိုက်ဘဲ ဘာဘဲညာဘဲ မကောင်းဘူးကောင်းတယ်နဲ့ ပညတ်တုံးကြီး ဃနတုံးကြီးတွေပေါ်မှာ တပ်မက်ခြင်းတဏှာဖြစ်ပေါ်ရတယ်၊ ဝိပဿနာအာရုံဖြင့် ရှုမှတ်နေ

တဲ့အခါမှာတော့ဖြစ်ပေါ်စ ရိပ်ကနဲ ရိပ်ကနဲဖြစ်ပျက်နေတဲ့ ပရမတ်သဘောတရားသက်သက်ကလေးကိုသာ သိမှတ်၊ သိမှတ်နေတဲ့အတွက် ပညတ်အာရုံတွေမပေါ်ဘဲ တပ်မက်မှုတဏှာနှသယတွေဟာသေသေသွားရတယ်။

ဖြစ်ဆဲဖြစ်ခိုက်မှာ ယခုလိုပရမတ်သဘာဝကို မမိလိုက်ရင် ပစ္စုပ္ပန်သက်သက်ဖြစ်တဲ့အမှုကို၊ အတိတ် အနာဂါတ်တွေ ပါဝင်ကုန်တော့တာဘဲ ပါဝင်ပုံက အရာဝတ္ထုတခုခုကိုမြင်လိုက်ရင်ဘဲ ဘယ်သူ၏ ဘာလုပ်လို့ ဘာပစ္စည်းဘဲဆိုတဲ့ ကာလသုံးပါးဖြစ်သွားတယ် ဘယ်သူ၏ ဆိုတာက အတိတ်။ ဘာလုပ်ဘို့ဆိုတာက အနာဂါတ်။ ဘာပစ္စည်းဘဲဆိုတာက ပစ္စုပ္ပန်။ အသံမှာဆိုရင်လဲ ဥပမာစကားတခွန်းကို ကြားလိုက်တယ် ဆိုရင်ဘဲ ဘာအကြောင်းကို ဘယ်အတွက် ပြောနေတာဘဲစသည်ဖြင့် ပညတ်အာရုံပေါ်မှာကာလသုံးပါးလုံးကို သိမ်းကျုံးပြီး အတ္တစွဲတွေနဲ့ ထင်မြင်ကုန်တော့တာဘဲ ဒါကြောင့်ဝိပဿနာရှုမှတ်နေတဲ့အခါပစ္စုပ္ပန်တည့်တည့်မှာ ဖြစ်ဆဲဖြစ်ခိုက်ကလေးကိုသာ သိမှတ်သိမှတ်နေရမယ်လို့ဆိုတာ—

## ဆောင်ပုဒ်

ဖြစ်ခိုက်တရားမပိုင်းခြား၍ လေးပါးဿနထင်ပေါ်က
အတ္တစွဲလမ်းမည်။
ဖြစ်ခိုက်တရားရှုပိုင်းခြား၍လေးပါးဿနကြေညက်က
အနတ္တဉာဏ်ဖြစ်သည်

ဒါကြောင့် ဘုရားရှင်က မာလုကျပုတ္တကို ဘယ်လိုဟောသလဲဆိုတော့ ချစ်သားမာလုကျပုတ္တ၊ အာရုံတခုသည် မဖြစ်ပေါ်သေးချေ ထိုအာရုံ၌သင်သည် အဘယ်ကဲ့သို့ သဘောထားမည်နည်း၊ လို့မေးတော်မူတယ်၊ ဒီတော့ မာလုကျပုတ္တရဟန်းက ၎င်းအာရုံသည် မဖြစ်ပေါ်သေးသည့် အတွက် ချစ်စရာလို့လဲမဆိုနိုင်ပါ မုန်းစရာလို့လဲမဆိုနိုင်ပါဘူးဘုရားလို့ လျှောက်တယ် ဒီတော့ဘုရားရှင်က ထိုကဲ့သို့ဘဲ ဖြစ်ပေါ်လာတဲ့အာရုံကိုလဲ ချစ်ခြင်းမုန်းခြင်းမှ အလွတ်ရှုရမယ်လို့ ဟောတော်မူတယ်။

ဒီတဏှာအစရှိတဲ့အနုသယကိလေသာဟာ သတိနဲ့ကင်းလွတ်သို့ မသိမှတ်ဘဲနေသည်နှင့်အမျှ ဖြစ်ပေါ်ဖြစ်ပေါ်နေတာဘဲ၊ သတိမလွတ်ဘဲရှုမှတ်နေသမျှ ဘယ်ကိလေသာမှ ဖြစ်ပေါ်ခွင့်မရဘဲ ချုပ်နေတာဘဲ ဒါကြောင့် ဓမ္မပဒပါဠိတော်က—

“ယောစဝဿသတံဇီဝေ အပဿံဥဒယဗ္ဗယံ
ဧကာဟံဇီဝိတံသေယျော ပဿတောဥဒယဗ္ဗယံ”

ယောစ အကြင်သူသည် ဥဒယဗ္ဗယံ ပေါ်ဆဲရုပ်နာမ်ဖြစ်ပျက်ဟန်ကို အပဿံအပဿန္တော မသိမမြင်ဘူးရဘဲ ဝဿသတံ အနှစ်တရာကာလပတ်လုံး ဇီဝေ အသက်ရှည်၍ နေရသည်ထက် ဥဒယဗ္ဗယံ ပေါ်ဆဲရုပ်နာမ် ဖြစ်ပျက်ဟန်ကို ပဿံပဿန္တော သိမြင်ရှုမှတ်၍ ဧကာဟံ တနေ့တရက်မျှ ဇီဝိတံ အသက်ရှည်၍နေရခြင်းသည် သေယျော မြတ်လှစွာ၏—တဲ့။

အဓိပ္ပါယ်ကတော့- ရုပ်နာမ်ခန္ဓာ ဝါတ်သစ္စာတရားကို ကိုယ်တိုင်ကမ္မဋ္ဌာန်းအလုပ်နဲ့- မသိမမြင်ဘူးတဲ့ အနှစ်တရာ နေရတာထက်-သိမြင်ပြီးတနေ့တရက်ထဲနေရတာက- ပိုပြီး မြတ်တယ်လို့ဆိုတာပါဘဲ-

## ကမ္မဋ္ဌာန်းအားထုတ်ပုံ

ကမ္မဋ္ဌာန်းဆိုတာ သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်း ရယ်လို့ နှစ်မျိုးနှစ်စားရှိတယ်၊ ဝိပဿနာကမ္မဋ္ဌာန်း ရှုပုံက ရှေ့ဦးစွာကာယဂတာသတိဆိုတဲ့ သမာဓိစခန်းကို စတင် ထူထောင်တဲ့အခါမှာဗုဒ္ဓါနုဿတိစသောနုဿတိ-၁၀ပါးထဲ သအာနာပါနသတိနဲ့ကာယဂတာသတိ-၂ပါးမှာတပါးပါး ရဲ့ပရမတ်အာရုံပေါ်ကိုရှုရတယ်။သမထကမ္မဋ္ဌာန်းရှုပုံကတော့ နုဿတိ ၁၀- ပါးအပါအဝင်ကသိုဏ်ဝှန်း-၄၀- တို့၌မိမိလို ရာ ကသိုဏ်းဝှန်းပေါ်မှာ ပညတ်အာရုံဖြင့် မလှုပ်မယှက် ရှုရတယ်-

ဘာကြောင့်ယခုလိုကွဲပြားသလဲဆိုတော့ နုဿတိ-၁၀ ပါးထဲမှာ အနာပါနသတိနဲ့ ကာယဂတာသတိ-၂-ပါးဟာ ဈာန်ရောမဂ်ကိုပါရနိုင်တယ်-ကျန်တဲ့နုဿတိ -၈-ပါးနှင့်တ ကွဖြစ်တဲ့ကသိုဏ်းဝှန်းတို့ကတော့ ဈာန်ကိုသာရနိုင်တယ် ဝိပဿနာမဂ်ဖိုလ်ကိုတော့မရနိုင်ဘူး။

(သမထ) နိမိတ်ထင်၊ ပညတ်အာရုံ၊ ကသိုဏ်း -၄၀- ကပ်ရှု၊ စိတ်ထိမ်း၊ အပ္ပနာသမာဓိ၊ ပရိယု ဋ္ဌာနကိလေသာနှင့် ဝိတက်သေ၏၊ မြက်မြင် အတ္တ။

(ဝိပဿနာ) အရိပ်ထင်၊ ပရမတ်အာရုံ၊ လက္ခဏာ -၄၀· ကပ်ရှု၊ သတိထိမ်း၊ ခဏိကသမာဓိ အနုသ ယကိလေသာနှင့် ဝိပ္ပလ္လာသသေ၏၊ ဉာဏ် မြင်အနတ္တ။

## သမထအင်္ဂါဆောင်ပုဒ်

သမထအင်္ဂါ၊ နိမိတ်မှာမူ
အာရုံပညတ်၊ တသိုဏ်းကပ်၍
စိတ်ဓါတ်ထိမ်းကာ၊ အပ္ပနာတည့်
သေမှာအမှန်၊ ပရိယုဋ္ဌာန်နှင့်
ကြံစီဝိတက်၊ ထိုနှစ်ချက်တို့
မျက်မြင်အတ္တ၊ သိမှတ်ကြ။

## ဝိပဿနာအင်္ဂါဆောင်ပုဒ်

ဝိပဿနာ၊ အရိပ်မှာမူ
အာရုံပရမတ်၊ လက္ခဏာကပ်၍
သတိမက္ခာ၊ ခဏိကာတည့်
သေမှာမုချ၊ အနုသယနှင့်
အမှားသုံးတန်၊ ဝိပ္ပလ္လာတို့
ဉာဏ်မြင်မှတ်ကြ၊ အနတ္တ

ဝိပဿနာကမ္မဋ္ဌာန်းကိုရှုမှတ် အားထုတ်တဲ့ နေရာမှာ အောက်ပါအချက်ကြီး-၃-ချက်ကိုအထူးဂရုစိုက်ရမယ်-

၁။ "ဣ-သံ-ဓါတု-ဉ်သုံးခု၊ ရှုမှုဝိပဿနာ" ဆိုတဲ့ အတိုင်း(ဣ) ဆိုတာ၊ သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ လျှောင်းမှု၊ ဆိုတဲ့ ဣရိယာပုတ်-၄-ပါးကိုဆိုတယ်။ (သံ)ဆိုတာကမြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ သိမှု၊ ဆိုတဲ့ သမ္ပဇာဉ်ည-၆-ပါးကိုဆိုတယ်။(ဓါတု)ဆိုတာကတော့ ဒီဆယ်ပါးမှာဘောက်ပြန်ဖြစ်ပျက်နေတဲ့ဓါတ်သဘောကိုဆိုတယ်။ အဓိပ္ပါယ် ကတော့မြင်မှုစတဲ့သမ္ပဇာဉ်-၆-ပါးနဲ့ သွားမှုစတဲ့ဣရိယာပထ-၄ ပါးတို့မှာဘောတ်ပြန်တဲ့ဓါတ်ရဲ့သဘာ၀ ဖြစ်ပျက်ပုံကိုရှုရမယ်လို့ ဆိုတာပါဘဲ လူတကိုယ်လုံးမှာ ဒီ ၁၀-ပါးကလွဲပြီးမရှိပါဘူးဒီအချက်ဟာဘုရားပေးတဲ့ကမ္မဋ္ဌာန်းအတိုင်းပါဘဲ ဘုရားပေးပုံက။

(ဣ) ဆိုတဲ့ အချက်မှာ-သတိပဋ္ဌာန် ဒေသနာတော်က။ ဂစ္ဆန္တော ၀ါ သွားသည်ကို ဂစ္ဆာမီတိ သွား၏ဟု ပဇာနာတိ သိ၏။ဋ္ဌိတော ၀ါ ရပ်သည်ကို ဋ္ဌိဘောမီတိ ရပ်၏ဟု ပဇာနာတိ သိ၏။ နိသိန္နော ၀ါ ထိုင်သည်ကို နိသိန္နောမီတိ ထိုင်၏ဟု ပဇာနာတိသိ၏။ သယာနော၀ါ လျှောင်းသည်ကို သယာနောမီတိ လျှောင်း၏ဟု ပဇာနာတိ သိ၏-တဲ့။

(သံ) ဆိုတဲ့အချက်မှာ-ပဋိသမ္ဘိဒါမဂ်ဒေသနာတော်က။
စက္ခုံ မျက်စိကို အဘိညေယျံ သိအပ်၏
သောတံ နားကို အဘိညေယျံ သိအပ်၏

ဃာနံ နှာခေါင်းကိုအဘိဉာဉ်ဖြင့် သိအပ်၏။
ဇိဝှံ လျှာကို အဘိဉာဉ်ဖြင့် သိအပ်၏။
ကာယံ ကိုယ်ကို အဘိဉာဉ်ဖြင့် သိအပ်၏။
မနံ မနောကို အဘိဉာဉ်ဖြင့် သိအပ်၏-တဲ့၊
ဝါဟိယဒါရုစိရိယကိုဟောတဲ့ဒေသနာမှာလဲ၊ဒိဋ္ဌေ မြင်ရာ၌၊ ဒိဋ္ဌမတ္တံ၊ မြင်၏ဟုအမှတ်ပြုရုံမျှ။ သုတေ ကြားရာ၌၊ သုတမတ္တံ၊ ကြား၏ဟုအမှတ်ပြုရုံမျှ။ မုတေ၊ နံရာ၌ရင်း စားရာ၌ရင်း ထိရာ၌ရင်း မုတမတ္တံ၊နံ၏ စား၏ ထိ၏ဟုအမှတ်ပြုရုံမျှ။ ဝိညာတေ သိရာ၌၊ ဝိညာတမတ္တံသိ၏ဟုအမှတ်ပြုရုံမျှ-တဲ့။

(ဓါတု) ဆိုတဲ့အချက်မှာလဲ-သတိပဋ္ဌာနသုတ်၌၊
သုခံဝါဝေဒနံဝေဒယမာနော ချမ်းသာတဲ့ ဓါတ်သဘောကိုခံစားရင်လဲ၊ သုခံဝေဒနံ ဝေဒယာမိတိ ချမ်းသာတဲ့ ဓါတ်သဘောကိုခံစားတယ်လို့ ပဇာနာတိ သိ၏။
ဒုက္ခံဝါဝေဒနံဝေဒယမာနော ဆင်းရဲတဲ့ ဓါတ်သဘောကိုခံစားရင်လဲ ဒုက္ခံဝေဒနံ ဝေဒယာမိတိ ဆင်းရဲတဲ့ ဓါတ်သဘောကို ခံစားတယ်လို့ ပဇာနာတိ သိ၏။
အဒုက္ခမသုခံဝါဝေဒနံဝေဒယမာနော မဆင်းရဲ မချမ်းသာတဲ့ ဓါတ်သဘောကို ခံစားရင်လဲအဒုက္ခမသုခံဝေဒနံဝေဒယာမိတိ။ မဆင်းရဲမချမ်းသာတဲ့ ဓါတ်သဘောကိုခံစားတယ်လို့ပဇာနာတိသိ၏တဲ့။

လက်ါမှာလဲ

၂။ နိဗ္ဗာန်ပညတ် နှစ်ရပ်ခမ္မ ပြစ်ကင်းပ ကာလဝိမုတ် ကြုံ။ ဆိုတဲ့အတိုင်း ဝိပဿနာ ရှုမှတ်နေတဲ့အခါမှာ နိဗ္ဗာန်အာရုံလဲ မပါစေရဘူး ပညတ်အာရုံထွေလဲ မပါစေရဘူး ပရမတ်အစစ် ခါတ်အနှစ်သဘော သက်သက်ကိုသာ ဖြစ်ဆဲဖြစ်ခိုက်ပစ္စုပ္ပန်တည့်တည့် ကျအောင်ရှုမှတ်ရုံဘဲ အတိတ်ကိုလဲမပြန်ရ အနာ ဂါတ်ကိုလဲ မကြုံရ၊ ပစ္စုပ္ပန်သာ အမှန်ရှုရမယ်=

၃။ အာရုံ ဆိုက်ရောက်ပုံမှာလဲ လောကီစိတ်သည် ပညတ်တုံး ဃနတုံး ပေါ်မှာ အာရုံပြု၏။ သမထစျာန်စိတ်သည် ကသိုဏ်းဝှန်း-၄၀-ပေါ်မှာ နိမိတ်အားဖြင့် အာရုံပြု၏။ ဝိပဿနာ မဂ်စိတ် သည် ပရမတ် ရုပ်နာမ်ပေါ်မှာ အရိပ် အားဖြင့် အာရုံပြု၏။ လောကုတ္တရာဖိုလ်စိတ်သည် ပရမတ် နိဗ္ဗာန်ကိုသာအာရုံပြု၏။ ဒါကြောင့် ဝိပဿနာ ကမ္မဋ္ဌာန်းရှုမှတ်ခိုက်မှာရုပ်နာမ်ဖြစ်ပျက်က လွဲပြီး ဘယ်အာရုံကိုမှမရှုရဘူးကြပ်ကြပ်သတိထားရမယ်-

“ဝေခမ္မတာ” ဆိုတဲ့အတိုင်း သူ့အလို အလျှောက် သ ဘာဝအားဖြင့်ထင်ပေါ်လာတဲ့ ပရမတ်ရုပ်နာမ်ရဲ့ ဖြစ်ပျက် သဘောကို သတိတလုံးမလွှတ်တမ်းကပ်ထားပြီး အလိုက် သင့်သလိုထပ်ခါထပ်ခါသိမှတ်နေရုံပါဘဲ နှေးအောင်လဲမ ကြံရ မြန်အောင်လဲမပြုရ ခါတ်ဖြစ်ဟန်ကို အမှန်ရှုရမယ် ဒါကြောင့် ဧကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်က-

"ကောဓနမ္မာဘိက္ခဝေ ဘာဝိတောဗဟုလီကတော"
အဘိညာယ သမ္ဗောဓါယ နိဗ္ဗာနာယ သံဝတ္တတိ

ဘိက္ခဝေ ချစ်သားတို့ ကောဓနမ္မာဤတခုတည်းသော တရားကို ဘာဝိတော ပွါးများအပ်သည်ရှိသော် ဗဟုလီကတော ကြိမ်ဖန်များစွာ ထပ်ခါထပ်ခါ ပြုလုပ်အပ်သည်ရှိသော် အဘိညာယ သစ္စာလေးတန် ရုပ်နှင့်နာမ်ကို ကော်တိတိပိုင်းခြား၍သိမြင်ခြင်းငှာရင်း၊ သမ္ဗောဓါယ သောနှင့်သကဒါအနာရဟံ မဂ်လေးတန်ကို ကော်တိတိပိုင်းခြား၍ သိမြင်ခြင်းငှာရင်း နိဗ္ဗာနာယ ခန္ဓာဥပါဒိဘိတ်မရှိသော အနုပ္ပါဒိသေသနိဗ္ဗာန်လို့ငှာရင်း သံဝတ္တတိ ဆင့်ကာဆင့်ကာ ကျင့်ကျင့်လာသော် မြင့်ကာမသွေ ရောက်ရလေတော့ သတည်း။

ဒီလိုရှုမှတ်တော့ဘာဖြစ်သလဲ ဒီလိုရှုမှတ်တော့ ရုပ်နာမ်ခန္ဓာရဲ့သဘာဝလက္ခဏာကို ဟုပ်တိုင်းမှန်ရာတကယ်သိတယ် ဒီလိုသိတော့ ရုပ်နာမ်ဓမ္မသင်္ခါရကို ထိုးထွင်းနိုင်တဲ့ ဝိဇ္ဇာ ဉာဏ်ရတယ် ဝိဇ္ဇာဉာဏ်ရတော့ ခန္ဓာအာယတနဓါတ်သစ္စာ ပဋိစ္စသမုပ္ပါဒ်ကို မသိတဲ့အဝိဇ္ဇာချုပ်တယ် အဝိဇ္ဇာ ချုပ်မှ ပဋိစ္စသမုပ္ပါဒ် ၁၂ လုံးချုပ်မယ်နိဗ္ဗာန်ရောက်ကြောင်းတရားဆိုတာပဋိစ္စသမုပ္ပါဒ်ကို ရပ်အောင်အားယုတ်တာဘဲ ဒီပဋိစ္စသမုပ္ပါဒ် ၁၂ လုံးမှာ အဝိဇ္ဇာဆိုတဲ့ မသိမှုရယ် တဏှာဆိုတဲ့တပ်မက်မှုရယ် ဒီ-၂-ပါးဟာ ချုပ်အောင်ပယ်သတ်ရမဲ့ မူလတရားကြီးတွေဘဲ ဒီမူလ-၂-ပါးမှာ အဝိဇ္ဇာချုပ်အောင်အားထုတ်မှုကို (ဒဿနဘုမ္မိ) အသိနယ်ဘက်က တ

ရားလို့ ခေါ်တယ် သောတာပန်သကဒါဂါမိတ္တို အားထုတ်ရာလမ်း။ တဏှာချုပ်အောင်အားထုတ်မှုကို (ဘာဝေတဗ္ဗဘုမ္မိ) အကျင့်နယ်ဘက်က၊တရားလို့ ခေါ်တယ် အနာဂါမ်ရဟန္တာတို့အားထုတ်ရာလမ်း။ယခုလိုရှုမှတ်လို့ ငါသူဘပါးယောကျ်ားမိန်းမ အသက်လိပ်ပြာဇီဝဆိုတာမရှိ ခန္ဓာငါးပါးရုပ်နာမ်တရားသာရှိတယ်လို့ သိတာက (အဝိဇ္ဇာ)သေတဲ့အဝိဇ္ဇာသတ်၊ ဒီလိုငါသူတပါးဆိုတာမရှိသဖြင့် ငါ့ဥစ္စာငါ့ပစ္စည်း ဆိုတာလဲမရှိပါကလားလို့ တပ်မက်ခြင်းကင်းသွားတာက (တဏှာ)သေတဲ့တဏှာသတ် ဒါကြောင့်=

## သောတာပန်ဖြစ်ပုံဆောင်ပုဒ်

ချင်းရာဖြစ်ခိုက် အာရုံဆိုက်မှု အမိုက်ဝိဇ္ဇာ
ကင်းစင်ကွာလိမ့် ဝိပဿနာဉာဏ် ဆယ့်သုံးတန်နှင့်
မဂ်ဉာဏ်ဖိုလ်သက် ပေစ္စဝက်တိုင် မပျက်ပိုင်ပိုင်
ပိုင်းခြားနိုင်သော် ဂနိုင်ရိပ်ညို တောမခိုဘဲ
အလိုဆိုးရုတ် ကိလေပြုတ်သည့် အဟုပ်သောတာပန်
ပေတည်း။

## (သံသရာလယ်ပုံလက်ာ)

သောဂီအများသိစေအားဘို့ အမှားဝိဇ္ဇာစိတ်တဏှာတို့နှစ်ပြာယှဉ်တွဲတူစုံနွဲ့က မလွဲမှတ်ပါသံသရာဟု ဖန်ခါမပြတ်လည်ရဟတ်သို့ ရပ်တည်ခြင်းငှာမငြင်းသာဘု ချင်းရာဖြစ်ခိုက်ရှုမှတ်လိုက်မှ အမိုက်တဏှာ ကိုယ်ကကွာ၍ လိုရာအမှန်ပြည်နိဗ္ဗာန်ကို လျှင်မြန်ဆောစွာရောက်လေရာ၏ သမ္မာဥ္ဓ

စိတ်အသိဖြင့်သတိသမ္ပဇာဉ်ဉာဏ်မယှဉ်မှု မှန်ပင်တကျော ဖြစ်လေရာသည် လည်ကာတပတ်ပဋိစ္စပ်ကြောင့် မပြတ်မှန်စွာ ဘွဲ့ခန္ဓာသည် ရန်ဘယာဖိစီးမရဏာမီးနှင့် အပြီးမကွာနေရရှာသည် ကြမ္မာသံသဝဋ်ကြောင်းတည်း။

ဝိပဿနာအမှတ်တရားကို အားထုတ်တဲ့နေရာမှာ ဖြစ်အောင်လဲမပြုနှင့် ပျက်အောင်လဲမပြုနှင့် ဖြစ်ခိုက်ပျက်ခိုက် မြင်အောင်ရှု ဖြစ်အောင်ပြုတော့လောဘဖြစ် ပျက်အောင်ပြုတော့ဒေါသဖြင့် ဖြစ်ခိုက်ပျက်ခိုက်မသိတော့မောဟဖြစ်

## (အဝိဇ္ဇာနှင့်ဝိဇ္ဇာခြားနားပုံ)

မြင်တိုးခဏ ဆနမကွဲ အတ္တစွဲ၍ အလွဲစိတ်မှာ
ဝိပလ္လာနှင့် သညာမှတ်မှား ထိုလေးပါးကြောင့်
ဖြစ်ပွါးတကျော ကိလေသာကို လိုရာမပြီးဒေါသကြီး၍
ဖိစီးမောဟ ပပဉ္စတို့ ပို့ချလေးဖြာအပါယ်ရွာလျှင်
တွယ်တာသက်ဆင်း လာရခြင်းသည် ကြောင်းရင်းမူလ
(အဝိဇ္ဇာ)က-
မြင်တိုးခဏ ဆနကြေကွဲ ရပ်မစဲသည့် ဘောက်လွဲ
ဘောက်ပြန် ဓါတ်ဖြစ်ဟန်ကို အမှန်တွေ့ပြား
ထိုသူအားလျှင် လေးပါးသစ္စာ မဂ်ပညာနှင့်
သိက္ခာသုံးပါး ထိုတရားကြောင့် မလားပါယ်ရွာ
သံသရာဝယ်ခန္ဓာလွတ်ရာ နိဗ္ဗူတာသို့ မြန်စွာ
လွတ်ကင်း ချမ်းသာခြင်းသည် ကြောင်းရင်း
အစ (ဝိဇ္ဇာ)က-

## (အဝိဇ္ဇာ တဏှာ ခြင်းရာ-၁၀-ချက်)

၁။ အဝိဇ္ဇာကပ်— တဏှာပတ်— ရဟတ်ပဋိစ္စာ
၂။ အဝိဇ္ဇာသတ်- တဏှာပြတ် - ရပ်ပေါ့ပဋိစ္စာ
၃။ အဝိဇ္ဇာခင်- တဏှာဝင်- အစဉ်သည်အိုးမှာ
၄။ အဝိဇ္ဇာတုံး- တဏှာဖုံး- အရှုံးဘဝသာ
၅။ အဝိ ာပူး- တဏှာရှူး- ယစ်မူးသံသရာ
၆။ အဝိဇ္ဇာတွဲ- တဏှာစွဲ- နစ်မြဲဝဲသြဃာ
၇။ အဝိဇ္ဇာဖက်- တဏှာမက်- နရက်မလွတ်ပါ
၈။ အဝိဇ္ဇာရှင်း- တဏှာကင်း-အလင်းရောက်လေတာ
၉။ အဝိဇ္ဇာပြုတ်- တဏှာငုတ်- အဟုပ်ခသာတာပါ
၁၀။ အဝိဇ္ဇာကျွတ်- တဏှာလွတ်- အထွဋ်နိဗ္ဗာန်တာ

ဒီအဝိဇ္ဇာနဲ့ တဏှာကို ပယ်သတ်တဲ့နည်းလမ်းဟာ သမ္မာဒိဋ္ဌိစသောမဂ္ဂင်ရှစ်ပါး ဖြစ်ပါတယ် ဒီမဂ္ဂင်ရှစ်ပါးလုံးဟာ ဝိပဿနာအားဖြင့်ရှုမှတ်လိုက်တဲ့အခါ မြင်မှုစသော အာရုံတခုထဲမှာ တပါတည်းအကျုံးဝင်သွားပုံကို ရှေ့ကို ဆက်ဘတ်လျှင်တွေ့ပါလိမ့်မယ်—

‘သမ္မာဒိဋ္ဌိ’ ဆိုတဲ့အဓိပ္ပါယ်က အမှန်တရားကို ယူတဲ့အယူ ဒီသမ္မာဒိဋ္ဌိဖြစ်ဘို့ရာ အတ္တပြုတ်ပြီးအနတ္တကို မြင်မှသာ သမ္မာဒိဋ္ဌိလို့ဆိုရပါတယ် အတ္တဆိုတာကလဲ ငါ့မျက်စိ ငါ့နား ငါ့ခြေ ငါ့လက် ငါ့ကိုယ် ငါ့အသက်စသည်ဖြင့် စွဲလမ်းထားတဲ့ မိစ္ဆာစိတ်ရှိမှသာ အတ္တရယ်လို့ဖြစ်ရတာ

စွဲလမ်းထားတဲ့ မိစ္ဆာစိတ်မရှိဘဲ အတ္တရယ်လို့မဖြစ်နိုင်ဘူး အတ္တမဖြစ်ရင် ပုဂ္ဂိုလ် သတ္တဝါရယ်လို့ ထင်မှတ်စရာမရှိ ပုဂ္ဂိုလ်သတ္တဝါမရှိရင် ပုဂ္ဂိုလ်သတ္တဝါ သေတယ်ရှင်ဘယ်လို့ မရှိနိုင် သေတယ်ရှင်တယ်လို့မရှိရင် သေတဲ့အခါ ဘဝပြတ်တယ်ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ မဖြစ်နိုင် သေတဲ့အခါဘဝမပြတ်ဘဲ ဆက်နေတယ်ဆိုတဲ့ သဿတဒိဋ္ဌိလဲ မဖြစ်နိုင်ဘူးမှတ်ပါ —

ဒါကြောင့် အတ္တအယူပြုတ်ပြီး အနတ္တဉာဏ်ရဘို့လိုပါဝယ် အနတ္တ ဉာဏ်အမြင်ရပုံက ဒိခန္ဓာငါးပါး ရုပ်နာမ်တရားကြီးဟာ အာရုံရယ် ဒွါရရယ် သူတို့နှစ်ဦး တွေ့ဆုံမှုရယ် ဆိုတဲ့အကြောင်း သုံးပါးပြည့်စုံမှ ဖြစ်ပေါ်ရတဲ့ အကျိုးတရားကြီးဖြစ်တယ် ဒီအကျိုးတရားကြီးဟာ ပရမတ်ဓါတ်ဖြစ်တယ် ပရမတ်ဟာအဟုပ်ရှိတဲ့(အရိပ်)ပညတ်ကသမုတ်ရှိတဲ့ (နိမိတ်) ပရမတ်အရိပ်ရဲ့သဘောဟာ ဥပမာကမ္ဘာမြေကြီးပေါ်မှာမဲမဲကြီးထင်ပေါ်နေတဲ့ သစ်ပင်အရိပ်လိုမှတ်ပါ သစ်ပင်ရဲ့အရိပ် မဲ့မဲကြီးဟာ သစ်ပင်မရှိက မဖြစ်ပေါ်နိုင် အလင်းရောင် မရှိရင်လဲ မဖြစ်ပေါ်နိုင် ကမ္ဘာ မြေကြီး မရှိရင်လဲ မဖြစ်ပေါ်နိုင်သလို ခန္ဓာငါးပါး ဆိုတဲ့ ပရမတ်အရိပ်ဟာလဲ အကြောင်း သုံးပါးမှ တပါးပါး ချို့ယွင်းကဲ့လျှင်မဖြစ်ပေါ်နိုင်ဘူး သစ်ပင်ရိပ်ဟာ ရွှေ့လို့မရပြောင်းလို့မရ မီးရှို့လို့မရ ထားခုတ်လို့မရ လှံထိုးလို့ မရသလို ပရမတ်အရိပ်ဟာလဲ ရွှေ့ပြောင်းဖျက်ဆီးသို့ ရကောင်တဲ့ တရားမျိုးမဟုပ်ဘူး ပရမတ်ကိုမြင်အောင်ရှုပါ-

# ဒိဋ္ဌိဖြတ်မုံ

သောတာပတ္တိမဂ်ဟာ ပရမတ် ခန္ဓာငါးပါးရဲ့ အကြောင်းအကျိုးပေါ်မှာ အယူစင်ကြယ်တဲ့ (ဒိဋ္ဌိဝိသုဒ္ဓိ)နှင့် သို့လော သို့လော ယုံမှားခြင်းစင်ကြယ်တဲ့ (ကင်္ခါဝိတရဏာဝိသုဒ္ဓိ) နှစ်ပါးဖြစ်ပြီးအပါယ်ပိတ်တဲ့မဂ်ဖြစ်ပါတယ်။

## ဒိဋ္ဌိများ

၁။ အကြောင်းနဲ့အကျိုးဟာ ဘာမျှမဆိုင် မဆက်စပ်ဘူး လို့ယူတာက (ဥစ္ဆေဒ ဒိဋ္ဌိ)

၂။ အကြောင်းနဲ့ အကျိုးဟာ တဆက်ထည်း တစပ်ထည်းနေတယ်လို့ယူတာက (သဿတဒိဋ္ဌိ)

၃။ ငါ့ကိုယ် ငါ့ဦးခေါင်း ငါ့လက် ငါ့ခြေစသည်ဖြင့် ခန္ဓာငါးပါးကို စွဲမှားတဲ့ငါတွေက (သက္ကာယဒိဋ္ဌိ)

၄။ စိုးပိုင်တဲ့အုပ်စီးတဲ့ (ဝါ)အစိုးရတဲ့ အရာဝတ္ထုကလေး ရှိနေတယ်လို့ယူတာ (သာမိဒိဋ္ဌိ)

၅။ အမြဲကိန်းအောင်းနေတဲ့ သတ္တဝါကောင်ကလေး ရှိနေတယ် လို့ယူတာ (နိဝါသီဒိဋ္ဌိ)

၆။ ပြုလုပ်စေခိုင်းတတ်တဲ့ အရာဝတ္ထုကလေးအနေနဲ့ ရှိနေတယ်လို့ယူတာ (ကာရကဒိဋ္ဌိ)

၇။ ခံစားစံစားတတ်တဲ့ အရာဝတ္ထုကလေး အနေနဲ့ ရှိနေတယ်လို့ယူတာ (ဝေဒကဒိဋ္ဌိ)

၈။ အသက် လိပ်ပြာ ဇီဝ အနေနဲ့ရှိနေတယ်လို့ ယူတာက (အတ္တဒိဋ္ဌိ)

၉။ အကြောင်းဟာ အကျိုးကိုမဖြစ်စေနိုင်ဘူးလို့ အကျိုးကိုပယ်တာ (အကရိယဒိဋ္ဌိ)
၁၀။ အကျိုးဟာ အကြောင်းကြောင့် ဖြစ်တာမဟုတ်ဘူးလို့ အကြောင်းကိုပယ်တာ (အဟေတုက ဒိဋ္ဌိ)
၁၁။ အကြောင်းအကျိုးဆိုတာလုံးဝမရှိဘူးလို့ ကြောင်းရောကျိုးပါ ပယ်တာ (နတ္ထိက ဒိဋ္ဌိ)

ဒီအယူတွေဟာ အယူမှားတွေချည်းဘဲ နံပါတ်-၃- က နံပါတ်-၈-တိုင်အောင် -၆-မျိုးဟာ အတ္တဒိဋ္ဌိ အပါအဝင်ချည်းဘဲ ဒီမိစ္ဆာဒိဋ္ဌိအယူတွေမှန်သမျှဟာ အပါယ်လေးပါးကိုသာ အကျိုးပေးစေတတ်ပါတယ် ဒါကြောင့် မန်လည်ဆရာတော်ဘုရားရေးတဲ့ မာဃဒေဝလင်္ကာမှာ (ဒိဋ္ဌိမက္ခာ ပုဂ္ဂိုလ်မှာလျှင် လူတွင်စကြာ နတ်မှာသိကြား မိုဃ်းဖျားဗြဟ္မာ ဖြစ်တုံပါလည်း ခန္ဓာပြိုကွဲ ကုသိုလ်စဲကဘောက်လွှဲ ပါယ်ရွာ ရောက်မြဲကာတည်း) လို့ စပ်ဆိုထားတယ်-

အတ္တဒိဋ္ဌိဖြုတ်တယ်ဆိုတာ (အတ္တ) ကို လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ဆိုတဲ့ ဌာန်လေးချက်နဲ့ ဖြုတ်ရတယ် (ဒိဋ္ဌိ) ကိုတော့ ဧကတ္တ နာနတ္တ အဗျာပါရ ဧဝံဓမ္မတာ ဆိုတဲ့ နည်းလေးနည်းနဲ့ဖြုတ်ရတယ်-

## ဆောင်ပုဒ်

အတ္တပြုတ်ရန် ကိုယ်ပိုင်ညာဏ် လေးပါးဌာန်နဲ့ ဖြုတ်
ဒိဋ္ဌိပြုတ်ရန် ကိုယ်ပိုင်ညာဏ် လေးတန်နည်းနဲ့ ဖြုတ်

ဒါကြောင့် အကြောင်းမကင်းတဲ့ ခန္ဓာငါးပါးရဲ့ အကြောင်းနဲ့အကျိုးတို့ ဆက်စပ်ပုံကိုအမှန်အတိုင်းမဖွင့်မ ပဋိပဒါလမ်းအရသိမြင်တဲ့ ဝိသုဒ္ဓိ-၂-ပါးဖြစ်အောင် ဧကတ္တနာနတ္တ အဗျာပါရ ဧဝံဓမ္မတာ ဆိုတဲ့ နည်းလေးနည်းနဲ့ ပိုင်းခြားပြီးရှုမှသာ မိစ္ဆာဒိဋ္ဌိအယူ့မှားတွေ ပပျောက်နိုင်မယ် ဉပမာ သစ်စေ့ကသစ်ပင်ပေါက်တယ် သစ်စေ့ကအကြောင်းတရား။ သစ်ပင်ကအကျိုးတရား။ (၁) သစ်စေ့ကြောင့်သစ်ပင်ဖြစ်တယ် (၂)သို့သော်သစ်စေ့ဟာသစ်ပင်မဟုပ် သစ်ပင်ကလဲသစ်စေ့မဟုပ် (၃) သစ်စေ့ကသစ်ပင်ကို ဖြစ်စေလိုတဲ့ စေတနာဗျာပါရမပါမရှိ သစ်ပင်ကလဲ သစ်စေ့ကို ပြုစေလိုတဲ့ စေတနာဗျာပါရမပါမရှိ(၄) သစ်စေ့နဲ့သစ်ပင်တို့ဟာ သူ့သဘောသူဆောင်ပြီး ထုံးတမ်းစဉ်လာဓမ္မတာအရဖြစ်ကြရတာဘဲ

၁။ ထိုနည်းအတိုင်းဘဲ ဒီခန္ဓာငါးပါးဟာ အကြောင်းမကင်းတဲ့ အကျိုးတရားဘဲ လို့ယူတာက (ဧကတ္တနည်း) ပြတ်တယ်ဆိုတဲ့'ဉစ္ဆေဒဒိဋ္ဌိ'ပြုတ်တယ်

၂၊ အကြောင်းဟာ အကြောင်းဘဲ အကျိုးမဟုပ် အကျိုးဟာအကျိုးဘဲ အကြောင်းမဟုပ်ဘူးလို့ ယူတာက(နာနတ္တနည်း)ဆက်နေတယ်ဆိုတဲ့'သဿတဒိဋ္ဌိ' ပြုတ်တယ်

၃။ အကြောင်းကအကျိုးကို ဖြစ်စေလိုတဲ့စေတနာဗျာပါရမရှိ အကျိုးကလဲအကြောင်းကို ပြုစေလိုတဲ့စေတနာဗျာပါရ မရှိဘူးလို့ယူတာက (အဗျာပါရ

နည်း) အခိုင်အမာရှိတယ်ဆိုတဲ့ 'အတ္တဒိဋ္ဌိ' တွေ ပြုတ်တယ်

၄။ အကြောင်းနဲ့ အကျိုးတို့ဟာ ထုံးတမ်းစဉ်လာ ဓလေ့အတိုင်း အကြောင်းကလဲ သူ့သဘောသူ ဆောင် အကျိုးကလဲ ဘူ့သဘောသူဆောင်တယ် လို့ယူတာက (ဧဝံဓမ္မတာနည်း) 'အကရိယ-နတ္ထိက အဟေတုက' ဒိဋ္ဌိတို့ပြုတ်တယ်။

## ဆောင်ပုဒ်

မဆက်တာသိဆက်တာသိ မရှိဗျာပါ သူ့ဓမ္မတာဟု လေးဖြာနည်းမြင် ဒိဋ္ဌိစင်၏၊ ဒီခန္ဓာငါးပါးကို

၁။ ဖြစ်တာသိတော့ မဖြစ်ဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိပြုတ် (ဒုက္ခမြင်တဲ့ဉာဏ်)

၂။ ပျက်တာသိတော့ မပျက်ဘူးဆိုတဲ့ သဿတ ဒိဋ္ဌိ ပြုတ် (အနိစ္စမြင်တဲ့ဉာဏ်)

၃။ ဖြစ်ပြီး ပျက်သွားတာသိတော့ အစိုးရတယ်ဆိုတဲ့ အတ္တဒိဋ္ဌိပြုတ် (အနတ္တမြင်တဲ့ဉာဏ်)

## ဆောင်ပုဒ်

ခန္ဓာငါးဝ ဖြစ်ကပျက်ပြန်
ဖြစ်တာမြင်ဆဲ ဆင်းရဲဒုက္ခံ
ပျက်တာမြင်ဆဲ မမြဲအနိစ္စံ
ဖြစ်ပျက်နှစ်ဝ မြင်ပြန်ကအစိုးမရအနတ္တ'

ယခုလိုပရမတ်ခန္ဓာပေါ်မှာ နည်းလေးနည်းနဲ့သိမြင်မှ

သမ္မာဒိဋ္ဌိအယူ ပညာသိဖြစ်ပါတယ်။ မြင်စိတ်စသော ဝိညာဉ် ခြောက်ပါးက အဟုတ်တကယ်ရှိတဲ့ ပရမတ်ရုပ်နာမ်ခန္ဓာကို ဖုံးကွယ်လှည့်စား၍ပြသော လူနတ်ဗြဟ္မာ တောတောင်ရေ မြေ လေမီး အိုးအိမ် စသည်တို့က အယူမှား အမြင်မှားတဲ့ ဝိညာဉ်သိမျှသာဖြစ်တယ်။ ဒါကြောင့် (ဝိညာဉ်ခြောက်ဖြာ သူ့ရှိန်ဝါကြောင့် ငါငါသူသူ လူဘဲ နတ်ဘဲ အမှတ်လွဲလျက် ငရဲအပါယ်အသွယ်သွယ်လျှင် ဝဋ်နွယ်ရှည်လျား တမားမား တည့် ခြောက်ပါးဝိညာဉ် စွမ်းရည်တည်း)လို့ လင်္ကာစပ်ဆို ထားတယ်။

ဒီလိုဝိညာဉ်သိနဲ့ ပညာသိကို ခွဲခြားပြီးမသိရင် ပညတ် နဲ့ ပရမတ်လဲ ဘယ်တော့မှမကွဲဘူး ပညတ်နဲ့ ပရမတ် မကွဲ ရင် ပညာမြင်ဆိုတာလဲ ဘယ်အခါမှ မမြင်နိုင်ဘူးမှတ်ပါ။

အမှန်မှာတော့ သုံးဆယ့်တဘုံလုံးမှာ ပရမတ် ခန္ဓာက လွဲလို့မရှိ ဒီပရမတ်ခန္ဓာရဲ့ အကြောင်းနဲ့ အကျိုးကို ယခုလို နည်းလေးနည်းနဲ့ ယူနိုင်မှသာ မိစ္ဆာဒိဋ္ဌိ အယူမှားတွေ စင် ကြယ်တဲ့ (ဒိဋ္ဌိဝိသုဒ္ဓိ)လို့ ဆိုပါတယ်။ အယူအမှားတွေစင် ကြယ်လျှင် ရုပ်နာမ်ခန္ဓာပေါ်မှာ သို့လောသို့လော ယုံမှား ခြင်းလဲစင်ကြယ်နေလို့(ကင်္ခါဝိတရဏဝိသုဒ္ဓိ) ဖြစ်ပါတယ် ဒီဝိသုဒ္ဓိ ၂ ပါးဟာ သောတာပတ္တိမဂ်ပုဂ္ဂိုလ်မှာ အရေးအ ကြီးဆုံးဖြစ်ပါတယ်။ ရှုမှတ်မှု ကမ္မဋ္ဌာန်းနဲ့ ကင်းကွာနေတဲ့ အခါမှာ ဒီဝိသုဒ္ဓိ ၂ ပါးဟာဖြစ်နေရမယ် ရှုမှတ်မှုကမ္မဋ္ဌာန်း ကို အားထုတ်နေတဲ့အချိန်မှာတော့ ဝိသုဒ္ဓိ ၇ ပါးလုံး ဖြစ် နေပါတယ်။

## (ဝိသုဒ္ဓိ ၇ပါးဖြစ်ပုံ)

ဒီနေရာမှာ ( ကမ္မဋ္ဌာန်းနဲ့ ကင်းကွာနေတဲ့ အခါမှာ ဝိပဿနာယောဂီဟာ ဒိဋ္ဌိဝိသုဒ္ဓိနဲ့ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ၂ပါးကို သမုစ္ဆေဒအားဖြင့် ဖြစ်နိုင်ပါ့မလား)လို့စောဒက တက်စရာရှိတယ်။ အဖြေက ဖြစ်တယ်လို့ဘဲ ဖြေရမယ်။ ဘာကြောင့်လဲဆိုတော့ ဝိပဿနာယောဂီဟာလောကမှာ သမုတိနယ်ကို မလွှန်ဆန်နိုင် သေးလို့သာ လောက၏ ပလိဗောဓကိစ္စအဝဝကို သုံးစွဲပြုလုပ်နေ ငြားသော်လဲ ယောနိသောမနသိကာရဖြင့် တရားနှလုံးသွင်းလိုက်တာနဲ့ တချက်ထည်း ငါ သူတပါး အသက်လိပ်ပြာဆိုတဲ့ သတ္တဝါအယူတွေ ကွယ်ပျောက်ပြီး ရုပ်နာမ် ခန္ဓာ၏ ဖြစ်ပျက်မှုသာ အဟုတ်တကယ်ရှိတာဘဲလို့ ဉာဏ်ထဲမှာ ထင်လာတယ်။ ဒါကြောင့် ဒီဝိသုဒ္ဓိ၂ပါးကိုဝိပဿနာယောဂီမှာ သမုစ္ဆေဒပဟာန်ရတယ်လို့ဆိုရပါတယ်။ ကျန်တဲ့ ဝိသုဒ္ဓိတွေကတော့ ယောနိသောမနသိကာရလောက်နဲ့ မပြီးစီးနိုင်ဘူးကမ္မဋ္ဌာန်းကို ကိုယ်တိုင်ရှုမှတ်နေတဲ့အချိန်မှာသာ ပြီးစီးနိုင်ပါတယ် ပြီးစီးပုံက=

၁။ ကမ္မဋ္ဌာန်းကို ရှုမှတ်နေစဉ် ဝိတိက္ကမကိလေသာဆိုတဲ့ ကာယကံ ဝစီကံတွေ လုံခြုံနေတဲ့အပြင် မိမိက တမင်တကာ အားမစိုက်ရဘဲ ဒွါရခြောက်ပါးမှာအလိုအလျောက် မဂ်က စောင့်ထိမ်းပေးတဲ့ စက္ခုန္ဒြေ သောတိန္ဒြေဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဆိုတဲ့ ဣန္ဒြေခြောက်ပါးကို စောင့်ရှောက်တဲ့ ဣန္ဒြိယသံဝရသီလက (သီလဝိသုဒ္ဓိ)

၂။ ကမ္မဋ္ဌာန်းကို ရှုမှတ်နေစဉ် ရုပ်နာမ်ဖြစ်ပျက်မှုကို သိတဲ့စိတ်က လွဲလို့ ကြံစည် စဉ်းစားမှုစသော ဝိတက်ဝိစာရတွေ စိတ်ပြန့်လွင့်မှုဥဒ္ဓစ္စတွေမဖြစ်ပေါ်ဘဲ ပရိယုဋ္ဌာနကိလေသာဆိုတဲ့ မနောကံတွေ ချုပ်ငြိမ်းပြီး ရုပ်နာမ်ခန္ဓာပေါ်မှာသာ စိတ်ကကျက်စားတည်ငြိမ်နေတဲ့ ခဏိကသမာဓိက (စိတ္တဝိသုဒ္ဓိ)

၃။ ကမ္မဋ္ဌာန်းကို ရှုမှတ်နေစဉ် ပရမတ်ခန္ဓာရဲ့ ဖြစ်ပျက်မှုကို ကြောင်းကျိုးနှင့်တကွ ဧကတ္တစသော နည်းလေးနည်းနဲ့ ဟုတ်တိုင်းမှန်ရာကို အသိအမြင်စင်ကြယ်နေတာက (ဒိဋ္ဌိဝိသုဒ္ဓိ)

၄။ ဒီလို အသိစင်ကြယ်ပြီး နေလို့ ရုပ်နာမ်ခန္ဓာရဲ့ ဖြစ်ပျက်မှုပေါ်မှာ သို့လောသို့လော ယုံမှားသံသယတွေဆိုတဲ့ ဝိစိကိစ္ဆာကိလေသာ စင်ကြယ်နေတာက (ကင်္ခါဝိတရဏဝိသုဒ္ဓိ)

၅။ ရှုမှတ်မှု ကမ္မဋ္ဌာန်း အားထုတ်ရာမှာ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးနှင့်တကွ အသိဉာဏ်အမြင် စင်ကြယ်နေတာက (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ)

၆။ ဒီရှုမှတ်မှုအလုပ်ဟာ အနုသယကိလေသာကို ပယ်သတ်ပြီး၊ နိဗ္ဗာန်ရောက်ကြောင်း အစစ်အမှန်ဖြစ်တဲ့ မဇ္ဈိမပဋိပဒါလမ်းစဉ်အားဖြင့် အကျင့်မှာ စင်ကြယ်နေလို့ (ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ)

၇။ ကမ္မဋ္ဌာန်းရှုမှတ်မှုကြောင့် ရုပ်နာမ်ခန္ဓာပေါ်မှာ ပရိညာသုံးပါးဖြင့်ပြီးသော ဉာဏ်စဉ် ၁၆ပါးဆိုတဲ့

မဂ်ဥာဏ်က အသိဥာဏ်စဉ်တွေမှန်ကန်စင်ကြယ်နေလို့ (ဉာဏဒဿနဝိသုဒ္ဓိ)

ဒီဝိသုဒ္ဓိ ၇ ပါးမှာ သီလဝိသုဒ္ဓိကအဓိသီလသိက္ခာ။စိတ္တဝိသု က အဓိစိတ္တသိက္ခာ။ ကျန်တဲ့ဒိဋ္ဌိ စသောဝိသုဒ္ဓိကြီး ငါးပါးက အဓိပညာသိက္ခာ။

သီလဝိသုဒ္ဓိနဲ့ စိတ္တဝိသုဒ္ဓိ နှစ်ပါးက သမထနယ်က စင်ကြယ်မှု။ ကျန်တဲ့ဒိဋ္ဌိစသော ဝိသုဒ္ဓိကြီး ငါးပါးက ဝိပဿနာနယ်က စင်ကြယ်မှုတွေဖြစ်ပါတယ်။

## ရှုမှတ်နေခိုက်မဂ္ဂင်ရှစ်ပါးဖြစ်ပုံ

ယခုလိုဝိသုဒ္ဓိ ၇ပါးနှင့်တကွဖြစ်သော ဝိပဿနာမဂ္ဂင် ရှစ်ပါးဟာ မြင်ခိုက်ကြားခိုက်စသည်တို့မှာ ရှုမှတ်နေ စဉ် မဂ္ဂင်ရှစ်ပါးလုံးအကျုံးဝင်နေပါတယ် အကျုံးဝင်ပုံကရှုမှတ်နေတဲ့အခါမှာ-

၁။ အဟုတ်တကယ်ရှိတဲ့ ပရမတ်ရုပ်နာမ်ရဲ့ ဖြစ်ပျက်ကိုသာ အမှန်သိမြင်နေတာက သမ္မာဒိဋ္ဌိ။

၂။ ရုပ်နာမ်ခန္ဓာနဲ့ စပ်ဆိုင်တဲ့ သဘောတရား တွေသာ ဉာဏ်ထဲမှာထင်ပေါ်တာက (သမ္မာသင်္ကပ္ပ)

၃။ ရှုမှတ်နေစဉ် မုသာဝါဒစသော ဝစီကံလေးပါးတို့မှ လွတ်ကင်းနေတာက (သမ္မာဝါစာ)

၄။ ရုပ်နာမ်ဓမ္မသင်္ခါရကိုဟုပ်တိုင်းမှန်ရာသိမြင်အောင် ရှုမှတ်မှုကို အားယုတ်နေတာက (သမ္မာကမ္မန္တ)
ရှုမှတ်မှုကမ္မဋ္ဌာန်းအလုပ်နဲ့သာ အစဉ်မပြတ် မွေ့

လျှော်ဝင်စားပြီးနေတာက (သမ္မာအာဇီဝ)

၆။ ရှုမှတ်မှုကမ္မဋ္ဌာန်းအလုပ်ကို မလျှော့သောလုံ့လဝီရိယ စိုက်ထုတ်နေတာက (သမ္မာဝါယမ)

၇။ ရုပ်နာမ်ခန္ဓာပေါ်မှာ အာရုံကိုမလွှတ်တမ်းအောက်မေ့တာက (သမ္မာသတိ)

၈။ ရုပ်နာမ်ခန္ဓာရဲ့ ဖြစ်ပျက်မှုပေါ်မှာသာ စိတ်ကတည်ငြိမ်ကျက်စားနေတာက (သမ္မာသမာဓိ)

ဒီမဂ္ဂင်ရှစ်ပါးနှင့်တကွဖြစ်သော ရှုမှတ်မှုတရားကို အားထုတ်နေတဲ့အခါ သီလ သမာဓိ ပညာဆိုတဲ့သိက္ခာသုံးပါးလဲ အကျုံးဝင်ပြီးသားဖြစ်နေပါတယ် ဝင်ခနပုံက ဒီရှစ်ပါးမှာ

၁။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဆိုတဲ့ မဂ္ဂင်နှစ်ပါးက ရုပ်နာမ်ခန္ဓာရဲ့ သဘာဝလက္ခဏာ သာမညလက္ခဏာတို့ကို ထိုးထွင်းပြီး သစ္စာလေးပါးကိုသိတဲ့ ပညာမဂ္ဂင် (အဓိပညာ)ဖြစ်တယ်။ အနုသယ ကိလေသာသေတယ်။

၂။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဆိုတဲ့မဂ္ဂင်သုံးပါးတ ကာယကံ ဝစီကံကို စောင့်ထိမ်းတဲ့သီလမဂ္ဂင် (အဓိသီလ) ဖြစ်တယ် ဝီတိက္ကမ ကိလေသာ သေတယ်။

၃။ သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်သုံးပါးက မနောကံကို စောင့်ထိမ်းတဲ့ သမာဓိမဂ္ဂင် (အဓိစိတ္တ)ဖြစ်တယ် ပရိယုဋ္ဌာန ကိလေသာ သေတယ်။

ဒါကြောင့် ဒီလိုသိက္ခာသုံးပါးနဲ့ ပြည့်စုံတဲ့ မဂ္ဂင်ရှစ်ပါး ကိုပါဠိတော်က—

"ကိလေသေမာရေန္တော နိဗ္ဗာနံဂစ္ဆန္တိ ဧတေနာတိမဂ္ဂေါ"

ဧတေန ထိုတရားအစုတို့ဖြင့် ကိလေသေ သက္ကာယဒိဋ္ဌိအစရှိသော ကိလေသာ အညစ်အကြေးတို့ကို မာရေန္တော၊ ပယ်သတ်ကုန်လျက် နိဗ္ဗာနံ၊ အပါယဒုက္ခ ဝဋ္ဋ ဒုက္ခတို့မှလွတ်ငြိမ်းခြင်းသို့ ဂစ္ဆန္တိ ရောက်ကုန်၏။ ဣတိတ သ္မာ ထိုကြောင့် မဂ္ဂေါ မဂ်မည်၏ တဲ့။ ဒါကြောင့် ယခုလို ကိလေသာကို ပယ်သတ်ပြီး နိဗ္ဗာန်ကိုရောက်စေတဲ့ မဂ္ဂင် ရှစ် ပါးနှင့်တကွဖြစ်သော ရှုမှတ်မှု တရားကြီးဟာ (မဂ္ဂသစ္စာ) ကြီးပါဘဲ ဒီမဂ္ဂသစ္စာကြီးကို ဓမ္မစကြာ ဒေသနာတော်က—

"ဣဒံခေါပနဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိ ယသစ္စံ အယမေဝ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ သေယျထိ ဒံ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာ အာဇီဝ သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိ"

အယမေဝအရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဤအရိယာ မဂ္ဂင်ရှစ်ပါးတရားသည် သေယျထိဒံ အဘယ်နည်း သမ္မာ ဒိဋ္ဌိ အမှန်မြင်ခြင်း သမ္မာသင်္ကပ္ပ အမှန်ကြံခြင်း သမ္မာဝါ စာ အမှန်ပြောဆိုခြင်း၊ သမ္မာကမ္မန္တ အမှန်ကို ပြုလုပ်ခြင်း သမ္မာအာဇီဝ အမှန်အသက်မွေးခြင်း သမ္မာဝါယမ အမှန် လုံ့လစိုက်ထုတ်ခြင်း၊ သမ္မာသတိ အမှန်ကို အောက်မေ့ခြင်း သမ္မာသမာဓိ အမှန် တည်ကြည် ခြင်း တို့ တည်း။ ဘိက္ခဝေ ရဟန်းတို့ ဣဒံခေါပန ဤတရားအစုတို့သည်ကား ဒုက္ခနိရော

ဝေါမိနီပဋိပဒါအရိယသစ္စာ ဆင်းရဲချုပ်ငြိမ်းကြောင်း အရိယာတို့ ကျင့်အပ်သော အမှန်တရားမည်၏တဲ့။

## (ဒီမင်္ဂလသုတ်ရဲ့ပွါးမှု ဘာဝေတဗ္ဗကိစ္စက)

အဓိသီလ အဓိစိတ္တ အဓိပညာဆိုတဲ့ သိက္ခာသုံးပါး အကျင့်တရားကိုပွားများတဲ့ခန္ဓာပေါ်မှာ ရှုမှတ်မှုပါဘဲ။

## (မင်္ဂလသုတ်မှာထင်သော ဉာဏ်သုံးပါးက)

(သစ္စဉာဏ်) မင်္ဂလသုတ်ကို ပွားများအပ်၏ဟု အမှန်အတိုင်းသိတဲ့ဉာဏ်။

(ကိစ္စဉာဏ်) မင်္ဂလသုတ်ကိုပွားများမှု၌ စီမံဆောင်ရွက်ပြုလုပ်တဲ့ဉာဏ်။

(ကတဉာဏ်) မင်္ဂလသုတ်၌ပွားများမှုကိစ္စ ပြီးစီးခြင်းသို့ရောက်ပြီလို့ သိတဲ့ဉာဏ်။

## မေ့စကြာဒေသနာတော်အရ ထိုဉာဏ်သုံးပါး ထင်ရှားဖြစ်ပေါ်လာပုံက-

စက္ခုံ- မင်္ဂလသုတ်ကို တွေ့မြင်သော မေ့စက္ခု သည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာလေ၏။

ဉာဏံ- မင်္ဂလသုတ်ကို အစဉ်အတိုင်း ပွားများနိုင်သော ဉာဏ်သည် ဥဒပါဒိ ထင်ရှား ဖြစ်ပေါ် လာလေ၏။

ပညာ- မင်္ဂလသုတ်၌သိက္ခာသုံးပါးဖြင့်ထိုးထွင်းနိုင်သော ပညာသည်ဥဒပါဒိထင်ရှားဖြစ်ပေါ်လာလေ၏။

ဝိဇ္ဇာ— မင်္ဂလသုတ္တာ၏ အကျိုးထူး တရားကို ဟုပ်ကိုင်းမှန် ရာသိခြင်းသည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာလေ၏။

အာလောကော- မင်္ဂလသုတ္တာကို မသိမမြင် နိုင်အောင် ဖုံးလွှမ်းမှု မောဟတည်းဟူသော အမိုက်တိုက်ကို ဖယ်ရှား ဖျက်ဆီးစေသော အရောင် အလင်းကြီး သည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာလေ၏။

(မင်္ဂလသုတ္တာပြီး၏)

# နိရောဓသစ္စာအခက်း

ဝိပဿနာရောဂီဟာ မြင်ခိုက်ကြားခိုက် စသည်တို့မှာ မြင်ရင်မြင်တယ်ကြားရင်ကြားတယ် မြင်တာဟာ မြင်စရာရှိလို့ အဆင်းကိုမြင်နေတာဘဲ ချစ်စရာမုန်းစရာမဟုတ်၊ ကြားတာဟာလဲကြားစရာရှိလို့ အသံကိုကြားနေတာဘဲ ချစ်စရာမုန်းစရာမဟုတ်ဘူးလို့ သိသိပြီးမှတ်နေတော့ လောဘဒေါသစသောအနုသယကိလေသာတွေနဲ့ ယှဉ်တွဲပြီးဖြစ်ပေါ်ရမဲ့ (ဥပါဒါနက္ခန္ဓာ) စဉ်ခတ္တ မဖြစ်ပေါ်ဘဲ ဥပါဒ်ဌီဘင်နဲ့ ဖြစ်ပျက်နေတဲ့ (ဒုက္ခက္ခန္ဓာ) ရိုးရိုးသာဖြစ်ပေါ်နေတာ အလွန်ထင်ရှားပါတယ်။

ယခုလိုမြင်ခိုက်၊ ကြားခိုက်၊ နံခိုက်၊ စားခိုက်၊ ထိခိုက်၊ သိခိုက်၊ သွားခိုက်၊ ရပ်ခိုက်၊ ထိုင်ခိုက်၊ လျောင်းခိုက်တို့မှာ သမ္မာသတိကိုအရင်းခံတဲ့ မဂ္ဂင်ရှစ်ပါးနဲ့ သိမှတ်သိမှတ်နေတော့ ဒိဋ္ဌိဝိစိကိစ္ဆာစသောအနုသယ-၇-ပါးဟာ ဖြစ်ပေါ်ခွင့်မရဘဲ မဖြစ်ပေါ်မီကတင်ကြိုပြီးချုပ်ချုပ်သွားတဲ့ ငြိမ်းမှုသဘောဟာ (နိရောဓသစ္စာ) ကြီးပါဘဲ-ဒီဖြစ်ခွင့်အနုသယကိလေသာခုနှစ်ပါးတို့ဟာ မဂ္ဂင်ရှစ်ပါးတည်းဟူသောသမာသတိဖြင့် ရှုမှတ်လိုက်တဲ့အခါမှာ အမှတ်ခံရတဲ့ ခန္ဓာပေါ်မှာ ပူးတွဲပြီးဖြစ်ပေါ်ခွင့်မရဘဲ၊ ဖြစ်မည့်ဆဲဆဲမှာပင် ချုပ်ပျောက်သေဆုံးခြင်းသို့ ရောက်သွားရတယ်—

## ဆောင်ပုဒ်

ဖြစ်ခွင့်အနုသယဘယ်မှာနေ ဖြစ်မည့်ဆဲဆဲမှာနေ
ဖြစ်ခွင့်အနုသယဘယ်မှာသေ ဖြစ်မည့်ဆဲဆဲမှာသေ
ဖြစ်မည့်ဆဲဆဲဘာကြောင့်သေ သိမှတ်မှုကြောင့်သေ
မသိမှတ်က အနုသယတွေ ဖြစ်မည်ကော်ပေ

ယခုလို ဖြစ်မည့်ဆဲဆဲမှာ အနုသယသေတော့ ဒီအနုသယကိလေသာကို အကြောင်းခံပြီး နောင်အနာဂါတ် တဖန်ဘဝမှာ ဖြစ်ရမဲ့ အပါယ်ခန္ဓာအကျိုးတရားကြီးလဲ ချုပ်ပျက်သေဆုံးသွားရတာဘဲ ဒီလိုမဖြစ်ရသေးတဲ့အပါယ်ခန္ဓာနဲ့ မဖြစ်ရသေးတဲ့အနုသယကိလေသာတို့ အကြောင်းရောအကျိုးပါ-၂-ပါးစုံပူးတွဲပြီး ချုပ်တဲ့သဘောကို (အနုပ္ပါဒချုပ်) လို့ဆိုပါတယ် ဒီအနုပ္ပါဒချုပ်ဟာ ဥပါဒ်လဲမဟုတ် ဌီလဲမဟုတ် ဘင်လဲမဟုတ် ဥပါဒ်ဌီဘင်ကင်းပြီးချုပ်တယ်။

"အနုပ္ပါဒေါဝနိရောဓေါ၊ အနုပ္ပါဒနိရောဓေါ၊
အာယတိံဘဝါဒီသုအပ္ပဝတ္တိနပနဘင်္ဂေါ"

အနုပ္ပါဒေါဝ ဉ်မဖြစ်သောသဘောသည် နိရောဓေါ ချုပ်၏ အနုပ္ပါဒနိရောဓေါ မဖြစ်သဘော ချုပ်ခြင်းသည် ပင်လျှင် အာယတိံဘဝါဒီသု နောင်အခါ ဘဝသစ်တို့၏ အပ္ပဝတ္တိ မဖြစ်ခြင်းသည် နပနဘင်္ဂေါ ဖြစ်ဆုံးတည်းဟူသောဘင်မဟုတ်-တဲ့။

ယခုလက်ရှိဖြစ်ပျက်နေတဲ့ခန္ဓာချုပ်ပုံကတော့ ဖြစ်စဖြစ် လယ်ဖြစ်ဆုံး ဆိုတဲ့ ဥပါဒ်ဌီဘင်နဲ့ ချုပ်တယ် ဒီခန္ဓာ့ရဲ

ဖြစ်စဟာ ဖြစ်လယ်ရောက်တော့ မရှိတော့ဘဲ ချုပ်ပျက်ကုန်ဆုံးသွားတယ်။ ဖြစ်လယ်ကလဲ ဖြစ်ဆုံးရောက်တော့ မရှိတော့ဘဲ ချုပ်ပျက်ကုန်ဆုံးသွားတာဘဲ။ ဖြစ်ဆုံးကလဲ တဖန် ဖြစ်စရောက်ပြန်တော့ ချုပ်ပျက်ကုန်ဆုံးသွားရပြန်တာဘဲ အဲဒီသို့ဥပ္ပါဒ်ဌီ ဘင်နဲ့ ချုပ်တဲ့သဘောကို (ဥပ္ပါဒချုပ်) လို့ဆိုပါတယ်၊ ဆိုတဲ့ပါဠိတော်က–

"ဥပ္ပါဒမေဝနိရောဓေါ ဌာနမေဝနိရောဓေါ
ဘေဒမေဝနိရောဓေါ"

ဥပ္ပါဒမေဝနိရောဓေါ ဖြစ်မှုချုပ်ခြင်း၊ ဌာနမေဝနိရောဓေါ တည်မှုချုပ်ခြင်း၊ ဘေဒမေဝနိရောဓေါ ပျက်မှုချုပ်ခြင်းဆိုတဲ့ အချုပ်သုံးပါးနဲ့ ချုပ်တယ်-တဲ့။

## ဆောင်ပုဒ်

ဖြစ်လျှင်ဒုက္ခ ချုပ်ကနိဗ္ဗာန်
ချုပ်ခြင်းအမှု မဖြစ်စုံ ခေါ်မှုနိရောဓ်

## (ပဋိစ္စသမုပ္ပါဒ်ရပ်ပုံ)

ဝိပဿနာ ရှုမှတ်နေတဲ့အခါမှာ အကြောင်းအကျိုး ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်-၁၂-လုံးတပြိုင်တည်းရပ်နေတယ် ရပ်ပုံက ဝိပဿနာယောဂီဟာ အာရုံတွေဖြစ်တိုင်းဖြစ်တိုင်း (ဝါ) မြင်တိုင်းကြားတိုင်းစသည်တို့မှာ သိမှတ်သိမှတ်နေတော့ ရုပ်နာမ်ခန္ဓာတို့ရဲ့ ဖြစ်ပျက်မှုသဘာဝလက္ခဏာ ဒုက္ခသစ္စာကြီးကိုသာ သိသိပြီးနေတာဟာ(ဝိဇ္ဇာဉာဏ်)က အမှန်ကို သိနေတာဘဲ ယခုလိုပစ္စုပ္ပန်ဖြစ်ခိုက်ဖြစ်ခိုက်ခန္ဓာမှာ ဝိဇ္ဇာ

ဖြစ်ပြီးသိသိနေနေတော့ အတိတ်အဟောင်းက မသိမှုဆိုတဲ့ (အဝိဇ္ဇာ)ဟာချုပ်နေပါတယ် အဝိဇ္ဇာချုပ်နေတော့ ဖြစ်တိုင်းဖြစ်တိုင်းခန္ဓာမှာ ကံကိလေသာနဲ့ ရောနှောခွင့်မရလို့ (တဏှာ)အစရှိတဲ့အသစ်ကိလေသာတွေ ဖြစ်ခွင့်မရဘဲချုပ်ပျက်ကုန်ဆုံးသွားရတယ် အဲဒီလို တပ်မက်မှု တဏှာချုပ်တော့ ဒီတပ်မက်မှုကိုအမှီပြုပြီးမှ စွဲလမ်းရမဲ့ (ဥပါဒါန်) ကလဲမစွဲလမ်းမဖြစ်ပေါ်နိုင်ဘဲ ချုပ်နေတယ် စွဲလမ်းတဲ့ ဥပါဒါန်မဖြစ်တော့ ရလို၍ပြုပြင်မှုဆိုတဲ့(သင်္ခါရ)ကလဲ ပြုလုပ်ဖန်တည်းဘို့မလိုတော့သဖြင့် မပြုလုပ်မဖန်တည်းဘဲ ချုပ်ပျောက်နေတယ် ပြုပြင်မှုတွေက မပြုပြင်ဘဲချုပ်နေတော့ ကံသုံးပါးကြောင့်ဖြစ်ထိုက်တဲ့(ကမ္မဘဝ)ကလဲမပြီးခြောက်ဘဲ ချုပ်သွားတယ်။

ယခုလိုပစ္စုပ္ပန်မှာ အကြောင်းငါးလုံးက ချုပ်နေတော့ ဒီအကြောင်းငါးလုံး ကို အရင်းခံပြီးမှ ဖြစ်ပေါ်ရမဲ့ အနာဂါတ်အကျိုးငါးလုံးဖြစ်တဲ့ (ဝိညာဉ်-နာမ်ရုပ်-သဠာယတန ဖဿ ဝေဒနာ) ဆိုတဲ့ခန္ဓာငါးပါးလဲ ချုပ်ပျောက်ရတော့တာဘဲ ခန္ဓာငါးပါး ချုပ်တော့ ခန္ဓာငါးပါးရဲ့ ဖြစ်မှု (ဇာတိ) ကလဲမဖြစ်ရဘဲချုပ်တယ် ဖြစ်မှုဇာတိချုပ်တော့ ဟောင်းနွမ်းပျက်စီးစရာမရှိခြင်းကြောင့် ဟောင်းနွမ်းပျက်စီးမှုဆိုတဲ့ (ဇရာမရဏ)လဲ ချုပ်ပျက် ကုန်ဆုံးရတော့တာဘဲ—

ဝိဇ္ဇာဉာဏ်အားဖြင့် ယခုလိုအမှတ်တရားကို တချက်သိမှတ်လိုက်ရင်တပတ်ရပ်ပြီး အဝိဇ္ဇာစတဲ့ ပဋိစ္စသမုပ္ပါဒ်-၁၂

လုံးဟာ တပြိုင်တည်းချုပ်ချုပ်သွားတယ် ဒီလို ချုပ်သွား တာဟာ အဝိဇ္ဇာ သင်္ခါရ တဏှာ ဉပါဒါန် ကံဆိုတဲ့ သမု ဒယသစ္စာနဲ့ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ခန္ဓာငါးပါးဒုက္ခသစ္စာတရားတို့ဟာ နှစ်ပါးစုံပူးတွဲပြီး ချုပ်သွားပါတယ်-

ကမ္မဋ္ဌာန်းရှုမှတ်နေတဲ့အခါ ယခင်ကမသိမှု အဟောင်း (အဝိဇ္ဇာ)လဲချုပ် မဖြစ်ရသေးတဲ့ဖြစ်ခွင့် အသစ် (တဏှာ) လဲချုပ်ဒီလိုအဝိဇ္ဇာနဲ့ တဏှာနှင့်ပင်ပူးတွဲပြီး ချုပ်ပျောက် ပျက်စီးသွားတော့ အသစ်ရောအဟောင်းပါ အကြောင်း ဖြစ်ခွင့်မရဘူး အသစ်အဟောင်း အကြောင်းမဖြစ်တော့ ပစ္စုပ္ပန်မှာ ချုပ်ပျက်ကုန်ဆုံးသွားတဲ့ ကိလေသာကို အ ကြောင်းခံပြီးမှဖြစ်ရမဲ့ အနာဂါတ်အကျိုးခန္ဓာသစ်လဲ မ ဖြစ်ရခြင်းဟာ အကြောင်းပြတ်လို့အကျိုးရပ်တာဘဲ ဒါ ကြောင့် အနာဂါတ်အကျိုးရပ်လိုက ပစ္စုပ္ပန် အကြောင်း သတ် ပစ္စုပ္ပန်အကြောင်းသတ်လိုက ပစ္စုပ္ပန်အကျိုးကိုမှတ် ရမည်-သတိမူပါ။

## ဆောင်ပုဒ်

ကြောင်းကျိုးနှစ်ဖြာတွယ်ကာပတ်တော့
ဘယ်ဟာသတ်မှငြိမ်းပါ့မယ်
အကြောင်းကိုသာမချသတ်မှ ဒုက္ခပြတ်လို့ငြိမ်းလိမ့်မယ်
အဲဒါကြောင့်ရှုမှတ်တရား ကြိုးစားကြစေကွယ်

ဒီလိုမှတ်လိုက်တိုင်း မှတ်လိုက်တိုင်းမှာ ဖြစ်ခွင့်အနုသယကိလေသာတွေ ချုပ်နေတဲ့ ကိလေသနိဗ္ဗာန်ကို မျက်ကွယ်မဟုပ်ဘဲ မျက်ဝါးထင်ထင် ဉာဏ်ထဲမှာ တွေ့မြင်နေတာကို နိဗ္ဗာန်မျက်မှောက်ပြုတယ်လို့ဆိုရပါတယ်-

နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်အောင် တရားအားထုတ်တဲ့ ရောဂီဟာ အချိန်ရနိုင်သလောက် ကြိုးစားပြီး ရှုမှတ်မှုကို အားထုတ်ရမယ် ဒီလိုကြိုးစားပြီးရှုမှတ်နေမှ တဏှာဦးစီးတဲ့ဖြစ်ခွင့်အနုသယကိလေသာတွေ ချုပ်ပြောက်နေတာကို ကိုယ်တိုင်ကိုယ်ကျ မျက်မှောက်ပြုရမယ် ဒီလိုကိလေသာတွေ ချုပ်တဲ့သဘောကိုနိရောဓလို့ဆိုတယ် ဒါကြောင့်ဓမ္မစကြာဒေသနာတော်က-

"ဣဒံခေါပနဘိက္ခဝေ ဒုက္ခနိရောဓံအရိယသစ္စံ
ယောတဿာယေဝတဏှာယအသေသဝိရာဂနိရောဓော
စာဂေါပဋိနိဿဂ္ဂေါ ဝိမုတ္တိအနာလယော"

ဘိက္ခဝေ-ရဟန်းတို့ တဿာယေဝတဏှာယ ထိုကာမတဏှာစသည်ဖြင့် ဝေဘန်အပ်သော ခလာဘ၏သာလျှင် ယောအသေသဝိရာဂနိရောဓော အကြွင်းအကြွင်းမဲ့ ပယ်ဖျောက်ချုပ်ဆုံးမှုသည်၎င်း၊ ယောစာဂေါ အကြွင်းစွန့်ရာဖြစ်သောနိဗ္ဗာန်သည်၎င်း၊ ယောပဋိနိဿဂ္ဂေါ အကြွင်းဝေးစွာစွန့်ရာရှောင်ရာဖြစ်သောနိဗ္ဗာန်သည်၎င်း၊ ယာမုတ္တိ အကြွင်းလွတ်ရာဖြစ်သောနိဗ္ဗာန်သည်၎င်း၊ယောအနာလယော အကြွင်းကပ်ငြိခြင်းကင်းရာဖြစ်သော နိဗ္ဗာန်သည်၎င်း၊အတ္ထိ ရှိ၏ ဣဒံခေါပနဓမ္မဇာတံ-ဤနိဗ္ဗာန်တည်းဟူသောသဘော

တရားသည် ဒုက္ခနိရောဓ ဆင်းရဲချုပ်ရာဖြစ်သော အရိယ သစ္စံ အရိယာတို့ မျက်မှောက်ပြုအပ်သော အမှန်တရားမည်၏-တဲ့။

## နိရောဓသစ္စာရဲ့မျက်မှောက်ပြုမှု သစ္ဆိကရဏကိစ္စက

ဝိဇ္ဇာကားမဂ်-ဝိမုတ္တိကားဖိုလ်-ထိုတရားနှစ်ပါး၏ ဂုဏ် ကျေးဇူးတို့ကိုသိပြီးမဂ်ဉာဏ် ဖိုလ်ဉာဏ် မဟာပစ္စဝေက္ခဏာ ဉာဏ်တို့ဖြင့်မျက်မှောက်ပြုမှု=

## နိရောဓသစ္စာမှာထင်တဲ့ဉာဏ်သုံးပါးက

(သစ္စဉာဏ်) နိရောဓသစ္စာကို မျက်မှောက်ပြုအပ်၏ဟု အမှန်အတိုင်းသိတဲ့ဉာဏ်။

(ကိစ္စဉာဏ်) နိရောဓသစ္စာကိုမျက်မှောက်ပြုတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပစ္စဝေက္ခဏာဉာဏ်။

(ကတဉာဏ်) နိရောဓသစ္စာကိုမျက်မှောက်ပြုမှုပြီးစီးခြင်း သို့ရောပြီလို့သိတဲ့ဉာဏ်။

## ဓမ္မစကြာဒေသနာတော်အရထိုဉာဏ်သုံးပါး ထင်ရှားဖြစ်ပေါ်လာပုံက

စက္ခုံ- နိရောဓသစ္စာကို သိမြင်သော ဓမ္မစက္ခုသည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာလေ၏။

ဉာဏံ- နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်သော ဉာဏ်သည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာလေ၏။

ပညာ- နိရောဓသစ္စာ၏နက်နဲသိမ်မွေ့ခြင်းကို ထိုးထွင်းနိုင်သောပညာသည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာလေ၏။

ဝိဇ္ဇာ- နိရောဓသစ္စာ၏ ငြိမ်းမှုကို အထူးသဖြင့်ဟုပ်တိုင်းမှန်ရာသိခြင်းသည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာလေ၏။

အာလောကော- နိရောဓသစ္စာကို မသိမမြင်နိုင်အောင် ဖုံးလွှမ်းမှု မောဟတည်းဟူသော အမိုက်တိုက်ကိုဖယ်ရှားဖျက်ဆီးစေသေ၊ အရောင်အလင်း ကြီးသည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာလေ၏။

ဒါကြောင့် သောတပန်နတ်သွီးက အရှင်မောဂ္ဂလာန်ကို သူဟာနိဗ္ဗာန်ကိုရပြီလို့လျှောက်တယ်၊ဘယ်လိုလျှောက်သလဲလို့ဆိုတော့-ဝိမာနဝတ္ထုပါဠိတော်မှာ—

"အနုကမ္ပကာယကုသလာယ ဩဝါဒမှိ အဟံဋ္ဌိတာ
အဇ္ဈဂါအမတံသန္တံ နိဗ္ဗာနံပဒံမစ္စုတံ"

အဟံ အကျွန်ုပ်သည် အနုကမ္ပကာယ လူသုံးပါးတို့ကို အစဉ်သနားတော်မူသော ကုသလာယ အရာခပ်သိမ်း၌ အတုမရှိလိမ္မာတော်မူသော ဘုရားရှင်၏ ဩဝါဒမှိ အဆုံးအမ၌ ဋ္ဌိတာပတိဋ္ဌိတာတည်ရသည်ဖြစ်၍ အစ္စုတံ ရွေ့လျားခြင်းမရှိသော အမတံ သေခြင်းကင်းသော သန္တံ ငြိမ်းသော

ပဒံ ရောက်အပ်သော နိဗ္ဗာန် နိဗ္ဗာန်ကို အဓိဂါ ရပြီးရောက်ပြီ-တဲ့။

ဘယ်နိဗ္ဗာန်ကို ရသလဲဆိုတော့ မိမိ၏သန္တာန်၌ ဖြစ်သော သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဆိုတဲ့ကိလေသာနှစ်ပါးတို့ ချုပ်ငြိမ်းတဲ့ သဥပါဒိသေသနိဗ္ဗာန်ဟုဆိုအပ်သော ကိလေသနိဗ္ဗာန်ကို ကိုယ်တွေ့အားဖြင့်ရ၏ ထိုပြင်တစ-ဋ္ဌိဒိဋ္ဌိနှင့် ဝိစိကိစ္ဆာနှစ်ပါးတို့၏ ဝဋ်မြစ်စွဲရာဖြစ်သော အပါယ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှု(ဝါ)"နတေဘဝံအဋ္ဌမမာဒိယန္တိ" ဆိုတဲ့ အတိုင်း ခုနှစ်ဘဝအထက်ကျော်လွန်သော အနမတဂ္ဂဘဝခန္ဓာတို့၏ ချုပ်ငြိမ်းမှုကိုလည်း ဉာဏ်တွေ့အားဖြင့်ရ၏၊ ထိုသို့ကိုယ်တွေ့ဉာဏ်တွေ့ အားဖြင့်ကိလေသာနဲ့ ခန္ဓာတို့နှစ်ပါးစုံချုပ်ငြိမ်းမှုကိုရသဖြင့်သူဟာနိဗ္ဗာန်ကို ရပြီးရောက်ပြီလို့ ဆိုတယ်။

ဒီဝတ္ထုဟာ သောတပန်ဖြစ်ရင်နိဗ္ဗာန်ရတယ်ဆိုတဲ့သာဓကတခုဘဲ–

## ဆောင်ပုဒ်

ကိလေသာချုပ်အဟုပ်သာမြင်
ဥပါဒိလို့ဉာဏ်ဝမှာထင်
နာမ်ရုပ်နှစ်ပါးချုပ်ငြားပြန်လျှင်
အနုပါဒိမှုချကွက်တမ်းဝင်

နိဗ္ဗာန်ဆိုတာ (အဇာတ) တဲ့-ဇာတိဆိုတဲ့ အကြောင်းတရားတို့ရဲ့ညီညွတ်မှုကြောင့်ဖြစ်ရတဲ့တရားမျိုးမဟုတ်။

(အဘူတံ)တဲ့- မူလဘူတကအကြောင်းနဲ့ ကင်းပြီး အလို အလျောက်ဖြစ်တဲ့တရားမျိုးလဲမဟုတ်- အကြောင်းကြောင့်ဖြစ်တဲ့အဖြစ်မျိုးလဲမရှိ အလိုအလျောက်ဖြစ်တဲ့ အဖြစ်မျိုးလဲမရှိ (ဖြစ်)ဆိုတဲ့ သဘောမှန်သမျှကို ပယ်ပြီး အဇာတံ အဘူတံ လို့ရှင်တော်ဘုရားဟောခတော်မူတယ်။

နိဗ္ဗာန်ဟာ- ရုပ်နာမ်ခန္ဓာတို့လို နဂိုရှိမူလက မရှိပါဘဲနဲ့ အကြောင်းပြည့်စုံမှဖြစ်ပေါ်လာပြီး ပျက်စီးကုန်ဆုံးသွားတဲ့ သဘောမျိုးမဟုတ်တဲ့အတွက်အနိစ္စလို့မဆိုရဘူး။ ယခုလိုပြုမှု ဖြစ်မှုပျက်မှုဆိုတဲ့ ဆင်းရဲအပေါင်းငြိမ်းနေတဲ့ သင်္ခတသုခနဲ့ ပြည့်စုံလို့ဒုက္ခလို့လဲမဆိုရဘူး။

သုညတနိဗ္ဗာန်ဆိုတဲ့သဘောက နိဗ္ဗာန်ဟာ လုပ်ယူအပ်တဲ့ တရားမျိုးမဟုတ်ပါဘူး- ဗလိဗောဓ ဒုက္ခ တည်းဟူသော ကြောင့်ကြမှုဆိုတာမရှိ။ ၁၊ ဒါနသီလစသောပါရမီတရားတွေကို ဘဝများစွာဖြည့်ကျင့်ရတဲ့ ဗလိဗောဓ ဒုက္ခအနှောက်အယှက်ကြီးတပါးရယ်။ ၂၊ အဆုံးဘဝမှာသီလဝိသုဒ္ဓိစသော ဝိသုဒ္ဓိ ၇ပါးတို့ကိုပွားများအားထုတ်ရတဲ့ ဗလိဗောဓ အနှောက်အယှက်ကြီးတပါးရယ်- ဒီဗလိဗောဓဒုက္ခနှစ်ပါးဟာ နိဗ္ဗာန်ကိုရောက်လိုတဲ့ သူ့ရဲ့သဏ္ဍာန်မှာ ခုခံနှောက်ယှက်နေတဲ့ ကိလေသာတွေကို (၁၀) သစ္စာလေးပါးကို မသိမမြင်နိုင်အောင်ဖုံးလွှမ်းစေတဲ့ ကိလေသာတွေကို တွန်းလှန် ဖြိုဖျက်ဖယ်ရှားဘို့ကြောင့်ကြစိုက်ရတဲ့ ဗလိဗောဓဒုက္ခတွေသာ ဖြစ်ပါတယ်-ဒီကိလေသာတွေ ကုန်ခမ်းစင်ကြယ်က နိဗ္ဗာန်ဟာ အကာလိကော အခါမလင့် ကူးမြောက်နိုင်တဲ့ ဓါတ်

ကြီးဖြစ်တယ်- ဒါကြောင့်နိဗ္ဗာန်မှာပြုဘွယ်ကိစ္စဗလိပေါစ ဆိုတာလုံးဝမရှိ၊ အပြုတရားမရှိလို့ အဖြစ်တရားလဲလုံးဝမရှိ၊ အဖြစ်တရားမရှိလို့ အပျက်တရားလဲလုံးဝမရှိဘူး၊ ပြုမှု-ဖြစ်မှု ပျက်မှုတို့လုံးလုံးဆိတ်သုဉ်းနေခြင်းကြောင့် သုညတနိဗ္ဗာန် ဒါကြောင့်နိဗ္ဗာန်ဟာ-နိစ္စ-သုခ-အနတ္တသာဖြစ်ပါတယ်—

(မှတ်ချက်) ဒီနေရာမှာ ယခုလိုနိဗ္ဗာန်ဟာလုပ်ယူ့အပ် တဲ့တရားမဟုပ်ဘူးလို့ ဆိုတော့ (ဝိပဿနာကမ္မဋ္ဌာန်းရှုမှတ် မှုအားထုတ်နေတာဟာ နိဗ္ဗာန်ကိုရအောင် လုပ်ယူနေတာ မဟုပ်လား) လို့စောဒကတက်စရာရှိတယ်၊ အမှန်ကတော့ ဝိပဿနာရှုမှတ်မှုဟာ ပဋ္ဌမ ကာယကတာသတိနဲ့ သမာဓိ ထူထောင်တဲ့ သမထခဏ်းမှာတော့- မိမိက လုပ်တာမှန်ပါ တယ်၊ ဒါပေမဲ့ သမာဓိရလို့ သတိပဋ္ဌာန် လေးပါးနဲ့ ဝိပဿနာဖြစ်ပြီးနေတဲ့အချိန်မှာ မိမိက စေတနာဦးစီးပြီး လုပ်ယူတာတချက်မှ မပါပါဘူး- မိမိက လုပ်ယူလို့ရှိရင်လဲ ဝိပဿနာကိုမဖြစ်ဘူး ဝိပဿနာအာရုံမှာ စေတနာသင်္ခါ ရကြောင့် ဖြစ်တဲ့ခန္ဓာကိုမရှုမှတ်ရပါဘူး- ဇေဝံဓမ္မတာဆိုတဲ့ အတိုင်း သူ့သဘောသူဆောင်ပြီး တွေ့ဆုံကြတဲ့ ဖဿသင်္ခါ ရကြောင့်ဖြစ်ပေါ်တဲ့ခန္ဓာကိုသာ ရှုရပါတယ်-အထက်ကလဲ ဖော်ပြခဲ့ပြီးပါပြီ သူက ပြုတာ ဖဿသင်္ခါရ၊ ကိုယ်က ပြု တော့စေတနာသင်္ခါရဖြစ်ပါတယ်–ကိုယ်ကလုပ်ပြီးရှုတဲ့ကမ္မ ဋ္ဌာန်းအာရုံဟာသမထအာရုံ။ သူကပြုတာကိုအလိုက်သင့်ရှု တဲ့ ကမ္မဋ္ဌာန်းအာရုံကမှ ဝိပဿနာအာရုံဖြစ်ပါတယ်- ဒါ ကြောင့်နိဗ္ဗာန်ရောက်ကြောင်းတရားရဲ့မဂ်လမ်းကိုက မိမိက

လုပ်ယူတဲ့တရားမပါတဲ့အပြင်-ကုသလံအကုသလံဇဟံ-ဆိုတဲ့ အတိုင်းမြင်လို့မြင်တယ်၊ ကြားလို့ကြားတယ်၊ နံလို့နံတယ် စသည်ဖြင့် သိရုံသိရုံအမှတ်ပြုနေတဲ့အတွက် သံသရာ ခန္ဓာ ဖြစ်စေတဲ့ လောကီကုသိုလ်အကုသိုလ်တရားတွေလဲ လုံးဝ မပါဘူးဆိုကာကိုမြဲမြဲကြီးသတိချပ်စေသိပါတယ်။

နိရောဓသစ္စာပြီး၏။

# (သစ္စာလေးချက်တပြိုင်နက်ဖြစ်ပုံ)

ဝိပဿနာယောဂီ၏ ရှုမှတ်မှု၌ မှတ်ချက်တိုင်းမှတ်ချက်တိုင်းမှာသစ္စာလေးချက်ဟာ တပြိုင်နက်တည်းပြီးစီးသွားတယ်၊ ပြီးပုံက ဥပမာ ဆီမီးခွက်ကို ထွန်းညှိလိုက်တဲ့အခါမှာ မီးဇာကုန်ခြင်း၊ဆီခမ်းခြင်း၊အမှောင်ပျောက်ခြင်း၊အလင်းရောက်ခြင်း၊ ဆိုတဲ့ကိစ္စလေးချက်ဟာ တပြိုင်တည်း ပြီးစီးသွားသလိုကမ္မဋ္ဌာန်းရှုမှတ်လိုက်တဲ့ မှတ်ချက်တိုင်းမှာလဲကိစ္စလေးချက်ဟာဘယ်လိုပြီးစီးသွားသလဲဆိုတော့—

၁။ ခန္ဓာငါးပါးရဲ့ ဖြစ်ပျက်မှု သဘာဝ လက္ခဏာသည် မမြဲဆင်းရဲအစိုးမရတဲ့ သဘောအတိသာ ဖြစ်ခြင်းကြောင့်-၎င်းခန္ဓာငါးပါးက (ဒုက္ခသစ္စာ)

၂။ ခန္ဓာငါးပါးကို ဖြစ်ပေါ်ခိုက်မှာ မသိမှတ်လိုက်လို့ရှိရင် ဖြစ်ပေါ်လာမဲ့တဏှာအစရှိသော ဖြင့်ခွင့်အာအနုသယကိလေသာတို့က (သမုဒယသစ္စာ)

၃။ ခန္ဓာငါးပါးကို ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း မဂ္ဂင်ရှစ်ပါးဖြင့်ပြီးသော သမ္မာသတိနဲ့ ရှုမှတ်ရှုမှတ်နေတာက (မဂ္ဂသစ္စာ)

၄။ မှတ်ချက်တိုင်းမှတ်ချက်တိုင်းမှာ- ဖြစ်ခွင့်မရသော အနုသယကိလေသာနှင့် အတူတကွပူးတွဲပြီး ဖြစ်ပေါ်ရမဲ့ခန္ဓာတို့နှစ်ပါးစုံ ချုပ်ဆုံးသွားတဲ့ သဘောက (နိရောဓသစ္စာ)

## ဆောင်ပုဒ်

ခန္ဓာငါးဝဒုက္ခသစ္စာ ဖြစ်ခွင့်အနုသယ သမုဒယသစ္စာ
ရှုမှတ်ချက်ကမဂ္ဂသစ္စာ ကိလေသာယုတ်-ခန္ဓာစုတ်
စုံချုပ်နိရောဓါ

ဒါ့ကြောင့်ဒေသနာတော်က "နိရောဓေအာရမ္မဏပဋိဝေဓေါတီသုကိစ္စတော" လို့ဆိုထားတယ် နိရောဓ နိဗ္ဗာန်ကို တည့်တည့်မျက်မှောက်ပြုခြင်းအားဖြင့်ကျန်သစ္စာသုံးပါးတို့၏ကိစ္စပြီးစီးလေတော့၏-တဲ့ ဒီလိုမိမိ၏ခန္ဓာမှာသစ္စာလေးပါးကိုမြင်ရင်လောကရဲ့အဆုံးကိုမြင်တယ်ထို့ဘုရားရှင်ဟောတော်မူပုံက=

ကဿပဘုရား လက်ထက်တော်မှာ ရောဟိတဆိုတဲ့နတ်သားဟာ တရားနာနေတဲ့ အခါမှာ ကဿပ ဘုရားရှင်က လောကဆုံးရင်နိဗ္ဗာန်တွေ့မယ်လို့ ဟောလိုက်တယ်၊ ဒီတော့ ရောဟိတနတ်သားက နိဗ္ဗာန်ကိုတွေ့ခြင်တဲ့ဇောနဲ့ သမုတိနယ်က ဩကာသလောကကြီးကိုဆုံးအောင်နတ်တို့၏ ဣဒ္ဓိပါဒ်ဖြင့် အလွန်လျှင်မြန်တဲ့ အဟုန်နဲ့ မဆုံးမချင်းလိုက်ပြီးရှာလိုက်တာ နတ်သက်သာကုန်ပါရော လောကဆုံးတာကိုမတွေ့ဘူး၊ ဘာတွေ့နိုင်မလဲ သမုတိနယ်က ဩကာသလောကဆိုတာကအဆုံးမရှိတဲ့ အနန္တစကြာဝဠာကြီးဘဲ- ဒီလိုနတ်သက်တသက်လုံးလောကကိုလိုက်ပြီးရှာနေတဲ့ သမာဓိအဟုန်ကြောင့် နတ်သက်ကုန်ဆုံးတဲ့အခါကျတော့ ဗြဟ္မာ့ပြည်မှာရောဟိတဗြဟ္မာကြီးရယ်လို့ သွားဖြစ်တယ်၊ ဗြဟ္မာ

ဖြစ်တော့လဲလောကရဲ့အဆုံးကိုဘဲမလျှော့တမ်းလုလ္လနဲ့လိုက်ရှာပြန်တာဘဲ ဒါပေမဲ့လောကရဲ့အဆုံးကိုမတွေ့ဘူးဒီတော့မှငါဟာလောကရဲ့အဆုံးကို နတ်သက်တသက်လုံးရှာခဲ့တာမတွေ့လို့ ယခုဘဝဗြဟ္မာအဖြစ်နဲ့ လိုက်ရှာလို့လဲမတွေ့ဘူး လူ့ပြည်မှာတော့ဂေါတမမြတ်စွာဘုရားပွင့်ပြန်ပြီ- ဘုရားကိုဆင်းပြီး လျှောက်မှဘဲလို့ အကြံရပြီး ဘုရားထံတော်မှောက်မှာ ဝင်လျှောက်တယ်၊ ဘယ်လို လျှောက်သလဲဆိုတော့ ဘုရားတပည့်တော်ဟာ နတ်သက်တသက်လုံးရော ယခုဘဝဗြဟ္မာအဖြစ်နဲ့ရော လောကရဲ့အဆုံးကို လိုက်ရှာတာယနေ့တိုင် မတွေ့နိုင်ပါဘူး ဘုရားလို့ လျှောက်တယ်။ ဒီတော့ဘုရားရှင်ကဘယ်လိုဟောတော်မူသလဲဆိုတော့-

"အပိစခွါဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေ
ကဠေဝရေ သသညိမှိ သမနကေ
လောကဉ္စပညပေမိ လောကသမုဒယဉ္စ
လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စပဋိပဒန္တိ"

(သဂါထာ ဝဂ္ဂ သံယုတ်-၆၁)

အာဝုသော အိုဒါယကာ ရောဟိတ ဗြဟ္မာနတ်သား အပိစခေါ စင်စစ်သော်ကား သသညိမှိ သညာရှိသော သမနကေ စိတ်ရှိသော ဗျာမမတ္တေ အလျားတလံ အနံတထွာမျှလောက်သော ဣမသ္မိံယေဝ ကဠေဝရေ ဤကိုယ်ကောင်ကြီး၌ပင်လျှင် လောကဉ္စ လောက တည်းဟူသော ဒုက္ခသစ္စာကိုရင်း၊ လောကသမုဒယဉ္စ လောကတည်းဟူ

သော ဒုက္ခဖြစ်ကြောင်းသမုဒယသစ္စာကိုရင်း၊ လောကနိရောဓသ္တ လောကတည်းဟူသောဒုက္ခချုပ်ငြိမ်းခြင်း နိရောဓသစ္စာကိုရင်း၊ လောကနိရောဓဂါမိနီပဋိပဒဿ လောကတည်းဟူသောဒုက္ခချုပ်ငြိမ်းရာချုပ်ငြိမ်းကြောင်း အကျင့်တရားမဂ္ဂသစ္စာကိုရင်း၊ ပညပေမိ ငါဘုရား ဟောကြားပညတ်တော်မူပေ၏-ဘဲ့

(မှတ်ချက်) ဒီနေရာမှာ ဗျာမမတွေ့ အလျှားတလံအနံတထွာမျှလောက်သော ဣမသ္မိံ ယေဝ ကဠေဝရေ ဤကိုယ်ကောင်ကြီး၌ပင်လျှင်ရှုရမယ်လို့ ဒေသနာတော်ကိုအနက်ပြန်ထားတယ်၊ ဤကိုယ်ကောင်ကြီးဆိုတဲ့အတိုင်း မိမိ၏ ဥတုဇချပ်တုံးကြီးကို ရှုဘို့ဆိုလိုတာမဟုပ်ပါဘူး မိမိရဲ့တလံလောက် ကိုယ်မှာရှိတဲ့အကြည်ခြောက်ပါးမှာ ခဏမစဲဖြစ်ပျက်နေတဲ့ခန္ဓာငါးပါးတည်းဟူသော (ရုပ်တရားကိုယ်) (နာမ်တရားကိုယ်) တို့ကိုသာဆိုလိုရင်းဖြစ်ပါတယ် သတိမူပါ—

မိမိကိုယ်မှာခန္ဓာငါးပါးရုပ်နာမ်တရားကိုတွေ့မြင်နေတဲ့ယောဂီဟာ လောကသုံးပါးလုံးကိုမြင်တာပါဘဲ ဒီလောကသုံးပါးလုံးကိုခြုံကြည့်လိုက်ရင် (လောကဓါတ်) ဆိုတဲ့ဓါတ်တလုံးထဲသာရှိတယ် ဒီဓါတ်တလုံးထဲရဲ့ ဖြစ်မှု ပျက်မှုဆိုတဲ့သဘ်တလက္ခဏာက (သဘာဝသစ္စာ) ဒီသဘ်တလက္ခဏာမှာ ဖြစ်တာတွေတော့ဒုက္ခထင် -ပျက်တာတွေတော့ အနိစ္စထင်- ဖြစ်ပျက်နှစ်ပါးတွေတော့အနတ္တထင်- ဒီလိုညဏ်ထဲမှာထင်တဲ့သာမညလက္ခဏာသုံးပါးက (အရိယသစ္စာ)

ဒါကြောင့်ဘုရားရှင်ရဲ့ အလိုတော်ကျဖြစ်တဲ့ လောကဆိုတာဟာသမုတိနယ်က လောကသုံးပါးကို ဆိုတာမဟုတ်ပါဘူး အထက်ကဒုက္ခသစ္စာခဏ်းမှာဖေါ်ပြခဲ့တဲ့ ခန္ဓာငါးပါးနဲ့စပ်ဆိုင်တဲ့လောကကိုသာ ဆိုတယ်မှတ်ပါ=

ဒုက္ခသစ္စာမှာ ဘာကိုသိပြီးပိုင်းခြားသလဲဆိုတော့ခန္ဓာငါးပါးရဲ့ သဘာဝလက္ခဏာသာမည လက္ခဏာတို့ကို သိပြီးပိုင်းခြားတယ်။

သမုဒယသစ္စာမှာ ဘာကိုသိပြီးပယ်သလဲဆိုတော့ အဝိဇ္ဇာနဲ့တဏှာတို့ရဲ့အဖြစ်အာဒိနဝကိုသိပြီးပယ်တယ်။

နိရောဓသစ္စာမှာ ဘာကိုသိပြီး မျက်မှောက်ပြုသလဲလို့ဆိုတော့ ဝိဇ္ဇာနဲ့ဝိမုတ္တိ မဂ်ဖိုလ်တရားနှစ်ပါးကို သိပြီးမျက်မှောက်ပြုတယ်။

မဂ္ဂသစ္စာမှာ ဘာကိုသိပြီး ပွားများသလဲလို့ ဆိုတော့သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါးရဲ့အကျိုးထူးတရားကိုသိပြီးပွားများတယ်။

ဒါကြောင့်မဂ်ဖိုလ်တရားနှစ်ပါးဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်အောင် သဘာဝလက္ခဏာသာမညလက္ခဏာတို့ကို သိမြင်ပြီးအဝိဇ္ဇာတဏှာစသောကိလေသာတို့ကို ပယ်သတ်တဲ့သိက္ခာသုံးပါးနှင့် တကွဖြစ်သော မဂ္ဂင်ရှစ်ပါး ရှုမှတ်မှုသတိတရားဖြင့်မိမိသန္တာန်မှာဖြစ်ပေါ်ခိုက်ရုပ်နာမ်ကိုမရပ်မနားသိမှတ်နေရယ်-

## ဆောင်ပုဒ်

အကျိုးဖြစ်သမျှဒုက္ခဆင်ခြင်
အကြောင်းပြုကသမုဒယခေါ်ထွင်
ချုပ်ပျက်သဘောကနိရောဓပင်
အမှတ်တရားမြတ်ဘုရားမဂ်လမ်းစဉ်

ယခုလို နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကို ပါဠိတော်မှာ ဘယ်လိုပြထားသလဲဆိုတော့—

"နိရောဓံ သစ္ဆိကိရိယာဘိသမယေန အဘိသမေတိ"

နိရောဓံ- နိရောဓသစ္စာကို သစ္ဆိကိရိယာဘိသမယေန မျက်မှောက်ပြုသောသိခြင်းဖြင့် အဘိသမေတိ သိ၏-တဲ့။

ဒီခန္ဓာငါးပါး ရုပ်နာမ်တရားတို့ရဲ့ သံသရာဝဋ်ဆင်းရဲကြီးက-ဒုက္ခ။

တဏှာအစရှိတဲ့ သမုဒယတွေက ခန္ဓာဖြစ်ပေါ်စေတဲ့လက်သယ်။

ရှုမှတ်မှုမဂ်တရားက ဆင်းရဲအပေါင်းမှ လွတ်မြောက်ရာလမ်းပေါက်။

သမုဒယနဲ့ ဒုက္ခတို့ နှစ်ပါးစုံချုပ်ငြိမ်းတဲ့ သဘောကနိဗ္ဗာန်ချမ်းသာ။

## ဆောင်ပုဒ်

ဤကားဒုက္ခ၊ ဤကားလက်သယ်၊
ဤမှာလမ်းပေါက်၊ ဤပြည်ချမ်းသာ

## လေးသစ္စာကို၊ ကောက်တိပိုင်းခြားသိ ခေါ်၏အဘိညာဉ်

သစ္စာလေးပါးကို ဒီလိုပိုင်းပိုင်းခြားခြားသိအောင် ဝင်စားတာ အဘိညာဉ်လို့ဆိုတယ်။ ဒုက္ခသစ္စာက အကျိုးတရား သမုဒယသစ္စာက အကြောင်းတရား ဒီနှစ်ပါးက လောကီ ပညတ်အာရုံ၊

နိရောဓသစ္စာက အကျိုးတရား မဂ္ဂသစ္စာကအကြောင်းတရား ဒီနှစ်ပါးက လောကုတ္တရာပရမတ်အာရုံ။

ဒါကြောင့် (ပညတ်ပရမတ်နှစ်ခုထပ် သစ္စာဟူ၍မှတ်) လို့ဆိုထားတယ်- (သစ္စာ) ရဲ့အဓိပ္ပါယ်က (အမှန်) လို့ဆိုတယ်။ ဒီအမှန်တရားကိုသိတဲ့ နေရာမှာ ယခုလို ပညတ်နဲ့ ပရမတ်တွဲနေတာကို ခွဲခြားပြီးသိဘို့လိုတယ်၊ ဒီလိုခွဲခြားပြီးမသိရင် တရားမှာ တဖက်စောင်းနင်းဖြစ်နေတတ်တယ်၊ တဖက်စောင်းနင်းဖြစ်ရင် ဓမ္မစကြာ ဒေသနာတော် မှာ ဟောထားတဲ့ (ဒွေမေဘိက္ခဝေ) ဆိုတဲ့ အစွန်းတရားနှစ်ပါးနဲ့မလွတ်ဘဲ ရှိတတ်တယ်၊ အစွန်းတရားနှစ်ပါးဆိုတာ (၁) 'ကာမသုခလ္လိကာနုယောဂ'၊ ပညတ်အာရုံဖြင့်ကာမဂုဏ်ငါးပါးကိုစွဲလမ်းမှု အယူသန်ပြီးအကျင့်ရောတဲ့တရား (၂) 'အတ္တကိလမထာနုယောဂ'၊ ပရမတ်အာရုံ၌လွန်ကဲပြီး မိမိကိုယ်ကိုယ်ညှင်းဆဲမှု အကျင့်သန်ပြီး အယူရောတဲ့တရား၊ ၎င်းအစွန်းနှစ်ပါးက လွတ်တဲ့တရားမှသာ မဇ္ဈိမပဋိပဒါလမ်းစဉ်ဖြစ်ပါတယ်။

## မမ္မစကြာဒေသနာတော်မှာအချုပ်ဖြစ်တဲ့

## သစ္စာလေးပါးရဲ့မင်္ဂကိစ္စလေးချက်က

(ပရိညာကိစ္စ) ဒုက္ခသစ္စာ၌ ရုပ်နာမ်ခန္ဓာကိုပိုင်းခြားမှု
(ပဟာနကိစ္စ) သမုဒယသစ္စာ၌ အနုသယကိုပယ်မှု
(သစ္ဆိကရဏကိစ္စ)နိရောဓသစ္စာ၌နိဗ္ဗာန်ကိုမျက်မှောက်ပြုမှု
(ဘာဝေတဗ္ဗကိစ္စ) မဂ္ဂသစ္စာ၌ ရှုမှတ်ချက်ကိုပွါးများမှု

## သစ္စာလေးချက်မှာထင်တဲ့ဉာဏ်သုံးပါးက

(သစ္စညာဏ်) ၎င်းကိစ္စလေးချက်ကို အမှန်အတိုင်း သိမြင်တဲ့ဉာဏ်
(ကိစ္စညာဏ်) ၎င်းကိစ္စလေးချက်ကို ပြုလုပ်မံဆောင်ရွက်တဲ့ဉာဏ်
(ကတညာဏ်) ၎င်းကိစ္စလေးချက်၏ ပြုဘွယ်ကိစ္စပြီးစီးခြင်းသို့ရောက်ပြီလို့သိတဲ့ဉာဏ်

## ထိုဉာဏ်သုံးပါးထင်ရှားဖြစ်ပေါ်လာပုံက

စက္ခုံ- သစ္စာလေးချက်ကို တွေ့မြင်သောမမ္မစက္ခုသည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာလေ၏။

ညာဏံ- သစ္စာလေးချက်ကို ပိုင်းခြားဝေဘန်နိုင်သောညာဏ်သည် ဥဒပါဒိ ထင်ရှား ဖြစ်ပေါ်လာလာလေ၏။

ပညာ- သစ္စာလေးချက်၏ခက်ခဲနက်နဲခြင်းကိုထိုးထွင်း နိုင်သောပညာသည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ် လာလေ၏။

ဝိဇ္ဇာ- သစ္စာလေးချက်ကို ဟုပ်တိုင်းမှန်ရာ အထူးသ ဖြင့်သိခြင်းသည် ဥဒပါဒိ ထင်ရှား ဖြစ်ပေါ် လာလေ၏။

အာလောကော- သစ္စာ လေး ချက် ကို မသိ မမြင် နိုင် အောင်ဖုံးလွှမ်းမှု မောဟတည်းဟူ သောအမိုက်တိုက်ကို ဖယ်ရှား ဖျက် ဆီးစေသော အရောင်အလင်း ကြီး သည် ဥဒပါဒိ ထင်ရှားဖြစ်ပေါ်လာ လေ၏။

ဒီသစ္စာလေးချက်ဓမ္မစက်ကို မသိရင် သံသရာဝဲသြဃက ဘယ်နည်းနဲ့မှမထွက်မြောက်နိုင်ဘူး—

ဒါကြောင့်သုတ်မဟာဝါ ပါဠိတော်မှာ=

"စတုန္နံ ဘိက္ခဝေအရိယသစ္စာနံ အနနုဗောဓါအပ္ပဋိဝေဓါ ဧဝမိဒံဒီဃမဒ္ဓါနံ သန္ဓာဝိတံသံသရိတံ မမဉ္စေဝတုမှာကဉ္စ"

ဘိက္ခဝေရဟန်းတို့ စတုန္နံ လေးပါးကုန်သော အရိယ သစ္စာနံ ဒုက္ခ သမုဒယ နိရောဓ မဂ္ဂဟုဆိုအပ်သော အရိယ သစ္စာတရားတို့ကို အနနုဗောဓါ လောကီဉာဏ်ဖြင့်လျော် ညီစွာမသိခြင်းကြောင့် အပ္ပဋိဝေဓါ လောကုတ္တရာမဂ်ဉာဏ် ဖြင့် ထိုးထွင်း၍မသိခြင်းကြောင့် ဧဝံ ဤသို့ ဒီဃမဒ္ဓါနံ အဓွန့်ရှည်စွာ သံသရာကာလပတ်လုံး တုမှာကဉ္စ သင်ချစ်

သားတို့သည်ငှင်း မမစ္ဆေဝ သင်တို့၏ဆရာ ငါဘုရားသည် ငှင်းသန္တာဝိတံ ကျင်လည်ရဘူးလှလေပြီ သံသရိတံ မရပ်မနားပြေးလွှားခဲ့ရဘူးလှလေပြီတကား။

ဤတွင်ဝိ၂ဿနာအလုပ်သဘောအားဖြင့်သစ္စာလေးချက်
ဓမ္မစကိကိုပြဆိုခဏ်းပြီး၏။

## သံသရာမဂ်နှင့်သာသနာမဂ်ခွဲပြခဏ်း

"စတုသစ္စဝိနိမုတ္တော ဓမ္မောနာမနတ္ထိ"သစ္စာလေးပါးမှ လွတ်သောတရားမည်သည်မရှိ၊ ဆိုတဲ့ဒေသနာတော်နဲ့အညီ ကုသိုလ်ပြုရာမှာလဲ မဂ္ဂင်ချစ်ပါးနှင့်တကွ သစ္စာလေးပါးဖြစ်တယ်။ အကုသိုလ်ပြုရာမှာလဲ မဂ္ဂင်ရှစ်ပါးနှင့်တကွ သစ္စာလေးပါးဖြစ်တယ်။ သမထတရားအားထုတ်ရာမှာလဲ မဂ္ဂင်ရှစ်ပါးနှင့် တကွ သစ္စားလေးပါး ဖြစ်တယ်။ ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်ရာမှာလဲ မဂ္ဂင်ရှစ်ပါးနှင့် တကွ သစ္စာလေးပါးဖြစ်တာဘဲ။ ယခုလိုမဂ္ဂင်ရှစ်ပါးနှင့် သစ္စာလေးပါးဟာအသံတူပြီးအဆံမှာကွဲလို့ အမျိုးမျိုးအဖုံဖုံဖြစ်ပြီး ပါဠိအက္ခရာခေါ်ဆိုရမှာ အသံထွက်ပုံခြင်းတူပေမဲ့ လောကီလောကုတ္တရာ အဘက်ဘက်မှာ အဓိပ္ပါယ်ကောက်ယူရာကျတော့ကွဲပြားတယ်။ ဘာနဲ့တူသလဲဆိုတော့ ဖိုးသူတော်မှန်ရင်ကတုံးချည်းဖြစ်သော်လည်းကတုံးတိုင်းတော့ဖိုးသူတော်မဖြစ်နိုင်သလို။ ဥပမာ(အယံနာဂေါ)ဆိုရင် ဒီ (နာဂေါ)

ဟာ သိမ်ထဲမှာရဟန်းလောင်းရဲ့ဘွဲ့ တောထဲမှာဆင်ပြောင်ရေထဲကျတော့နဂါး။ ယခုလိုသူ့နေရာနဲ့ သူ့အဓိပ္ပါယ်ဖြစ်ပါတယ်၊ ဒါကြောင့်နိဗ္ဗာန်ရောက်ကြောင်းတရားကို ရှာမှီးတဲ့နေရာမှာ အလွဲလွဲအချော်ချော်မဖြစ်ရအောင် မဂ္ဂင်ရှစ်ပါးနှင့်တကွဖြစ်တဲ့ သစ္စာလေးပါးကို လေးမျိုးလေးစားခွဲပြီးသိဘို့လိုပါတယ်—

(မဂ်) ဆိုတဲ့အဓိပ္ပါယ်က "ဂစ္ဆတိတိမဂ္ဂေါ" ဂစ္ဆတိ သွားတတ်၏ တသွာ ထိုကြောင့် မဂ္ဂေါမဂ်မည်၏-တဲ့၊ သွားရာလမ်းကြောင်းခရီးကို(မဂ်)လို့ဆိုတယ်သတ္တဝါတွေသမျှဟာ မိမိတို့ ကြိုက်နှစ်သက်ရာခရီးကို(မဂ်)ဖြင့်ရှေးရှု၍အစဉ်တစိုက်အားထုတ်ပြီးသွားနေကြတာဘဲ သွားပုံက-

၁။ မိစ္ဆာမဂ္ဂင်၊ ပါဏာတိပါတစသောဒုစရိုက်ဆယ်ပါးကို မဂ္ဂင်ရှစ်ပါးဖြင့်အားထုတ်ခြင်း။

၂။ ကာမမဂ္ဂင်၊ ဒါနသီလစသော ပုညကြိယာဆယ်ပါးကို မဂ္ဂင်ရှစ်ပါးဖြင့်အားထုတ်ခြင်း။

၃။ ဈာနမဂ္ဂင်၊ ကသိုဏ်းဆယ်ပါးစသောသမထ-၄၀-ကို မဂ္ဂင်ရှစ်ပါးဖြင့်အားထုတ်ခြင်း။

၄။ ညာဏမဂ္ဂင်၊ ခန္ဓာအာယတန ဓါတ်သစ္စာကို ပဋိစ္စသမုပ္ပါဒ်နှင့်တကွသိမြင်အောင် မဂ္ဂင်ရှစ်ပါးဖြင့်အားထုတ်ခြင်း။

# မိစ္ဆာမဂ္ဂင်ရှစ်ပါးနှင့် သစ္စာလေးပါးဖြစ်ပုံ

ပါဏာတိပါတာ အ နွာဒါနာ ကာမေသုဆိုတဲ့(ကာယကံ -၃-ပါး) မုသာဝါဒါ၊ ပိသုဏာဝါစာ ဖရုဿဝါစာ သမ္ဖပ္ပလာပဝါစာ ဆိုတဲ့ (ဝစီကံ-၄-ပါး)အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိဆိုတဲ့ (မနောကံ-၃-ပါး) ပေါင်းဒုစရိုက် ၁၀-ပါးကိုပြုလုပ်ရာတွင် ပါဏာတိပါတာတပါးထဲမှာပင်-

**မိစ္ဆာ** ဒိဋ္ဌိ၊ သူ့အသက်ကိုသတ်ဖြတ်တဲ့အလုပ်ဟာကောင်းတယ်လို့ယူခြင်း။

〃 〃 သင်္ကပ္ပ၊ သူ့အသက်ကို သတ်ဖြတ်ရန်တွေးတောကြံစီစိတ်ကူးခြင်း။

〃 ဝါစာ၊ သူ့အသက်ကို သေရာသေကြောင်း ပြောဆိုဆွေးနွေးခြင်း။

〃 ကမ္မန္တ၊ သူ့အသက်ကိုကိုယ်ထိ လက်ရောက်သတ်ဖြတ်ခြင်း။

〃 အာဇီဝ၊ သူ့အသက်ကို သတ်ဖြတ်ရာ၌ မွေ့လျော်နေခြင်း။

〃 ဝါယမ၊ သူ့အသက်ကို သေစေရန် လုံ့လဝီရိယစိုက်ထုတ်ခြင်း။

〃 သတိ၊ သူ့အသက်ကို သေစေမှု၌ အောက်မေ့ခြင်း

〃 သမာဓိ၊ သူ့အသက်ကို သတ်ဖြတ်ရေး၌သာ စိတ်တည်နေခြင်း။

(ဒုက္ခသစ္စာ) သူ့အသက်ကို သတ်ဖြတ်နေဆဲ ကိုယ်စိတ်နှစ်ပါးနဲ့ အရင်းခံပြီး ပြုလုပ်ရတဲ့ဆင်းရဲ။
(သမုဒယသစ္စာ) သူ့အသက်ကို သတ်ဖြတ်၍ ရောင်းဝယ်စားသောက်လိုတဲ့လောဘ ဒေါသစိတ်။
(နိရောဓသစ္စာ)သတ်ဖြတ်နေစဉ်ကာမာဝစရကုသိုလ်စိတ် ရူပါဝစရဈာန်စိတ် ဝိပဿနာမဂ်စိတ်တွေ မဖြစ်ပေါ်ဘဲ ချုပ်ငြိမ်းနေခြင်း။
(မဂ္ဂသစ္စာ) သူ့အသက်ကို သတ်ဖြတ်နေစဉ် ဖြစ်သော အထက်ပါမိစ္ဆာမဂ္ဂင်ငါးပါး—
(ယခုလိုသစ္စာလေးပါးနဲ့ မဂ္ဂင်ရှစ်ပါးသွားနည်းကတနည်း)

## ကမ္မမဂ္ဂင်ရှစ်ပါးနှင့်သစ္စာလေးပါးဖြစ်မုံ

ဒါန သီလ ဘာဝနာ အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မ ဆိုတဲ့ ပုညကြိယာ-၁၀-ပါးကိုပြုလုပ်ရာတွင်-

**သမ္မာ** ဒိဋ္ဌိ၊ ဒါနသီလစတဲ့အလုပ်ကလွဲပြီး ကောင်းတဲ့နည်းလမ်းမရှိဘူးလို့ ယူခြင်း။

〃 သင်္ကပ္ပ၊ ဒါနသီလစတဲ့အလုပ်ကို ပြုလုပ်ရန် တွေးတောကြံစီစိတ်ကူးခြင်း။

〃 ဝါစာ၊ ဒါနသီလစသည်တို့နှင့်စပ်ဆိုင်တဲ့ စကားကို ပြောဆိုဆွေးနွေးခြင်း။

။ ကမ္မန္တ၊ ဒါနသီလ စသောအလုပ်ကို ကိုယ်ထိလက်ရောက်ပြုလုပ်ခြင်း။

။ အာဇီဝ၊ ဒါနသီလ စသည်တို့ကို ပြုလုပ်မှု၌ မွေ့လျော်ခြင်း။

။ ဝါယမ၊ ဒါနသီလစသည်တို့ကို ပြုလုပ်ရာ၌ လုလ္လဝိရိယစိုက်ထုတ်ခြင်း။

။ သတိ၊ ဒါနသီလစသော ကုသိုလ် ပြုလုပ်မှု၌ သာအောက်မေ့ခြင်း။

သမာဓိ၊ ဒါနသီလစသည်တို့ကို ပြုလုပ်ရေးပေါ်မှာသာ စိတ်တည်နေခြင်း။

(ဒုက္ခသစ္စာ) ဒါနသီလပြုလုပ်နေစဉ် ကိုယ်စိတ်နှစ်ပါးနဲ့ အရင်းခံပြီးပြုလုပ်ရတဲ့ဆင်းရဲ။

(သမုဒယသစ္စာ) ဒါနသီလစသောကုသိုလ်ရဲ့ အကျိုးထူးတရားတွေကို ခံစားစံစားလိုတဲ့ တဏှာလောဘစိတ်။

(နိရောဓ သစ္စာ) ဒါနသီလပြုလုပ်နေစဉ် အကုသိုလ်စိတ်ရူပါဝစရစျာန်စိတ် ဝိပဿနာမဂ်စိတ်တွေမဖြစ်ပေါ်ဘဲချုပ်ငြိမ်းနေခြင်း။

(မဂ္ဂသစ္စာ) ဒါနသီလစသော ကုသိုလ်တွေပြုလုပ်နေစဉ်ဖြစ်သောအထက်ပါမဂ္ဂင်ရှစ်ပါး-

(ယခုလိုသစ္စာလေးပါးနဲ့ မဂ္ဂင်ရှစ်ပါးသွားနည်းကတနည်း)

# ဈာနမဂ္ဂင်ရှစ်ပါးနှင့်သစ္စာလေးပါးဖြစ်ပုံ

ကသိုဏ်းဆယ်ပါး နုဿတိဆယ်ပါး အသုဘဆယ်ပါး အပ္ပမညာ လေးပါး အရုပ္ပလေးပါး သညာတပါး ဝဝတ္ထာန်တပါး ပေါင်းသမထ-၄၀-ကိုအားထုတ်ရာတွင်—

**သမ္မာ** ဒိဋ္ဌိ သမထတရားကို အားထုတ်မှုထက် ကောင်းတဲ့နည်းလမ်းမရှိဘူးလို့ ယူခြင်း။

။ ။ သင်္ကပ္ပ၊ သမထအလုပ်ကိုအားထုတ်ရန် ကြံစီတွေးတောစိတ်ကူးခြင်း။

။ ဝါစာ၊ သမထအလုပ်နဲ့စပ်ဆိုင်တဲ့ စကားကိုပြောဆိုဆွေးနွေးခြင်း။

။ ကမ္မန္တ၊ သမထအလုပ်ကို ကိုယ်တိုင်ကိုယ်ကျအားထုတ်ခြင်း။

။ အာဇီဝ၊ သမထအလုပ်နဲ့ သာမွေ့လျော်နေခြင်း။

။ ဝါယမ၊ သမထအလုပ်၌လုလ္လဝိရိယစိုက်ထုတ်ခြင်း။

။ သတိ၊ သမထ ကသိုဏ်းဝန်းတည်ရာ၌ အောက်မေ့ခြင်း။

။ သမာဓိ၊ သမထကသိုဏ်းဝန်းပေါ်မှာသာ စိတ်တည်ငြိမ်နေခြင်း။

(ဒုက္ခသစ္စာ) သမထအလုပ်ကို အားထုတ်နေစဉ် ခေါင်းခေါင်းပါးပါးနဲ့ကျင့်ရတဲ့ဆင်းရဲ။

(သမုဒယသစ္စာ) လောကီစျာန်အဘိညာဉ်တံခိုး အကျိုးထူးတရားတွေကိုလိုချင်တပ်မက်တဲ့တဏှာ။

(နိရောဓသစ္စာ) သမထအားထုတ်နေစဉ် အကုသိုလ်စိတ်နဲ့ကာမာဝစရကုသိုလ်စိတ် ဝိပဿနာမဂ်စိတ်တွေ မဖြစ် ပေါ်ဘဲ ချုပ်ငြိမ်းနေခြင်း။

(မဂ္ဂသစ္စာ) သမထတရားအားထုတ်နေစဉ် ဖြစ်သော အထက်ပါမဂ္ဂင်ရှစ်ပါး

(ယခုလိုသစ္စာလေးပါးနဲ့ မဂ္ဂင်ရှစ်ပါးသွားနည်းကတနည်း)

---

## ဝိပဿနာဥာဏ မဂ္ဂင်ရှစ်ပါးနှင့် သစ္စာလေးပါးဖြစ်ပုံ

**သမ္မာ** ဒိဋ္ဌိ၊ အဟုပ်တကယ်ရှိတဲ့ပရမတ်ရုပ်နာမ်ရဲ့ဖြစ်ပျက်ကိုသာ အမှန်အတိုင်းသိမြင်နေခြင်း။

။ ။ သင်္ကပ္ပ၊ ရုပ်နာမ်ခန္ဓာနဲ့ စပ်ဆိုင်တဲ့ သဘောတရားတွေသာ ဉာဏ်ထဲမှာကြံစီတွေးတော စိတ်ကူးခြင်း။

။ ဝါစာ၊ ရုပ်နာမ်ကိုရှုမှတ်နေစဉ်မှာသာဝါဒါစသော ဝစီကံလေးပါးတို့မှလွတ်ကင်းနေခြင်း။

။ ကမ္မန္တ၊ ရုပ်နာမ်ဓမ္မသဘာဝတို့ကို ဟုပ်တိုင်းမှန်ရာ သိမြင်အောင်ရှုမှတ်မှုကိုအားထုတ်နေခြင်း။

။ အာဇီဝ၊ ရှုမှတ်မှုကမ္မဋ္ဌာန်းအလုပ်နဲ့သာ အစဉ်မပြတ်မွေလျော်ဝင်စားပြီးနေခြင်း။

။ ဝါယမ၊ ရှုမှတ်မှုကမ္မဋ္ဌာန်းအလုပ်ကိုမလျော့သော လုလ္လဝိရိယစိုက်ထုတ်ခြင်း။

။ သတိ ရုပ်နာမ်ခန္ဓာဖြစ်ပျက်မှုပေါ်မှာ အာရုံကိုမလွတ်တမ်းအောက်မေ့ခြင်း။

။ သမာဓိ၊ ရုပ်နာမ်ခန္ဓာရဲ့ ဖြစ်ပျက်မှု ပေါ်မှာသာစိတ်ကတည်ငြိမ်ကျက်စားနေခြင်း။

(ဒုက္ခသစ္စာ) ခန္ဓာငါးပါးရဲ့ ဖြစ်ပျက်မှု မမြဲသင်းရဲ့အစိုးမရတဲ့ လက္ခဏာကိုတွေ့မြင်နေရခြင်း။

(သမုဒယသစ္စာ) ခန္ဓာငါးပါးကို မသိမှတ်လိုက်ရင် ဖြစ်ပေါ်လာမဲ့တဏှာအစရှိသော ဖြစ်ခွင့်အနုသယ။

(နိရောဓသစ္စာ) မှတ်ချက် တိုင်းမှာ တဏှာ အနုသယတွေဖြစ်ပေါ်ခွင့်မရဘဲ ချုပ်ဆုံးသွားတဲ့သဘော။

(မဂ္ဂသစ္စာ) ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ ဖြစ်ပေါ်တိုင်းသမ္မာသတိမလွတ်တမ်း ရှုမှတ်နေခြင်း။

ယခုလိုသစ္စာလေးပါးနဲ့ မဂ္ဂင်ရှစ်ပါးသွားနည်းကတနည်း)

ယခုဖော်ပြတဲ့၊မိစ္ဆာမဂ္ဂင်၊ကမ္မမဂ္ဂင်၊ဈာနမဂ္ဂင်၊ဉာဏမဂ္ဂင်ဆိုတဲ့လေးမျိုးလေးစားကို သံသရာနဲ့ သာသနာ ခွဲလိုက်တဲ့အခါ-

၁။ မိစ္ဆာမဂ္ဂင်က မည်သူမျှမလိုလားအပ်တဲ့အပါယ်လေးပါးသွားရာလမ်းဖြစ်၍ (ရန်မင်္ဂ)

၂။ ကမ္မမဂ္ဂင်က စေတနာ အကျိုးပေးရာ၌ စံစားခံစားရတဲ့လမ်းဖြစ်၍ (ကံမင်္ဂ)

၃။ ဈာနမဂ္ဂင်က ဈာန်အခြေခံပြုပြီးလောကီဈာန် အဘိ
ညာဉ်တံခိုးရတဲ့လမ်းဖြစ်၍ (ဈာန်မဂ်)
၄။ ဉာဏမဂ္ဂင်က သစ္စာလေးပါးကို ပဋိစ္စသမုပ္ပါဒ်အား
ဖြင့်ထိုးထွင်းပြီးသိတဲ့ဉာဏ်အရာသာဖြစ်၍ (ဉာဏ်မဂ်)
ဒီလေးပါးမှာ သုံးဆယ့်တဘုံမှာ ကျင်လည်စေတတ်
တဲ့ သမုတိနယ်က (ရန်)(ကံ)(ဈာန်)တို့က **သံသရာ၊**
ဘုရားရှင်ဒေသနာခတော်အရ နိဗ္ဗာန်ကို ရောက်စေတဲ့
ပရမတ္တနယ်က (ဉာဏ်) က **သာသနာ**

ယခုလိုသံသရာနဲ့ သာသနာကို ကွဲကွဲပြားပြားသိမှသာ
လျှင် နိဗ္ဗာန်ရောက်ကြောင်းတရားကိုအားထုတ်ရာမှာ ဒိဋ္ဌိ
ဝိသုဒ္ဓိ၊ကင်္ခါဝိတရဏဝိသုဒ္ဓိ၊မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊
ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ဝိပဿနာဉာဏဒဿနဝိသုဒ္ဓိ၊ ဆို
တဲ့ဝိပဿနာဘက်က စင်ကြယ်မှုကြီးငါးပါး ဖြစ်နိုင်ပေမည်။

---

## ဗောဓိပက္ခိယ-၃၇-ပါး

ဒီလို ရုပ်နာမ်ခန္ဓာ ဝါတ်သစ္စာကို ကြောင်းကျိုးနဲ့တကွ
သိမြင်နိုင်တဲ့ မဂ်တရားကြီးကို ဓမ္မစကြာဒေသနာတော်က
"အနနုဿုတေသုဓမ္မေသု" မကြားစဘူးကုန်သော သစ္စာ
တရားလို့ဟောတော်မူပါတယ်-

ဘာကြောင့်ဒီလို'မကြားစဘူးကုန်သော'လို့ဟောဘော်မူပါသလဲဆိုတော့ ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့ ကျင့်ကြံအားထုတ်တဲ့ အရိယာဓမ္မ ဖြစ်ခြင်းကြောင့် ပုထုဇဉ်တို့မကျင့်ဘူးမကြားဘူးတဲ့တရားလို့ ဆိုလိုတဲ့သဘောပါဘဲ ဒဲဒီတရားဟာအခြားမဟုတ်ပါဘူး၊ ယခုယောဂီတွေအားထုတ်နေကြတဲ့ ဗောဓိပက္ခိယ -၃၇- ပါးမဂ်တရားကြီးဘဲဖြစ်ပါတယ်၊ (ဗောဓိ) ဆိုတာကမဂ်ဉာဏ်(ပက္ခိယ)ဆိုတာကရရာရကြောင်းအင်္ဂါစု နှစ်ခုပေါင်းလိုက်တော့မဂ်ဉာဏ်ရကြောင်းအင်္ဂါ -၃၇- ပါးလို့ အဓိပ္ပါယ်ရပါတယ်၊ ဒီဗောဓိပက္ခိယ-၃၇-ပါးဆိုတာ မဂ္ဂင်ရှစ်ပါး သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဗိုလ်ငါးပါး ဣန္ဒြေငါးပါး ဗောဇ္ဈင်ခုနှစ်ပါး ပေါင်း-၃၇-ပါးဖြစ်ပါတယ်၊ ဒီတရား-၃၇- ပါးလုံးဟာ ယောဂီရဲ့ရှုမှတ်မှုတရားပေါ်မှာ အားလုံးဘဲအကျုံးဝင်နေပါတယ်၊ အကျုံးဝင်ပုံကတော့ မြင်တယ်၊ ကြားတယ်၊ နာတယ်၊ ကျင်တယ်၊ စသည်ဖြင့် ရှုမှတ်လိုက်တဲ့အခါမှာ မဂ္ဂင်ရှစ်ပါးလုံးပါဝင်ပုံကို အထက်ကမဂ္ဂသစ္စာခန်းမှာပြခဲ့ပြီးပါပြီ-

## သတိပဋ္ဌာန်လေးပါး

၁။ ရှုမှတ်နေတဲ့အခါအမှတ်သတိကလေးကပ်ထားတော့ မြင်ရုပ်ကြားရုပ်သွားရုပ်ထိုင်ရုပ်ပတဲ့ရုပ်သဘောတရားတွေကိုလဲသိတယ် မြင်သိစိတ် ကြားသိစိတ် သွားချင်တဲ့

စိတ် ထိုင်ချင်တဲ့စိတ် ကလေးတွေကိုလဲ ဉာဏ်ထဲမှာ သိ
သိနေတယ် ဒီလိုရုပ်ကလေးတွေနဲ့ စိတ်ကလေးတွေ
ဟာ သူ့ရုပ်နဲ့ သူ့စိတ် ဒွန်တွဲဒွန်တွဲပြီးဖြစ်ပျက်နေတဲ့
ရုပ်တရားကိုယ် နာမ်တရားကိုယ်တို့ကို သိသိသွားတဲ့
ဉာဏ်ဟာ ကာယနုပဿနာသတိပဋ္ဌာန်ပါဘဲ။

၂။ နာတယ်၊ ကျင်တယ်၊ ပူတယ်၊ တေယ်၊ စသည်ဖြင့်အမှတ်
သတိကလေးကပ်ထားပြီးရှုမှတ်နေတဲ့အခါ၊ နာမှုကျင်
မှုပူမှုမေ့ဆိုတဲ့ ခံစားမှုကလေးတွေရဲ့ဖြစ်ပျက်ပုံသဘာဝ
လက္ခဏာကို ဉာဏ်ထဲမှာရှင်းပြီး သိသိသွားတာဟာ
ဝေဒနာနုပဿနာသတိပဋ္ဌာန်ပါဘဲ-

၃။ ရှုမှတ်နေစဉ်မှာ မိမိ၏ စိတ်ကလေးကို စိတ်ကူးမိရင်
လဲ စိတ်ကူးတယ် ကြံစီမိရင်လဲ ကြံစီတယ် အပြင်ကို
ထွက်သွားရင်လဲ ထွက်သွားတယ် ဝမ်းသာရင်လဲဝမ်း
သာတယ် စိတ်ညစ်ရင်လဲ စိတ်ညစ်တယ် စသည်ဖြင့်
အမှတ်သတိလေးကပ်ထားလို့ စိတ်ကလေးတွေဟာဖြစ်
ပေါ်လိုက်ပျောက်သွားလိုက်နဲ့ဖြစ်ပျက်နေတာကို ဉာဏ်
ထဲမှာသိသိသွားတာဟာ စိတ္တာနုပဿနာသတိပဋ္ဌာန်
ပါဘဲ။

၄။ ကာယနုပဿနာက ဘောက်ပြန်မှု သဘောတရားကိုရှု
တယ် ဝေဒနာနုပဿနာက ခံစားမှုသဘောတရားကို
ရှုတယ် စိတ္တာနုပဿနာက သိမှုသဘောတရားကိုရှုတယ်
ဘောက်ပြန်မှု သဘောက (ရုပ်) ခံစားမှု သဘောက
(စေတသိက်) သိမှုသဘောက (စိတ်) ၎င်း စိတ်စေတ

သိက်ရုပ် ဆိုတဲ့ပရမတ်တရား သုံးပါးတို့ရဲ့ သဘာဝ သဘောတရားတွေကို ကြောင်းကျိုးနဲ့ တကွ ညဏ်ထဲမှာ ရှင်းပြီးသိသိသွားတာက ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါ ဘဲ-

## (သတိပဋ္ဌာန်လေးပါးနဲ့ မဂ်လေးပါးဖြစ်ပုံ)

ရူပက္ခန္ဓာကိုရှုတာ ကာယာနုပဿနာ အသုဘလက္ခဏာ ထင် (အနာဂါမိမဂ်) ဝေဒနာက္ခန္ဓာကိုရှုတာ ဝေဒနာနုပ ဿနာ ဒုက္ခလက္ခဏာထင် (အပ္ပဏိဟိတမဂ်)သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာကိုရှုတာ ဓမ္မာနုပဿနာ အနတ္တလက္ခဏာထင် (သုညတမဂ်)ဝိညာဏက္ခန္ဓာကိုရှုတာ စိတ္တာနုပဿနာ အနိစ္စ လက္ခဏာထင် (အနိမိတ္တမဂ်)

အာနဂါမိမဂ်နဲ့အပ္ပဏိဟိတမဂ်နှစ်ပါးက(တဏှာသတ်) သုညတမဂ်နဲ့ အနိမိတ္တမဂ်နှစ်ပါးက(ဒိဋ္ဌိသတ်)

## ဆောင်ပုဒ်

သတိတလုံးညဏ်မြင်သုံးက အဆုံးအစသဘာဝဟု
ကာယစိတ္တာဝေဒနာနှင့် ဓမ္မာအချက်ထိုလေးမင်ကို
လက်တွေ့ကိုယ်တိုင်အသိပိုင်အောင် ခိုင်မာသတိအမြဲရှိ

## သမ္မပ္ပဓာန်လေးပါး

၁ "ဥပ္ပန္နာနံပါပကာနံပဟာနာယဝါယမော" ဆိုတဲ့ဒေသ နာတော်အရယခုလိုရုပ်နာမ်ခန္ဓာကိုရှုမှတ်နေတာဟာ ရှေးက

ဖြစ်ဘူးခဲ့တဲ့အကုသိုလ်တွေကိုပယ်နိုင်အောင် ကျိုးစားအား ထုတ်နေတာပါဘဲ ပယ်ပုံကဘယ်လိုလဲဆိုရင် ယခုလိုရှုမှတ် ရင်းရှုမှတ်ရင်းရုပ်နာမ်ခန္ဓာကလွဲပြီး(ငါ)ဆိုတာလုံးဝရှာလို့ မတွေ့တော့ ယခင်ကပြုခဲ့တဲ့အကုသိုလ်တရားတွေဟာ (ငါ) ဆိုတာရှိတယ်ထင်မှတ်လို့ အဲဒီငါနဲ့ ပြုခဲ့တဲ့ အမှားတွေပါဘဲ ကလားလို့ ညဏ်ထဲမှာစင်ကြယ်ပြီးပယ်လိုက်တာဘဲ။

၂။ "အနုပ္ပန္နာနံပါပကာနံ အနုပ္ပါဒါယဝါယမော" ဆိုတဲ့ ဒေသနာတော်အရယခုလိုရုပ်နာမ်ခန္ဓာကိုရှုမှတ်နေတာဟာ မဖြစ်ရသေးတဲ့ ဖြစ်ခွင့်အနုသယကိလေသာဆိုတဲ့အကုသိုလ် တွေကိုဖြစ်ပေါ်ခွင့်မရအောင်အားထုတ်နေတာပါဘဲ။

၃။ 'အနုပ္ပန္နာနံကုသလာနံဥပ္ပါဒါယဝါယမော' ဆိုတဲ့ဒေ သနာတော်အရ ယခုလိုရုပ်နာမ်ခန္ဓာကို ရှုမှတ်နေတာဟာ ဘယ်တုံးကမှ မဖြစ်ဘူးသေးမရဘူးသေးတဲ့ ဝိပဿနာမဂ် ကုသိုလ်တွေကိုဖြစ်အောင်ရအောင်အားထုတ်နေတာပါဘဲ။

၄။ 'ဥပ္ပန္နာနံကုသလာနံဘိယောဘာဝါယဝါယမော'ဆိုတဲ့ ဒေသနာတော်အရယခုလိုရုပ်နာမ်ခန္ဓာကိုရှုမှတ်နေတာဟာ ရပြီးဖြစ်တဲ့ ဝိပဿနာညဏ်တွေကို တဆင့်ထက်တဆင့် အ ထက်ညဏ်တွေရောက်ပြီးနိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်အောင် အားထုတ်နေတာပါဘဲ။

ဤသို့သမ္မပ္ပဓာန်လေးပါးကို အားထုတ်ရာမှာ အသားကို မငဲ့ကွက်ခြင်း အကြောကိုမငဲ့ကွက်ခြင်း အရိုးကိုမငဲ့ကွက် ခြင်း အရေကိုမငဲ့ကွက်ခြင်းဆိုတဲ့သမ္မပ္ပဓာန်ဝီရိယ -၄- ပါး

နဲ့ အားထုတ်မှသာနိဗ္ဗာန်ရဲ့ အရသာကို ကိုယ်တိုင်ခံစားရပါလိမ့်မယ်-

## သမ္မပ္ပဓာန်လေးပါး ဆောင်ပုဒ်

ဖြစ်ပြီးတဲ့ထိုအကုသိုလ် မှားကိုပယ်ခွါမှု
မဖြစ်သေးထိုအကုသိုလ် ငြိမ်းလိုတားဆီးမှု
မရသေးထိုမဂ်ကုသိုလ် ရလိုအားထုတ်မှု
ရပြီးတဲ့ထိုမဂ်ကုသိုလ် ဆပိုပွါးများမှု

## သမ္မပ္ပဓာန်ဝီရိယလေးပါးဆောင်ပုဒ်

သမ္မပ္ပဓာန် မှတ်ချက်သန် လေးတန်အင်္ဂါစု
အကြောအသားမငဲ့ငြား မခြားလှစ်လျူပြု
အရိုးအရေဤနှစ်ထွေ ကြေခဲစေလုလ္လပြု
မဂ်ပေါက်ဖိုလ်ဝင်နိဗ္ဗာန်ခွင် မှန်ပင်မျက်မှောက်ပြု

## ဣဒ္ဓိပါဒ်လေးပါး

၁။ နိဗ္ဗာန်တရားထူးကိုရပြီး သံသရာမှထွက်မြောက်ရန် ခိုင်မာထက်သန်တဲ့လိုအင်ဆန္ဒနဲ့ အားထုတ်ခြင်းကို (ဆန္ဒိဒ္ဓိပါဒ်) လို့ခေါ်ပါတယ်။

၂။ တရားထူးကိုရရန်ခိုင်မာထက်သန်တဲ့ လုလ္လစိုက်ပြီးအားထုတ်ခြင်းကို(ဝီရိယိဒ္ဓိပါဒ်)လို့ခေါ်ပါတယ်။

၃။ တရားထူးကိုရရန်မြဲမြန်ထက်သန့်တဲ့ဇွဲစိတ်နဲ့ အားထုတ်ခြင်းကို(စိတ္တိဒ္ဓိပွါဒ်)လို့ခေါ်ပါတယ်။

၄။ တရားထူးကိုရရန် ထက်မြက်ထိုးထွင်းတဲ့ အသိညာဏ်နဲ့ အားထုတ်ခြင်းကို(ဝိမံသိဒ္ဓိပါဒ်)လို့ခေါ်ပါတယ်။

## ဣဒ္ဓိပါဒ်လေးပါးဆောင်ပုဒ်

လိုအင်ဆန္ဒဝိရိယနှင့် စိတ္တပညာဝိမံသာတို့ ခိုင်မာအမြဲ သတ္တိဖွဲ့ဖြင့် ကြိုးကဲ၍သာ ဆွဲဆောင်ရာသည် လေးဖြာ ဣဒ္ဓိဓိပတိ။

## အိန္ဒြေငါးပါး

၁၊ ယခုလိုရှုမှတ်မှုသတိနဲ့ အားထုတ်ရင် ဝိပဿနာညာဏ် တွေရပြီးမဂ်ဖိုလ်နိဗ္ဗာန်ကို ဆိုက်ရောက်နိုင်တယ်လို့ ယုံကြည်မှုကို(သဒ္ဓိန္ဒြေ)လို့ဆိုပါတယ်။

၂။ ဒီလိုယုံကြည်လို့ ဖြစ်ခိုက်အာရုံပေါ်မှာ သတိကိုမလွတ် တမ်းကပ်ထားတာ(သတိန္ဒြေ)လို့ဆိုပါတယ်။

၃။ သတိကိုအမှတ်မပြတ်ရအောင် လုလ္လစိုက်ယုတ်ပြီးရှုမှတ်နေတာက (ဝိရိယိန္ဒြေ)လို့ဆိုပါတယ်။

၄။ လုလ္လစိုက်မှုကြောင့်သတိကလေးဟာ မလစ်လပ်ဘဲဖြစ် တိုင်းဖြစ်တိုင်းအာရုံဘေပေါ်မှာမိမိနေတာကို (သမာဓိန္ဒြေ)လို့ဆိုပါတယ်။

၅။ ရှုမှတ်မှုသမာဓိအရှိန်ကောင်းလို့ ထိုးထွင်းပြီး သိသိလာတဲ့အသိညာဏ်တွေကို(ပညိန္ဒြေ)လို့ဆိုပါတယ်။

# ဣဒ္ဓိခြေလေးပါးဆောင်ပုဒ်

သဒ္ဓါသတိသမာဓိနှင့်ဝီရိယပါညာဏ်ပညာတို့ငါးဖြာ
စောင့်နေဣဒ္ဓိခြေတည့်မသွေလုပ်ရပ်မှတ်ကြောင်းတည်း

## ဗိုလ်ငါးပါး

ဗိုလ်ငါးပါးဆိုတာကတော့ ဣဒ္ဓိခြေလေးပါးနဲ့ ထပ်တူတဲ ကျပါတယ် ဒါပေမဲ့ (ဗိုလ်)ဆိုတဲ့အဓိပ္ပါယ်က ခွန်အားကြီး မားတဲ့-ဗလ-လို့အဓိပ္ပါယ်ရတယ် အဆုံးမတော့ ဗလငါးတန် လို့ဆိုရင်လဲမမှားနိုင်ပါဘူး-

၁။ အလွန်တရာခွန်အားကြီးမားတဲ့ ယုံကြည်မှုကို (သဒ္ဓါဗိုလ်)လို့ ဆိုပါတယ်။

၂။ အလွန်တရာ ခွန်အားကြီး မားတဲ့ အာရုံစိုက်မှုကို (သတိဗိုလ်)လို့ ဆိုပါတယ်။

၃။ အလွန်တရာခွန်အားကြီးမားတဲ့ လုလ္လပြုမှုကို (ဝီရိယဗိုလ်)လို့ ဆိုပါတယ်။

၄။ အလွန်တရာခွန်အားကြီးမားတဲ့ စိတ်သတိ တည်ငြိမ်မှုကို(သမာဓိဗိုလ်)လို့ဆိုပါတယ်။

၅။ အလွန်တရာခွန်အားကြီးမားတဲ့ ထိုးထွင်းထက်မြက်တဲ့ ဉာဏ်ကို (ပညာဗိုလ်) လို့ ဆိုပါတယ်။

(မှတ်ချက်) ဒီဗိုလ်ငါးပါးဟာ မယုတ်မလွန်တညီ တညွတ်တည်းရှိမှ နိဗ္ဗာန်ကိုထွက်မြောက်နိုင်ပါတယ် ဒီဗိုလ် ငါးပါးမှာ သဒ္ဓါ ဝီရိယ ပညာ သမာဓိဆိုတဲ့လေးပါးတို့ဟာ

လိုသည်ပိုသည် ရှိကြသော်လည်း သတိဗိုလ်မှာမူ ဘယ်ခါမှ ပိုသည်မရှိ လိုသည်သာရှိတယ်မှတ်ပါ-

## ဗိုလ်ငါးပါးဆောင်ပုဒ်

သဒ္ဓါလွန်ကကွန့်တတ်စွ နုံ့ကထွက်ခဲ၏
ဝီရိယလွန်ကပျံ့တတ်စွ နုံ့ကလူပျင်းရှိ
ပညာလွန်ကဆွံ့တတ်စွ နုံ့ကဘာမသိ
သမာဓိလွန်ကတွန့်တတ်စွ နုံ့ကစိတ်လွင့်ဘိ
သတိကိုယ်မှာလိုသည်သာ ပိုတာဘယ်မရှိ
ဗလငါးတန်ညီညွတ်ပြန်ကော်လွတ်မြောက်ဘိ

## ဗောဇ္ဈင်ခုနှစ်ပါး

၁၊ ရှုမှတ်မှုကမ္မဋ္ဌာန်းအလုပ်မှာအာရုံစိုက်မှုရှိမရှိ ဆင်ခြင်တာက(သတိသမ္ဗောဇ္ဈင်)ပါဘဲ။
၂။ သိသိနေတဲ့တရားပေါ်မှာ ဝေဘန်စီစစ်မှုရှိမရှိ ဆင်ခြင်တာက(ဓမ္မဝိစယသမ္ဗောဇ္ဈင်) ပါဘဲ၊
၃။ တရားပေါ်မှာ လုလ္လစိုက်ထုတ်မှု ရှိမရှိ ဆင်ခြင်တာက (ဝီရိယသမ္ဗောဇ္ဈင်) ပါဘဲ။
၄။ ရှုမှတ်မှု၌ စိတ်သတိ တည်ငြိမ်မှုရှိမရှိ ဆင်ခြင်တာက (သမာဓိသမ္ဗောဇ္ဈင်)ပါဘဲ။
၅၊ သိတဲ့တရားပေါ်မှာကြေနပ်နှစ်သိမ့်မှုရှိမရှိ ဆင်ခြင်တာက(ပီတိသမ္ဗောဇ္ဈင်)ပါဘဲ။

၆။ ကြောင်းကြမှု တောင့်တမှု ဗျာပါရတွေ ငြိမ်းမှုရှိမရှိ ဆင်ခြင်တာက (ပဿဒ္ဓိသမ္ဗောဇ္ဈင်)ပါဘဲ။
၇။ တရားပေါ်မှာ ချစ်ခြင်း မုန်းခြင်း မရှိဘဲ အည်အညွတ် ရှုနိုင်မရှုနိုင်ဆင်ခြင်တာက(ဥပေက္ခာသမ္ဗောဇ္ဈင်)ပါဘဲ။

## ဗောဇ္ဈင်ခုနစ်ပါးဆောင်ပုဒ်

အာရုံပရမတ် သတိကပ်၍ မပြတ်လုလ္လ ဝီရိယနှင့်
စိတ္တသမာဓိ တည်ငြိမ်ဘိက ဓါတ်၏ဖြစ်အင်
ကြံစီလျှင်သော် ကြည်ရွှင်စိတ်ဝမ်း ပီတိလွှမ်း၍
ငြိမ်းချမ်းလေဘိ ပဿဒ္ဓိဟု မရှိချစ်မုန်း ညာဏ်မြင်သုံးက
လုံးလုံးမပေါ ဥပေက္ခာသို့ ဧဉ်လာမပျက် ခုနစ်ချက်ကို
လက်တွေ့ဆင်ခြင် သမ္ဗောဇ္ဈင်တည့် မှန်ပင်မုချ သိမှတ်ကြ။

ယခုလို ရှုမှတ်မှု ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်နေတဲ့ ယောဂီဟာ-အရိယာဓမ္မဖြစ်တဲ့ ဗောဓိပက္ခိယ ၃၇ ပါး-ကို အားထုတ်နေတဲ့ ဘုရားသားသော် သမီးတော်တွေ ဖြစ်ပါတယ်။

## ဗောဓိပက္ခိယ-၃၇-ပါးဆောင်ပုဒ်

သတိပဋ္ဌာန် စတုန္နံနှင့် သမ္မပ္ပဓာန် ထိုလေးတန်တို့
ဆောင်ရန်လေးရပ် ဣဒ္ဓိပါဒ်ဟု မပြတ်ငါးတွေ ဣန္ဒြေကို
တည်နေစောင့်ထား ဗိုလ်ငါးပါးဖြင့် ရှစ်ပါးမဂ္ဂင်
သမ္ဗောဇ္ဈင်ကို ဆင်ခြင်နှီးနှော သတ္တဇောသည်
ဗောဓိမဂ်ညာဏ်ရကြောင်းတည်း-

၁။ ခန္ဓာငါးပါးရဲ့ကြောင်းကျိုးနဲ့တကွ (ရုပ်နဲ့နာမ်) ကွဲပြားခြင်း။
၂။ မြင်ခိုက် ကြားခိုက် တို့မှာ (ပညတ်နဲ့ ပရမတ်) ကွဲပြားခြင်း။
၃။ အားထုတ်တဲ့ တရားမှာ (သံသရာနဲ့ သာသနာ) ကွဲပြားခြင်း။
၄။ ကမ္မဋ္ဌာန်းအားထုတ်ရာမှာ (သမထနဲ့ ဝိပဿနာ) ကွဲပြားခြင်း။

တရားရှာတဲ့ယောဂီဟာယခုလိုအကွဲကြီးလေးကွဲကိုကွဲကွဲပြားပြားသိရမယ် မသိကဲ့ရင် "ဒိဋ္ဌိဝိသုဒ္ဓိ"စသောဝိသုဒ္ဓိကြီးငါးပါးမဖြစ်နိုင်ဘူး မဖြစ်ရင် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကိလေသာနှစ်ပါးလဲမပြုတ်နိုင် ဒီကိလေသာနှစ်ပါးမပြုတ်ရင် အပါယ်တံခါးလဲမပိတ်နိုင်ပြီ သတိမူပါသူတော်စွာတို့—

## ဆောင်ပုဒ်

ရုပ်ဓါတ်နာမ်ဓါတ်ထိုနှစ်ရပ်နှင့်
ပညတ်ကိုခွာ ပရမတ်သာဟု
သံသရာမယှက် သာသနာမဂ်သို့
လက်တွေ့သမထာ ဝိပဿနာကို
လေးမြွာလေးတွဲလေးစိပ်ကွဲမှ မလွဲမှန်ဘိဝိသုဒ္ဓိ။
တရားအားထုတ်ရာမှာ ယခုလိုအကွဲကြီးလေးကွဲကို ပြတ်

ပြတ်သားသားသိမှ (ဓါတ်သိဓါတ်သိ) ဆိုတဲ့အတိုင်းဓါတ်ပေါ်မှာ အသိဉာဏ်ပေါက်ပါတယ် ဒီလိုအသိဉာဏ်တွေ တဆင့်ထက်တဆင့်သိသိ သွားတာကို (ဉာဏ်စဉ်) လို့ ခေါ်ပါတယ် ဒီဉာဏ်စဉ်ကို ကိုယ်တိုင်ကိုယ်ကျတရားအားထုတ်လို့သိပြီးတဲ့ပုဂ္ဂိုလ်ကိုမဂ်ဉာဏ်ရတယ်လို့ ဆိုပါတယ်။

## ဉာဏ်စဉ်-၁၆-ပါး

၁။ နာမရူပပရိစ္ဆေဒဉာဏ်၊ရုပ်နာမ်ကိုအမှန်အတိုင်း ကွဲကွဲပြားပြားသိသောဉာဏ်။

၂။ ပစ္စယပရိဂ္ဂဟဉာဏ်၊ ရုပ်နာမ်တို့၏ အကြောင်းအကျိုးဆက်စပ်ပုံကိုသိသောဉာဏ်။

၃။ သမ္မသနဉာဏ် ၊ရုပ်နာမ်ပေါ်ပုံကို အစ အလယ် အဆုံးသိသောဉာဏ် (ဥပါဒ်-ဌီ-ဘင်)

၄။ ဥဒယဗ္ဗယဉာဏ်၊ ရုပ်နာမ်၏ ဖြစ်ဇောတိနှင့် ဖြစ်ဆုံးမရဏာကိုသိသောဉာဏ်။

၅။ ဘင်ဉာဏ်၊ ရုပ်နာမ်တို့၏ ပျက်စီး ကုန်ဆုံးမှုကိုသာသိသောဉာဏ်။

၆။ ဘယဉာဏ်၊ ရုပ်နာမ်၏ဇာတိ ဇရာမရဏာဘေးတို့ကိုမြင်သိသောဉာဏ်။

၇။ အာဒိနဝဉာဏ်၊ ရုပ်နာမ်တို့၌ စွဲ၍ဖြစ်သောကိလေသာအပြစ်တို့ကိုသိသောဉာဏ်

၈။ နိဗ္ဗိဒါဉာဏ်၊ ရုပ်နာမ်တို့ပေါ်၌ ငြီးငွေ့ စက်ဆုတ်သောဉာဏ်။

၉။ မုဉ္စိတုကမျတာဉာဏ်၊ ရုပ်နာမ်ခန္ဓာတို့ ဖြစ်ခြင်းမှ လွတ်မြောက်လိုသော ဉာဏ်။

၁၀။ ပဋိသင်္ခါဉာဏ်၊ ရုပ်နာမ်ကိုထပ်ခါထပ်ခါတွင်တွင်ကြီး သုံးသပ်သောဉာဏ်။

၁၁။ သင်္ခါရုပေက္ခာဉာဏ်၊ ရုပ်နာမ်၏အနတ္တအချက်ကိုမြင်၍ လျစ်လျူပြုနေသောဉာဏ်။

၁၂။ အနုလောမဉာဏ်၊ ရုပ်နာမ်တည်းဟူသော လောကီအာရုံမှ လွတ်မြောက်ရန် အပြန်အလှန် ဆင်ခြင်သောဉာဏ်။

၁၃။ ဂေါတြဘူဉာဏ်၊ လောကီအာရုံတို့ကို ဖြတ်တောက်သောဉာဏ်

၁၄။ မဂ်ဉာဏ်၊ ပုဗ္ဗဘာဂမဂ်မှအဆုံးဖြစ်သောဉာဏ်။

၁၅။ ဖိုလ်ဉာဏ်၊ သုညတ အနိမိတ္တ အပ္ပဏိဟိတ တည်းဟူသောနိဗ္ဗာန်ကို မျက်မှောက်ပြုသောဉာဏ်။

၁၆။ ပစ္စဝေက္ခဏာဉာဏ်၊ ဖိုလ်ဉာဏ်၌ ဆင်ခြင်ဝင်စားသောဉာဏ် (ရင်းဉာဏ်ဝင်စားပုံကား)။

ပဟီနကိလေသပစ္စဝေက္ခတိ၊ ပယ်ပြီးသော ကိလေသာတို့ကိုပြန်၍ဆင်ခြင်ခြင်း။

အဝသိဋ္ဌကိလေသပစ္စဝေက္ခတိ၊ ကြွင်းကျန်သောကိလေသာကိုပြန်၍ဆင်ခြင်ခြင်း။

မဂ္ဂံပစ္စဝေက္ခတိ၊ မဂ်လမ်းစဉ်ကိုပြန်၍ဆင်ခြင်ခြင်း။

ဖလံပစ္စဝေက္ခတိ၊ ဖိုလ်စိတ်အစဉ်ကိုပြန်၍ဆင်ခြင်ခြင်း။

အမတံနိဗ္ဗာနံပစ္စဝေက္ခတိ၊ ချုပ်ငြိမ်းမှုကိုပြန်၍ဆင်ခြင်ခြင်း။

ဒုင်းဉာဏ်စဉ်-၁၆-ပါးမှာ နာမရူပပရိစ္ဆေဒဉာဏ်က စပြီး အနုလောမဉာဏ် တိုင်အောင် ဖြစ်သော-၁၂-ဉာဏ် ဟာရှုမှတ်မှုအလုပ်ရှိတယ်-သူ့ကို (ပုဗ္ဗဘာဂမဂ်) လို့ခေါ် တယ် ကျန်တဲ့ ဂေါတြဘုဉာဏ်ကစတဲ့ဉာဏ်-၄- ဉာဏ်က ရှု မှတ်မှုအလုပ်မရှိ ရှုမှတ်စရာမလို၊သူ့ကို(အရိယမဂ်)လို့ခေါ် ပါတယ်။

နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ် -၂-ပါး က-ရုပ်နာမ်ကိုကြောင်းကျိုးနဲ့ပိုင်းခြားပြီးသိတဲ့ (ဉာတပရိ ညာ) ပရိက်ဇော-။

သမ္မသနဉာဏ်နဲ့ဉဒယဗ္ဗယဉာဏ်-၂-ပါးက ရုပ်နာမ်ဖြစ် ပျက်ကို၊စ၊လယ်၊ဆုံး-ဉပါဒ်ဌီဘင်နဲ့သိတဲ့ (တိရဏပရိညာ) ဉပစာရဇော။

ဘင်ဉာဏ်မှအနုလောမဉာဏ်အထိ-၇-ဉာဏ်က ဒိဋ္ဌိ-စိတ္တ သညာဆိုတဲ့ အယူမှားအသိမှားအမှတ်မှားတွေကို ပယ်တဲ့ (ပဟာနပရိညာ) အနုလုံဇော။ ကျန်တဲ့-၄-ဉာဏ်ကတော့ ဂေါတြဘုဉာဏ်က-ဂေါတြဘုဇော။ မဂ်ဉာဏ်က မဂ်ဇော ဖိုလ်ဉာဏ်ကလဲ ဖိုလ်ဇောလို့ဘဲခေါ်ပါတယ် မဂ်က(ဝိဇ္ဇာ) ဖိုလ်က(ဝိမုတ္တိ)။

အနုလောမဉာဏ်ဟာ ကိလေသာကိုသာ ပယ်သတ်နိုင် တယ် နိဗ္ဗာန်ကိုတော့မျက်မှောက်မပြုနိုင်၊ ဂေါတြဘုဉာဏ် ကတော့ နိဗ္ဗာန်အာရုံသို့ပို့ပေးနိုင်တယ် ကိလေသာကိုတော့ မပယ်သတ်နိုင်ဘူး။

ပဟာနရိပညာဆိုတဲ့ ဘင်္ဂဉာဏ်မှအနုလောမဉာဏ်အထိ ၇-ဉာဏ်တို့ဟာ တရားအားထုတ်တဲ့ ယောဂီရဲ့ကိုယ်အမှုအရာမှာထင်ရှားပေါ်လွင်တဲ့ တရားများဖြစ်ပါတယ်။

## သောတာပန်အင်္ဂါစစ်တမ်း

ဆွမ်းကိုဘုရား ဆင်ခြင်တာက၊ ပဌမမဟာပစ္စဝေက္ခဏာဉာဏ်။
မိတ်ဖုံးတဲ့တရားဆင်ခြင်တာက၊ ဒုတိယမဟာပစ္စဝေက္ခဏာဉာဏ်။
သာသနာ့ပမှာမဂ်မရှိဟုဆင်ခြင်တာ၊ တတိယမဟာပစ္စဝေက္ခဏာဉာဏ်
ဝိပဿနာအလုပ်သာဝင့်ကြွက်တာက၊ စတုတ္ထမဟာပစ္စဝေက္ခဏာဉာဏ်
သင့်တဲ့အပြစ်ကရှောင်ခွာတာက၊ ပဉ္စမမဟာပစ္စဝေက္ခဏာဉာဏ်။
မဂ်တရားကိုမတင်းတိမ်နိုင်တာက၊ ဆဋ္ဌမမဟာပစ္စဝေက္ခဏာဉာဏ်။
နာကြားရတဲ့တရားသဘောကိုသိတာ၊ သတ္တမမဟာပစ္စဝေက္ခဏာဉာဏ်
"အနိစ္စံ ဒုက္ခံ အပဒါလိတပုဗ္ဗံ လောဘက္ခန္ဓာ ဒေါသက္ခန္ဓာ မောဟက္ခန္ဓာ နိဗ္ဗိဇ္ဇမာနော ဝပဒါလယမာနော ဥပ္ပဇ္ဇတိ"

ဘယ်ဘာသာဘယ်အခါတုံးကမှမဖေါက်ခွဲမဖေါက်ထွင်းခဲ့ရသေး-သော လောဘတုံး ဒေါသတုံး မောဟတုံး ကြီးတွေကိုဖေါက်ခွဲဖေါက်ထွင်း၍မဂ်ဉာဏ်ဖြစ်ပေါ်လာလေ၏။

## နိဂုံးချုပ်ဆုတောင်းခဏ်း

သစ္စာလေးချက်ဓမ္မစက်ကိုလေးမျိုးလေးစား မဂ်တရားဖြင့် အမှားအမှန်ထိုနှစ်တန်ဟုဖန်ဖန်စေ့ငုတ်ကြိုးအားထုတ်၍ဗုဒ္ဓနွယ်ဝင်သူတော်စင်တို့ ဉာဏ်မြင်စခဏ်းဝိဇ္ဇာလမ်းသို့ မှန်းဆရည်စူးဘုရားထူးကိုဆွတ်ခူးနိုင်ကြပါစေသတည်း။

ဤတွင်သစ္စာလေးချက်ဓမ္မစက်စာအုပ်ငယ်ကို အပြီးသတ်ပါသတည်း။

# အမှားပြင်ဆင်ချက်

| မျက်နှာ | ကြောင်း | အမှား | အမှန် |
|---|---|---|---|
| နိဒါန်း-ဒု-မျက်နှာ | ၇ | မဖွင့်နိုင်ချေ | မပွင့်နိုင်ချေ |
| ၁၅ | | ဟော်ဘော်ညွှန်ပြ | ဖောဘော်ညွှန်ပြ |
| နိုးဆော်ချက် | ၄ | အချို့ချို့ | အချို့အချို့ |
| ၁၁ | ၇ | အရှိခမတွေ့ယျ | အရှိမတွေ့ယျ |
| ၂၇ | ၁၆ | လိုရင်းဖြစ်– | လိုရင်းဖြစ်တယ် |
| ။ ။ | ၂၃ | ကျိုရင်း | ကျိုးရင်း |
| ၂၈ | ၇ | သဏ္ဌာန်မှာ | သဏ္ဍာန်မှာ |
| ၃၂ | ၁၃ | သေတဆိုတဲ့ | သေဘယ်ဆိုတဲ့ |
| ၃၃ | ၁၀ | တကျာ့နေသယ | ဘကျာ့နေသယ |
| ၄၃ | ၃ | အုံးပါမလား | ပါအုံးမလား |
| ၄၆ | ၂ | ပါယ်ဖျက်ခြင်း | ပယ်ဖျက်ခြင်း |
| ၆၁ | ၁၆ | ငါး ခန္ဓာ | ငါးပါးခန္ဓာ |
| ၆၄ | ၄ | ဝိဥ္ပယုတ္တပစ္စည်း | ဝိပ္ပယုတ္တပစ္စည်း |
| ၆၄ | ၂၂ | မှန်တချုပ်ကုံ | မှန်တချုပ်ကို |
| ၇၂ | ၁၂ | ဖြင့်လျှင်မလဲ့ | ဖြင်လျှင်မလဲ့ |
| ။ ။ | ၂၃ | အစိုးရမအနတ္တ | အစိုးမရအနတ္တ |
| ၈၅ | ၆ | သြကာသသောက | သြကာသလောက |
| ၁၁၈ | ၁၀ | ၁၀-ပါးထဲသ | ၁၀-ပါးထဲက |
| ။ ။ | ၂၂ | မြက်ချင် | မျက်မြင် |
| ၁၂၂ | ၁၅ | ဝိပဿနာ | ဝိပဿနာ |
| ၁၆၆ | ၂ | အရုပ္ပလေးပါး | အာရုပ္ပလေးပါး |

## (ဤစာအုပ်လှူဒါန်းကြသည့်ဓမ္မဒါနကုသိုလ်ရှင်များ)

| အမည် | အုပ်ရေ |
|---|---|
| ဦးမြသွင် ရုံးဝန်ထောက် ရာဖြတ်ဌာန မြို့ရုံး | ၃၀ |
| ဦးတင် လက်ထောက်အင်ဂျင်နီယာ(၁) မြို့ရုံး | ၂၇ |
| ဦးသိန်းနိုင် မြေမှတ်ပုံတင်အရာရှိ မြို့ရုံး | ၂၀ |
| ဦးတင်အောင် မြို့ပြအဆောက်အဦးဌာန မြို့ရုံး | ၂၀ |
| ဦးလှမောင် မြေတိုင်းနှင့်ပုံဆွဲအင်စပိတ်တော်မြို့ရုံး | ၂၀ |
| ဦးအောင်ခင် မြို့ပြအဆောက်အဦးဌာန မြို့ရုံး | ၁၀ |
| ဦးမြသိန်း လက်ထောက်အင်ဂျင်နီယာ(၂)မြို့ရုံး | ၁၀ |
| ဦးကိုကိုလေး မြို့ပြအဆောက်အဦးဌာန မြို့ရုံး | ၁၀ |
| ဦးကိုကိုကြီး ပုံကူးစာရေးကြီး မြို့ပြ-မြို့ရုံး | ၁၀ |
| ဦးခင်မောင် မြေတိုင်းအင်စပိတ်တော် မြို့ရုံး | ၁၀ |
| ဦးစိန်ထွန်း (ဒု) စာရင်းကိုင်ချုပ် မြို့ရုံး | ၁၀ |
| ဦးဘကြည် ရာဖြတ်အရာရှိ မြို့ရုံး | ၁၀ |
| ဦးစံတင် လက်ထောက်ရာဖြတ်အရာရှိ စက်မှုမြို့ရုံး | ၁၀ |
| ဦးထွန်းရ တရားဌာနအတွင်းဝန်ဟောင်း ရန်ကုန် | ၁၀ |
| ဦးသော်ဇန် ဆရာဝန်ကြီးဟောင်း ဘိုးလိမ်းလမ်း | ၁၀ |
| ဒေါ်ကျင်မြိုင် ကုန်သည် ဗိုလ်ချုပ်လမ်း | ၁၀ |
| ဦးဘတင် အရေးပိုင်ဟောင်း သိမ်ဖြူလမ်း | ၁၀ |
| ဦးမောင်ကလေး ဒေါ်တင်မြင့် စူပါဟိုက်ကုမ္ပဏီ | ၁၀ |
| ဦးဘရင် ဒေါ်မမလေး စိုက်ပျိုးရေးဝန်ဟောင်း ရန်ကုန် | ၁၀ |
| ဦးထွန်းဆိုင်ဒေါ်အေး အငြိမ်းစားဝန်ထောက် ညောင်ဦး | ၁၀ |

## (ဤစာအုပ်လှူဒါန်းကြသည့်ဓမ္မဒါနကုသိုလ်ရှင်များ)

| အမည် | အုပ်ရေ |
|---|---|
| ဦးတင် ဒေါ်သိန်းကြည် ဗောဂဗလ ပုံနှိပ်တိုက် ၁၀၇လမ်း | ၁၀ |
| ဦးဘမောင် ဒေါ်ကြည်ကြည် စက်ရှင် တာ[illegible] ကြီးဟောင်း သိမ်ဖြူလမ်း။ | ၁၀ |
| ကိုထွန်းရှိန်မကြွယ် မိဘဂုဏ်ရည်မော်တော်စတိုး သွန်မဆင်လမ်း။ | ၁၀ |
| ဦးမောင်ကြီး မော်တော်ဝပ်ရှော့ သိမ်ဖြူလမ်း | ၈ |
| ဒေါ်သောင်းဟန် အရေးပိုင်ကတော် သိမ်ဖြူလမ်း | ၅ |
| ဒေါ်ဒေါ်အို-၉-ရပ်ကွက် တောင်ဥက္ကလာ | ၅ |
| ကိုအေးမြင့် မသန်း ၉-ရပ်ကွက် တောင်ဥက္ကလာ | ၅ |
| ဒေါ်အေးရင် ကွယ်လွန်သူဦးကျော်အားရည်စူး၍ ၉၄-လမ်း။ | ၅ |
| ဦးဘအုန်းအကောက်တော်ဝန်ထောက် ဟောင်း သိမ်ဖြူလမ်း | ၅ |
| ဦးဘ ရာဇဝတ်ဝန်ကြီးဟောင်း အင်းစိန် | ၅ |
| ဦးဘိန်ဝှက် ကုန်သည် သထုံမြို့ | ၅ |
| ဦးအေးမောင် အရေးပိုင်ဟောင်း အင်းယားမြိုင် | ၅ |
| ဦးနန်းညွန့်ဒေါ်မြသစ် အတွင်းဝန်ဟောင်း ရန်ကုန် | ၅ |
| ဦးလှဖေ ရာဖြတ်အင်စပိတ်တော် မြူရုံး | ၅ |
| ဦးအေးမောင် ရာဖြတ်အင်စပိတ်တော် မြူရုံး။ | ၅ |
| ဦးဇင် ရုံးဝန်ထောက် မြို့ပြ အဆောက်အဦး မြူရုံး | ၅ |
| ထွန်းအေးစာပုံနှိပ်တိုက် ၁၀၉ လမ်း | ၅ |

(ဤစာအုပ်လှူဒါန်းကြသည့်ဓမ္မဒါနကုသိုလ်ရှင်များ)

| အမည် | အုပ်ရေ |
|---|---|
| ဦးထွန်းအောင် အငြိမ်းစားစာရေးကြီး ပြည်သူ့ချေးကြောင်းသယ်ယူပို့ဆောင်ရေး | ၅ |
| ဦးဘိုးညက် မြူလူကြီးဟောင်း ကန်တော်ကလေး | ၅ |
| ဦးစိန်ဘန်း ဒေါ်ပေါင်ဒါ မအူကုန်းလမ်းကျယ် | ၅ |
| ဦးထွန်းအေးဒေါ်တင်-၄၆-လမ်းရန်ကုန် | ၅ |
| ဦးချစ်တင် သိမ်ဖြူသမဝါယမ မန်နေဂျာချုပ် | ၅ |
| ဦးထွေး ဒေါ်အုန်းတင် (ထွေး)မော်တော်စတိုး မြန်မာ့ဂုဏ်ရည်သမ်း။ | ၅ |
| ဦးမြမောင် ဆေးပွဲရုံ သိမ်ဖြူလမ်း | ၅ |
| ဦးစိန်လှဘူး ဒေါ်မြမြ ယစ်မျိုးဝန်ထောက် ပဲခူးမြို့ | ၅ |
| ဆရာဆိုင် အထက်မန္တလေးလမ်း ကန်တော်ကလေး | ၅ |
| ကိုပါကြီး မလှရွှေ လူမှုဖူလုံရေး တောင်ဥက္ကလာ | ၅ |
| ကိုဘရီ ဓမ္မာရုံလမ်း ကန်တော်ကလေး | ၅ |
| ကိုဘလူမကြည် ဓမ္မာရုံဖြတ်လမ်း၊ကန်တော်ကလေး | ၅ |
| ဦးအုန်းကြည် ရာဖြတ်အင်စပိတ်တော် မြူရုံး | ၃ |
| ဒေါ်ဖွားလှိုင်-၈၃-လမ်း ကန်တော်ကလေး | ၃ |
| ဦးနိုင် အငြိမ်းစားရဲဝန် ၅၁ လမ်း | ၂ |
| ဦးပါရီ(ဒု)အလုပ်သမားမင်းကြီးဟောင်း ၅၁လမ်း | ၂ |
| ဦးဘအေး အငြိမ်းစားဝန်ထောက် ရန်ကုန် | ၂ |
| ဒေါ်ဖွားမျှင် ဖို့မြလမ်း ကန်တော်ကလေး။ | ၂ |
| ဦးကျော် တိရစ္ဆာန်ဆရာဝန်ဟောင်း ရန်ကုန် | ၁ |
| ဦးသာညိုအငြိမ်းစားမြူဝန်ထောက် ရန်ကုန် | ၁ |

(ဤစာအုပ်လှူဒါန်းကြလည့်ဓမ္မဒါနကုသိုလ်ရှင်များ)

| အမည် | အုပ်ရေ |
|---|---|
| ဦးစိန်ရင် အငြိမ်းစားရဲဝန်ထောက် ၁၀၁လမ်း | ၁ |
| ဦးထွန်းသောင် အငြိမ်းစားရဲမှူး ဩဘာလမ်း | ၁ |
| ဦးစောဖေအောင် အငြိမ်းစါးစစ်ကဲကြီး. ၁၂၅လမ်း | ၁ |
| ဦးဘ(၇) အငြိမ်းစားရဲဝန်ထောက်ဥက္ကလာမြောက် | ၁ |
| ဦးဘသက်အငြိမ်းစား စာရေးကြီး ဖဆပလရပ်ကွက် | ၁ |
| ဦးဘသိန်း အငြိမ်းစားရုံးဝန်ထောက် ၅၂ လမ်း | ၁ |
| ဦးကျော်ငြိမ်း လက်နှိပ်ဆရာကြီးသိမ်ဖြူလမ်း | ၁ |
| ဦးထွန်းမောင် ဖို့ခမြလမ်း ကန်တော်ကလေး | ၁ |
| ဦးဘသန်း ၅၁ ဖို့မြေလမ်း ကန်တော်ကလေး | ၁ |

ဝမ်းမြောက်ဝမ်းသာဖြင့်အနုမောဒနာ

ခေါ်တော်မူကြပါကုန်

သာဓု-သာဓု-သာဓု

သာသနာရေးဦးစီးဌာနရှိ
အရှင်ကောဝိဒမှ
လှူဒါန်းပါသည်။

ထွန်းအေးပုံနှိပ်တိုက်
အမှတ် ၂၁ စီ၊ ၁၀၉-လမ်း၊ မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။